# cbFmaom

## tajcctkjrpfsm;

ရာသီဥတုပြောင်းလဲခြင်းကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ
ဖော်ထုတ်ရာတွင် မြန်မာနိုင်ငံရှိဌာနေတိုင်းရင်းသုအမျိုးသမီးများ၏
ခေါင်းဆောင်မှု အခန်းကဏ္ဍကို အသိအမှတ်ပြုနားလည်ခြင်း



IWGIA

# cbkFmaom

## tajccltkjrpfsm;

**ရာသီဥတုပြောင်းလဲခြင်းကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ**
**ဖော်ထုတ်ရာတွင် မြန်မာနိုင်ငံရှိဌာနေတိုင်းရင်းသူအမျိုးသမီးများ၏**
**ခေါင်းဆောင်မှု အခန်းကဏ္ဍကို အသိအမှတ်ပြုနားလည်ခြင်း**

နော်ဝေးနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့တစ်ခုဖြစ်သော Norway's International Climate and Forest Initiative (NICFI) အဖွဲ့၏ ငွေကြေးထောက်ပံ့မှုဖြင့် ထုတ်ဝေသည်။

Norway's International Climate and Forest Initiative

ဤအစီရင်ခံစာတွင်ပါဝင်သော သတင်းအချက်အလက်များအား ငွေကြေးအကျိုးအမြတ်ရယူရန်ရည်ရွယ်ချက်ဖြင့် မဟုတ်ဘဲ ပြန်လည်ထုတ်နှုန်ဖြန့်ချီလိုပါက ပြုလုပ်နိုင်ပါသည်။ သို့သော် သတင်းအရင်းအမြစ်အား ဤစာအုပ်မှ ကောက်နှုတ်ထားကြောင်း ဖော်ပြရမည်။ ဤအစီရင်ခံစာတစ်ခံအုပ်လုံးကို IWGIA အား အသိပေးခြင်းမရှိဘဲ ပြန်လည်ရိုက်နှိပ်ခွင့်မပြုပါ။

© The International Work Group for Indigenous Affairs (IWGIA), 2020 All Rights Reserved (မှတ်ပုံတင်ပြီးဖြစ်သည်။)




| | |
|---|---|
| **တည်းဖြတ်သူ၊ အယ်ဒီတာ** | Catriona Knapman |
| **တွဲဖက်တည်းဖြတ်သူ၊ အယ်ဒီတာ** | Signe Leth |
| **စာအုပ်ဒီဇိုင်း** | www.nickpurserdesign |
| **ထုတ်ဝေသူ** | The International Work Group for Indigenous Affairs (IWGIA) ISBN: 978-87-93961-01-2 HURIDOCS CIP data |
| **ခေါင်းစဉ်** | ခိုင်မာသောအခြေခံအုတ်မြစ်များ - ရာသီဥတုပြောင်းလဲခြင်းကို ဖြေရှင်းနိုင်မည့် နည်းလမ်းများဖော်ထုတ်ရာတွင် မြန်မာနိုင်ငံရှိဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ ခေါင်းဆောင်မှုအခန်းကဏ္ဍကို အသိအမှတ်ပြုနားလည်ခြင်း |
| **စာမျက်နှာစုစုပေါင်း** | ၈၀ မျက်နှာ |
| **ဘာသာစကား** | မြန်မာဘာသာ |
| **အညွှန်း** | ၁။ ဌာနေတိုင်းရင်းသားများ၊ ၂။ လူ့အခွင့်အရေး၊ ၃။ အမျိုးသမီးများ၊ ၄။ ရာသီဥတုပြောင်းလဲမှု |
| **နေရာဒေသ** | မြန်မာနိုင်ငံ |
| **ထုတ်ဝေသည့် ရက်စွဲ** | ၂၀၂၀ ခုနှစ် ဩဂုတ်လ |
| **မျက်နှာဖုံးဓါတ်ပုံ** | POINT |
| **အတွင်းမျက်နှာဖုံးဓါတ်ပုံ** | Signe Leth |


IWGIA

# rmwdm


စကားချီးနှင့် ကျေးဇူးတင်စကား ၅

အယ်ဒီတာ့ အာဘော် ၇

အက်ဆေးပုံစံချခြင်း/ စာအရေးအသားပုံစံချခြင်း ၁၂

**အခန်း (၁)** ၁၉
**ရေရှည်တည်တံ့ခိုင်မြဲခြင်းဆိုသည့် နောက်ကွယ်တွင်**
**မားမားမတ်မတ်ရပ်တည်နေသော ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏ အံ့ဖွယ်စွမ်းအားများ**
နော်အယ်ထီးဝါး

**အခန်း (၂)** ၃၀
**ရာသီဥတုပြောင်းလဲခြင်းအပေါ် ပြန်လည်တုံ့ပြန်ဆောင်ရွက်ခြင်းများတွင်**
**ဌာနေတိုင်းရင်းသား အမျိုးသမီးများ၏ ခေါင်းဆောင်မှုစွမ်းရည်အား မြှင့်တင်ခြင်း**
နော်အိအိမင်း

**အခန်း (၃)** ၄၁
**မြန်မာနိုင်ငံ၏ အသစ်သော ဥပဒေရေးရာ သွင်ပြင်အနေအထားအတွင်း ရာသီဥတုပြောင်းလဲမှု၍ဆိုင်ရာ**
**တရားမျှတမှုအတွက် ဌာနေတိုင်းရင်းသား အမျိုးသမီးများသာ အသံများလည်း လိုအပ်သည်**
အာဂသမနှင့် နီလာထွန်း

**အခန်း (၄)** ၅၆
**REDD+ တွင်ပါရှိသော ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ –**
**ကန့်ကွန်း ကာကွယ်စောင့်ရှောက်မှုအစီအမံများ ဗဟိုတွင်ထားရှိခြင်း**
**Stefan Thorsell နှင့် Lærke Marie Lund Petersen**

**အခန်း (၅)** ၆၉
**ဌာနေတိုင်းရင်းသား ယဉ်ကျေးမှုများ နှင့် ပညာသင်ယူခွင့်များ**
နူးရာ

# pum;cs;EDSau;Z;wifpum;

## IWGIA အနေဖြင့် ဘာကြောင့် ဤစာအုပ်ကို ထုတ် ဝေလိုပါသလဲ။

တစ်ကမ္ဘာလုံးရှိ ၈၀% ရာခိုင်နှုန်းအထိသော ဇီဝမျိုးစုံမျိုးကွဲများသည် ဌာနေတိုင်းရင်းသားများ နေထိုင်ကြသော နေရာများတွင်ရှိနေပါသည်။ ကုန်းမြေအပိုင်းတွင် ကာကွယ်စောင့်ရှောက်ခြင်းခံရသော ဒေသများ၏ ၄၀% ရာခိုင်နှုန်းသည် ၎င်းတို့၏မြေများနှင့် ဆက်စပ်နေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းဒေသခံ လူထုအနေဖြင့် ကြုံတွေ့ရသည့် အခြေအနေများအား လိုက်လျောညီထွေမှု ရှိစေရန်အတွက် ၎င်းတို့၏ ဌာနေတိုင်းရင်းသားအသိပညာ ဗဟုသုတများကို မပျက် ပုံမှန်ကျင့်သုံးကြသည်။ ထို့နောက် စိန်ခေါ်မှုပြဿနာတစ်ခုစီတိုင်းကို ကျော်လွှားပြီးသည့်အချိန်တိုင်းတွင်လည်း ယင်းနှင့်ပတ်သက်သည်များကို ၎င်းတို့၏ ဗဟုသုတများတွင် ထပ်ပေါင်းမှတ်သားထားကြသည်။

ဒေသခံလူထုအနေဖြင့် ပတ်ဝန်းကျင်အခြေအနေသစ်များတွင်လည်း ကောင်းမွန်စွာ ရှင်သန်နိုင်ရန်အတွက် ၎င်းတို့တွင်ရှိသော အသိပညာဗဟုသုတများကို အသုံးပြုကြပါသည်။ သို့ပါသော်လည်း လူ့ဖွဲ့အစည်းကြီးအနေဖြင့် ဌာနေတိုင်းရင်းသားများ၏ စဉ်ဆက်မပြတ်သင်ယူခဲ့သည့်ကျယ်ပြန့်လှသော အသိပညာ ဗဟုသုတများ၏ တန်ဖိုးကို အသိအမှတ်ပြုခြင်း မရှိပါ။ ထို့ကြောင့် ယင်းအသိပညာဗဟုသုတများသည် လူသားအားလုံးအကျိုးအတွက် အသုံးပြုခြင်း မခံရတော့ပါ။ ဌာနေတိုင်းရင်းသားများအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်စောင့်ရှောက်ရန် အလွှာတိုင်းတွင် ပိုမိုပြည့်ဝစွာနှင့် ပိုမိုထိရောက်စွာဖြင့် မဖြစ်မနေပါဝင်ရ မည်ဖြစ်သည်။ ဌာနေတိုင်းရင်းသားများ၏ မြေ၊ နယ်နမိ်တ် နှင့် သဘာဝအရင်းအမြစ်များအပေါ်တွင် စုပေါင်းရပိုင်ခွင့်အား ပိုမိုကောင်းမွန်လာစေရန်ဆောင်ရွက်ခြင်းသည် ရာသီဥတုပြောင်းလဲခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးခြင်းကဲ့သို့သော ပြဿနာများအား ကိုင်တွယ်ဖြေရှင်းနိုင်ပြီး ယင်းသို့ဖြင့် ၎င်းတို့၏ဘဝများအား ပိုမိုကောင်းမွန်လာစေရန်နှင့် ကြီးများသော အကျိုးကျေးဇူးများရရှိရန်အတွက် အထောက်အကူဖြစ်စေပါသည်။

ကမ္ဘာနှင့်အဝှမ်း သစ်တောများအားကာကွယ်ရာတွင် ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် အရေးပါသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်လျက်ရှိသော်လည်း များသောအားဖြင့်အသိအမှတ်ပြုခြင်းမခံရပါ။ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် သစ်တောမှရရှိသော သစ်မဟုတ်သည့် ပစ္စည်းများ၊ ဆေးဘက်ဝင်အ ပင်များ နှင့်ပတ်သက်သော ရိုးရာဗဟုသုတများအား ထိန်းသိမ်းထားရှိသူများနှင့် အရင်းအမြစ်များ ဖြစ်ကြပြီး အများအားဖြင့် အပင်မျိုးစေ့များအား စောင့်ရှောက်သူများနှင့် အိမ်တွင်းသုံး အပင်အမျိုးမျိုးအား ထိန်းသိမ်းထားရှိရာတွင်လည်း တာဝန်ရှိသူများဖြစ်ကြသည်။

IWGIA ရှိ ကျွန်မတို့၏အလုပ်တွင် မိမိတို့၏ သစ်တောများအား ကာကွယ်ရေး၊ မိမိတို့၏ အသက်မွေးဝမ်းကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်ဝိသေသများနှင့် မိမိတို့ကလေးငယ်များ၏ အနာဂတ်အတွက် တိုက်ပွဲဝင်လျက်ရှိသည့် ကြံ့ခိုင်သန်မာပြီး ခံနိုင်ရည်စွမ်းရှိသော အမျိုးသမီးများနှင့် မကြာမကြာဆုံတွေ့ရလျက်ရှိပါသည်။

လူသိနည်းကြသော ယင်းအကြောင်းအရာများအား မှတ်တမ်းမှတ်ရာများထားရှိခြင်းမှာ ဖြစ်တောင့် ဖြစ်ခဲသော ကိစ္စရပ်တစ်ခုဖြစ်သည်။ ကျွန်မတို့အားလုံးနှင့်သက်ဆိုင်သော သဘာဝပတ်ဝန်းကျင်အား ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းများမှ ကာကွယ်ရန် ကြိုးစားအားထုတ်နေသော ယင်းဌာနေတိုင်းရင်းသား အမျိုးသမီးများ၏ ကြိုးစားမှုများသည်လည်း များသောအားဖြင့် တွေ့မြင်ခြင်းမရှိဘဲ အသိအမှတ်ပြုခြင်းလည်း မရှိကြပါ။ IWGIA သည် ဤစာအုပ်အားဖြင့် မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် သစ်တောများအား ထိန်းသိမ်းကာကွယ်ရေးအတွက် ကြီးမား များပြားလှသော အခက်အခဲများရှိနေသည့်တိုင် အောင် များစွာသော နည်းလမ်းများဖြင့် သစ်တောများအား ထိန်းသိမ်းကာကွယ်လျက်ရှိကြောင်းကို ပြသရန်ဖြစ်သည်။ ဤဖြန့်ချီမှုသည် ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏ အားထုတ်မှုများနှင့် အနစ်နာခံမှုများအား ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုကြောင်းကို ပြသခြင်းဖြစ်သည်။ ဤစာအုပ်ဖြစ်မြောက်နိုင်ရေးအတွက် အချိန်နှင့် အားစိုက်ထုတ်မှုများဖြင့် ပါဝင်ခဲ့ကြသော ဌာနေတိုင်းရင်းသား အမျိုးသမီးများအားလုံးကို ကျွန်ုပ်တို့အနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဤအရာသည် လွယ်ကူသောအရာမဟုတ်ခဲ့သည်ကို ကျွန်ုပ်အနေဖြင့် သိရှိပါသည်။ သို့သော်လည်း မိမိတို့၏ ကြိုးစားအားထုတ်ခဲ့မှုများ၏ ရလဒ်အနေဖြင့် ဤစာအုပ်အား သင်တို့၏ လက်ထဲတွင် ကိုင်ဆောင်ထားချိန်သည် သင်တို့အတွက် ဂုဏ်ယူစရာအချိန်ဖြစ်မည်ဟုလည်း မျှော်လင့်ပါသည်။ ဤစာအုပ်

သည် သင်တို့၏ ကြိုးစားအားထုတ်မှုဖြစ်ပြီး သစ်တောများနှင့် ၎င်းတို့၏ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်နိုင်ရန်အတွက် ဌာနေတိုင်းရင်းသားအမျိုးသမီးများ၏ အံ့ဩလောက်စရာကောင်းသော ပေးဆပ်မှုများနှင့် အနစ်နာခံမှုများကို ဤစာအုပ်အား အသုံးပြုပြီး ကမ္ဘာကြီးအားပြသရန်အတွက် ကျွန်ုပ်တို့အနေဖြင့် ဌာနေတိုင်းရင်းသားအမျိုးသမီးများနှင့် အမျိုးသားများအားလုံးကို တိုက်တွန်းလိုက်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အထွေထွေတည်းဖြတ်သူ (General Editor)၏ ဖွဲ့လုံ့လနှင့် ကြိုးစားအားထုတ်မှုများ မရှိပါက ဤစာအုပ်၏ အရည်အသွေးသည်လည်း အလွန်ပင် ခြားနားနေမည်ဖြစ်သည်။

ထို့ကြောင့် စာရေးသူများအား စဉ်ဆက်မပြတ် အကူအညီပေးခဲ့ပြီး ယခုကဲ့သို့ လှလှပပဖြင့် ချက်ခြင်းအသုံးပြု၍ ရနိုင်သော အနေအထားအထိ ရောက်ရှိအောင် ဆောင်ရွက်ပေးခဲ့သော Catriona Knapman ကိုလည်း ကျွန်ုပ်တို့အနေဖြင့် ကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်တွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် IWGIAမှ ကျွန်ုပ်၏လုပ်ဖော်ကိုင်ဖက်များဖြစ်သော Stefan Thorshell, Lærke Marie Lund Petersen, Kathrin Wessendorf နှင့် Dwayne Mamo ကိုလည်း ကျေးဇူးတင်ရှိပါသည်။

နောက်ဆုံးအနေဖြင့် Norway’s International Climate and Forest Initiative (NICFI) အားကျေးဇူး တင်ပါသည်။ ၎င်းတို့၏ ရက်ရောလှသော အထောက်အပံ့များ မရရှိပါက ဤစာအုပ်လည်း ဖြစ်ပေါ်လာမည် မဟုတ်ပါ။

*Signe Leth အာရှဒေသရှိ မြေနှင့် အမျိုးသမီးများအခွင့်အရေးဆိုင်ရာ အထက်တန်း အကြံပေး၊ ဤစာအုပ်တွင်လည်း ပူးတွဲတည်းဖြတ်သူ (co-editor)။*

## IWGIAအား မိတ်ဆက်ခြင်း

IWGIA – International Work Group for Indigenous Affairs (ဌာနေတိုင်းရင်းသားများ အရေးဆိုင်ရာ နိုင်ငံတကာ အလုပ်အဖွဲ့) သည် ကမ္ဘာလုံးဆိုင်ရာလူ့ခွင့်အရေးနှင့် ပတ်သက်သော ဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအား မြှင့်တင်ပေးခြင်း၊ ကာကွယ်ပေးခြင်းနှင့် ခုခံပေးခြင်းများ ပြုလုပ်လျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးများအတွက် အကောင်အထည်ဖော်လုပ်ဆောင်ခြင်းများနှင့် အသိအမှတ်ပြုခြင်းအား မြှင့်တင်ရန်အတွက် IWGIAသည် ၁၉၆၈ခုနှစ်ကတည်းကပင် ဌာနေတိုင်းရင်းသားများ၏ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ IWGIAသည် ဌာနေတိုင်းရင်းသားများ ဒေသတွင်း၊ နိုင်ငံအတွင်း နှင့် နိုင်ငံတကာအဆင့်အထိ စာရွက်စာတမ်းမှတ်တမ်းမှတ်ရာများ၊ စွမ်းရည်ဖွံ့ဖြိုးရေးများနှင့် စည်းရုံးရေးများအား လုပ်ဆောင်နိုင်ရန်အတွက် အားပေးဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ကျွန်ုပ်တို့အနေဖြင့် ဌာနေတိုင်းရင်းသားများအတွက် စာရွက်စာတမ်းမှတမ်းမှတ်ရာများ ထောက်ပံ့ပေးခြင်း၊ စည်းရုံးရေးအား အထောက်အကူပေးခြင်းနှင့် ဌာနေတိုင်းရင်းသားများ၏ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် မိတ်ဘက်ဖွဲ့ခြင်းအားဖြင့် ၎င်းတို့ပိုမိုအားကောင်း လာစေရန်ဆောင်ရွက်လျက်ရှိပါသည်။

အမေဇုန်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား လူမျိုးတုန်းသတ်ဖြတ်နေခဲ့ခြင်းနှင့် ပတ်သက်၍ သတိပေးစကားပြောကြားခဲ့ကြသော မနုဿဗေဒပညာရှင်များ (သို့) လူသားမျိုးနွယ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှ IWGIAအား ၁၉၅၈ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ သုတေသနပညာရှင်များနှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများအကြား အပြန်အလှန် ဆက်သွယ်မှုရရှိပြီး ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခြေအနေများအား မှတ်တမ်းတင်ရန်နှင့် ၎င်းတို့၏ အခွင့်အရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် ဖြစ်သည်။

ယနေ့တွင်မူ IWGIA၏ ကမ္ဘာလုံးဆိုင်ရာကွန်ယက်အတွင်း၌ ကမ္ဘာတစ်ဝှမ်းရှိ ဌာနေတိုင်းရင်းသားများအားလုံး ပါဝင်လျက်ရှိနေပါသည်။ ကျွန်မတို့၏ အလုပ်အတွင်း ပြောင်းလဲရန်အတွက် ယခုထက်ထိတိုင်အောင်ပင် အဓိကကျသောတွန်းအားများမှာ စာရွက်စာတမ်းမှတ်တမ်းမှတ်ရာများပြုလုပ်ခြင်း၊ empowermentနှင့် စည်းရုံးလှုံ့ဆော်ခြင်းတို့ပင်ဖြစ်သည်။

# t , fWDht mabmf

Catriona Knapman

## နိဒါန်း

ဤစာအုပ်တွင် အဓိကပါဝင်သော အကြောင်းအရာအများစုမှာ မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသူအမျိုးသမီးများမှ ရေးသားထားခြင်းဖြစ်သည်။ ဤရေးသားချက်များအရ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုတွင် ဌာနေတိုင်းရင်းသူအမျိုးသမီးများမှာ အဓိကအခြေခံကျသော နေရာတွင်ရှိနေသည်ကို ပြသနေပါသည်။ အခြားတစ်ဘက်တွင်လည်း ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် ၎င်းတို့၏ အငန်းအတာများကို သစ်တောထဲတွင် နေ့စဉ်နှင့်အမျှဆောင်ရွက်ခြင်းအားဖြင့် မျိုးစေ့များနှင့် အပင်များအား မည်ကဲ့သို့ စိုက်ပျိုးရမည်ဆိုသည့် အသိပညာဗဟုသုတများရှိထားရုံသာမက ဒေသခံမျိုးစိတ်များ စောင့်ရှောက်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်ခြင်းဆိုင်ရာ ဗဟုသုတများလည်း ရှိနေပါသည်ဟု ဆိုလိုခြင်းခြင်းဖြစ်သည်။ ဤအချက်သည် ဌာနေတိုင်းရင်းသူ အမျိုးသမီးများ နှင့် ၎င်းတို့နေထိုင်ရာဝန်းကျင်ပတ်ပတ်လည်ရှိ သစ်တောများအကြား အလွန်အရေးပါသော ဆက်နွယ်မှုတစ်ခုဖြစ်ပေါ်စေသည်။ အခြားနည်းလမ်းတစ်ခုဖြင့် ဖော်ပြရမည်ဆိုပါလျှင် ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် ကမ္ဘာပေါ်ရှိ စီးပွားရေးဆိုင်ရာဝင်ငွေပိုင်းတွင် အဆင်းရဲဆုံးသောသူများအတွင်းတွင် ပါဝင်ကြပြီး ပြန်လည်အသုံးပြု၍ ရနိုင်သော သဘာဝအရင်းအမြစ်များပေါ်တွင် မှီခိုနေကြရသူများဖြစ်ပါသည်။ ထိုသို့သောအခြေအနေများကြောင့် ရာသီဥတုပြောင်းလဲခြင်းသည် ၎င်းတို့အား ထိခိုက်နိုင်ခြေမြင့်မား လျက်ရှိသည်။ ရာသီဥတု အကူးအပြောင်းများသည်လည်း ၎င်းတို့၏ ကျန်းမာရေး၊ အစားအသောက်၊ နေထိုင်ရာနေရာ၊ အလုပ်သမားဘဝနှင့် တစ်ကိုယ်ရေတစ်ကာယဆိုင်ရာလုံခြုံမှု အစရှိသည့် နောက်ဆက်တွဲများကိုလည်း အလွယ်တကူ ထိခိုက်စေနိုင်သည် (သို့မဟုတ် ထိခိုက်နေပြီဖြစ်သည်)။ ကျေးလက်ဒေသရှိ အမျိုးသမီးများသည် အမျိုးသားများနှင့် ယှဉ်လျှင် ငွေကြေးဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ရရှိရန်အခွင့်အရေးနည်းပါးသဖြင့် ယင်းအပြောင်းအလဲများအား ပြန်လည်တုန့်ပြန်ရန်အတွက် ရွေးချယ်မှုအနည်းငယ်သာရှိသည်။

ဤစာအုပ်အတွင်းရေးသားဖော်ထားသည့်အတိုင်း မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏ ပိုမိုထူးခြားနေသော အသိပညာဗဟုသုတအရ ရာသီဥတုပြောင်းလဲခြင်းအား ဆွေးနွေးမှုများတွင်၎င်းတို့အနေဖြင့်ရှေ့တန်းတွင်ရှိနေသင့်ပါသည်။ သို့သော် လက်ရှိအခြေအနေများတွင်မူ ၎င်းတို့အနေဖြင့် အဓိကကျသောအခန်းကဏ္ဍများတွင် ပါဝင်နေခြင်းမရှိကြပါ။ မြန်မာနိုင်ငံ၏ ထူးခြားသောနိုင်ငံရေးသမိုင်းများကြောင့် ယင်းအသိပညာဗဟုသုတများအား ကျယ်ကျယ်ပြန့်ပြန့် ရယူနိုင်ခြင်းမရှိဘဲ သုတေသနပြုထားသည်မှာလည်း အနည်းငယ်သာရှိပါသည်။ ယဉ်ကျေးမှုများပြောင်းလဲခြင်းနှင့် ပြင်ပဖိအားများကြောင့် ယင်းအသိပညာ ဗဟုသုတများအား မျိုးဆက်သစ်များအကြား လက်လွှဲပေးနိုင်ခြင်းမရှိတော့ပေ။ ခပ်တိုတိုပြောရမည်ဆိုပါလျှင် ယင်းတို့သည် ပျောက်ဆုံးသွားသော အသိပညာဗဟုသုတများပင် ဖြစ်ကြပါတော့သည်။

## ဤစာအုပ်ဖြစ်ပေါ်လာပုံအဆင့်ဆင့်

ဤစာအုပ်ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ရာတွင် ဆွေးနွေးမှုများ၊ စာကြမ်းပြုစုခြင်းများ၊ တည်းဖြတ်ခြင်းများနှင့် ပြန်လည်ရေးသားခြင်းများကို အချိန်ယူကာ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး အချိန်ကာလအားဖြင့် ၂နှစ်ကျော် ကြာမြင့်ပါသည်။ ၎င်းတို့တွင် စာရေးသူများနှင့် အယ်ဒီတာဖြစ်သော ကျွန်ုပ်တို့အနေဖြင့် တောက်လျှောက် စကားဆွေးနွေးနေခဲ့ရခြင်းများလည်း ရှိပါသည်။ ဒီအရာသည် အမြဲလွယ်ကူနေခဲ့သည့်တော့မဟုတ်ခဲ့ပါ အကြောင်းအရင်းမှာ စာရေးသားသူများသည် ၎င်းတို့၏ မိခင်ဘာသာစကားအတိုင်း ရေးရခြင်းမဟုတ်သောကြောင့်ဖြစ်သည်။ (အများစုတွင် အင်္ဂလိပ်စာသည် ၎င်းတို့၏ ဒုတိယဘာသာအစကားအနေဖြင့် တောင်မဟုတ်ခဲ့ပါ။) အနောက်ဥရောပတွင်ကြီးပြင်လာသော ကျွန်ုပ် (ကုန်းမြေယဉ်ကျေးမှုအခြေပြုနေထိုင်ကြသောမျိုးဆက်မှ ဆင်းသက်လာသည့် ကျွန်ုပ်)နှင့် မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသား စာရေးသူများ (ကုန်းမြေအခြေပြုယဉ်ကျေးမှုများတွင် ကြီးပြင်းလာသော သို့မဟုတ် ယင်းတို့ဖြင့် နီးစပ်သော) အကြား ယဉ်ကျေးမှု (သို့မဟုတ် စဉ်းစားတွေးခေါ်ပုံ) ကွဲပြားနေခြင်းများ ရှိနေသည်ကိုလည်း ကျွန်ုပ်အနေဖြင့် သတိပြုမိပါသည်။

ထိုအချက်မှအပ ကျားမရေးရာ နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုများ အစရှိသည်တို့နှင့် ဆက်လျဉ်းပြီး ကျွန်ုပ်အနေဖြင့် မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ အလုပ်တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ စာရေးသူများမှာလည်း NGOများနှင့် အနောက်နိုင်ငံမှ အလှူရှင်များထံသို့ စာရေးသားရာတွင် အတွေ့အကြုံရှိကြသူများဖြစ်ပြီး ဤစာအုပ်ပြုစုရာလုပ်ငန်းစဉ်တလျှောက်တွင်လည်း ဆိုလိုရင်းများကို ပိုမိုနားလည်စေရန်အတွက် တစ်ဦးနှင့်တစ်ဦး ကျေကျေလည်လည် ဆွေးနွေးခဲ့ကြပါသည်။ အပြန်အလှန်အနေဖြင့်ဤအရာမှ ကျွန်ုပ်တို့အားလုံးတစ်ခုခုသင်ယူရရှိခဲ့မည်ဟု ကျွန်ုပ်အနေဖြင့် ထင်မိပါသည်။

ဤစာအုပ်ကို ကျွန်ုပ်တို့အတူတကွအဆင့်ဆင့်ရေးသားကြခြင်းဖြင့် တန်ဖိုးရှိသောအရာတစ်ခုခုရ ရှိခဲ့သည်ကိုလည်း ကျွန်ုပ်အနေဖြင့် သတိထားမိပါသည်။ စာအုပ်ဖြစ်မြောက်ရေးအတွက် ကတိကဝတ်ပြုထားသည့် စာမျက်နှာများအတွက် စကားလုံးများရေးချခြင်းနှင့် တွေးခေါ်စဉ်းစားပုံတစ်ခုအား ပိုမိုရှင်းရှင်းလင်းလင်းသိနိုင်ရန် ကြိုးစားအားထုတ်မှုများပြုလုပ်ခြင်း (ဆိုလိုသည်မှာ မှတ်တမ်းယူထားရန်နှင့် များပြားရှုပ်ထွေးလှသော အလေ့အထများနှင့် ယဉ်ကျေးမှုများအား ရှင်းရှင်းလင်းလင်းပြောဆိုရန်။) လိုအပ်ခဲ့ပါသည်။ ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး၏ စကားလုံးများနှင့် အတွေးများနောက်ကွယ်ရှိ ရည်ရွယ်ချက်အား အပြည့်အဝ နားမလည်နိုင်မချင်း ကျွန်ုပ်တို့အား တစ်ဦးနှင့်တစ်ဦး စကားပြောဆိုဆက်သွယ်နေစေရန်အတွက် ထိုအချင်းအရာကပင် တွန်းအားပေးခဲ့ခြင်းဖြစ်သည်။

အင်တာဗျူးတစ်ခု သို့မဟုတ် အတွေ့အကြုံများအား သက်သေခံ ပြန်လည်ဝေငှခြင်းတစ်ခုတွင် ကျွန်ုပ်တို့ နားမလည်ခဲ့သောအရာများ သို့မဟုတ် ပြောနေသောအရာများမှာ သိရှိပြီးသားများလျှင်ဖြစ်သည်ဟု စိတ်ထင်နေခဲ့သော အရာများအား ဂရုမပြုဘဲ ကျော်ချသွားခဲ့သည်များလည်း ရှိနိုင်ပါသည်။ သို့ပါသော်လည်း အတူတကွရေးသားကြခြင်းအားဖြင့် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး အပြည့်အဝနားလည်သည်အထိ တစ်ယောက်ကိုတစ်ယောက် မေးခွန်းများအား အထပ်ထပ်ပြန်လည် မေးမြန်းခဲ့ကြရပါသည်။ ဤကဲ့သို့ပြု လုပ်ခြင်းသည် တစ်ခါတစ်ရံတွင် စိတ်အနှောက်အယှက်ဖြစ်ရသည်မှာ ဝန်ခံပါသော်လည်း ထိုသို့အတူအကွ စကားပြောကြခြင်း၊ မေးခွန်းများမေးကြခြင်း၊ မေးခွန်းတစ်ခုကိုဘဲ ထပ်တလဲလဲမေးခြင်းသည် ကျွန်ုပ်တို့ မသိရှိနိုင်သောအရာတစ်ခုအတွက် နားလည်မှုတစ်ခုရရှိရန်အတွက် ကိုပံ့ပိုးပေးပါသည်။

မေးခွန်းမေးရာလုပ်ငန်းစဉ်တစ်လျှောက်တွင်လည်း "ကျွန်ုပ်တို့သိထားသည့်အရာတစ်ခုကို သိထားသည့်အတိုင်းပြန်လည်ပြောကြား" ခွင့်ပေးခြင်းသည် မတူညီသည့်ဘာသာစကား အခက်အခဲများအကြား လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးဝင်လှပါသည်။ ထို့အပြင် ဤစာအုပ်ကို အဆုံးသတ်ရေးသားရာ၌ အသိပညာဗဟုသုတအရ ရေခံမြေခံ အတွေးအခေါ် သို့မဟုတ် စဉ်စားပုံမတူညီသောသူများကြား အင်္ဂလိပ်ဘာသာစကား သို့မဟုတ် မြန်မာဘာသာစကားအဖြစ် အပြန်အလှန်ပြောင်းလဲပုံဖော်ဖို့ရာတွင်လည်း အလွန်အထောက်အကူဖြစ်ပြီး တန်ဖိုးရှိလှကြောင်းကိုလည်း ကျွန်ုပ်အနေဖြင့် သတိပြုမိပါသည်။

နောက်ဆုံးစာစုအပိုင်းတွင် စာရေးသူများ၏ အတွေးအမြင်များလည်းပါဝင်နေပြီး ထိုအတွေးအမြင်များကို ပြန်လည်ဖော်ပြသော အင်္ဂလိပ်စာအသုံးအနှုန်းများနှင့် ၎င်းတို့၏ စုပေါင်းရေခံမြေခံတွေးခေါ်ယူဆချက်များအား လိုအပ်ချက်အရ အနောက်တိုင်းစာပေအရေးအသား စနစ်များအတိုင်း ပုံဖော်ထားပါသည်။

ယခုကဲ့သို့သော ယဉ်ကျေးမှုဆိုင်ရာ အသိပညာများဗဟုသုတများ သို့မဟုတ် လက်တွေ့ကျင့်သုံးမှုပုံစံများသည် တူညီသောသဘောသဘာဝရှိနေမည်မဟုတ်ကြောင်းကိုတော့ စိတ်ထဲတွင် စွဲမှတ်ထားသင့်ပါသည်။

စာရေးသူများအားလုံးမှာ တက်ကြွလှုပ်ရှားသူများဖြစ်ကြပြီး လုပ်ငန်း၏ တောင်းဆိုမှုများကြောင့် များပြားလှသောအလုပ်များကို တစ်ပြိုင်နက်ဆောင်ရွက်နေကြရသူများ ဖြစ်ကြသည်။ တစ်ခါတစ်ရံ မိမိတို့၏ကလေးငယ်များအား အရေးပေါ်ပြုစုစောင့်ရှောက်မှုများ သို့မဟုတ် ကျန်းမာရေး ပြဿနာများ၊ အခြားပုဂ္ဂိုလ်ရေးဆိုင်ရာကတိကဝတ်များ သို့မဟုတ် အလုပ်များလည်းရှိတတ်ကြပြီး ကျွန်ုပ်တို့အနေဖြင့် ထိုသို့သော ကိစ္စရပ်များနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်ခဲ့ကြရသောကြောင့် လုပ်ငန်းစဉ်တစ်ချို့တွင် နောက်နေ့ကျန့်ကြာမှုများလည်း ရှိခဲ့ပါသည်။ ယင်းကိစ္စရပ်များသည် "အမျိုးသမီးများအနေဖြင့်သာ ကိုင်တွယ်ဖြေရှင်းရလေ့ရှိသည့်" အကြောင်းအရာများဖြစ်သောကြောင့် ကျွန်ုပ်ကိုစိတ်ထိခိုက်စေပါသည်။

အမျိုးသမီးများလုပ်ဆောင်ရန် ကတိကဝတ်များစွာရှိနေသောကြောင့် ယင်းကဲ့သို့သော အကြပ်အတည်းများအား တုံ့ပြန်ရန်မှာ သို့မဟုတ် ဖြေရှင်းဆောင်ရွက်ရန်မှာ အမျိုးသမီးများ၏တာဝန်ဖြစ်သည်ဆိုသော ယဉ်ကျေးမှုယူဆချက်များ၏ ရလဒ်အနေဖြင့် ၎င်းတို့သည် အလုပ်အားလုံးကို ဆောင်ရွက်ရန်အတွက် အချိန်ကို ခက်ခက်ခဲခဲရှာဖွေနေရပါသည်။ ဤကဲ့သို့ နှောင့်နှေးကြန့်ကြာမှုများသည် လုပ်ငန်းခွင်ဆိုင်ရာ အမျိုးသမီးများတန်းတူညီမျှရေး၏ ဝိသေသလက္ခဏာတစ်ခု ဖြစ်သည်ကိုလည်း ကျွန်ုပ်အနေဖြင့် ရှုမြင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် ပြင်ပမှသတ်မှတ်ချက်များထက် စာရေးသူများ၏ ဘဝရှင်သန်မှုပုံစံနှင့်ကိုက်ညီသော လုပ်ငန်းစဉ်နှင့် အချိန်အတိုင်း ဆောင်ရွက်ခြင်းများဖြစ်ပေါ်စေသောကြောင့် ဖြစ်သည်။

ယခုကဲ့သို့ နှေးကွေးသောလုပ်ငန်းစဉ်များအတွက် ရန်ပုံငွေပေးလှူခြင်းသည် အလှူရှင်အဖွဲ့အစည်းများ၏ ပုံမှန်စီမံမှုပုံစံအနေဖြင့် ခွင့်ပြုလေ့မရှိပါ။ သို့ပါသော်လည်း ယင်းတို့သည် အမျိုးသမီးများ၏ စံထားလောက်စရာတန်ဖိုးများအား လေးစားသောအားဖြင့်ဆောင်ရွက်သော လုပ်ငန်းစဉ်ဖြစ်သည်။ ယင်းတို့သည် ဤစာအုပ်အတွင်ဖော်ပြထားသော ယဉ်ကျေးမှုဆိုင်ရာအလေ့အထများအား မွေးဖွားပေးခဲ့သော သဘာဝစည်းချက်များ၏ စိတ်ရှည်သည်းခံမှုများနှင့် လွတ်လပ်မှုများ

အတွက် လေးစားသမှုပေးသော ပုံစံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများအား ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်၊ သဘာဝအရင်းအမြစ်များနှင့် ပတ်သက်သော စကားဝိုင်းအတွင်းမှာ စနစ်တကျဖယ်ထုတ်ထားခြင်းသည် အမျိုးသမီးများ၏ အသိပညာဗဟုသုတများအပေါ်တွင် လျော့နည်းစွာတန်ဖိုးထားနေခြင်းသာမက ရာသီဥတုဆိုင်ရာ ပြဿနာများကို ဖြေရှင်းသည့်ပုံစံများတွင် ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အလုပ်လုပ်ပုံများကို သို့မဟုတ် ၎င်းတို့ဘဝတွင်ရှိသောအခြားဖိအားများကိုပါ လေးစားမှုမရှိခြင်းဖြစ်သည် ဟု ကျွန်ုပ်အားတွေးမြင်စေပါသည်။

ရာသီဥကို ကာကွယ်ရန်အတွက် မြေကြီး၊ သဘာဝမြေနေရာပုံစံများ၊ သစ်ပင်ပန်းမန်များဖြင့် ဆက်နွယ်နေသူများထံမှ သင်ယူစရာများစွာရှိနေသည်ကိုလည်း ကျွန်ုပ်တို့သိရှိကြပါသည်။ ဒေသရိုးရာအသိပညာဗဟုသုတများ ရှိနေသောထိုသူများအားကြိုဆိုသည့် လက်တွေ့ကျသောစကားပြောပုံစံများဖြင့် ဖွဲ့စည်းတည်ဆောက်ရန်အတွက် လုပ်ဆောင်ချက်များစွာလိုအပ်နေသည်ဟု ဤစီမံကိန်းအား ဆောင်ရွက်လာရာတစ်လျှောက်တွင် စဉ်းစားဆင်ခြင်မိခဲ့ပါသည်။

ကျွန်မအနေဖြင့် ပထမကြိမ်ဖတ်ရှုခြင်းတွင် နေ့စဉ်လုပ်ဆောင်ချက်တွေနဲ့ အလေ့အကျင့်တွေဟာ ကျွန်မကိုထိခိုက်စေပြီး "ရာသီဥတုပြောင်းလဲခြင်းအကြောင်း" ဖွဲ့စည်းပုံနှင့် ပုံစံများထက်ကျော်လွန်ပြီးဖော်ပြသည့် စာတစ်စောင်အဖြစ် အကြောင်းအကျိုးများအံဝင်ခွင်ကျ ရှိမနေသောကြောင့် တစ်ခါတစ်ရံ ကျွန်မအနေဖြင့် ဖြုတ်ချရန်ဖြစ်လာသည်။ သို့ပါသော်လည်း ပြန်လည်သုံးသပ်ပြီး စာရေးသူများနှင့် စကားပြောကြည့်ရာတွင် ထိုနေ့စဉ်လုပ်ဆောင်ချက်များအားလုံးသည် မြေနှင့် ဇီဝမျိုးစုံမျိုးကွဲများဖြင့်ဆက်စပ်သော ဘဝရှင်သန်မှုပုံစံအား ပုံဖော်ရန်အတွက် မည်ကဲ့သို့ အထောက်အကူပေးနေသည်ကို တွေ့မြင်ခဲ့ရပါသည်။ ၎င်းတို့အားဖြင့် လူမှုအသိုက်အဝန်းတွင်းရှိသော ဘဝတိုင်းဟာဆိုရင်ဖြင့် ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်နေကြသည်ကို ဥပမာပေးပြသနေပါသည်။

ထိုဖြစ်ရပ်များအား ယခုကဲ့သို့ ပြန်လည်ဖော်ပြရာတွင်မူ သိသာထင်ရှားမှုရှိသော်လည်း အနောက်နိုင်ငံများ သို့မဟုတ် "ခေတ်ပေါ်" ယဉ်ကျေးမှုအလေ့အထများရှိသော နေ့စဉ်ဘဝများတွင်မူ သိသာထင်ရှားမှုရှိမနေပါ။ အမှန်တော့ ကျွန်ုပ်တို့၏ လိုအပ်ချက်များအား ဈေးကွက်မှတစ်ဆင့်ရရှိသွားသည့်အချိန်၌ များစွာသော ယင်းဖြစ်စဉ်များသည် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဆက်နွယ်မှုရှိနေခြင်းမှာ ကျွန်ုပ်တို့အတွက် မြင်သာမှုမရှိတော့ခြင်း ဖြစ်ပါသည်။ ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှု၊ ကလေးမွေးခြင်း/မီးဖွားခြင်း၊ အစာအရင်းအမြစ်၊ အဝတ်အထည်ပြုလုပ်ခြင်း၊ အမိုးအကာများပြုလုပ်ခြင်းနှင့် ဒေသရှိ အပင်၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ အကြားရှိ ထင်ရှားသောဆက်နွယ်မှုအား ဤစာအုပ်တွင် ဖော်ပြထားပါသည်။

မရူနူးရာရေးသားသော အခန်း–၅တွင်လည်း ယခုကဲ့သို့သော ဥပမာများကို ဖော်ပြထားပါသည်။ ယင်းဥပမာတွင် သူမနေဖြင့် မျိုးစေ့များအား မီးဖိုချောင်တွင်သိမ်းဆည်းထားခြင်းလည်း ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် မီးဖိုမှထွက်လာသောမီးခိုးငွေ့များသည် မျိုးစေ့များအား မပျက်စီးသွားစေရန် ကူညီထိမ်းသိမ်းပေးသောကြောင့် ဖြစ်သည်။ အချို့သော အပင်များသည် အဝတ်အထည်ယက်လုပ်ရန်နှင့် ဆေးဆိုးရန်အတွက် စိုက်ပျိုးရခြင်းကြောင့် သူ့အနေဖြင့် ရိုးရာယက်ကန်းယက်လုပ်ခြင်းနည်းပညာ၊ ပုံစံကွက်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအကြား ပတ်သက်ဆက်နွယ်နေမှုကိုလည်း မီးမောင်းထိုးပြထားပါသည်။

ခလေ့ရိုးရာအတိုင်း ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း အလေ့အကျင့်များမှထိန်းသိမ်းလာသောဇီဝမျိုးစုံမျိုးကွဲများအကြောင်းကိုလည်းနော်အိအိမင်းမှအခန်း–၂တွင်ဖော်ပြ ထားပါသည်။ ယင်းတို့တွင် လူမှုအသိုက်အဝန်းများအတွက် ကိုယ်ပိုင်ဖူလုံမှုရှိစေရန်နှင့် ခံနိုင်ရည်ရှိစေရန်အတွက်သာမက အာဟာရကြွယ်ဝသည့် အစားအစာများဖြစ်စေသော ကောက်ပဲသီးနှံများမျိုးစုံ ပါဝင်သည်။ စာရေးသူများအတွက် ဤဖြစ်စဉ်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောသဘာဝကို ကျွန်မအနေဖြင့် သတိပြုသိရှိပြီးဖြစ်သည်။ စာရေးသူများသည် ၎င်းတို့၏ ကိုယ်ပိုင် ဌာနေတိုင်းရင်းသားအမွေအနှစ်များနှင့် ၎င်းတို့အား လက်ဆင့်ကမ်းပေးဝေခဲ့သော တစ်ဘက်သက်သဘောသဘာဝရှိသည့် အလေ့အကျင့်များဖြင့် လုံးထွေးနေရသည်ကိုလည်း ကျွန်ုပ်တို့ပြောခဲ့ကြသော စကားများအကြားမှ ကျွန်မအနေဖြင့် ကြားသိရှိခဲ့ရပါသည်။

၎င်းတို့ လေးစားတန်ဖိုးထားကြသော ယဉ်ကျေးမှုများ၏ အချို့သောရှုထောင့်များတွင် သဘာဝကြီးအား ထိန်းသိမ်းရန်နှင့် ကာကွယ်ရန်အတွက် လိမ္မာပါးနပ်ပြီး သန့်ရှင်းသောနည်းလမ်းများပါဝင်ပြီး ထိုယဉ်ကျေးမှု၏ အခြားတစ်ဘက်တွင်ပင် အမျိုးသမီးများ၏ တစ်ကိုယ်ရေ တိုးတက်ဖွံ့ဖြိုးရေးများနှင့် မိမိကိုယ်ကိုယ်ယုံကြည်မှုများအပေါ် ထိခိုက်စေသောခွဲခြားဆက်ဆံမှုများလည်း ရှိနေပါသည်။

မြန်မာနိုင်ငံ တောင်ဘက်ခြမ်း၊ ထားဝယ်ဘက်ရှိ ကရင်လူထုအသိုက်အဝန်းအတွင်း ရိုးရာဓလေ့များ၏ နက်နက်နဲနဲအရေးပါပုံကို နော်အယ်ထီးဝါးမှ အခန်း ၁ တွင် တင်ပြဆွေးနွေးထား

ပါသည်။ ယင်းတို့တွင် ကရင်လူမျိုးများအနေဖြင့် ပစ္စည်းကိရိယာများ၊ အာဟာရနှင့် ဆေးဝါးများအတွက် သစ်တောကို မှီခိုနေရသောကြောင့် ၎င်းတို့အသိုက်အဝန်းနှင့် သစ်တော၏ ပတ်သက်ဆက်နွယ်မှုမှာ အရေးပါကြောင်းကိုလည်း ဖော်ပြထားပါသည်။ သစ်တောများသည် ၎င်းတို့၏နေ့စဉ်လုပ်ဆောင်ချက်များအတွက်သာမက ဆွေစဉ်မျိုးဆက်တစ်လျှောက် အဓိကအကျဆုံးသော မဏ္ဍိုင်မှုတစ်ခုဖြစ်ပြီး ၎င်းတို့မှလည်း သစ်တောများအတွက် ရည်ရွယ်၍ ပွဲလမ်းသဘင်များလည်း ကျင်းပခြင်းများလည်းရှိကြသည်။ ထားဝယ်တွင်ရှိသော အစိုးရနှင့် ပုဂ္ဂလိက စီမံကိန်းရင်းနှီးမြှုပ်နှံမှုများမှ သူမတို့လူမှုအသိုက်အဝန်း၏ ရှင်သန်ရပ်တည်ပုံများအား ခြိမ်းခြောက်လျက်ရှိသည်ကိုလည်း သူမ၏စာသားများတွင် ဖော်ပြထားပါသည်။ နော်အယ်ထီးဝါးအတွက်မှာမူ သစ်တောများအား ကာကွယ်စောင့်ရှောက်ခြင်းသည် ယင်းနှင့်အတူ ကြာရှည်စွာ ယှဉ်တွဲ ရပ်တည်လာခဲ့သော ၎င်းတို့လူမှုအသိုက်အဝန်း၏ ဓလေ့ရိုးရာများနှင့် ရှင်သန်ရပ်တည်ပုံများအား ကာကွယ်ခြင်းပင်ဖြစ်သည်။

အခြားစာတမ်းများမှ အထူးသဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ ဓလေ့ရိုးရာယဉ်ကျေးမှုများအား အဘက်ဘက်မှ ပြည့်စုံလွှမ်းလှပါသည်ဟု အလွန်အကျွံစိတ်ကူးယဉ်ဖော်ပြရန်အတွက် လွယ်ကူနိုင်ကြောင်း အဆိုပြုထားပါသည်။

အခန်း–၃ တွင် ဓလေ့ရိုးရာအလေ့အထတစ်ချို့နှင့် အမျိုးသမီးများအပေါ်ရှိ ယင်းတို့၏ ကန့်သတ်ချက်များအား အာဂသမနှင့် နီလာထွန်းတို့မှ ကျားမရေးရာ ကျွမ်းကျင်သူများဖြစ်သည့် အလျှောက် ပိုမိုဝေဖန်သုံးသပ်ထောက်ပြထားပါသည်။ အာဂသ၏ ပြောပြချက်အရ သူမ၏မိခင်သည် စာရေးတတ်၊ ဖတ်တတ်ခြင်းမရှိသော်လည်း မိမိအိမ်ပတ်ဝန်းကျင်ရှိ ဒေသပတ်ဝန်းကျင်ဆိုင်ရာနှင့် ရာသီဥတုပြောင်းလဲမှုသဘောတရားများအပေါ်တွင် ပင်ကိုအသိပညာဗဟုသုတ အလွန်ပင် ကြွယ်ဝပါသည်။ အာဂသမှာမူ ယင်းအချက်များကို မသိရှိပါ။ သို့ပါသော်လည်း အမျိုးသမီးများအပေါ်ကန့်သတ်ထားသည့် များစွာသောရိုးရာဓလေ့ယဉ်ကျေးမှုများကိုလည်း အာဂသအနေဖြင့် သိရှိပါသည်။

အမျိုးသမီးများ ရာသီလာနေစဉ်အချိန်အတွင်း သစ်ပင်များအားမထိရ၊ သစ်တောအတွင်းသို့မသွားရဟူသော အမျိုးသမီးများအပေါ် အိမ်တွင်းအခြေပြုကန့်သတ်ထားသော သဘောသဘာဝရှိသည့် ရိုးရာအခန်းကဏ္ဍနှင့် ၎င်းတို့၏ အလွန်များလှသောအလုပ်များ ထို့အပြင် ယဉ်ကျေးမှုတစ်ခုလုံးတွင် ခွဲခြားဆက်ဆံတတ်သည့် သဘောထားများ လွှမ်းမိုးထားခြင်းသည် အမျိုးသမီးများအား ဝင်ငွေရရှိနိုင်သောအရာများအား အမွေဆက်ခံရန်အတွက် သို့မဟုတ် အရင်းအမြစ်များအပေါ်တွင် ဆုံးဖြတ်ချက်ချနိုင်သော အာဏာရရှိရန်အတွက် အတားအဆီးဖြစ်နေကြောင်းကိုလည်း သူမအနေဖြင့် ဖော်ပြထားပါသည်။ ယင်းသတ်မှတ်ချက်များသည် သူမအား စိတ်အနှောက်အယှက်ဖြစ်စေပြီး သူမ၏ကိုယ်ပိုင်ဘဝအား သက်ရောက်မှုများရှိနေသော်ကြောင့် ထိုအရာများအား သူမအနေဖြင့် ပြောင်းလဲလိုပါသည်။

နော်အိအိမင်း မှလည်း အခန်း–၂ တွင် နိုင်ငံတော်အဆင့်ထိရှိသော နိုင်ငံရေးနယ်ပယ်၌ ဌာနေတိုင်းရင်းသူ အမျိုးသမီးများ ကြုံတွေ့ရသော ခွဲခြားဆက်ဆံမှုမှုများကိုလည်း တင်ပြဆွေးနွေးထားပါသည်။

အမျိုးသမီးများသည် ခေါင်းဆောင်ကောင်းများ မဟုတ်ကြပါဆိုသော စိတ်နေသဘောထားများ သို့မဟုတ် အမျိုးသားများမှ အမျိုးသမီးများအိမ်ပြင်ပအခန်းကဏ္ဍများတွင် ပါဝင်လုပ်ဆောင်ခြင်းကို တားဆီးနေခြင်း အစရှိသည်တို့ အပါအဝင် အမျိုးသမီးများခေါင်းဆောင်ဖြစ်လာရန်အတွက် လမ်းတွင်ရှိသောအတားအဆီးများကိုလည်း သူမအနေဖြင့် ဖော်ပြထားသည်။ ထိုပြဿနာများသည် သူမ၏ကိုယ်ပိုင် သက်မွေးလုပ်ငန်းများအား တိုးတက်လာစေရန်လုပ်ဆောင်ရာတွင် သူမကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ပြဿနာများဖြစ်ပြီး ယင်းတို့ကို ကျော်လွှားနိုင်ရန်အတွက်လည်း သူမအနေဖြင့် များစွာသော ကြိုးစားအားထုတ်မှုများ ပြုလုပ်ခဲ့ရပါသည်။

ကျွန်ုပ်တို့ရေးသားခဲ့ကြသော အကြောင်းအရာခေါင်းစဉ်များသည် များစွာသောလူမှုဘဝများအား ထင်ဟပ်ဖော်ပြနေသည်ကို ကျွန်မအနေဖြင့်လည်း သတိပြုသိရှိပါသည်။ ယင်းကဲ့သို့သောအခြေအနေများကြောင့် စာရေးသူများသည် ၎င်းတို့၏ ဘဝဥပမာများအားဝေမျှရန်အတွက် မကြာခဏဆိုသလို မချင့်မရဲဖြစ်ကြသည်။

ဥပမာအားဖြင့် အခန်း–၃တွင် ပူးတွဲပါဝင်ရေးသားထားသူတစ်ဦးအဖြစ် အာဂသရေးသားသော ပညာရေးဟူသည့် ခေါင်းစဉ်တွင် သူမသိရှိတွေ့မြင်ခဲ့ရသောရှုထောင့်တစ်ခုအရ သူမ၏ ရွေးချယ်မှုကြောင့် အရွယ်ရောက်ပြီးသော သူတစ်ဦးအနေဖြင့် သူမ၏မွေးရပ်မြေကိုစွန့်ခွာပြီး ကျားမရေးရာဘာသာရပ်အထူးပြုမဟာဘွဲ့အတွက် ဘန်ကောက်တွင် သွားရောက်ပညာသင်ကြားခဲ့ရပါသည်။ ကျောင်းပညာရေးသည် အဓိကအခန်းကဏ္ဍတစ်ခုဖြစ်ပြီး သူမဘဝအတွက် ကောင်းမွန်သောအကျိုးသက်ရောက်မှုများရှိသည်ကို သူမအနေဖြင့် သိရှိပါသည်။ အခြားတစ်ဘက်တွင်မူ ဒေသခံလူမှုအသိုက်အဝန်း၏ ရိုးရာဓလေ့ယဉ်ကျေးမှု အလေ့အထများအားသင်ယူရန် အခွင့်အ

ရေးများဆုံးရှုံးသွားရသည်ကိုလည်း အခြားစာရေးသူများမှ ဆွေးနွေးထားပါသည်။ အကြောင်းမှာ အခြားဌာနေတိုင်းရင်းသူအမျိုးသမီးများကဲ့သို့ပင် ၎င်းတို့အနေဖြင့် (နောက်ထပ်တစ်ဆင့် ကျောင်းပညာရေးအား) အလယ်တန်းအဆင့်ကျောင်းပညာရေးအား ပြီးမြောက်စွာ သင်ယူရန်အတွက် မိမိတို့၏ရွာမှ ထွက်ခွာခဲ့ရသောကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံရှိ များစွာသော ဌာနေတိုင်းရင်းသားမိသားစုများအနေဖြင့် အိမ်တွင်းရိုးရာဓလေ့များနှင့် ခေတ်ပေါ်ပညာရေးစနစ်တစ်ခုအကြားတစ်ခုခုကို မဖြစ်မနေဆုံးဖြတ်ချက်ချရွေးချယ်ရမည်ဆိုသောခံစားချက်နှင့် ဝေခွဲရာခက်နေသော အခြေအနေများကိုလည်း အခန်း-၅တွင် တင်ပြထားပါသည်။ အချို့သောစာရေးသူများသည် ကျောင်းတက်ရန်အတွက် အခွင့်အရေးများရှိခဲ့သော်လည်း ထိုသို့ပြုလုပ်ခြင်းဖြင့် အခြားတစ်ဘက်တွင်လည်း ၎င်းတို့အတွက်အရေးကြီးသော အခြားအသိပညာဗဟုသုတနှင့် သတင်းအချက်အလက်များကို လက်လွှတ်ဆုံးရှုံးခဲ့ကြရသည်။ ဤအရာသည် စာရေးသူများအကြား၊ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ အသိပညာဗဟုသုတနှံ့စပ်ကြွယ်ဝသော တက်ကြွလှုပ်ရှားသူများကြားတွင် ဘုံမေးခွန်းတစ်ခုဖြစ်နေပါသည်။ ၎င်းတို့သည် NGO ဝန်ထမ်းများအနေဖြင့်သော်လည်းကောင်း၊ တက်ကြွလှုပ်ရှားသူများအနေဖြင့်သော်လည်းကောင်း ကမ္ဘာနှစ်ခုအားဆက်သွယ်ပေးပြီး ရာသီဥတုပြောင်းလဲမှုအတွက် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးခြင်းများဖြင့်ဆက်စပ်၍ အိမ်တွင်းယဉ်ကျေးမှု၏အရေးပါပုံကို ၎င်းတို့အနေဖြင့် လုံးဝရှင်းလင်းပြတ်သားစွာမြင်နိုင်သည်။

ကမ္ဘာအဝှမ်းအရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာမူဝါဒများနှင့် အလေ့အကျင့်များအား မီးမောင်းထိုးပြရန်အတွက် ဤစာအုပ်အတွင်း ပါရှိသောစာများသည် မြန်မာနိုင်ငံ၏ သတ်မှတ်ထားသော အခြေအနေများအား ကျော်လွှန်၍ဖော်ပြထားပါသည်။ အခန်း-၁တွင် မြန်မာအစိုးရ၏ ရာသီဥတုပြောင်းနေမှုဆိုင်ရာမူဝါဒသည် ထားဝယ်တွင်ရှိသော ကရင်လူထုအသိုက်အဝန်းအတွက် အပျက်သဘောဆောင်သော အကျိုးသက်ရောက်မှုများ ရှိလာနိုင်ကြောင်းကို နော်အယ်ထီးဝါးမှ တင်ပြဆွေးနွေးထားပါသည်။ အခန်း-၄တွင် IWGIA၏ အဖွဲ့ဝင်များဖြစ်ကြသော Stefan Thorsellနှင့် Lærke Marie Lund Petersen တို့မှ ရာသီဥတုပြောင်းလဲနေမှုအတွက် ကမ္ဘာလုံးဆိုင်ရာဆွေးနွေးမှုများပြုလုပ်ရာမှ ရရှိလာသောအတွေ့အကြုံများကို ပြန်လည်မျှဝေထားပါသည်။ ထို့အပြင် REDD+ ဆိုင်ရာငြင်းခုံမှုများနှင့် ယင်းမူဝါဒအား ဌာနေတိုင်းရင်းသား အစုအဖွဲ့များမှ ကမ္ဘာနှင့်အဝှမ်း အတိုက်အခံပြုလုပ်မှုများကို မီးမောင်းထိုးပြထားပါသည်။ ဤအပိုင်းတွင် ဒေသခံ အလေ့အထများသည် ကမ္ဘာနှင့် ချိန်ဆက်နေကြောင်းကိုလည်း ဖော်ပြထားပါသည်။ ယင်းကမ္ဘာလုံးဆိုင်ရာ နည်းဗျူဟာသည် ဒေသခံလူမှုအသိုက်အဝန်းပေါ်တွင် သက်ရောက်နေသည့်အလျောက် မြန်မာအစိုးရ၏ ရာသီဥတုပြောင်းလဲနေမှုဆိုင်ရာ လက်ရှိ စီမံခန့်ခွဲမှုများနှင့် ယင်းအငြင်းပွားမှုများတွင်ပါဝင်သော ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အခန်းကဏ္ဍကို ယင်းနည်းဗျူဟာများသည် လွှမ်းမိုးနိုင်သည့် အလားအလာရှိကြောင်းကို အခန်း-၄တွင် တင်ဆက်ပြသထားပါသည်။

## စကားလုံးများအား အတူတကွစုစည်းခြင်း

ဤစာအုပ်အတွင်းရှိ ဌာနေတိုင်းရင်းသားစာရေးသူများ၏ စကားလုံးများကို စုပေါင်းရမည်ဆိုပါလျှင် “တို့တတွေက ဘာလို့တန်ဖိုးထားမခံရတာလဲ”နှင့် “တို့အမွေအနှစ်ရဲ့ ဒီလောက်အရေးကြီးတဲ့အပိုင်းကို ဘာလို့တို့ရဲ့ လူမှုအသိုက်အဝန်းကြီးတစ်ခုလုံးက တန်ဖိုးမထားရတာလဲ” အစရှိသော မေးခွန်းများဖြစ်ပေါ်လာနိုင်ပါသည်။ ကျွန်မအနေဖြင့်လည်း “ခေတ်သစ်မြန်မာနိုင်ငံအနေဖြင့် ၎င်းတွင်ရှိသော မတူညီကွဲပြားသည့် ယဉ်ကျေးမှုများအား တန်ဖိုးထားရန်နည်းလမ်းများ မရှိနိုင်တော့ဘူးလား”ဟု တွေးမိသည်။ ဆက်လက်၍ ကမ္ဘာအဝှမ်းရာသီဥတုပြောင်းလဲနေမှုများတွင် အဓိကပါဝင်လုပ်ဆောင်နေသူများနှင့် စီမံနေသူများအနေဖြင့် ၎င်းတို့၏ ရာသီဥတုဖြင့် လိုက်လျောညီထွေစွာနေနိုင်ရေးနှင့် ရာသီဥတုပြောင်းလဲစေရန်လုပ်ဆောင်နေမှုများအား လျှော့ချရေးဆိုင်ရာနည်းဗျူဟာများရှာဖွေရာတွင် ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏ အသိပညာဗဟုသုတများအား မည်ကဲ့သို့ ပိုမိုတန်ဖိုးထားနိုင်ပါမည်လဲ ဟူ၍ တွေးမိပါသေးသည်။

အမှန်တစ်ကယ်ပင် ဤစာတမ်းများသည် ဌာနေတိုင်းရင်းသူအမျိုးသမီးများကိုယ်တိုင် သို့မဟုတ် ဤစာရေးသူများအားလုံးအနေဖြင့် ယခုကဲ့သို့ နေရာတစ်ခုသို့ ရောက်ရှိလာရန်အတွက် အတိုက်အခိုက်များစွာရှိခဲ့ပြီး ရောက်ရှိလာခဲ့ချိန်တွင်လည်း ၎င်းတို့၏အထင်မြင်ချက်များအား ထည့်သွင်းစဉ်းစားပေးရန်နှင့် နားထောင်ပေးရန်အတွက် ဆက်လက်၍ ကျားကုပ်ကျားခဲကြိုးစားရပြန်သည်။ မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ ရိုးရာအလေ့အကျင့်များသည် ပြင်ပမှလေ့လာသူများအတွက် မြင်သာထင်ရှားမှုရှိနေသော်လည်း မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူများအတွက်မှာမူ ယင်းကဲ့သို့မဟုတ်ပါ။ ယခုကဲ့သို့ တစ်ဦးတစ်ဖွဲ့ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့များ၏ တန်ဖိုးကိုသိရှိရန်အတွက်နှင့် လွှမ်းမိုးမှုအားကြီးသော ယဉ်ကျေးမှုဓလေ့များမှ ၎င်းတို့အား အသိအမှတ်ပြုရန်အတွက် ဆက်လက်၍ တိုက်ပွဲဝင်နေရဆဲဖြစ်သည်။

၎င်းတို့၏ တန်ဖိုးရှိလှသော အသိပညာဗဟုသုတများသာမက အမျိုးသမီးများနှင့် ဌာနေတိုင်းရင်းသား အစုအဖွဲ့များအပေါ်တွင် အုပ်ချုပ်ဖွဲ့စည်းတည်ဆောက်ပုံအရ ခွဲခြားဆက်ဆံခြင်းများ ဆက်လက်တည်ရှိနေပါသည်။ မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် ယခုကဲ့သို့ရာသီဥတုပြောင်းလဲနေမှုဆိုင်ရာ ငြင်းခုံမှုများတွင် မပါမဖြစ်ပါဝင်ရမည့်သူများဖြစ်ပါသည်ဟု အတွေးအခေါ်အချိတ်အဆက်မိမိနှင့် သက်သေသာဓကများဖြင့်ထောက်ပြ၍လျှင်ပင် ၎င်းတို့အတွက် နေရာတစ်ခုရရှိရန်အာမခံချက်မရှိသေးပါ။

NGO–အစိုးရမဟုတ်သောအဖွဲ့အစည်းအတွက် အဓိကကျသောပါဝင်လှုပ်ရှားသူများနှင့် အလှူရှင်များအနေဖြင့်

- ဌာနေတိုင်းရင်းသူအမျိုးသမီးများအား ရာသီဥတုဆိုင်ရာငြင်းခုံမှုများတွင် ရှေ့တန်းသို့ ခေါ်ဆောင်လာနိုင်ရန်အတွက် ကျွန်ုပ်တို့၏လုပ်ငန်းများအား တိုးတက်မြန်ဆန်စေရန် မည်ကဲ့သို့ ပြောင်းလဲဆောင်ရွက်နိုင်မည်နည်း။
- ဌာနေတိုင်းရင်းသား ယဉ်ကျေးမှုဓလေ့များအတွက် အထောက်အကူပေးပြီး စည်းရုံးခြင်းများပြုလုပ်ခြင်းနှင့် ဌာနေတိုင်းရင်းသား အမျိုးသမီးခွင့်အရေးများအကြား ညီမျှမှုရှိစေရန် ကျွန်ုပ်တို့အနေဖြင့် မည်ကဲ့သို့ဆောင်ရွက်နိုင်မည်နည်း။ ဌာနေတိုင်းရင်းသူအမျိုးသမီးများမှ ဤရာသီဥတုဆိုင်ရာငြင်းခုံမှုအတွက် ဦးဆောင်ခြင်းနှင့် ပုံစံချသတ်မှတ်ခြင်းဖြစ်သည်မှာ သေချာစေရန်အတွက် ကျွန်ုပ်တို့အနေဖြင့် မည်ကဲ့သို့ဆောင်ရွက်နိုင်မည်နည်း။
- ဌာနေတိုင်းရင်းသူအမျိုးသမီးများအား ၎င်းတို့နှင့် ရင်းနှီးမှုမရှိသော လုပ်ငန်းပုံစံများ သို့မဟုတ် အမျိုးသားဆိုင်ရာစံနှုန်းပုံစံများထက် ၎င်းတို့၏ ရှိရင်းစွဲဘဝများနှင့် ကိုက်ညီသည့် အလုပ်ဖွဲ့စည်းမှုပုံစံများကို ကျွန်ုပ်တို့အနေဖြင့် မည်ကဲ့သို့ ဖန်တီးပေးနိုင်မည်နည်း။
- ဌာနေတိုင်းရင်းသားအမျိုးသမီးများ၏ ဘဝများအား မြင်နိုင်ရန်နှင့် နားလည်နိုင်ရန်အတွက် ကျွန်ုပ်တို့အနေဖြင့် မည်ကဲ့သို့အပြောင်းလဲများလုပ်ဆောင်ရန် လိုအပ်ပါသနည်း။
- ကျွန်ုပ်တို့အနေဖြင့် ယခုကဲ့သို့ မြေကြီးအခြေပြုအမွေအနှစ်များ ပိုမိုကောင်းမွန်စွာနှင့် ပိုမိုလက်တွေ့ကျစွာ (စိတ်ကူးယဉ်ဆန်ဆန်မဟုတ်ဘဲ)နားလည်ရန် ကျွန်ုပ်တို့အစီအစဉ်နှင့် ယဉ်ကျေးမှုများကြားရှိ မည်သည့်နေရာအပိုင်းအခြားတွင် မေးခွန်းများပေးရန်၊ ပိုမိုနက်နက်နဲနဲ ရှာဖွေရန်အတွက် နေရာပေးနိုင်ပါမည်နည်း။
- သဘာဝပတ်ဝန်းကျင်မှာကြီးအား ထိန်းသိမ်းရန်နှင့် ကာကွယ်ရန်အတွက် မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသူအမျိုးသမီးများအား နိုင်ငံအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့်တွင် ခေါင်းဆောင်မှုအခန်းကဏ္ဍအား ပေးအပ်ရန်အတွက် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အယူအဆတန်ဖိုးထားမှုများကို မည်ကဲ့သို့ပြောင်းလဲရန် လိုအပ်ပါသနည်း။

ဤအရာများသည် ရှေ့ဆက်ရန်အတွက်မေးခွန်းများသည် ဖြစ်သည်။ ဤစာအုပ်အတွင်း အသေးစိတ်ရေးသားဖော်ပြထားချက်များအရ မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသူအမျိုးသမီးများအဖို့လို့ငှာ ရာသီဥတုဆိုင်ရာငြင်းခုံမှုများ၌ ရှေ့တန်းနေရာများ ဖန်တီးပေးရန်အတွက် စီမံကိန်းအသစ်များနှင့် လုပ်ငန်းစဉ်အသစ်များထွက်ပေါ်လာရန် ခွန်အားပေးနေမည်ဟု ကျွန်မအနေဖြင့် မျှော်လင့်မိပါသည်။

## tufq;ypdkif^pmta&;tom;ypdkif

Catriona Knapman

### ဝေါဟာရများ/ အသုံးအနှုန်းများ အတွက် လမ်းညွှန်ချက်

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများ ၁၃၅မျိုးကျော်အထိရှိပါသည်။ ဗမာလူမျိုးများမှာ စုစုပေါင်း နိုင်ငံလူဦးရေ၏ ၆၈%ရာခိုင်နှုန်းအထိရှိပြီး၊ အခြားတိုင်းရင်းသားလူမျိုးများအားလုံးကို လူနည်းစုများအဖြစ်သတ်မှတ်ပါသည်။ တိုင်းရင်းသားလူမျိုးအများစုမှ နိုင်ငံ၏နယ်စပ်နေဒေသများတွင် နေထိုင်ကြပြီး တောင်ကုန်းများနှင့် သစ်တောများကို ရိုးရာအစဉ်အလာအရပိုင်ဆိုင်ကြသည်။ ရလဒ်အနေဖြင့် ၎င်းတို့၏ ယဉ်ကျေးမှုများသည် သစ်တောများ၊ မြေနှင့် သစ်ပင်၊ ပန်းမန်များဖြင့် နီးကပ်စွာဆက်နွယ်လျက်ရှိသည်။

”ဌာနေတိုင်းရင်းသားများ” (Indigenous) ဟူသော စကားလုံးကို မြန်မာနိုင်ငံတွင် တွင်တွင်ကျယ်ကျယ်အသုံးပြုလေ့မရှိဘဲ ယင်းနေရာတွင် “တိုင်းရင်းသားများ” (Ethnic)ဆိုသည့် စကားလုံးကိုသာ အသုံးပြုကြသည်။ မတူညီသည့် ဥပဒေပြဌာန်းချက်များတွင် ယင်းအသုံးအနှုန်းနှစ်ရပ်ကို တူညီစွာအ

လေးပေးထားသည်။ ဥပမာအားဖြင့် သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် IUCN (International Union for Conservation of Nature) သည့် တိုင်းရင်းသားလူနည်းစုများအား ဌာနေတိုင်းရင်းသားများအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ဓလေ့၊ အဝတ်အစား၊ ဘာသာရေးဆိုင်ရာယုံကြည်မှုနှင့် ယဉ်ကျေးမှုအလေ့အကျင့်များသည် အဓိကလူများစုမှ ကွဲထွက်နေသောကြောင့်ဖြစ်သည်။

၂၀၁၅ခုနှစ်တွင် ထုတ်ပြန်သော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (EIA) ၏ လုပ်ထုံးလုပ်နည်း (အခန်း-၄)အရ "လူမှုရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ဝိသေသလက္ခဏာများသည် အများဆုံးဖြစ်နေသော သို့မဟုတ် အဓိကဖြစ်နေသော လူ့အဖွဲ့အစည်းများမှ ကွဲထွက်နေသောလူမျိုးများမှာ" ဌာနေတိုင်းရင်းသားများဖြစ်သည်ဟု ဖော်ပြထားပါသည်။ အမျိုးသားမြေအသုံးချမှုမူဝါဒတွင် "ဌာနေတိုင်းရင်းသားများ" (Indigenous)ဟူသော အသုံးအနှုန်းကို အသုံးမပြုသော်လည်း မြန်မာနိုင်ငံသည် "တိုင်းရင်းသားများ" (Ethnic nationalities) နေအိမ်အဖြစ်အသိအမှတ်ပြုပြီး တိုင်းရင်းသားများအတွက် အကာကွယ်များပေးထားပါသည်။ သို့ပါသော်လည်း "တိုင်းရင်းသားများ" (Ethnic Nationality) ဟူသော အသုံးအနှုန်းအတွက်ကိုမူ အဓိပ္ပါယ်ဖွင့်ဆိုချက် ပေးမထားပါ။ အလားတူပင် ၂၀၁၈ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေမှ ဌာနေတိုင်းရင်းသားများဆိုင်ရာ အလေ့အထများသည် ၎င်းဥပဒေ၏ ကာကွယ်ပေးမှုအောက်တွင်ရှိသည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ယင်းအဖွဲ့အများနှင့်ပတ်သက်၍ ရှင်းလင်းသော အဓိပ္ပါယ်ဖွင့်ဆိုမှုမပါရှိပါ။

ဤစာအုပ်သည် ၎င်းအဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ဝေါဟာရအသုံးအနှုန်းများ၏ ရှုပ်ထွေးမှုများနှင့် တစ်ခါတစ်ရံနိုင်ငံရေးသဘောသဘာဝများကိုပါ သိမှတ်ထားပါသည်။ ထို့အပြင် ဌာနေတိုင်းရင်းသားများအဖြစ် မိမိတို့ကိုယ်ကို သတ်မှတ်ကြသော မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူနည်းစုများစွာသည် ကမ္ဘာအဝှမ်းရှိ ဌာနေတိုင်းရင်းသားအဖွဲ့များကဲ့သို့ တူညီသော ခွဲခြားဆက်ဆံပုံများ၊ အခက်အခဲဒုက္ခများနှင့် အမွေအနှစ်များကို ခံစားရလျက်ရှိသည်ကိုလည်း သိရှိပါသည်။


ချင်းပြည်နယ်ရှိ ကျေးရွာတစ်ရွာ
CREDIT: Signe Leth

## မြန်မာ့ရာသီဥတုပြောင်းလဲနေပါပြီ

လေ့လာချက်များအရ မြန်မာနိုင်ငံ၏ ရာသီဥတုသည် ပြောင်းလဲနေပြီဖြစ်သည်။ ထို့အပြင်သာမက ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒါဏ်ကို ပိုမိုခံစားနိုင်ရသောနိုင်ငံများအတွင်းတွင် ပါဝင်နေသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀အတွင်း ရာသီဥတုပြောင်းလဲခြင်းသည် မည်သည့်နိုင်ငံများအား အများဆုံးအကျိုးသက်ရောက်မှု ရှိသည်ကို German-watch ဟုခေါ်သော အဖွဲ့အစည်းမှ ပုံစံအမျိုးမျိုးဖြင့် တိုင်းတာခဲ့ကြပြီး မြန်မာနိုင်ငံသည် ၎င်းတို့၏ ကမ္ဘာ့ရာသီဥတုဆိုင်ရာထိခိုက်နိုင်မှုများအညွှန်း (Global Climate Risk Index) ၏ အမှတ်စဉ်-၃တွင် ရောက်ရှိနေပါသည်။

အခြားသော လေ့လာချက်များမှလည်း နောက်လာမည့်နှစ်ပေါင်း ၃၀ အတွင်း မြန်မာနိုင်ငံ၏ နိုင်ငံနှင့်အဝှမ်းအပူချိန်သည် လက်ရှိအပူချိန်ထက် ၁.၃°Cမှ ၂.၇°C အထိ တိုးမြင့်လာနိုင်သည့်ဟု ဖော်ပြကြပါသည်။ နွေရာသီ၏ ပျှမ်းမျှအပူချိန်သည် လက်ရှိထက် ၃°Cv အထိ တိုးမြင့်လာနိုင်သည်ဟု ခန့်မှန်းချက်တစ်ခုလည်း ရှိနေပါသည်။ ၁၉၈၁နှင့် ၂၀၁၀ ခုနှစ်အကြားကာလများတွင် မြန်မာနိုင်ငံ၌ အပူချိန်လွန်ကဲသည့် ရက်တစ်ရက် လစဉ်ရှိခဲ့ပါသည်။ လက်ရှိအခြေအနေကိုမူတည်၍ ခန့်မှန်းတွက်ချက်မှုများအရ နောက်လာမည့်ကာလများ၌ လစဉ်အပူချိန်လွန်ကဲသည့်ရက်ပေါင်း ၁၇ရက်အထိ တိုးမြင့်လာနိုင်သည်ဟု အကြံပြုဖော်ပြထားပါသည်။ ထို့အပြင် မုန်တိုင်းများနှင့် ရာသီဥတုပြင်းထန်မှုများလည်း ပိုမိုတိုးပွားလိုနိုင်သည်ဟု ခန့်မှန်းထားကြပါသည်။

အပူချိန်အမြင့်ဆုံးအထိ တိုးလာနိုင်သောဒေသများမှာ များစွာသော ဌာနေတိုင်းရင်းသားလူထုအသိုက်အဝန်းများ၏ အိမ် (သို့မဟုတ်) နေရပ်ဒေသဖြစ်သော အရှေ့ဘက်နှင့် မြောက်ဘက်ကုန်းမြင့်ဒေသများဖြစ်ကြသည်။ ၎င်းတို့အသိုက်အဝန်းများသည် အသက်ရှင်သန်ရပ်တည်ရေးအတွက် မိုးရေသွင်းစိုက်ပျိုးရေးလုပ်ငန်းများသာမက လောင်စာ၊ ဆောက်လုပ်ရေး၊ အစားအစာနှင့် ဆေးဝါးများအတွက် သစ်တောများကဲ့သို့သော ဒေသဂေဟဗေဒစနစ်များအပေါ်တွင် ကြီးမားစွာ အမှီအခိုပြုနေကြရပါသည်။

နေ့စဉ်အသက်ရှင်နေထိုင်ရေးအတွက် ထိုအရင်းအမြစ်များအား အမျိုးသားများထက် အမျိုးသမီးများက ပိုမိုအသုံးပြုနေသောကြောင့် ရာသီဥတုပြောင်းလဲမှုဒါဏ်ကို အမျိုးသမီးများမှ ပိုမိုခံစားကြရသည်။

ကျေးရွာဒေသများတွင် နေထိုင်ကြသော အမျိုးသမီးများအတွက် ဝင်ငွေရနိုင်သောလုပ်ငန်းများမှာ အမျိုးသားများထက် အခွင့်အရေးနည်းပါးသောကြောင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများကိုလည်း ပြန်လည်တုံ့ပြန်ရန် နည်းလမ်းပိုမိုနည်းပါးပါသည်။

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲနေခြင်းဆိုင်ရာအန္တရာယ်နှင့် ကြုံတွေ့နေရသော်လည်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး နှင့် အစိမ်းရောင်ဒေသများချဲ့ထွင်ရေး (သို့မဟုတ်) စိမ်းလမ်းစိုပြေသောဒေသများအား ပိုမိုတိုးချဲ့ရန်အတွက် အထောက်အကူပေးနိုင်သော အလားအလာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးနီးပါးသည် အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသများအတွင်း ပါဝင်နေသည်။ ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ထူးခြားသောမျိုးစိတ်များ ကျက်စားပေါက်ဖွားရာ အရေးကြီးသောဒေသအား အမြင့်ဆုံးအထောက်အကူပေးနေသော ဒေသ ၃၅ခုအတွင်း အင်ဒို-မြန်မာ သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထို့အပြင်သာမက မြန်မာနိုင်ငံတွင် သစ်တောဧရိယာမှာ နိုင်ငံ၏ ၄၃%ရာခိုင်နှုန်းအထိ ဖုန်းလွှမ်းထားသော်လည်း ၎င်းတို့၏တစ်ဝက်ခန့်သည် ပျက်သုန်းသွားပြီးဖြစ်ကာ ဆုံးရှုံးမှုအတိုင်းအတာအရ ကမ္ဘာ့အဝှမ်းအမြင့်ဆုံးဖြစ်ပြီး ၂၀၁၀ခုနှစ်နှင့် ၂၀၁၅ခုနှစ်အကြား (နှစ်စဉ်သစ်တောဧရိယာ ၁.၈%အထိ ဆုံးရှုံးခဲ့သည်။) အထူးသဖြင့် ဒီရေတောများအပေါ်တွင် ကြီးစွာသောသက်ရောက်မှုများရှိပြီး ၂၀၀၁ခုနှစ်မှ ၂၀၁၀ခုနှစ်များအတွင်း စုစုပေါင်းဒီရေတောဧရိယာ၏ ၄၂% ရာခိုင်နှုန်းကျော်အထိ ပျက်စီးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် UNFCCCအောက်တွင် ရာသီဥတုပြောင်းလဲနေခြင်းအား ပြန်လည်တုံ့ပြန်ရန်အတွက် နိုင်ငံရေးအရ သဘောတူညီမှုရယူပြီး ပါရီသဘောတူညီချက်စာချုပ် (Paris Agreement)ကို လိုက်နာကျင့်သုံးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အခြေအနေနှင့် သင့်လျှော်မည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု၊ လိုက်လျောက်ညီထွေဖြစ်စေရေး နှင့် လျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ဖန်လုံအိမ်ဓါတ်ငွေ့များ ထုတ်လွှတ်ခြင်းအား လျှော့ချရန်အတွက် သစ်တောများအား ကာကွယ်ထိန်းသိမ်းခြင်းမှာ ၎င်းတို့၏ အဓိကဆောင်ရွက်မှုတစ်ခုဖြစ်သည်။

## မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများ၏ အကြောင်းအရင်း

မြန်မာနိုင်ငံတွင်ရှိသော တိုင်းရင်းသားအများစုတွင် တူညီသောဘုံသမိုင်းကြောင်းတစ်ခုရှိသည်။ ၎င်းတို့မှာ ကာလကြာရှည်စွာ ဗမာစစ်တပ်နှင့် တိုက်နေရသော ပြည်တွင်းစစ်နှင့် ရိုးရာဓလေ့ယဉ်ကျေးမှုများအား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေပြု ဖိနှိပ်

ခွဲခြားခံထားရခြင်းဖြစ်သည်။ ယင်းဖိနှိပ်ခွဲခြားဆက်ဆံမှုများတွင် ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့များအားနိုင်ငံမှ တရားဝင်အသိအမှတ်မပြုခြင်း၊ ထို့အပြင် အစိုးရဖွဲ့နှင့် အစိုးရဆိုင်ရာအဖွဲ့အစည်းများအတွင်း ဌာနေတိုင်းရင်းသားများအား ကိုယ်စားပြုသူများရှိမနေခြင်းတို့လည်း ပါဝင်သည်။ နိုင်ငံ၏ ပညာသင်ကြားမှုဆိုင်ရာ ဘာသာစကားမှာလည်း ဗမာစကားအဓိကဖြစ်ပါသဖြင့် ဒေသခံ အခြားဌာနေတိုင်းရင်းသားဘာသာစကား များအား ကျောင်းချိန်ပြင်ပတွင်သာ သင်ယူကြရပါသည်။ နိုင်ငံရေးအရ ဒီမိုကရေစီစနစ်သို့ကူးပြောင်းလာပါသော်လည်း ယင်းကဲ့သို့ ဖိနှိပ်ခွဲခြားဆက်ဆံမှုများမှာ အစိုးရဖွဲ့အစည်းများနှင့် တိုင်းပြည်အုပ်ချုပ်ရေးဆိုင်ရာများတွင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ထိုသို့ဖြင့် ၎င်းတို့သည် ဌာနေတိုင်းရင်းသားများ၏ နိုင်ငံရေး၊ လူမှုရေးနှင့်စီပွားရေးဆိုင်ရာဘဝများအပေါ် ဆက်လက်၍ အကျိုးသက်ရောက်မှုများ ရှိနေပါသေးသည်။

ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏အသံများအား ကြားနိုင်ရန်နှင့် တန်ဖိုးထားနိုင်ရန်အတွက် မြန်မာနိုင်ငံရှိ သမိုင်းနှင့်ချီသော အုပ်ချုပ်ဖွဲ့စည်းမှုဆိုင်ရာ ဖိနှိပ်ခွဲခြားဆက်ဆံမှုများသည် အတားအဆီးများအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ဆုံးဖြတ်ချက်ချနိုင်သူများသည် ဌာနေတိုင်းရင်းသားများ အဖွဲ့များ၊ အထူးသဖြင့် ဌာနေတိုင်းရင်းသားအမျိုးသမီးများအား ငြင်းခုံမှုများမှ ဖယ်ထုတ်ထားပြီး ၎င်းတို့ကိုလည်းသိမှတ်တွေ့မြင်ခြင်း မရှိကြပါ။ ဆက်လက်ပြီး ၎င်းတို့၏ အသိပညာဗဟုသုတများကိုလည်း ရာသီဥတုပြောင်းလဲနေမှုဆိုင်ရာစီမံကိန်းများနှင့် မူဝါဒရေးဆွဲခြင်းများတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးချခြင်းလည်းမရှိကြပါ။ ဌာနေတိုင်းရင်းသားယဉ်ကျေးမှုများအတိုင်း ရိုးရာအလေ့အထများအားမျှဝေရန်အတွက်မှာမူ မိမိတို့ရွာနှင့် နေထိုင်ရာ ပတ်ဝန်းကျင်၌သာဆောင်ရွက်နိုင်ကြသည်။ NGOနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ချို့မှ ထိုကဲ့သို့ကြုံတွေ့နေရမှုအား နိုင်ငံအဆင့်စကားဝိုင်းသို့ ရောက်ရှိစေရန် ကူညီထောက်ပံ့ပေးနေကြပါသော်လည်း ယင်းကဲ့သို့သောကိစ္စရပ်များအား ဆွေးနွေးရန်အတွက် အထူးသဖြင့် အစိုးရ၏လုပ်ငန်းစဉ်များတွင် ကန့်သတ်ချက်များစွာ ရှိနေပါသေးသည်။

နှစ်ပေါင်းများစွာ ဖိနှိပ်ခွဲခြားဆက်ဆံခြင်းနှင့် ပဋိပက္ခများကြောင့် ဌာနေတိုင်းရင်းသားအစုအဖွဲ့များအပေါ်တွင် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများလည်း ရှိနေပါသည်။ ၂၀၁၆ခုနှစ် မတ်လ၃၀ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရွေးကောင်တင်မြှောက်သော အစိုးရအနေဖြင့် အာဏာရရှိလာခဲ့သည်။

အစိုးရသစ်၏ ဦးစားပေးလုပ်ငန်းများအတွင်းမှ တစ်ခုမှာရှည်ကြာနေပြီဖြစ်သော ပြည်တွင်းစစ်အား အဆုံးသတ်ရန်နှင့် တစ်မျိုးသားလုံး စည်းလုံးညီညွှန်ရေးပင်ဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် လက်နက်ပိုင်အဖွဲ့ ၁၈ဖွဲ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်ဆဲရေး သဘောတူစာချုပ် (NCA)အား ၈ဖွဲ့မှလက်မှတ်ရေးထိုးခဲ့ကြသည်။

အခြားအဖွဲ့ ၇ဖွဲ့မှာမူ အစိုးရနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှု ရယူခဲ့သည်။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်ရှိထားသော်လည်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်များတွင်မူ ပဋိပက္ခများဆက်လက်ဖြစ်ပွားနေပြီး ပြည်တွင်အခြားဒေသတစ်ချို့တွင်လည်း ရံဖန်ရံခါမငြိမ်သက်မှုများကိုလည်း ရှိနေပါသည်။ ပဋိပက္ခများ ကျော်လွန်လာခဲ့ပြီးသော ဒေသများတွင်လည်းလက်နက်များ ဆက်လက်ကိုင်ဆောင်ထားကြပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အသေးစိတ်အချက်အလက်များမှာ ပိုမိုရှင်းရှင်းလင်းလင်း ဖြစ်ပေါ်လာသည်အထိ လက်နက်ကိုင်အဖွဲ့များအနေဖြင့် လက်နက်ကိုင်ဆောင်ထားဦးမည်ဖြစ်သည်။

၂၀၁၆ခုနှစ် ဩဂုတ်လတွင် NCAတွင် လက်မှတ်ထိုးထားခဲ့ခြင်းမရှိသော အဖွဲ့အစည်းများလည်းပါဝင်သည့် ၂၁ရာစု ပင်လုံညီလာခံကို NLDအစိုးရအနေဖြင့် ကျင်းပခဲ့သည်။ ညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ကိုယ်စားလှယ် ၁၆၀၀ဦး၊ တပ်မတော် (မြန်မာစစ်တပ်)၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် ပါလီမန်အမတ်များ တက်ရောက်ခဲ့ပြီးအာဏာခွဲဝေရန်အတွက် ဆွေးနွေးခဲ့ကြသည်။ ယင်းအဖွဲ့အစည်းများအကြားတွင် နောက်ဆက်တွဲအစည်းအဝေးများလည်း ဆက်လက်ပြုလုပ်နေကြပြီး ထိုငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာလည်း ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။ ဆွေးနွေးညှိနှိုင်းမှုများတွင် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအား မည်ကဲ့သို့သောပုံစံဖြင့် ထည့်သွင်းထားမည်ကို သေချာမသိရပါ။ ဆက်လက်ပြီး မြေယာအုပ်ချုပ်မှု နှင့် နိုင်ငံအတွင်းရှိတိုင်းရင်းသားဒေသများတွင်ရှိသော ထင်ရှားသည့် သစ်တောအရင်းအမြစ်များဖြင့်ပတ်သက်သောမေးခွန်းများသည်လည်းဘေးဖယ်ခံထားရနိုင်သည့် အခြေအနေတွင်ရှိနေပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ကျေးရွာနှင့် မြို့နယ်အဆင့် ထို့အပြင် နိုင်ငံတော်အဆင့်နှင့် အမျိုးသားလွှတ်တော်အဆင့်များ၌ ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာ အခန်းကဏ္ဍများတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှုမှာ နည်းပါးနေပါသည်။ များစွာသော ထုံးတမ်းအစဉ်အလာများနှင့် ရိုးရာဓလေ့များမှာ ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ရန် အရည်အချင်းပြည့်မီခြင်းမရှိပါဟုယူဆကြပြီး ၎င်းအပြင် မိမိတို့၏ လူထုအသိုက်အဝန်း နှင့်

မိသားစုများအား ကိုယ်စားပြုရန် အရည်အသွေးမရှိကြပါဟု ယူဆကြသည်။ ယင်းတို့၏ ရလဒ်အနေဖြင့် အမျိုးသမီးများမှာ ဆွေးနွေးမှုများတွင်ပါဝင်ကြခြင်းမရှိဘဲ နိုင်ငံအဆင့်နှင့် ဒေသအဆင့်ဆုံးဖြတ်ချက်ချရာတွင် ၎င်းတို့၏အသံများကို မကြာခဏ လှစ်လျူရှုခြင်းခံကြရသည်။ ဤအကြောင်းအရာများသည် အထူးသဖြင့် တိုင်းရင်းသားဟူသော နောက်ခံအကြောင်းတရားများကြောင့် ဘက်လိုက်မှုအမျိုးအစားနှစ်ခုမှ ဒုတိယတစ်ခုဖြစ်သော ကိုယ်ကျင့်တရားဆိုင်ရာ ဘက်လိုက်မှုများကို ပါရင်ဆိုင်နေရသော ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ ဖြစ်ရပ်များသာဖြစ်သည်။

တက်ကြွလှုပ်ရှားသော အမျိုးသမီးအဖွဲ့များစွာရှိနေပါသော်လည်း ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များအတွင်း ၎င်းတို့၏အသံများသည် ကိုယ်စားပြုပါဝင်လာနိုင်ခြင်း မရှိသေးပါ။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အမျိုးသမီးများအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နေရာပေးထည့်သွင်းခြင်းမရှိဘဲ ၎င်းတို့လက်ခံရည်သောက် အနားယူချိန်တွင်ပြုလုပ်သေ ာစကားဝိုင်းများတွင်သာ ပါဝင်စကားပြောကြရန် အခွင့်အရေးရှိကြောင်း အမျိုးသမီးများအနေဖြင့် ဆန္ဒထုတ်ဖော်အစီရင်ခံတင်ပြကြသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများသည် ပင်မအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းမခံရဘဲ အစည်းအဝေးတွင်း ပါဝင်တက်ရောက်သူများအား လက်ခံရည်သောက် အနားယူချိန်များတွင်သာ စည်းရုံးလှုံ့ဆော်ရသောကြောင့်ဖြစ်သည်။

ယင်းကဲ့သို့ ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ အတားအဆီးများသည် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ အသိပညာဗဟုသုတများနှင့် အတွေ့အကြုံများတန်ဖိုးကိုမသိရှိခြင်း သို့မဟုတ် တန်ဖိုးမထားတတ်ခြင်းများ ဖြစ်ပေါ်စေသည်။ ထို့အပြင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍများအား ကန့်သတ်ထားသော ရိုးရာဓလေ့များ၊ ပဋိပက္ခများ၏ဆိုးမွေများအနေဖြင့် စိတ်ဒါဏ်ရာနှင့် အကြောက်တရားများတို့ကလည်း ယင်းအခြေအနေကို ပိုမိုဆိုးရွားစေသည်။ ယင်းအချက်များအားလုံးသည် အမျိုးသမီးများအား ၎င်းတို့၏လူထုအသိုက်အဝန်းနှင့် အခြားနေရာများတွင်လည်း ခေါင်းဆောင်များအဖြစ် နေရာရယူခြင်းကို တားဆီးထားသောအချက်များပင်ဖြစ်ပါသည်။

## မြန်မာနိုင်ငံ တိုင်းရင်းသားဒေသများအတွင်း လက်ရှိမြေယာအုပ်ချုပ်မှုဆိုင်ရာ ပြောင်းလဲမှုများ

ဓလေ့ထုံးတမ်းအစဉ်အလာအတိုင်း စိုက်ပျိုးမှုအလေ့အထကို မြန်မာနိုင်ငံ၏ ဥပဒေများအတွင်းတွင် တရားဝင်အသိအမှတ်ပြုထားခြင်းမရှိပါ။ ဗဟိုအစိုးရ၏မြေပုံမှာ ကိုလိုနီခေတ်ကာလ မြေပုံအတိုင်းအတာများအတိုင်းဖြစ်ပြီး ထိုမြေပုံမှာလည်း ကိုလိုနီခေတ်ကာလ အုပ်ချုပ်မှုများအပြီး ဒီမိုကရေစီအကူးအပြောင်း စတင်ကတည်းကပင် လျှော်ညီသော်ပြင်ဆင်မှုများ မပြုလုပ်တော့ဘဲ ယင်းအတိုင်းပင်ရှိနေခဲ့သည်။ ထို့ကြောင့် ထိုမြေပုံသည် လက်ရှိမြေအသုံးပြုနေမှုများအား မှန်ကန်စွာ ပြောပြနိုင်ခြင်းမရှိဘဲ လွန်ခဲ့သော နှစ်ပေါင်း၇ဝအတွင်း ဖြစ်ပွားခဲ့သော မြေပိုင်ဆိုင်မှု/အသုံးပြုမှု အပြောင်းအလဲများကိုလည်း မှန်ကန်စွာ တင်ပြနိုင်ခြင်းမရှိပါ။ ယင်းဖြစ်ရပ်များသည် အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် နေထိုင်ကြသည့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းဓလေ့ (အလှည့်ကျစိုက်ပျိုးသည့်နည်းလမ်း)အားကျင့်သုံးသောသူများနှင့် ၎င်းတို့၏ စိုက်ပျိုးမြေများ/ ထုတ်လုပ်မှုအတွက် အသုံးပြုနေသောမြေများအား မကြာခဏ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဟူ၍ အစိုးရမှတ်တမ်းတွင် စာရင်းသွင်းခံရသောသူများစသော လူမှုအသိုက်အဝန်းများအပေါ်တွင် အကျိုးသက်ရောက်မှုများ ရှိနေပါသည်။

၂၀၁၂ခုနှစ်တွင်အစိုးရ၏စီမံခန့်ခွဲမှုအားဖြင့်တစ်ဦးတစ်ယောက်စီအလိုက် ခေါင်းစဉ်တပ်နိုင်သည့်စနစ်ဖြင့် လယ်သမားများအတွက် လယ်ယာမြေအသုံးပြုသူအခွင့်အရေးများပေးသော ဥပဒေကို ပြည်ထောင်စုလွှတ်တော်မှခွင့်ပြုပေးခဲ့သည်။ ဤဥပဒေသည် လယ်သမားများ၏ တစ်ဦးချင်းစီအလိုက် မြေယာလုပ်ပိုင်ခွင့်များတွင် အားသာမှုရှိနိုင်သော်လည်း ဓလေ့ထုံးတမ်းအစဉ်အလာနှင့် အများပိုင်မြေအလေ့အထများအားအတိုင်း ဓလေ့ရိုးရာမြေသုံးပြုမှု စီမံခန့်ခွဲခြင်းအပေါ်တွင် နစ်နာစေသောအကျိုးသက်ရောက်မှုများ ရှိလာနိုင်မည်ကို NGO အချို့မှ ပူပန်လျက်ရှိကြသည်။

၂၀၁၂ခုနှစ်တွင်ပင် ပြည်ထောင်စုလွှတ်တော်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ(VFVLL)ကို ခွင့်ပြုပေးခဲ့သည်။ ၎င်းအား၂၀၁၈ခုနှစ်တွင် ထပ်မံပြင်ဆင်ချက်များ ပြုလုပ်ခဲ့သည်။ အထူးသဖြင့် ၂၀၁၈ခုနှစ်တွင် ပြင်ဆင်ချက်ထုတ်ပြန်ခဲ့သော ယင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေတွင် ဌာနေတိုင်းရင်းသားဒေသများတွင် နေထိုင်ကြသောလယ်သမားများ၏ မြေပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အန္တရာယ်ရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင်နေထိုင်ပြီး လုပ်ငန်းဆောင်ရွက်နေကြသောလယ်သမားများသည် ၎င်းတို့၏မြေများကို အသုံးပြုရန်အတွက် နှစ်ပေါင်း၃၀ မြေငှားရမ်းခွင့်ရှောက်ထားရန် လိုအပ်သော်ကြောင့်ဖြစ်သည်။ လယ်သမားများအနေဖြင့် မြေငှားရမ်းခွင့် လျှောက်ထားခြင်းမရှိဘဲ ဝင်ရောက်ခြင်း သို့မဟုတ် အသုံးပြုခြင်းရှိပါက ဖယ်ရှားခြင်း၊ ဒါဏ်တပ်ခြင်းများနှင့်

၂ နှစ်အထိ ထောင်ကျနိုင်သည့် အခြေအနေများတွင်ရှိပါသည်။ ပြင်ဆင်ချက်တွင် ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်အောက်တွင်ရှိသောမြေများအား ဖော်ပြထားခြင်းမရှိပါ။ ထို့အပြင် ၎င်းတွင် မည်ကဲ့သို့သောမြေများမှာ ဓလေ့ထုံးတမ်းဆိုင်ရာမြေများဖြစ်သည်ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းနှင့် ၎င်းတို့အား တရားဝင်မှတ်ပုံတင် လျှောက်ထားရန် နည်းလမ်းများကိုလည်း ထည့်သွင်းထားခြင်းမရှိပါ။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအများစုမှာ တိုင်းရင်းသားလူနည်းစုများဒေသတွင် အများဆုံးရှိနေသောကြောင့် ဤမူဝါဒသည် ဗမာစကားများများမပြောနိုင်သောသူများအပေါ်တွင် ပို၍အကျိုးသက်ရောက်မှုများရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော်အစိုးရအနေဖြင့် ပြောင်းအလဲများနှင့်ပတ်သက်၍ အခြားဘာသာစကားများဖြင့်လည်း မဖော်ပြထားသောကြောင့်ဖြစ်သည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပေဒ၏ ကျား/မရေးရာကဏ္ဍများအပေါ်တွင် အကျိုးသက်ရောက်မှုအား သုတေသနပြုစုထားခြင်းများမရှိပါသော်လည်း တိုင်းရင်းသားဒေသများအတွင်းရှိ အမျိုးသမီးလယ်သမားများအပေါ်တွင် ပိုမိုအကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။အကြောင်းအရင်းမှာ ၎င်းတို့သည် ဗမာဘာသစကားနှင့်ပတ်သက်၍ ဗဟုသုတနည်းပါးကြပြီး၊ အမျိုးသားများနှင့်ယှဉ်လျှင် အစိုးရ၏ လုပ်ငန်းစဉ်များဖြင့် နီးစပ်မှုမရှိသောကြောင့်ဖြစ်သည်။ ထို့အပြင် အမျိုးသမီးလယ်လုပ်သူများသည် သတင်းအချက်အလက်များရရှိရန် အရင်းအမြစ်အနည်းပါကြပြီး တရားဝင်အရင်းအမြစ်များ ပိုမိုနည်းပါးသည့် အနေအထားတွင်ရှိနေပါသည်။ မြန်မာနိုင်ငံရှိ စီးပွားဖြစ်မြေသိမ်းယူမှုများအား လေ့လာချက်များအရ အမျိုးသမီးများသည် မြေသိမ်းယူသည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းရရှိမှုနည်းပါးသည့် အနေအထားတွင်ရှိပြီး လျော်ကြေးပေးခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များတွင်လည်း ၎င်းတို့၏အသံများသည် ပိုမိုအားနည်းကြသည်။ ယင်းကဲ့သို့ အသက်မွေးလုပ်ငန်းဆိုင်ရာ အရင်းအမြစ်များပြောင်းလဲသွားပါက အိမ်တွင်းအကြမ်းဖက်မှုများနှင့် ကြုံတွေ့လာရနိုင်သည့် အန္တရာယ်ရှိနေပါသည်။

မြန်မာနိုင်ငံတွင်ရှိသော အမျိုးသမီးများသည် သဘာဝအရင်းအမြစ်များဖြစ်သော မြေ၊ ရေနှင့် သစ်တောများအား အသုံးပြုခွင့်ရရှိနိုင်ရန်အတွက် ကြီးမားသောအခက်အခဲများကို ရင်ဆိုင်ကြရပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ၎င်းတို့သည် မြေနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် ကန့်သတ်ချက်များ ရှိနေပါသည်။ ရိုးရာဓလေ့စနစ်များအရ အသက်မွေးလုပ်ငန်းဆောင်ရွက်နိုင်သော ပစ္စည်းများကိုမူ အမွေဆက်ခံပိုင်ခွင့်အနည်းငယ်ရှိသည်။ ပြည်နယ်အုပ်ချုပ်ရေးအား အမျိုးသားအိမ်ထောင်ဦးစီးများမှတစ်ဆင့် ခန့်အပ်သောကြောင့် အမျိုးသားမြေဥပဒေအောက်တွင် တရားဝင်အခွင့်အရေးများ အနည်းငယ်သာရှိသည်။

အထက်တွင်ဖော်ပြခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် မြေအုပ်ချုပ်မှုဆိုင်ရာအပြောင်းအလဲများသည် မြန်မာနိုင်ငံအတွင်းရှိသော တိုင်းရင်းသားဒေသများအတွက် အခြားသောအပြောင်းအလဲများလည်း ဖြစ်ပေါ်စေသည်။ ယင်းတို့တွင် အစိုးရမှမြှင့်တင်ပေးသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းများ တိုင်းရင်းသား ဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ ၎င်းတို့အထဲတွင် အကြီးစားစိုက်ပျိုးရေးလုပ်ငန်းများမှာ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ အထူးစီးပွားရေးဇုန်များတည်ထောင်ခြင်း၊ တစ်သီးတည်းစိုက်ပျိုးခြင်းကဲ့သို့သော ၄က်ပျော၊ ဆီအုန်းနှင့် ရာဘာများအား စီးပွားဖြစ်စိုက်ပျိုးရေးစီမံကိန်းများအစရှိသည်တို့လည်း ပါဝင်ကြသည်။ ယင်းစီမံကိန်းများသည် အဓိကအားဖြင့် မြေလွတ်၊ မြေလပ်များအဖြစ်သတ်မှတ်ထားသောနေရာများတွင် အစိုးမှတစ်ဆင့် ကုမ္ပဏီများကို မြေငှားရမ်းလုပ်ပိုင်ခွင့်များ ခွဲဝေချထားပေးခြင်းဖြစ်သည်။

၁၉၉၁ခုနှစ်နှင့် အောက်တိုဘာ ၂၀၁၆ခုနှစ် အကြားတွင် မြေဧက ၅.၁သန်းအား စိုက်ပျိုးစီးပွားရေလုပ်ငန်းများနှင့် သီးခြားစီးပွားရေးလုပ်ငန်းလုပ်သူများအား ခွဲဝေပေးခဲ့ကြောင်း အစီရင်ခံစာများတွင် ဖော်ပြထားသည်။ အကြီးစားလုပ်ငန်းအများစုသည် ဒီမိုကရေစီအကူအပြောင်းကာလ မတိုင်မီကပင် ခွင့်ပြုမိန့်ရထားပြီးဖြစ်၍ (၂၀၀၇ခုနှစ်နှင့် ၂၀၁၁ခုနှစ် အကြားတွင် လက်မှတ်ရေးထိုးသည်။) ယင်းလုပ်ငန်းများအား အကောင်အထည်ဖော်လုပ်ဆောင်နေမှုများသည် ယနေ့အထိ အကျိုးသက်ရောက်မှုများ ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် ယင်းလုပ်ငန်းများအား ဌာနေတိုင်းရင်းသားလူဦးရေထူထပ်သည့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ကဲ့သို့သော နေရာများတွင်သာ အဓိကတည်ရှိနေသောကြောင့် ဖြစ်သည်။ ထိုကဲ့သို့သော ပြောင်းလဲမှုများနှင့်အတူ ယင်းဒေသများတွင်နေထိုင်သော ဌာနေတိုင်းရင်းသားလူမျိုးများအတွက် အသစ်သောစိန်ခေါ်မှုများလည်းရှိလာပါသည်။ အထူးသဖြင့် ပြင်ပရင်းနှီးမြှုပ်နှံမှုများသည် ၎င်းတို့၏ ရိုးရာသစ်တောများ၊ ကုန်းမြေအခြေပြု အသက်မွေးလုပ်ငန်းများနှင့် ယဉ်ကျေးမှုများအပေါ်တွင် သက်ရောက်မှုများစွာရှိနေပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်စရာရှိသည့် အကြောင်းတရားများကိုလည်း ယူဆောင်လာတတ်ကြသည်။။

# မှတ်စုများနှင့် ရည်ညွှန်းကိုးကားစာတမ်းများ


1. IWGIA, (2019), Indigenous World.

2. For more details see: Myanmar Centre for Responsible Business (MCRB) (2016) Briefing Paper Indigenous Peoples' Rights and Business in Myanmar.

3. Myanmar Climate Change Alliance Website.

4. This is an indicator which considers impacts of extreme weather events, in terms of fatalities and economic loss over a 20-year period (1998 – 2017) From: Eckstein, Hutfils and Winges, (2019), Global Climate Risk Index, Germanwatch.

5. Horton, De Mel, Peters, Lesk, Bartlett, Helsingen, Bader, Capizzi, Martin and Rosenzweig, (2017), Assessing Climate Risk in Myanmar: Summary for Policymakers and Planners. New York, NY, USA, Center for Climate Systems Research at Columbia University, WWF-US and WWF-Myanmar, UN-Habitat Myanmar.

6. International Centre for Integrated Mountain Development (ICIMOD) and United Nations Human Settlements Programme (UN-Habitat), (2019), Assessment of Climate Change Vulnerability of Hakha Township, Chin State, Myanmar, 2017–2050: Scenarios for Resilience Building.

7. Ibid.

8. UN Women Watch (2009) Fact Sheet, Women, Gender Equality and Climate Change.

9. FAO (2008) Climate change a further challenge for gender equity.

10. Mittermeier et al., (2004). Hotspots Revisited: Earth's Biologically Richest and Most Endangered Ecoregions. Mexico City: CEMEX.

11. MCRB, (2018), Briefing Paper Biodiversity, Human Rights and Business in Myanmar.

12. The Paris Agreement recognises the central role of forests in achieving the goal of '[h]olding the increase in the global average temperature from pre-industrial levels to well below 2°C...' (Art. 2.a) through mitigation options that aim to reduce emissions from deforestation and forest degradation (Art. 5.2) (UNFCCC 2015).

13. IWGIA, (2020), While the World Focuses on Covid-19 Indigenous Peoples in Myanmar are Being Killed.

14. For more details on conflicts see: Shoon Naing, (2016) Peace In Spotlight as NLD leaders Party Ranks Meet, The Myanmar Times; Verbruggen, (2016) Is Myanmar's Peace Accord a Sham, Irin News.

15. Strasser, (2016) Myanmar Peace Process: Slow Progress, Delicate Steps, United States Institute of Peace.

16. International Crisis Group (2016) Myanmar's Peace Process: Getting to a Political Dialogue.

17. Namati, (2016) (supra); Ninh, (2016) Myanmar Elections Usher in Unprecedented Number of Women Parliamentarians, Asia Foundation; MacGregor, (2015), 'Women MPs up but Hluttaw still 90 % male' The Myanmar Times.

18. Trocaire, Care, ActionAid and Oxfam, (2014), Women & Leadership.

19. Heron (2016), Bringing Women To The Heart Of Peace in Myanmar, Trocaire blog; Nyein Nyein (2016) Women Hold Dialogue on Peace Process Inclusion, The Irawaddy.

20. Human Rights Watch (2016), "A Gentleman's Agreement" Women's Participation in Burma's Peace Negotiations and Political Transition.

21. The 2012 law allowed investors (and in some occasional circumstances, also farmers) to apply for concessions of 5000 acres up to 50,000 acres for activities including commercial agricultural, on land classified as vacant, fallow or virgin. Under this law, land is considered vacant after not being in use for four years or more which was problematic in many ethnic areas who leave land fallow for extended periods. The VFVLL 2012 builds on previous previsions: The Union of Myanmar, Duties And Rights Of The Central Committee For The Management Of Cultivable Land, Fallow Land And Waste Land (1991), The State Law and Order Restoration Council Notification No. 44/91the Waxing Day of Tazaungmon, 1353 M.E. 13 November 1991.

22. Nwe Ni Soe, Sung Chin Par, (2019), Most Farmers Do Not Know about the Vacant, Fallow and Virgin Land Management Law as the Grace Period to Register Closes, Namati and My Justice; Dunnant, (2018), Why a land law change is sparking fears of mass evictions, Frontier.

23. San Thein, Hlwan Moe, Diepart and Allaverdian (2018), Large-Scale Land Acquisitions for Agricultural Development in Myanmar: A Review of Past and Current Processes. MRLG Thematic Study Series #9. Vientiane: MRLG.

24. Knapman. (2018) Developing a community of practice to address women's land rights: Civil society discussion on gender equal land governance in Burma, USAID Tenure and Global Climate Change Program, Washington DC.

25. Faxon and Knapman, (2020) From the ground up: Land governance through the eyes of women farmers in Myanmar, Land Core Group (LCG).

26. Tavoyan Women's Union, (2014), Our Lives Not for Sale: Tavoyan women speak out against the Dawei Special Economic Zone project; Cornish and Ramsay, (2018), Gender and livelihoods in Myanmar after development-induced resettlement, FM Review.

27. Pierce, Hurtle and Bainbridge, (2018), Gendered experiences of land confiscation in Myanmar, Saferworld.

28. For more on gender and social norms and cultural practices, see: GEN, (2015), Raising the Curtain, Cultural Norms, Social Practices and Gender Equality in Myanmar.

29. Badei Dha Moe, (2016) Research Report on Gender & Land Tenure.

30. Faxon and Knapman (2020) (supra).

31. Namati, (2016), Gendered Aspects Of Land Rights In Myanmar: Evidence From Paralegal Casework.

32. For a detailed analysis of large scale land acquisition in Myanmar see: San Thein et al. (2018) (supra).

33. Ibid.

34. In some cases, individual farmers were also granted land if the area was less than 50 acres.

35. Ibid.






ဌာနေတိုင်းရင်းသားအမျိုးသမီးများမှ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုတွင် ပါဝင်နေကြပုံ။
CREDIT: CAT (Cobservation Alliance of Tanawthari)

# tcef;(1)

## ရေရှည်တည်တံ့ခိုင်မြဲခြင်းဆိုသည့် နောက်ကွယ်တွင် မားမားမတ်မတ်ရပ်တည်နေသော ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အံ့ဖွယ်စွမ်းအားများ

**နော်အယ်ထီးဝါး**

ကျွန်မ၏အိမ်ဖြစ်သော တနင်္သာရီတိုင်းဒေသကြီးသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပူပြင်းလာပါသည်။ မကြာသေးမီနှစ်များအတွင်း နွေရာသီကာလများ၌ အပူချိန်ပိုမိုပြင်းထန်ခြင်း၊ သစ်ပင်များလျော့နည်းသွားခြင်းနှင့် မြစ်ရေခန်းခြောက်ခြင်းများဖြင့် ကျွန်မတို့ကြုံတွေ့ခဲ့ကြရပါသည်။ ယခုအခါတွင် မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များသည် ကာကွယ်ရေးမြေနေရာများတိုးချဲ့ရန် သို့မဟုတ် သစ်တောပြုန်းတီးမှုများဖြစ်ပေါ်နေသောဒေသများတွင် သစ်ပင်များပြန်လည်စိုက်ပျိုးရန် ဆွေးနွေးလျက်ရှိကြပါသည်။ သစ်ပင်များသည် အလွန်အရေးကြီးလှပါသည် အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့ကို စုပ်ယူပေးပြီး အရေးကြီးသော အောက်စီဂျင်ဓါတ်ငွေ့ကို လေထုအတွင်းသို့ ပြန်လည်ထုတ်လွှတ်ပေးသောကြောင့်ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးတွင်ရှိသော ကရင်ဌာနေတိုင်းရင်းသားလူမျိုးအသိုက်အဝန်းသည် သစ်တောများ၊ ပတ်ဝန်းကျင်ရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် ထူးခြားသော ပတ်သက်ဆက်နွယ်မှုများရှိနေပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသားများ၏ နယ်နမိတ်များအတွင်းရှိသော သစ်တောများကို အလွန်တန်ဖိုးထားကြပြီး ထိန်သိမ်းစောင့်ရှောက်ကာကွယ်ကြသည်။ သို့ပါသော်လည်း ဌာနေတိုင်းရင်းသားဒေသမဟုတ်သော နေရာများတွင် သစ်ပင်ပန်းပင်များရှိမနေတော့ပါ။ ဘာကြောင့်ထိုသို့ဖြစ်ရပါသလဲဟူသည့်မေးခွန်းအား ကျွန်ုပ်တို့ ကိုယ့်ကိုယ်ကို ပြန်လည်မေးမြန်းရမည်။

ဤဒေသတွင် ကရင်လူမျိုးများသည် သစ်တောများအား ကာကွယ်စောင့်ရှောက်သူများဖြစ်ပြီး ဤသစ်တောသည်လည်း အရှေ့တောင်အာရှတွင် သဘာဝသစ်တောအဖြစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ နောက်ဆုံးကျန်ရှိရာဒေသလည်းဖြစ်သည်။ ထားဝယ်ဒေသသည် နောက်ဆုံးကျန်ရှိသည့် အကြီးဆုံးသောသဘာဝသစ်တောမြေနေရာများအတွင်း တစ်ခုအပါအဝင်ဖြစ်ပြီး အခြားနေရာအချို့တွင်ရှိသော မျိုးသုန်းမှုအန္တရာယ်နှင့်ကြုံတွေ့နေရသည့် တောရိုင်းတိရိစ္ဆာန်များကိုလည်း ထိန်းသိမ်းထားရာနေရာဖြစ်သည်။ တနင်္သာရီသစ်တောကြိုးဝိုင်းဒေသ (Tanintharyi Forest Corridor)သည် ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုအဖြစ် ထည့်သွင်းခြင်းခံထားရသည်။ အဘယ်ကြောင့်ဆိုသော် အကာအကွယ်မဲ့မြေနိမ့်နှင့် မြေလတ်ဒေသရှိ အကြီးဆုံးကျန်ရှိသော ဒေသတစ်ခုဖြစ်ပြီး အရှေ့တောင်အာရှရှိ အကြီးဆုံးသောရာသီအလိုက် အမြဲစိမ်းသစ်တောများလည်းရှိနေသောကြောင့်ဖြစ်သည်။ ၎င်းတို့အပြင် ကမ္ဘာတစ်ဝှမ်းတွင် မျိုးသုန်းမှုအန္တရာယ်၏ ခြိမ်းခြောက်ခြင်းကိုခံနေရသည့် မျိုးစိတ်များဖြစ်သော အင်ဒိုချိုင်းနားကျား၊ အာရှဆင်၊ မျောက်လွှဲကျော်၊ မျောက်ညို၊ တောင်ငုံးရင်မဲငှက်နှင့် မလေးသင်းခွေချပ်တို့လည်း ရှိနေသောကြောင့်ဖြစ်သည်။ ၎င်းတို့အပြင် သစ်တော၏ ၅၃.၂%ရာခိုင်နှုန်းသာ မူလအတိုင်းကျန်ရှိနေသောကြောင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အရေးကြီးသော ဒေသတစ်ခုဖြစ်စေပါသည်။

တနင်္သာရီဒေသတွင်ရှိသော စီးပွားရေးလုပ်ငန်းအချို့မှာ ရာဘာနှင့် ဆီအုန်းများစိုက်ပျိုးချဲ့ထွင်လာသောကြောင့် သစ်တောများ၊ သဘာဝတရားနှင့် ဇီဝမျိုးစုံမျိုးကွဲများမှာ ဖျက်ဆီးခြင်းခံနေရသည်ကို ကျွန်ုပ်တို့တွေ့မြင်နေရပါသည်။ ထို့အပြင် သဘာဝသစ်တောမြေနေရာများအား ခုတ်ထွင်ရှင်းလင်းပြီး အပင်တစ်မျိုးတည်းကိုသာ စီးပွားဖြစ်စိုက်ပျိုးနေမှုများလည်း ရှိနေပါသည်။ ယင်းတစ်သီးတစ်ပင်တည်းစိုက်ပျိုးခြင်းသည် သဘာဝသစ်တောများအား ခံနိုင်ရည်လျော့ကျစေပြီး သဘာဝပတ်ဝန်းကျင်တွင် မငြိမ်မသက်မှုများကိုဖြစ်ပေါ်စေပါသည်။ ၎င်းတို့သည် မီးလောင်ရန်အလွန်လွယ်ကူကြပြီး၊ ရောဂါပိုးများလည်းကျရောက်နိုင်သည်၊ ဆက်လက်ပြီး မြေဆီလွှာတိုက်စားခြင်းများနှင့် မြေပြိုမှုများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

သစ်တောများအား ဆုံးရှုံးရခြင်း၏ ရလဒ်တစ်ခုအနေဖြင့် သစ်တောများဖြင့် နီးကပ်စွာရှင်သန်ရပ်တည်ကြသော ကျွန်ုပ်တို့ဌာနေတိုင်းရင်းသားများသည် သဘာဝဘေးများကြုံတွေ့နေကြရပြီး ကျွန်ုပ်တို့၏အိမ်များနှင့် ဘဝရှင်သန်ရပ်တည်ရာလမ်းစဉ်များ ပျောက်ဆုံးလာကြသည်။

မြန်မာနိုင်ငံတွင် မြေနှင့် အရင်းအမြစ်များသည် ငွေကြေးအင်အားတောင့်တင်းသော သို့မဟုတ် နိုင်ငံရေးအာဏာရှိသော အနည်းငယ်သောလူတစ်စုမှ ထိန်းချုပ်ထားသည်။ ထားဝယ်ဒေသတွင် အဖွဲ့တစ်ချို့သည် အန္တရာယ်ရှိသောသတ္တုတူးဖော်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများရရှိရန် ဆောင်ရွက်လျက်ရှိသည်။ ယင်းချဉ်းကပ်မှုနည်းလမ်းသည် မြေကြီးမှ ငွေကြေးဆိုင်ရာအကျိုးအမြတ်များရရှိရန် အဓိကဦးတည်ပြီး သဘာဝပတ်ဝန်းကျင်ကို ပျက်ဆီးစေပါသည်။ တနင်္သာရီမြစ်ပေါ်တွင် ဆည်တည်ဆောက်ခြင်းကဲ့သို့သော အကြီးစားဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများမှာ ယင်းစီမံချက်များမှာ မည့်သည့်အကျိုးအမြတ်မျှမရရှိသည့် ဌာနေတိုင်းရင်းသားများ၏ မြေနယ်နိမိတ်များအတွင်း တည်ဆောက်ထားကြခြင်းဖြစ်သည်။

ယနေ့တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အကြီးစားဆည်များဆောက်လုပ်ရန်အတွက် လျာထားချက်များ ရှိနေပါသည်။

ယင်းအဆောက်အဦးများအား ဆောက်လုပ်ရန်အတွက် ကျယ်ဝန်းသော သစ်တောမြေနေရာများ၊ ကျေးရွာများ၊ အထွဋ်အမြတ်ထားရာနေရာများနှင့် လယ်မြေများအား ရေလွှမ်းမိုးမှုများ၊ တုပဆောက်လုပ်ထားသော လှောင်ကန်၏ အောက်ခြေတွင် ဇီဝလောင်စာများပုပ်ဆွေးခြင်းကြောင့် မီသိန်းဓါတ်ငွေ့ပမာဏ များစွာထုတ်လွှတ်ခြင်း အစရှိသည်တို့သည် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်ရန် အထောက်အကူပေးသည်။ ဒေသခံလူမှုအသိုက်အဝန်းသည် မြစ်များနှင့် သစ်တောများအပေါ်တွင် မှီခိုနေရသောကြောင့် ယင်းအစီအစဉ်အား ကန့်ကွက်ကြသည်။

ထိုအကြောင်းအရင်းများကြောင့်၊ ကရင်လူမျိုးတက်ကြွလှုပ်ရှားသူတစ်ဦးအနေဖြင့် တစ်နိုင်ငံလုံးရှိ ဒေသခံလူမှုအသိုက်အဝန်းများနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ရှင်သန်ရပ်တည်မှုများအပေါ်တွင် အကျိုးသက်ရောက်မှုများရှိနေသော ယင်းကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးပုံစံများကို ကျွန်မသည် မေးခွန်းထုတ်ရမည်ဖြစ်သည်။

## မြန်မာအစိုးရ၏ သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ချဉ်းကပ်ပုံနည်းလမ်း

၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင် (United Nations Framework on Climate Change)အား တက်ရောက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှုကိုကာကွယ်ရန်အတွက် မှန်လုံအိမ်ဓါတ်ငွေ့လျှော့ချခြင်းနှင့်ကျန်ရှိနေသောသစ်တောများအားကာကွယ်စောင့်ရှောက်ရန် သဘောတူညီချက်စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းညီလာခံတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ခုနှစ်နောက်ဆုံးထား၍ အစိုးရစီမံခန့်ခွဲသော အကျိုးဖြစ်ထွန်းစေသည့်သစ်တောများအား (သစ်တောကြိုးဝိုင်းများနှင့် ပြည်သူပိုင်ကာကွယ်ရေးသစ်တောများ အဖြစ် သိမှတ်ကြသည်။) ၃၀ရာခိုင်နှုန်းအထိနှင့် ကာကွယ်စောင့်ရှောက်ရေးမြေနေရာအား နိုင်ငံမြေနေရာ၏ ၁၀ရာခိုင်နှုန်းအထိတိုးချဲ့ရန် ခံဝန်ကတိပြုခဲ့သည်။ ယင်းရည်မှန်းချက်များသည် မြန်မာနိုင်ငံအစိုးရ၏ ရည်ရှည်အမျိုးသား သစ်တောစီမံကိန်း (၂၀၀၁-၂၀၃၀) အားအခြေခံ၍ တစ်နိုင်ငံလုံးရှိ အစိုးရ၏ သစ်တောစီမံကိန်းအား တိုးချဲ့ရန်ဖြစ်သည်။

အစိုးရထိန်းချုပ်သော သစ်တောကြိုးဝိုင်းများနှင့် အများပိုင်ကာကွယ်ရေးသစ်တောများအား တိုးချဲ့ခြင်းအားဖြင့် အစိုးရအနေဖြင့် သစ်တောများအားထိန်းသိမ်းရန်နှင့် ပြန်လည်ပေါက်ရောက်စေ ရန်ရည်ရွယ်ပါသည်။ ဤသို့ဖြင့် ရာသီဥတုပြောင်းလဲမှုအားကာကွယ်ရန် ကမ္ဘာလုံးဆိုင်ရာကြိုးစားအားထုတ်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထိုရည်ရွယ်ချက်မှာ အလွန်မွန်မြတ်လှသော်လည်း အကောင်အထည်ဖော်ရာတွင်မူ လုံးဝမျှတသောနည်းလမ်းဖြင့် လုပ်ဆောင်နေပုံမရှိပါ။

၂၀၁၈ခုနှစ် သစ်တောဥပဒေအရ သစ်ထုတ်လုပ်ခြင်းနှင့် လယ်ယာစီးပွားရေးစိုက်ခင်းများတည်ထောင်ခြင်း အစရှိသည့် သစ်တောဧရိယာအတွင်း ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းများကို သစ်တောဌာနအား ကြည့်ရှုထိန်းကျောင်းခွင့်ပြုထားပါသည်။ သစ်တောဥပဒေအရ သစ်တောကြိုးဝိုင်းများနှင့် အများပိုင်ကာကွယ်ရေးသစ်တောများ၏ ရည်ရွယ်ချက်မှာ သစ်ထုတ်ယူခြင်းနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းအား ခွင့်ပြုပေးရန်နှင့် ဝင်ငွေရရှိလည်ပတ်မှုအတွက် တစ်သီးတည်း စိုက်ပျိုးရေးတည်ထောင်ခြင်းအား ခွင့်ပြုပေးရန်ဖြစ်သည်။ ရလဒ်အနေဖြင့် ရာသီဥတုပြောင်းလဲမှုစတင်ခြင်းကို လျှော့ချရန်ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုကို အထောက်အကူပြုရန် ရည်ရွယ်ချက်နှင့် အစိုးရပိုင်အကျိုးဖြစ်ထွန်းစေသော သစ်တောဧရိယာများ တိုးချဲ့ခြင်းများအကြား ရှင်းရှင်းလင်းလင်းပင် ဆန့်ကျင်နေပါသည်။

မြန်မာနိုင်ငံ၏ သစ်တောများအား ကာကွယ်ရန်မဆိုသေး ယင်းရည်မှန်းချက်များသည် ကျန်ရှိနေသောသဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများအားဖျက်စီးရန် ခြိမ်းခြောက်နေပါသည်။ ဆက်လက်ပြီး ၎င်းတို့အား မှီခိုအားထားနေပြီး ယင်းဒေသများတွင် ကြာရှည်တည်တံ့စွာ နေထိုင်လာကြသော နေတိုင်းရင်းသားများ၏ ဘဝများနှင့် သက်မွေးလုပ်ငန်းများကိုလည်း ကမောက်ကမဖြစ်စေပါသည်။

## ကရင်တိုင်းရင်းသားများအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုသည်မှာ အဘယ်နည်း။

ကရင်လူမျိုးများအသိုက်အဝန်းသည် ၎င်းတို့၏ မြေများနှင့် နယ်နမိတ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် ရှည်လျားသောသမိုင်းကြောင်းရှိသည်။ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုဓလေ့များသည် သစ်တောများနှင့် အပြန်အလှန်ဆက်နွယ်နေသည်ကိုကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုအလေ့အထများအတွင်း သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာနည်းပညာများ၏ နက်နဲခြင်းနှင့် ဌာနေတိုင်းရင်းသားအသိပညာဗဟုသုတများမှာ ဖွံ့ဖြိုးလာခဲ့သည်ကို ဆိုလိုနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အသိမပညာဗဟုသုတ၊ ယုံကြည်ချက်များ၊ အသက်ရှင်သန်မှု၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုတို့သည် သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းစောင့်ရှောက်ခြင်းများ အစရှိသည်တို့ဖြင့် အပြန်အလှန် ဆက်နွယ်နေပါသည်။

သစ်ပင်များ၊ ငါးများ၊ အခြားသဘာဝပန်းမန်များနှင့် တိရိစ္ဆာန်များအား သေချာစွာဂရုတစိုက် ထိန်းသမ်းကာကွယ်ရန်နှင့် သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများအား ရည်ရှည်တည်တံ့ခိုင်မြဲမှုရှိရန်အတွက် ကျွန်ုပ်တို့ဘိုးဘွားများ၏ အလေ့အထများအတိုင်း လိုက်နာဆောင်ရွက်ကြသည်။ ကျွန်ုပ်တို့၏ အရင်းအမြစ်များအား ထုတ်ယူစားသုံးမှုများအတွက် စီမံခန့်ခွဲထားကပြြီး ယင်းတို့ကို မျိုးဆက်သစ်များအတွက် ထိန်းသိမ်းသည့်အနေဖြင့် အလွန်အကျွံထုတ်ယူသုံးစွဲမှုများမဖြစ်စေရန် ရှောင်ရှားကြသည်။

ဥပမာအားဖြင့် တောတွင်းဆေးဘက်ဝင်အပင်များအား ကိုးကျူ ချက်သောက်သည့် ရိုးရာဓလေ့ပွဲတော်များသည် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုဓလေ့နှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးအတွက် ပေါင်းစည်းပေးသည်။ ယင်းပွဲတော်များအား သစ်တောများအတွင်းကျင်းပပြီ ကျန်းမာရေးအတွက် ကောင်းကျိုးများရှိစေခြင်းသာမက လူထုအသိုက်အဝန်းနှင့် သဘာဝပတ်ဝန်းကျင်အကြားဆက်နွယ်မှုကို ပိုမိုအားကောင်းစေသည်။ လက်ဖက်ရည်ကြမ်းတွင် ဇီဝမျိုးစုံသော ဆေးဖက်ဝင်သစ်သီးသစ်ရွက်များနှင့် သစ်မြစ်များ အမျိုးအစားစုံလင်စွာပါဝင်ကြသောကြောင့် ၎င်းတို့၏ဓလေ့ထုံးစံအား ဆက်လက်တည်ရှိနေစေရန်အတွက် ရွာများအနေဖြင့် သစ်တောအတွင်းရှိသော ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြသည်။ ထို့အပြင် ဆေးဘက်ဝင်အပင်များသည် လူသားများအား စွမ်းအားများပေးသည်ဟူသော ယူဆချက်များအရ ဒေသခံများသည် မိမိတို့အနေဖြင့် ယင်းဆေးဘက်ဝင်အပင်များကို လေးစားမှုရှိရမည်ဟု ယုံကြည်ကြသည်။ ယင်းဖြစ်ရပ်သည် ဒေသခံများနှင့် သစ်တောများအား အပြန်အလှန်ဆက် နွယ်မှုတစ်ခု ဖန်တီးပေးပါသည်။

ကျွန်ုပ်တို့၏ ယဉ်ကျေးမှုထုံးစံတွင် ကျွန်ုပ်တို့လိုအပ်သည့် အစားအစာများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အားလုံးကို သစ်တောများအတွင်းမှ ရရှိကြသည်။ ယင်းတို့အတွက် ငွေအသုံးပြုရန်ပင် မလိုအပ်ပါ။ ကျန်းမာရေးကောင်းမွန်စေရန်အတွက် သစ်တောအတွင်းမှရရှိသော သဘာဝဆေးဘက်ဝင်အပင်များကို အသုံးပြုကြသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့စုဆောင်းရရှိနိုင်သော အစားအစာများတွင် စားသုံးနိုင်သော အညွန့်အရွက်များ (diplazium esculentum)၊ မျှစ်၊ မျက်ထောင့်ပင် (Portulaca Oleracea)၊ ပီလောပီနံ (Manihot esculenta)၊ ဟင်းနုနယ်ပင်အမျိုးဝင်များ (Amaranthus spinosus)၊ ဂျင်း(Zingiber zerumbet)၊ အာတာလွတ် (Curcuma angustifolia)၊ ကြက်မောက်အနွယ်ဝင် အပင်များ (Nephelium hypoleucum)၊ သပြု(Dillenia indica fruit)နှင့် ကတွတ်အနွယ်ဝင် အပင်အမျိုးမျိုး (Ficus obpy–ramidata)တို့လည်း ပါဝင်ကြသည်။ မြို့များတွင် လူအများစားသုံးနေကြသော ဟင်းသီးဟင်းရွက်များမှာ ပိုးသတ်ဆေးနှင့် မြေသြဇာများအသုံးပြု စိုက်ပျိုးထားခြင်းဖြစ်သည်။ ထို့ကြောင့် ရလဒ်အနေဖြင့် ကျွန်ုပ်တို့ယဉ်ကျေးမှုဓလေ့အရ တစ်ခါမျှမကြုံဘူးသော ရောဂါများများနှင့် နာမကျန်းဖြစ်မှုများကို မြို့နေလူအများမှာ ကြုံတွေ့ကြရသည်။

ကရင်ဌာနေတိုင်းရင်းသာများ၏ ရိုးရာအလေ့အထများအရ ရွှေ့ပြောင်းတောင်ယာအား မည်ကဲ့သို့ ကျင့်သုံးရမည်ဆိုသည်ကို စည်းမျဉ်းစည်းကမ်းများသတ်မှတ်ထားပါသည်။ ကျွန်ုပ်တို့၏ မြေနယ်နမိတ်များအတွင်းတွင် သစ်ပင်များသည် အသက်ကြီးလေလေ ပိုပြီးတန်ဖိုးရှိလေဖြစ်သည်။ ကရင်လူမျိုးများအနေဖြင့် တိရိစ္ဆာန်များရွှေ့ပြောင်းနေထိုင်ရာ၌ သွားလာကြသောလမ်းကြောင်းများအပေါ်တွင် နေထိုင်အိမ်စက်ခြင်းနှင့် ရွှေ့ပြောင်းတောင်ယာအတွက် မြေရှင်းလင်းခြင်းများကို မပြုလုပ်ကြပါ။ ၎င်းတို့အနေဖြင့် ထိုသို့ပြုလုပ်ပါက ၎င်းတို့၏ ကျန်းမျာရေးကိုထိခိုက်စေပြီး ယင်းနေရာများတွင် အိပ်စက်ပါက အိပ်မက်ဆိုးများမက်လိမ့်မည်ဟု ယုံကြည်ကြသည်။ ဤနည်းလမ်းများဖြင့် လူများ၏ ဘဝများနှင့် စိတ်ဝိညာဉ်များမှာ သစ်တောများဖြင့် ရောယှက်ပြီး အပြန်အလှန်ဆက်နွယ်နေကြသည်။ ထို့အပြင် ဤရိုးရာအလေ့အထများသည် လူသားများနှင့် သဘာဝအကြား ညီမျှမှုရှိစေရန်အတွက် ထိန်းသိမ်းထားပေးသည်။

ကရင်လူမျိုးများသည် မြစ်များနှင့် ချောင်းများ ကမ်းစပ်တစ်လျှောက်တွင် ပေါက်ရောက်နေသော သစ်ပင်များအား ခုတ်လဲခြင်းမပြုပါ။ ဌာနေတိုင်းရင်းသားများဖြစ်သော ကရင်လူမျိုးများအနေဖြင့် မြစ်ကြောင်းတစ်လျှောက်တွင်ရှိသော ထိုအပင်များကိုခုတ်လှဲလိုက်ပါက သစ်ပင်များမှအရိပ်မရနိုင်တော့ဘဲ မြစ်များနှင့် ချောင်းများသည် စတင်ခမ်းခြောက်လာနိုင်ပါသည်။ အကယ်၍ ထိုနေရာများတွင် ငါးတစ်ကောင်တစ်လေမျှ ပေါက်ရောက်ကျက်စားခြင်းမရှိတော့ပါလျှင် ငါးများရှာဖွေရရှိနိုင်ခြင်းမရှိတော့သည်ကိုလည်း ၎င်းတို့အနေဖြင့် သိရှိကြပါသည်။ ရေအရင်းအမြစ်သည်လည်း ညစ်ပတ်လာပြီး သောက်သုံးရန်မသင့်တော်သည့်အခြေအနေကို ရောက်ရှိလာနိုင်သည်ကိုလည်း ကျွန်ုပ်တို့ သိကြပါသည်။

ဌာနေတိုင်းရင်းသားများသည် သစ်ပင်များကို အိမ်ဆောက်ခြင်းကဲ့သို့သော မိမိတို့အိမ်ထောင်နှင့် သက်ဆိုင်သောနေရာများတွင် အသုံးပြုကြသည်။ ကျွန်ုပ်တို့၏ ရိုးရာဓလေ့များအရ သစ်တောများအား ကာကွယ်စောင့်ရှောက်ခြင်းသည် ကျန်းမာရေးအတွက် အထူးအရေးကြီးပါသည်။ သစ်တောများသည် လေထုအတွင်းမှ အဆိပ်ဖြစ်စေသော ဓါတ်ငွေ့များကိုစုပ်ယူ

ပြီး ကျွန်ုပ်တို့အား ရာဂါများနှင့် နာမကျန်းဖြစ်ခြင်းမှ ကာကွယ်ပေးသည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ဖောကလို (တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်ရှိ ကရင်တိုင်းရင်းသားများ၏ နယ်မြေတစ်ခု)အတွင်းရှိသောကရင်ဌာနေတိုင်းရင်းသားများသည် သစ်ပင်နှင့် ပန်းပင်များပွင့်ဖူးချိန်တွင် ရောဂါများအား ယင်းပန်းပင်များမှ စုပ်ယူလိုက်သောကြောင့် လူထုအသိုက်အဝန်းအတွင်းရောဂါဘယများပြောက်ကင်းသွားကြသည်ဟု ယုံကြည်ကြသည်။ ထိုထက်မက သစ်တောများမှ ကာကွယ်ပေးထားသောကြောင့် ၎င်းတို့ထံ ရောဂါပိုးများတိုက်ရိုက်မရောက်ရှိနိုင်ဟု ယုံကြည်ကြသည်။ ဖောကလိုတွင်ရှိသော ကရင်ဌာနေတိုင်းရင်းသားများအနေဖြင့် ၎င်းတို့သည် ရောဂါများကို မြို့နေလူထုလောက် မခံစားကြရပါဟု ယုံကြည်ကြသည်။ ၎င်းတို့အနေဖြင့် မြို့အတွင်း၌နေထိုင်ကြသောအခါ သစ်တောထဲတွင် နေစဉ်၌ ၎င်းတို့အပေါ် သက်ရောက်မှုမရှိသော ရာသီတုတ်ကွေးရောဂါများကို ခံစားကြရသည်ဟုလည်း ယုံကြည်ကြသည်။

ဥပမာအားဖြင့် မြို့နေလူထုသည် သွေးလွန်တုတ်ကွေးရောဂါများကဲ့သို့သော ရာသီအလိုက်ဖြစ်ပွားသည့် ရောဂါများကို ခံစားကြရသော်လည်း ထိုနေရာတွင်ရှိသော ကရင်လူမျိုးအသိုက်အဝန်းမှာ သစ်တောထဲတွင် ယင်းကဲ့သို့သော အန္တရာယ်များမရှိကြပါဟု ယုံကြည်ကြသည်။ ဒေသခံလူထုအနေဖြင့် သစ်တောများနှင့် ပန်းမန်များသည် ပြင်ပမှရောဂါပိုးများ မရောက်လာစေရန် ကာကွယ်ပေးထားသည်ဟုလည်း ယုံကြည်ကြသည်။ လူထုအနေဖြင့် ကျန်းမာရေးအတွက်ကောင်းမွန်သည့် သဘာဝအတိုင်းရရှိသော အစားအစာများကို သစ်တောများမှ အဓိကရယူစားသုံးကြပြီး ရောဂါများမှကာကွယ်မှုပေးနိုင်သည့် သစ်တောများမှရရှိသော ဆေးဘက်ဝင်အပင်များကို မှီဝဲသောက်သုံးကြသည်။ ဤအရာများသည် ဒေသခံလူထု၏ ယုံကြည်မှုများသာဖြစ်ပြီး ယင်းအလေ့အထများနှင့် ပတ်သက်၍ သိပ္ပံနည်းကျ လေ့လာထားခြင်းများ မရှိသည်ကိုတော့ သတိပြုမှတ်သားစေလိုပါသည်။


ကျွန်ုပ်တို့၏ ကရင်လူမျိုးဌာနေတိုင်းရင်းသားများ၏ အသိပညာဗဟုသုတများအရ သစ်တောများသည် ကောင်းကင်မှ မိုးရေများကိုစုပ်ယူပြီး မြေကြီးပေါ်တွင်ထိန်းသိမ်းထားသည်ဟု သိမှတ်ပါသည်။ သက်ရှိသတ္တဝါများအားလုံးအတွက် သစ်တောများမှ ရှင်သန်ခွင့်ပေးထားသည်။ သစ်တောအတွင်း ဆေးဝါးများအဖြစ် အသုံးပြုနိုင်သည့် များစွာသောသစ်သီးများ၊ နွယ်ပင်များ၊ သစ်စေ့နှင့် သစ်မြစ်များရှိနေကြပါသည်။ ဖောကလိုတွင်ရှိသော ဌာနေတိုင်းရင်းသားများသည် တစ်ချို့သော တောရိုင်းတိရိစ္ဆာန်များအား ဆေးဝါးအဖြစ် အသုံးပြုနိုင်သည်ဟုလည်း ယုံကြည်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုတိရိစ္ဆာန်များစားသော အစားအစာများတွင် သစ်တောအတွင်းမှ များစွာသောဆေးပင်ဝါးပင်များ ပါဝင်နေသောကြောင့်ဖြစ်သည်ဟု ဆိုကြပါသည်။ လူ့အနေဖြင့် တောရိုင်းတိရိစ္ဆာန်များအားစားသုံးသောအခါ အသားဓာတ်ကိုသာမက ဆေးဘက်လည်းဝင်ပါသည်။

ဌာနေတိုင်းရင်းသားများအတွက် တောရိုင်းတိရစ္ဆာများကျက်စားကြသောဧရိယာများတွင် အမဲလိုက်ခြင်းအား တင်းကြပ်စွာတားမြစ်ထားပြီး အမဲလိုက်၍ ရရှိသောတိရိစ္ဆာန်များကိုလည်း မိမိတို့စားသုံးရန်အတွက်သာဖြစ်ကြပြီး အခြားဒေသများသို့ ပို့ဆောင်ခြင်းများ သို့မဟုတ် ပြင်ပလူများအား ရောင်းချခြင်းမပြုရပါ။ ဤအလေ့အထများအား စည်းမျဉ်းစည်းကမ်းများဖော်ဆောင်ချမှတ်သော ဒေသခံသစ်တောကော်မတီမှ စီမံခန့်ခွဲပါသည်။ ယင်းဥပဒေများအား ဒေသခံခေါင်းဆောင်များ၊ လူငယ်များနှင့် အမျိုးသမီးများ(ကော်မတီအား ဦးဆောင်ကြသူများအများစုမှာ သက်ကြီးပိုင်းအမျိုးသားများဖြစ်သော်လည်း) ပါဝင်ဆွေးနွေးကြပြီးမှ ချမှတ်ခြင်းဖြစ်သည်။ ထိုစည်းမျဉ်းစည်းကမ်းများအား တစ်ရွာလုံးမှသိရှိစေရန် ဆောင်ရွက်ကြပြီး ယင်းစည်းကမ်းအားလေးစားမှုမရှိဘဲ ကျူးလွန်ဖောက်ဖျက်သောသူသည် ဒါဏ်ဆောင်ကြရပါသည်။

သစ်တောအတွင်းတွင် ရေအရင်းအမြစ်များရှိနေပါသည်။ ဥပမာအားဖြင့် သစ်တောအတွင်း၌ ဌာနေတိုင်းရင်းသားများအနေဖြင့် အခြားရေအရင်းအမြစ်များအား မရှာနိုင်တော့ပါက ရေထုတ်ယူလေ့ရှိသည့် ကရင်ဘာသာဖြင့် “ကလိတ်သူ” ဟုခေါ်ကြသော နွယ်ပင်များပေါ်ရောက်နေကြသည်။ ယင်းအပင်များသည် ဆွေးဘက်ဝင်အပင်များဖြစ်ကြပြီး ခေါင်းမူး၊ ခေါင်းကိုက်ခြင်းများအား ကုသရန်အတွက် အသုံးပြုကြသည်။ သစ်တောအတွင်း ဌာနေတိုင်းရင်းသားများအနေဖြင့် အလွန်ရေငတ်လာသောအချိန်တွင် ရေဓါတ်ရရှိရန်အတွက် အသုံးပြုသော ကြံပင်နှင့် ကြိမ်ပင်များလည်း ပေါက်ရောက်နေသည်။ ဒေသခံလူထုအနေဖြင့် စားသုံးရန်အတွက် ဆန်စပါးများ မရှိတော့သည့်အခြေအနေတွင် အစားထိုးအစားအစာများ ရရှိရန်အတွက် သစ်တောအားမှီခိုအားထားရသည်။

ဌာနေတိုင်းရင်းသားများအနေဖြင့် အစားအစာ၊ ရေနှင့် ဆေးဝါးများအတွက် သစ်တောအား မှီခိုအားထားနေရပါသောကြောင့် ယင်းသစ်တောများအား ထိန်းသိမ်းစောင့်ရှောက်ကြသည်။ သစ်တောများသည်လည်း ၎င်းတို့အား သဘာဝဘေးအန္တရာယ်များ၊ ဖျားနာခြင်းနှင့် အခက်အခဲများမှ ကာကွယ်ပေးထားသည်။ ဌာနေတိုင်းရင်းသားများသည် သစ်တောများအားကာကွယ်ခြင်းဖြင့် သစ်တောများမှလည်း အပြန်အလှန် ၎င်းတို့အား ပြန်လည်ကာကွယ်ပေးသည်။

## ဩနေတိုင်းရင်းသား လူထုအသိုက်အဝန်းမှ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဧရိယာမြေနေရာပြ ETW မြေပုံ။



## သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်ရာတွင် ဌာနေတိုင်းရင်းသူအမျိုးသမီး များ၏ အရေးပါမှု

ယနေ့ တနင်္သာရီဒေသတွင် တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးနေရသည်ကို ကျွန်မအနေဖြင့် မြင်တွေ့နေရပါသည်။ ယင်းစီမံကိန်းများသည် ဌာနေတိုင်းရင်းသားများ၏ အသက်ရှင်သန်မှုဆိုင်ရာရိုးရာဓလေ့များအပေါ်တွင် အကျိုးသက်ရောက်မှုများ ရှိနေပါသည်။အကြောင်းမှာ ယင်းဒေသရှိကရင်လူမျိုးများသည် သစ်တောများအား မှီခိုအသက်ရှင်ရသောကြောင့်ဖြစ်သည်။ သစ်တောများသာမရှိတော့လျှင် ကျွန်ုပ်တို့၏ ဘဝရှင်သန်ပုံများ၊ လူမှုအသိုက်အဝန်း၊ အသက်ရှင်သန်မှု၊ ကျန်းမာရေးနှင့် ဓလေ့ရိုးရာများသည်လည်း ပျောက်ပျက်သွားမည်ဖြစ်သည်။ လူထုအနေဖြင့် အစားအသောက်မှအစ အိမ်ဆောက်ခြင်းနှင့် ယဉ်ကျေးမှု အစရှိသောဘဝရှင်သန်မှုအဘက်ဘက်တွင် သစ်တောများသည် မှီခိုနေကြရသည်။

ကရင်လူမျိုးများအတွက် အစာနှင့်ရေ၊ အိမ်ဆောက်ခြင်း၊ ကောင်းမွန်စွာနေထိုင်နိုင်ခြင်းနှင့် ငြိမ်းချမ်းမှုရှိခြင်း အစရှိသည်တို့ကို သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ်တွင် မူတည်နေပါသည်။ အမျိုးသမီးများသည် မိမိတို့အိမ်တွင် အချက်အပြုတ်ဦးစားပေးအလုပ်နှင့် မိသားစုအား စောင့်ရှောက်ကြရသည်။ ၎င်းတို့သည် အပင်ငယ်များ၊ အရွက်များ၊ အမြစ်များနှင့် ဆေးဘက်ဝင်အပင်များ အစရှိသော သဘာဝအရင်းအမြစ်များအပေါ်တွင် မှီခိုကြသည်။ ယင်းအကြောင်းအချက်များကြောင့် အမျိုးသမီးများသည် ယင်းတို့အား ကြိုးစားအားထုတ်၍ ထိန်းသိမ်းထားကြသည်။ ယင်းအမယ်များအားလုံးသည် ဌာနေတိုင်းရင်းသားမိသားစုများ၏ အသက်ရှင်သန်ရေးအတွက် အရေးကြီးလှပါသည်။ အမျိုးသားများနှင့် အမျိုးသမီးများအားလုံးအတွက် သဘာဝပတ်ဝန်းကျင်မှပေးသော အထောက်အပံ့များကို ထိန်းသိမ်းရန်၊ အသက်ရှင်သန်ရန်နှင့် ကျန်းမာကောင်းမွန်စွာနေထိုင်နိုင်ရန်အလို့ငှာ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းစောင့်ရှောက်ခြင်းမှာ အဓိကဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အန္တရာယ်များအားလျှော့ချပေးပြီး အခြားအမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များမှလည်း ကာကွယ်ပေးသည်။

အမျိုးသမီးများ၏ ဘဝများသည် ၎င်းတို့၏ သဘာဝအရင်းအမြစ်များနှင့် ကြီးမားစွာဆက်နွယ်နေပါသောကြောင့် ၎င်းတို့သည် ဆေးဘက်ဝင်အပင်များအပါအဝင် မိမိတို့၏ ဘေးပတ်ပတ်လည်တွင်ရှိသော သဘာဝပတ်ဝန်းကျင်အကြောင်းကို အမျိုးသားများထက် အသိပညာဗဟုသုတပိုမိုကြွယ်ဝကြသည်။ ယင်းအကြောင်းတရားများသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပိုမိုအားဖြည့်ပေးသည်။ ဌာနေတိုင်းရင်းသားအမျိုးသမီးများ၏ ဘဝများနှင့် သစ်တောများသည် အပြန်အလှန်ဆက်နွယ်နေကြပြီး အပြန်အလှန် အမှီခိုပြုလျက်လည်းရှိကြသည်။ အမျိုးသမီးများသည် ၎င်းတို့၏ သစ်တောများနှင့် ရေ၊ ငါး၊ ဆေးဘက်ဝင်အပင်များ၊ ရေထိန်းတောဒေသများ၊ ဟင်းသီးဟင်းရွက်များရရှိသော တောနေရာများနှင့် ချက်ကြိုးပတ်သစ်တောများ umbilical cord forests ပါဝင်သော အရင်းအမြစ်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြသည်။

## ချက်ကြိုးပတ်သစ်တော umbilical cord forest ဆိုသည်မှာ ပွဲကျင်းပခြင်းတစ်မျိုးဖြစ်သည်။

မွေးကင်းစကလေးငယ်၏ အချင်းကို ဝါးကျည်တောက်ထဲတွင်ထည့်၍ သစ်ပင်တွင်တွဲချည်ထားခြင်းအားဖြင့် ယင်းသစ်ပင်၏ ဝိညာဉ်နှင့် ပူးတွဲထားပေးခြင်ဖြစ်သည်။ ယင်းအကြောင်းအရာမှာလည်း ကရင်လူမျိုးများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုတစ်ခုဖြစ်သည်။ ယင်းအလေ့အထသည် ကလေးငယ်၏ စိတ်ဝိညာဉ်အားကာကွယ်ပေးပြီး ဤအလေ့အထသည် ကလေးငယ်၏ ဘဝနှင့် ယင်းသစ်ပင်ကို အပြန်အလှန်ချိတ်ဆက်မှုပေးသည်။ ယုံကြည်မှုများအရ ထိုအပင်များအား ခုတ်ထစ်ခံရခြင်းနှင့် ထိခိုက်မှုများရှိလာပါက အပင်နှင့် ချိတ်ဆက်ထားသောသူထံတွင်လည်း တစ်ခုခုဖြစ်လာနိုင်သည်ဟု ဆိုကြပါသည်။ ဤအလေ့အထများကြောင့် လူများသည် ယင်းသစ်ပင်များအား ခုတ်လှဲခြင်းမပြုကြပါ။ ယင်းဒေသများတွင် ကရင်လူမျိုးများသည် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားကြသည်။ မည်သည့်ရည်ရွယ်ချက်ကြောင့်ပင်ဆိုစေကာမူ ယင်းမြေနေရာအတွင်း၌ရှိသော သစ်ပင်များအားခုတ်လှဲခြင်းနှင့် တောမီးရှို့ခြင်းများကို တာမြစ်ထားသည်။ ယင်းမြေနေရာတွင် အဆောက်အဦးများဆောက်လုပ်ခြင်းကိုလည်း တားမြစ်ထားသည်။ ယင်းကဲ့သို့ ချက်ကြိုးပတ်သစ်တောများသည် တနင်္သာရီဒေသတွင် ပျောက်ကွယ်လာနေပါသည်။ အကြောင်းအရင်းကိုမူ သဲသဲကွဲကွဲမသိရှိရပါ။ ဘာသာရေးဆိုင်ရာအကြောင်းပြချက်များနှင့် ထိုမြေနယ်နမိတ်အတွင်းရှိသော ကရင်လူမျိုးများသည် အခြားဒေသရှိကရင်လူမျိုးများနှင့် ကွဲပြားလာသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ သို့ပါသော်လည်း ကရင်လူမျိုးဌာနေတိုင်းရင်းသားများသည် ကရင်ပြည်နယ်၏အချို့နေရာများတွင် ယင်းရိုးရာဓလေ့အား ပြန်လည်အ သက်သွင်းနေကြပြီး ထိုသို့ပြုလုပ်ခြင်းဖြင့်လည်း ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုကာကွယ်စောင့်ရှောက်ရေးများတွင်အောင်မြင်လာကြသည်။



မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားသစ်တောမြေနေရာ
Credit: Signe Leth

အမျိုးသမီးများသည် အရာအားလုံးအတွက် သစ်တောများကိုမှီခိုနေကြရပြီး ယင်းသစ်တောများသည် ၎င်းတို့မိသားစုအတွက်အစားအစာနှင့်အဝတ်များကိုထောက်ပံ့ပေးပါသည်။ အမျိုးသမီးများ၏အခန်းကဏ္ဍတွင် မြစ်ချောင်းများတွင်သွားရောက်ရေခပ်ခြင်းလည်း ပါဝင်သည်။ အပူချိန်ဆက်လက်တက်နေပါက နွေရာသီကာလများတွင် ၎င်းတို့အနေဖြင့် သွားရောက်ရှိဖွေရန် မြစ်ချောင်းများ ပျောက်ကွယ်သွားနိုင်သောကြောင့် အမျိုးသမီးများအနေဖြင့် အခက်အခဲများ ကြုံတွေ့လာရနိုင်ပါသည်။ အကယ်၍ အမျိုးသမီးများအနေဖြင့် ၎င်းတို့နေထိုင်ရာ အနီးပတ်ဝန်းကျင်တွင် ရေရှာ၍မရနိုင်တော့ပါက ၎င်းတို့၏ရေရှည်ဆက်ဘဝများနှင့်အသက်မွေးဝမ်းကြောင်းအတွက် အကြီးအကျယ် ခြိမ်းခြောက်မှုများ ရှိလာနိုင်ပါသည်။ အဝေးတစ်နေရာသို့ သွားရောက်ရေခပ်ကြရခြင်းသည် ၎င်းတို့၏ တစ်နေ့တာအလုပ်ချိန်အား ပိုမိုတိုးလာစေနိုင်သည် သို့မဟုတ် ရေရရှိရန် ငွေပေးဝယ်ယူခြင်းဖြင့် ယခင်က အခငွေကြေးပေးဆောင်ရန်မလိုအပ်ခဲ့သော အရင်းအမြစ်တစ်ခုအတွက် ငွေကုန်ကျမှုရှိလာမည်ဖြစ်သည်။

တနင်္သာရီဒေသတွင်ရှိသော ကရင်အမျိုးသမီးများသည် ၎င်းတို့ဘဝရှင်သန်ရပ်တည်ရေးအတွက် သစ်တောများ မရှိမဖြစ်လိုအပ်သည်ကို သိရှိကြသည့်အလျောက် ယင်းသစ်တောများအားကာကွယ်ပေးကြပြီး ရေရှည်တည်တံ့စေသည့် နည်းလမ်းများဖြင့်လည်း အသုံးပြုကြသည်။ ဥပမာတစ်ခုအနေဖြင့် ကရင်လူမှုအသိုက်အဝန်းသည် သစ်ပင်များနှင့် မြစ်များနံဘေးတွင်ရှိသော သစ်တောများအား ၎င်းတို့၏ရိုးရာစည်းမျဉ်းစည်းကမ်းများနှင့် ဓလေ့ရိုးရာယုံကြည်မှုများဖြင့် ကာကွယ်စောင့်ရှောက်ကြသည်။ ထိုသို့ဖြင့် ထိုခိုက်လွယ်သော ရေအရင်းအမြစ်များကို ကာကွယ်ကြသည်။ ယင်းဒေသများတွင်လျှပ်စစ်မီးမရှိခြင်းကြောင့်လည်း ကျွန်ုပ်တို့လူမှုအသိုက်အဝန်းသည် စွမ်းအင်နှင့်ချက်ပြုတ်ရန်အတွက် သစ်တောများကိုသာ မှီခိုနေကြရသည်။ မီးစိုက်ရန်ထင်းရှာဖွေသည့်အချိန်တွင်လည်း အမျိုးသမီးများသည် ထင်းရရှိရန်အတွက် သစ်ပင်များအားခုတ်ထစ်ခြင်းမပြုလုပ်ဘဲ မြေကြီးပေါ်တွင်ကျနေသော သစ်ကိုင်းခြောက်များကိုသာ ထင်းစိုက်ရန်အတွက် စုဆောင်းကြသည်။ အမျိုးသမီးများသည် ၎င်းတို့၏ ဇဟိုရှင်သန်မှုဘဝပုံစံတစ်ခုအတိုင်း အစားအသောက်နှင့် ဆေးဘက်ဝင်အပင်များကိုလည်း ၎င်းတို့ပတ်ဝန်းကျင်ရှိ သစ်တောများအတွင်းမှရယူကြသည်။ ဤသို့သော နည်းလမ်းများဖြင့် သစ်တောများသည် လူမှုအသိုက်အဝန်းအား အကျိုးပြုလျက်ရှိပြီး လူထုမှလည်း အပြန်အလှန်အဖြစ် သစ်တောများအား ကာကွယ်စောင့်ရှောက်ပေးသည်။

ကရင်ကျေးရွာများ၌ ရပ်ရွာမြေနှင့် အရင်းအမြစ် စီမံခန့်ခွဲမှုကော်မတီများတွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။ ယင်းကော်မတီ၏ တစ်စိတ်တစ်ပိုင်းအဖြစ် သစ်တောများနှင့် သဘာဝပတ်ဝန်းကျင်အား ပြင်ပမှအန္တရာယ်များ မကျရောက်

စေရန် ၎င်းတို့မှကာကွယ်ကြသည်။ အပင်များ၊ ဆေးဘက်ဝင်အပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအားလုံးတို့သည် ကရင်အမျိုးသမီးများ၏ ရှင်သန်ရာ ဘဝတစ်စိတ်တစ်ပိုင်းဖြစ်ကြသည်။ အမျိုးသမီးများသည် ယင်းတို့နှင့် နေ့စဉ်ထိတွေ့နေရသောကြောင့် ရပ်ရွာလူထုမှ ၎င်းတို့အား သစ်တောများနှင့် ပတ်ဝန်းကျင်အား ခေါင်းဆောင်မှုပြု စီမံခန့်ခွဲရန်ခန့်အပ်ထားကြသည်။

သစ်တောများမရှိပါက အမျိုးသမီးများ၏ အသက်မွေးဆိုင်ရာများနှင့် အရင်းအမြစ်များလည်း ပျောက်ဆုံးသွားမည်ဖြစ်သောကြောင့် ၎င်းတို့၏ အရေးကြီးသော အိမ်တွင်ဦးဆောင်မှု အခန်းကဏ္ဍသည် အလွန်ခက်ခဲလာနိုင်ပါသည်။ ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများထား စောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းခြင်းများအတွက် ဦးဆောင်သူများဖြစ်ကြသည်။ ၎င်းတို့သည် သဘာဝပတ်ဝန်းကျင်အားကာကွယ်ရန်အတွက် ယင်းတို့အား ရေရှည်တည်တံ့ခိုင်မြဲစေသောနည်းလမ်းဖြင့် အသုံးပြုရန် တိုက်တွန်းပေးနေသာ အဓိကအဖွဲ့များဖြစ်ကြသည်။ အကြောင်းမှာ ၎င်းတို့ကိုယ်တိုင် ထိုသို့ရေရှည်တည်တံ့ခိုင်မြဲစေသည့် နည်းလမ်းများကို ကြိုးစား၍ကျင့်သုံးနေခြင်းကြောင့် အခြားသူများမှလည်း ၎င်းတို့အား ပုံပမာယူ၍ ပြုလုပ်လာကြသောကြောင့်ဖြစ်သည်။ ဌာနေတိုင်းရင်းသားနယ်မြေများတွင်ရှိသော အမျိုးသမီးများသည် သစ်တောများအား ရေရှည်တည်တံ့စေရန်အသုံးပြုကြပြီး ကရုတစိုက်ကာကွယ် စောင့်ရှောက်ကြသည်။ ကမ္ဘာ့ပေါ်တွင် ကျန်ရှိသော ဇီဝမျိုးစုံမျိုးကွဲများအများစုသည် ဌာနေတိုင်းရင်းသားများ၏ နယ်နမိတ်များအတွင်း၌ ဖြစ်နေရခြင်းမှာ သစ်တောများအား အမှီပြုနေရသော ဌာနေတိုင်းရင်းသူအမျိုးသမီးများကြောင့်သာ ဖြစ်ပါတော့သည်။

## ဖောကလိုတွင်ရှိသော သစ်တောအား အမျိုးသမီးများ၏ အသုံးပြုကြပုံနှင့် စီမံခန့်ခွဲပုံများ

တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်ရှိ ဘန်းချောင်းဟုလည်း အများသိကြသော ဖောကလိုတွင် မိမိတို့၏မိသားစုများကို ကရုစိုက်ရန်စောင့်ရှောက်ရန် အမျိုးသမီးများမှာ ဦးဆောင်ကြပြီး ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းရာတွင်လည်း အဓိကအခန်းကဏ္ဍတွင်ပါဝင်ကြသည်။ ယင်းဒေသများတွင် ရေရရှိမှုသည် အလွန်အရေးပါလှပါသည်။ အရာအားလုံးမှာ ရေရရှိမှုအပေါ်တွင်မူတည်နေပြီး ယင်းတို့အား အလွယ်တကူမရရှိနိုင်ပါက လူအများနှင့် ၎င်းတို့၏မိသားစုများအတွက် အလွန်အခက်အခဲဖြစ်နိုင်ပါသည်။ မြစ်များနှင့်နီးသော သစ်ပင်များအား ခုတ်လှဲလိုက်ပါက ရေခန်းခြောက်လာနိုင်ပြီး အပူချိန်လည်းမြင့်လာနိုင်သည်ကို ယင်းဒေသတွင်ရှိသော ကရင်အမျိုးသမီးများအနေဖြင့် သိရှိကြသည်။

ထိုသို့ဖြစ်ပါသောကြောင့် အမျိုးသမီးများသည် ထိုအရင်းအမြစ်များအား ထိန်းသိမ်းရန်နှင့် ကာကွယ်ရန်အတွက် ၎င်းတို့၏မိသားစုများကိုလည်း ကူညီထိန်းသိမ်းစေသည်။ ဥပမာအနေဖြင့်ပြောရမည်ဆိုလျှင် ရေထွက်ရာနှင့် နီးစပ်သောနေရာများတွင် အပင်များအားခုတ်လှဲခြင်းမပြုရန် အခြားသူများအား အမျိုးသမီးများမှတိုက်တွန်းကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြုလုပ်ခြင်းများသည် နွေရာသီတွင် ရေပြတ်လပ်မှုများအား ဖြစ်စေသောကြောင့်ဖြစ်သည်။

ဖောကလိုတွင်ရှိသော ရပ်ရွာလူထုမှကြုံတွေ့နေရသော ပြဿနာများအားလုံးသည် ယင်းဒေသရှိ အမျိုးသမီးများနှင့်လည်း ပါဝင်ပတ်သက်နေသည်။ ပြဿနာများနှင့် စိန်ခေါ်မှုများကို မိသားစုအတွင်းဆွေးနွေးတိုင်ပင်ကြပြီး ယင်းတိုင်ပင်ဆွေးနွေးမှုများသည် ၎င်းတို့၏ ပတ်ဝန်းကျင်အပေါ်တွင် ထိခိုက်မှုများမဖြစ်ပေါ်စေရန် ကူညီကာကွယ်ပေးသည်။ အမျိုးသမီးများသည် သစ်တောအတွင်းရှိ သစ်ပင်များ၊ တောရိုင်းတိရစ္ဆာန်များနှင့်ပတ်သက်၍ ကာကွယ်စောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းများအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ အမျိုးသမီးများအနေဖြင့် ဟင်းသီးဟင်းရွက်များ၊ အသား၊ ငါး၊ စားနိုင်သောက်နိုင်သော အပင်ငယ်များ အစရှိသည်တို့နှင့် အိမ်ဆောက်ရန်နှင့် ဒေသတွင်းအသက်မွေးအတွက်စသည်တို့ကို သစ်တောအတွင်း လုံလုံလောက်လောက်ရရှိနိုင်သည်။ ဤအရင်းအမြစ်များသည် သစ်တောအားမှီခိုနေကြသောမိသားစုများအား ကောင်းမွန်စွာရှင်သန်ခွင့်ပေးထားသည်။ ထိုအကြောင်းပြချက်များကြောင့် ရပ်ရွာလူထု၏ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကြောင်းများအတွက် မရှိမဖြစ်လိုအပ်သော ဤအရင်းအမြစ်များအား ဦးစားပေးကာကွယ်ရန်အတွက် စီမံခန့်ခွဲဆုံးဖြတ်ကြသည်။ ရလဒ်တစ်ခုအနေဖြင့် အမျိုးသမီးများသည် ရာသီဥတုပြောင်းလဲနေမှုအား ကာကွယ်တားဆီးခြင်းနှင့် ၎င်းတို့၏မြေများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ခေါင်းဆောင်မှုအခန်းကဏ္ဍများမှ ပါဝင်နေပါသည်။

ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တစ်ရွာလုံးအတူတကွ ချမှတ်အကောင်အထည်ဖော်ကြပြီး ရပ်ရွာလူထုတစ်ရပ်လုံးက သဘောတူကြသည်။ ဤစည်းမျဉ်းများသည် ရပ်ရွာလူထုအတွင်း အရင်းအမြစ်များအား အသုံးချမှုနှင့်ပတ်သက်၍ ကြီးကြပ်ပေးပါသည်။ ထိုသို့ဖြင့် အရင်းအမြစ်များအား ကျွန်ုပ်တို့၏ တပ်မက်မှုလောဘများထက် ကျွန်ုပ်တို့ လိုအပ်သလောက်သာ အသုံးပြုစေပြီး အခြားပြင်ပမှသူအများသည်လည်း ကျွန်ုပ်တို့၏ အရင်းအမြစ်များအား လာရောက်ထုတ်ယူသုံးစွဲမှုမရှိစေရန် ကာကွယ်ပေးသည်။ အကယ်၍ ၎င်းတို့သာ၍စည်းမျဉ်းများကို မချမှတ်ခဲ့ပါလျှင် သစ်တောမှထောက်ပံ့ပေးသောအရေးပါသည့်အကျိုးကျေးဇူး

များကို ဆက်လက်ခံစားနိုင်တော့မည်မဟုတ်ပါ။ အစားအစာနှင့် ရေ ထို့နောက် ဒေသအတွင်းငြိမ်းချမ်းရေး အစရှိသည်တို့ကို ဆက်လက်ထန်းသိမ်းထားရန်အတွက် ၎င်းတို့အနေဖြင့် မိမိတို့၏ နယ်မြေများကို ဆက်လက်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြပါသည်။ မူးယစ်ဆေးဝါးများနှင့် အရက်သေစာကဲ့သို့သော ပြဿနာများအတွက် မူဝါဒများချမှတ်ခြင်းများတွင် အမျိုးသမီးကော်မတီသည် အဓိကအခန်းကဏ္ဍမှပါဝင်သည်။ ကျေးရွာများအတွင်း အားကောင်းသောအမျိုးသမီးကော်မတီများရှိပါက ၎င်းကျေးရွာများသည်လည်း အားကောင်းသောကျေးရွာများဖြစ်သည်ကို တွေ့ရပါသည်။

ဖောကလို နယ်နမိတ်အတွင်းရှိ ကျွန်ုပ်တို့ ဌာနေတိုင်းရင်းသားဒေသများတွင် ဆေးဘက်ဝင်အပင်များ သွားရောက်သောက်သုံးခြင်းဖြင့်ဆိုင်သော ပွဲတော်များတွင် အကယ်၍ အမျိုးသမီးများပါဝင်လာပါက ပြဿနာများမဖြစ်ပွားဘဲ လမ်းခရီးတစ်လျှောက် ငြိမ်းချမ်းလိမ့်မည် ဟုပြင်းထန်သောယုံကြည်မှုတစ်ခုရှိပါသည်။ ယင်းအားကြည့်ခြင်းအားဖြင့် ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် အရေးပါသော ငြိမ်းချမ်းရေးဖော်ဆောင်သူများလည်း ဖြစ်ကြသည်။ ဤယုံကြည်ချက်သည် အမျိုးသမီးများ၏ အံ့ဖွယ်စွမ်းအားများကို အခြေပြုပြီးမှသာ ထွက်ပေါ်လာကြခြင်းဖြစ်သည်။

## e¢kdlyf

တနင်္သာရီဒေသရှိ ဌာနေတိုင်းရင်းသားများသည် သစ်တောများအားမှီခိုနေရပြီး ၎င်းတို့၏ မျိုးဆက်များအတွက် ရေရှည်တည်တံ့ခိုင်မြဲနေစေရန် စီမံခန့်ခွဲမှုများဆောင်ရွက်နေကြပါသော်လည်း ကမ္ဘာအနှံ့အပြားတွင်မှု ထိုသို့မဟုတ်ဘဲ ရေရှည်တည်တံခိုင်မြဲမှုမရှိစေသော ပမာဏရှိသည့် အရင်းအမြစ်များကို အသုံးပြုနေခြင်း၊ သစ်တောများပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးလာစေခြင်း၊ မှန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်နေခြင်း အစရှိသည်တို့ပြုမူနေကြပြီး ၎င်းတို့သည် ရာသီဥတုစတင်ပြောင်းလဲမှုများဖြစ်ပေါ်လာရန်အတွက် ဦးဆောင်နေပါသည်။ ထိုကဲ့သို့ ရာသီဥတုအလျှင်အမြန်စတင်ပြောင်းလဲလာသောကြောင့် လူသားများအနေဖြင့် အရေးပေါ်သစ်တောဧရိယာများတိုးချဲ့ပြီး သစ်ပင်များအားစိုက်ပျိုးလျက်ရှိကြသည်။ ဤအရာသည် ကောင်းမွန်သည့် ခြေလှမ်းတစ်ခုဖြစ်သော်လည်း မြန်မာနိုင်ငံ၏ သစ်တောဥပဒေအရ သစ်တောဧရိယာများတိုးချဲ့ခြင်းဟုဆိုရာတွင် စိုက်ပျိုးစီးပွားရေးအတွက် မြေငှားရမ်းမှုများနှင့် သစ်ထုတ်လုပ်ရေးဆိုင်ရာ စာချုပ်စာတမ်းများ တိုးချဲ့ချပေးနေခြင်းသာဖြစ်ပါတော့သည်။

တနင်္သာရီဒေသရှိ ဌာနေတိုင်းရင်းသား ကရင်လူထုအသိုက်အဝန်းများအတွင်းတွင် အမျိုးသမီးများသည် ၎င်းတို့၏မိသားစုများအား ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး အစရှိသည်တို့နှင့် အိမ်ကိစ္စများနှင့်ပတ်သက်၍ မိသားစုအားထောက်ပံ့ရာတွင် အမျိုးသမီးများမှ ဦးဆောင်ဦးရွက်ပြုကြသည်။ ထို့အပြင် သာမကပါ ရွာတွင်းစီမံခန့်ခွဲအုပ်ချုပ်ရေးများ၊ ဘာသာရေးဆိုင်ရာအဖွဲ့များ၊ ၎င်းတို့လူမှုအသိုက်အဝန်းအတွင်းရှိ လူမှုရေးဆိုင်ရာ လှုပ်ရှားမှုများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပါဝင်ကြသည်။ ယင်းကဏ္ဍများအတွင်း ဘန်းချောင်းဒေသရှိ ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများအားကာကွယ်ခြင်းနှင့် ရည်ရှည်တည်တံခိုင်မြဲမှုရှိစေရန်အသုံးပြုခြင်းအစရှိသည်တို့အား သေချာစေရန်ဆောင်ရွက်ခြင်းများအပါအဝင် ၎င်းတို့ရွာ၏ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင်လည်း အဓိကပါအခန်းကဏ္ဍအဖြစ် ပါဝင်ကြသည်။

မြန်မာနိုင်ငံတွင် ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် သဘာဝအရင်းအမြစ်များပေါ်တွင် အလွန်မှီခိုနေကြရသောလည်း အစိုးရဥပဒေများမှ ၎င်းတို့၏ အခွင့်အရေးများအား အသိအမှတ်ပြုခြင်း မရှိဘဲ အခွမြေသိမ်းဆည်းခြင်းများနှင့် သစ်တောများပြုန်းတီးခြင်းများသည် ၎င်းတို့အား အလွန်ထိခိုက်နစ်နာစေပါသည်။ တနင်္သာရီဒေသရှိဖြစ်ရပ်များတွင် သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းခြင်းများတွင် အမှန်တစ်ကယ် ဦးဆောင်သူများမှာ ဌာနေတိုင်းရင်းသာ ကရင်အမျိုးသမီးများဖြစ်ကြပါသည်။ သဘာဝအရင်းအမြစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအား စီမံခန့်ခွဲခြင်းဆိုင်ရာများတွင် အဓိကပါဝင်လှုပ်ရှားကြသောအမျိုးသမီးများ အခန်းကဏ္ဍများအား အသိအမှတ်ပြုခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းနှင့် ရာသီဥတုစတင်ပြောင်းလဲလာခြင်းများအား ဖြေရှင်းရန်အတွက် အဓိကအချက်တစ်ခုဖြစ်သည်။ ၎င်းတို့၏ အခန်းကဏ္ဍကို လုံးဝအသိအမှတ်ပြုရပါမည်။

နော်အယ်ထီးဝါးသည် မြန်မာနိုင်ငံတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်ဘက်မှ ဌာနေတိုင်းရင်းသားကရင်အမျိုးသမီးတစ်ဦးဖြစ်သည်။ ၂၀၁၄ခုနှစ်ကတည်းက သူမသည် ပတ်ဝန်းကျင်ဆိုင်ရာ လူမှုအဖွဲ့အစည်းများဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ဘိုးဘွားပိုင်နယ်မြေများအပေါ်တွင် သတ္တုတူးဖော်ခြင်း၊ စက်မှုစီမံကိန်းများနှင့် စိုက်ပျိုးစီးပွားရေးမြေများဆောင်ရွက်ခြင်းဖြင့် ကျရောက်နိုင်သည့်အကျိုးများမှ ကင်းလွှန်ရန်အတွက် စည်းရုံးလှုံ့ဆော်မှုများဆောင်ရွက်ခြင်းများလည်း ဆောင်ရွက်ခဲ့သည်။

မြေယာ၊သစ်တောနှင့်သတ္တုတူးဖော်ရေးဆိုင်ရာပြဿနာများအပေါ်တွင် ရပ်ရွာစည်းရုံးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းများဆောင်ရွက်သော မြန်မာနိုင်ငံ၊ ထားဝယ်မြို့ရှိ ကရင်လူမှုဖွဲ့အစည်းတစ်ခုဖြစ်သည့် တာကဘောလူငယ်အဖွဲ့အစည်းနှင့် အတူတကွလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ထိုအဖွဲ့မှာ ရပ်ရွာလူထုအား ၎င်းတို့၏ အခက်အခဲများကို ဖြေရှင်းပေးခြင်းဖြင့် အကူအညီအထောက်အပံ့ပေးရန် ရည်ရွယ်ချက်ရှိသောအဖွဲ့တစ်ဖွဲ့လည်းဖြစ်သည်။

CAT ဟုခေါ်သော Conservation Alliance of Tanintharyi ကရင်ဌာနေတိုင်းရင်းသား လူမှုအဖွဲ့အစည်းတစ်ခုနှင့်လည်း မိတ်ဖက်များအဖြစ် ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသေးသည်။ CATသည် ရပ်ရွာလူအများ၏ မြေများကိုဆုံးရှုံးစေသော အထက်မှ-အောက်သို့ (သို့မဟုတ်) အာဏာရှိသူများထံမှလာသော ထိန်းသိမ်းခြင်းဆိုင်ရာစီမံကိန်းများအား ဆန့်ကျင်စည်းရုံးရေးများဆောင်ရွက်လက်ရှိသည်။ ထို့အပြင် ဌာနေတိုင်းရင်းသားများ၏ မြေများနှင့် ကျွန်ုပ်တို့၏ ဒေသအတွင်းမျိုးဆက်တစ်လျှောက် တောရိုင်းတိရိစ္ဆာန်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းပေးထားခဲ့သော သစ်တောစီမံခန့်ခွဲမှုအလေ့အထများအား မြင့်တင်ပေးခြင်းများလည်း ဆောင်ရွက်ကြသည်။

သူမသည် ၂၀၁၉ခုနှစ်အစောပိုင်းကတည်းကပင် ICCA Consortium အဖွဲ့ဝင်အဖြစ် ဂုဏ်ပြုခြင်းခံခဲ့ရပါသည်။ ဤစာစောင်ရေးသားခြင်းတွင် ကူညီထောက်ပံ့ပေးခဲ့သော Jack Jenkins Hill ကိုလည်း ကျေးဇူးတင်ရှိပါသည်။

## အခန်း(၁)၏ မှတ်စုများနှင့် ရည်ညွှန်းကိုးကားစာတမ်းများ


1. WWF (2015) A Better Road to Dawei.
2. IFC (2017), Baseline Assessment Report Terrestrial Biodiversity
3. Ibid.
4. Tarkapaw, TRIP NET, Southern Youth, Candle Light, Khaing Myae Thitsar, Myeik Lawyer Network and Dawei Development Association (2016) Green Desert
5. Conservation Alliance of Tanintharyi, (2018), Our Forest Our Life, Border Consortium.
6. Candle Light, Southern Youth and Tarkapaw Youth Group, (2019) Blocking A Bloodline
7. Ibid.
8. Forest Law 2018
9. Kesan, (2019) Healing Forests & Forest Healers
10. Shifting cultivation is a form of agriculture which involves clearing an area of ground of vegetation to cultivate and then leaving it fallow until its fertility has been naturally restored.
11. Conservation Alliance of Tanintharyi, (forthcoming) Tanintharyi Landscape of Life
12. Sobrevila (2008) *The Role of Indigenous Peoples in Biodiversity Conservation: The Natural but Often Forgotten Partners.* World Bank: Washington, DC.



ဌာနေတိုင်းရင်းသား ကယားမိခင်နှင့် ကလေး
Credit: POINT

# tcef;(2 )

## ရာသီဥတုပြောင်းလဲခြင်းအပေါ် ပြန်လည်တုံ့ပြန်ဆောင်ရွက်ခြင်းများတွင် ဌာနေတိုင်းရင်းသား အမျိုးသမီးများ၏ ခေါင်းဆောင်မှုစွမ်းရည်အား မြှင့်တင်ခြင်း


**နော်အိအိမင်း**
**ဒါရိုက်တာ (ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**


(ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)၏ ဒါရိုက်တာ ဖြစ်သော နော်အိအိမင်းမှ မြန်မာ့ယဉ်ကျေးမှုမှ ကျားမရေးရာဘက်လိုက်မှုများအား ထင်ဟပ်ဖော်ပြထားပြီး ဌာနေတိုင်းအမျိုးသမီးများ ရင်ဆိုင်နေကြရသော ခွဲခြားဆက်ဆံမှုများအား အကောင်းမြင် ကျော်လွှားရန် ပုံစံအဆင့်ဆင့်ကို CSOs (အရပ်ဖက်လူမှုအဖွဲ့အစည်း)များအတွက် အဆိုပြုတင်ပြပေးထားသည်။

ကျွန်မသည် မြန်မာနိုင်ငံ၏ ယခင်မြို့တော်ဟောင်းဖြစ်သော ရန်ကုန်မြို့တွင် ကြီးပြင်းလာသူတစ်ဦးဖြစ်ပါသည်။ သို့သော် ကျွန်မသည် ဌာနေတိုင်းရင်းသူ ကရင်အမျိုးသမီးတစ်ဦးဖြစ်ပြီး ပတ်ပတ်လည် ကျွန်မတို့တိုင်းရင်းသားလူမျိုးများ၏ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများအတိုင်း ပျိုးထောင်ခြင်းခံခဲ့ရပါသည်။ ကရင်လူမျိုးသည် မြန်မာနိုင်ငံရှိ လူနည်းစုတိုင်းရင်းသားအဖွဲ့များအတွင်း တစ်ဖွဲ့အပါအဝင်ဖြစ်သည်။ ကျွန်မတို့လူမျိုးများသည် မြန်မာနိုင်ငံ အရှေ့လက်ခြမ်း၊ ထိုင်းနိုင်ငံနှင့် နယ်နမိတ်ထိစပ်သောနေရာများ၊ ပဲခူးဘက်နှင့် ဧရာဝတီဘက်များတွင် နေထိုင်ကြသည်။ ယင်းဒေသများသည် ကျေးလက်နှင့် သစ်တောဧရိယာများဖြစ်သည့်အလျှောက် ကျွန်ုပ်တို့၏ ဌာနေတိုင်းရင်းသားယဉ်ကျေးမှုများသည် ဂေဟဗေဒသစ်တောစနစ်နှင့် ကျွန်ုပ်တို့၏ ကျေးလက်ရိုးရာဓလေ့အသက်မွေးဝမ်းကြောင်းများပုံစံများဖြင့် ပတ်သက်ဆက်နွှယ်နေပါသည်။

NGOတစ်ခုဖြစ်သော POINT၏ ဒါရိုက်တာအဖြစ်ဆောင်ရွက်ရသော ကျွန်မ၏လုပ်ငန်းတာဝန်များတွင် မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားအမျိုးသမီးများအား အကူအညီ အထောက်အပံ့ပေးခြင်းများလည်း ပါဝင်သည်။ ကျွန်မ၏ အသက်မွေးလုပ်ငန်းတစ်လျှောက်တွင် တိုင်းရင်းသားဟူသော ကျွန်မ၏ နောက်ခံအကြောင်းများသည် လုပ်ငန်းတွင် ခေါင်းဆောင်တစ်ယောက်၏ အခန်းကဏ္ဍအဖြစ် တာဝန်ယူရန်အတွက် စိန်ခေါ်မှုများရှိနေသည်ကို ကျွန်မနေဖြင့် တွေ့မြင်သိရှိခဲ့ရပါသည်။ ကျွန်မအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း ကျား/မ ဆိုင်ရာသတ်မှတ်ချက်များဖြင့် ရိုးရာတန်ဖိုးထားမှုများအတိုင်း ကြီးပြင်းလာကြသော အမျိုးသားများနှင့်လည်း မကြာခဏအလုပ်တွဲလုပ်ရလေ့ရှိပါသည်။ ယင်းအခြေအနေများတွင် အမျိုးသမီးတစ်ဦး၏ လက်အောက်ငယ်သားအဖြစ် တာဝန်ထမ်းဆောင်ရာတွင် ၎င်းတို့အတွက် ခက်ခဲမှုများဖြင့် ကြုံတွေ့ခဲ့ရပါသည်။

ဥပမာအားဖြင့် ဒါရိုက်တာရာထူးတွင် ကျွန်မတာဝန်စတင်ထမ်းဆောင်ချိန်၌ အချိန်အများစုအား ကျွန်မ၏အဖွဲ့အား ကျွန်မ၏အကြံဉာဏ်နှင့် အစီအစဉ်များအတိုင်း လိုက်လံဆောင်ရွက်ရန်ပြောကြားရန်အတွက် အသုံးပြုခဲ့ရသည်။ ထို့အပြင် ကျွန်မ၏ အသက်မွေးလုပ်ငန်းအားစီမံခန့်ခွဲခြင်းနှင့် ကလေးငယ်နှစ်ဦးအား ကြည့်ရှုစောင့်ရှောက်ရခြင်းမှာလည်း ခက်ခဲလှပါသည်။ ကျွန်မ၏ အိမ်တွင်းဘဝအခက်အခဲများအပေါ်တွင် ကျွန်မ၏ အဖွဲ့နှင့် အချို့သောအလှူရှင်များသည် စာနာမှုမရှိကြပါ။

အချိန်ကြာလာသည်နှင့်အမျှ ကျွန်မအနေဖြင့် ထိုစိတ်သဘောထားများအား ကျော်လွှားလာနိုင်ခဲ့ပါသည်။ သို့ပါသော်လည်း ထိုသို့ဖြစ်လာရန်အတွက်လည်း ကျွန်မ၏ အသိပညာဗဟုသုတများနှင့် အတွေ့ကြုံများကိုချပြ၍ ခိုင်မာသောဆောင်ရွက်ချက်များကို မကြာခဏဆိုသလိုပြုလုပ်ခဲ့ရပါသည်။ ဤသို့ဖြင့် ကျွန်မ၏အဖွဲ့အား ကျွန်မသည် တတ်စွမ်းနိုင်ကြောင်းကို ပြသခဲ့ရသည်။ ကျွန်မ၏အဖွဲ့များထံမှရိုသေလေးစားမှုကိုရရှိရန်အတွက် ၎င်းတို့ထံမှလာသောတုန့်ပြန်မှုများကို အဝတ်များအား ကွဲပြားစွာဝတ်ဆင်ခြင်းနှင့် ရုံးတွင်းအပြုအမူများအားပြောင်းလဲခြင်းဖြင့် ပြန်လည်တုန့်ပြန်ခဲ့ရပါသည်။

ကျွန်မ၏ တစ်ကိုယ်ရည်အတွေ့အကြုံနှင့် ကျွန်မတို့၏ စီမံကိန်းဒေသများတွင်ရှိသော ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ ခေါင်းဆောင်များဖြစ်လာရန်အတွက် သို့မဟုတ် ၎င်းတို့၏ လူမှုအသိုက်အဝန်းများအတွင်း ၎င်းတို့၏ အကြံဉာဏ်များနှင့် ဆုံးဖြတ်ချက်ချခြင်းများတွင် လွှမ်းမိုးနိုင်မှုရှိရန်အတွက်ပင် ရင်ဆိုင်ရသော အခက်အခက်များနှင့် အတားအဆီးများအကြား အထပ်ထပ်ဖြစ်ပေါ်နေသောအရာများကို ကျွန်မအနေဖြင့် တွေ့မြင်နေရပါသည်။ မြန်မာနိုင်ငံ၏ မတူညီသည့်ဒေသအရပ်ရပ်တွင်ရှိသော ဌာနေတိုင်းရင်းသူ အမျိုးသမီးများနှင့် လုပ်ငန်းဆောင်ရွက်ခဲ့ရခြင်းများအပေါ် ကျွန်မ၏ လေ့လာတွေ့ရှိချက်များအား ဤစာတမ်းတွင် ဖော်ပြသွားမည်ဖြစ်သည်။ သစ်တောထိန်းသိမ်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှုအားကာကွယ်ခြင်းတွင် အရေးပါသော ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ ခေါင်းဆောင်မှုကိုလည်း ဤစာတမ်းတွင် တွေ့ရှိရမည်ဖြစ်သည်။ ထို့နောက် ဌာနေတိုင်းရင်းသူအမျိုးသမီးများအား မည်ကဲ့သို့သော ပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် အထောက်အကူပေးနိုင်မည်ကိုလည်း ဖော်ပြသွားမည်ဖြစ်သည်။

## သမိုင်းနှင့်ချီသော ဌာနေတိုင်းရင်းသူ အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်း

မြန်မာနိုင်ငံတွင်ရှိသော ကျွန်ုပ်တို့ဌာနေတိုင်းရင်းသူအမျိုးသမီးများအတွက် ရှုပ်ထွေးများပြားလှသော အာဏာပါဝါဖွဲ့စည်းတည်ဆောက်ပုံများစွာမှ ခေါင်းဆောင်ဖြစ်လာနိုင်ရန် တားဆီးနေပါသည်။ ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် ၎င်းတို့၏ ကျား/ မရေးရာဖြစ်တည်မှုနှင့် တိုင်းရင်းသားဖြစ်တည်မှုများ၏ရလဒ်အဖြစ် နိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံများတွင် ခွဲခြားဆက်ဆံမှုများကို ခံစားနေကြရပါသည်။ အချို့သောလေ့လာချက်များအရ အမျိုးသမီးကြီးများထက် အမျိုးသမီးငယ်များသည် ကျားမရေးရာခွဲခြားဆက်ဆံခြင်းအား ပိုမိုခံစားကြရသည်။

၉၁၆၂ခုနှစ်မှ ၂၀၁၀အတွင်း မြန်မာနိုင်ငံသည် စစ်အာဏာရှင်အစိုးရအုပ်ချုပ်မှုအောက်တွင် ရှိခဲ့ပါသည်။ ယင်းအာဏာရှင်

စနစ် မြန်မာနိုင်ငံ၏ လူအများစုဖြစ်သော ဗမာလူမျိုးများမှ ဦးဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖြင့် ၎င်းတို့၏ မူဝါဒစည်းမျဉ်းများသည် သိသာထင်ရှားစွာ သို့မဟုတ် မသိမသာဖြင့် သိမ်မွေ့စွာဖြင့် ကရင်ကဲ့သို့သော တိုင်းရင်းသား လူနည်းစုများအဖွဲ့များအပေါ်တွင် ခွဲခြားဆက်ဆံခြင်းများရှိခဲ့ပါသည်။ တိုင်းရင်းသားဒေသများအတွင် ကာလကြာရှည်စွာ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပါသည်။ ယင်းဖြစ်ရပ်များကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကျယ်ပြန့်စွာဖြစ်ပွားခဲ့ပြီး တိုင်းရင်းသားလူနည်းစုဘာသာစကားအသုံးပြုခြင်းနှင့် ရိုးရာဓလေ့များအပေါ်တွက် ဖိနှိပ်ခွဲခြားဆက်ဆံခြင်းများရှိခဲ့ပါသည်။

ထိရောက်သော တက်ကြွလှုပ်ရှားမှုများနှင့် နိုင်ငံရေးလှုပ်ရှားမှုများအတွက် ဗမာဘာသာစကားကျွမ်းကျင်ရန် လိုအပ်ပါသည်။ပညာရေးနှင့်လုပ်ငန်းခွင်များတွင်ပိုမိုထဲထဲဝင်ဝင်ရှိရန်အတွက် ဘာသာစကားသည် မကြာခဏဆိုသလို တိုင်းရင်းသားလူနည်းစုများအတွက် အခက်အခဲတစ်ခုဖြစ်ရပါသည်။ တိုင်းရင်းသားလူနည်းစုအိမ်ထောင်များတွင် ၎င်းတို့၏ ဌာနေတိုင်းရင်းသားဘာသာစကားများဖြင့်သာ ကြီးပြင်းလာကြပြီး ကျောင်းသို့ရောက်ရှိသည့်အချိန်တွင်သာ ဗမာစာနှင့် ဘာသာစကားကို သင်ယူကြရခြင်းဖြစ်သည်။ ၎င်းတို့၏ နေ့ရက်များအား အိမ်အလုပ်နှင့် စိုက်ပျိုးရေးအလုပ်များဖြင့်သာ အချိန်ကုန်ဆုံးစေသော ကျေးလက်ဒေသရှိ ဌာနေတိုင်းရင်းသူအမျိုးသမီးများအတွက် ဤအရာသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော ၎င်းတို့အနေဖြင့် ကျောင်းပညာရေးပြီးဆုံးချိန်တွင် ဗမာဘာသာစကားအား ပုံမှန်အသုံးပြုနေရန် အခွင့်အရေးမရှိသောကြောင့်ဖြစ်သည်။

ထိုမျှသာမက ပိုမိုကျယ်ပြန့်သော ဗမာလူ့အဖွဲ့အစည်းတွင် အမျိုးသမီးများအနေဖြင့် ခေါင်းဆောင်မှုကဏ္ဍအား တာဝန်ယူရန် မတတ်စွမ်းနိုင်ကြပါဟု မှတ်ထင်ကြသော လူမှုရေးဆိုင်ရာသဘောထားများစွာရှိနေပါသည်။ ယင်းတို့အထဲတွင် အမျိုးသမီးများသည် ခေါင်းဆောင်ကောင်းများမဖြစ်နိုင်ပါဆိုသည့် အတွေးအခေါ်များနှင့် ၎င်းတို့သည် နိုင်ငံရေး သို့မဟုတ် မြေယာပြဿနာများတွင် ဗဟုသုတနံ့စပ်ခြင်းမရှိပါဆိုသည့် အတွေးအခေါ်များလည်း ပါဝင်သည်။ ရိုးရာဓလေ့များအရ အမျိုးသမီးများသည်မကြာခဏဆိုသလိုအိမ်ထောင်မိသားစုအရေးနှင့် ကလေးငယ်များအား တာဝန်ယူစောင့်ရှောက်ရလေ့ရှိပြီး ယင်းတို့သည် ၎င်းတို့အား အိမ်ပြင်ပလှုပ်ရှားမှုများတွင် ပါဝင်ရန် ကန့်သတ်ထားပါသည်။ များစွာသော ထုံးတမ်းအစဉ်အလာများတွင် အမျိုးသမီးများ ရွာအပြင်ဘက်ဒေသများသို့ တစ်ဦးတစ်ယောက်တည်း ခရီးသွားခြင်းအား တားမြစ်ထားပါသည်။ ထိုအမှုအရာသည် နိုင်ငံရေးနှင့် ဦးဆောင်သူများအခန်းကဏ္ဍတွင်ပါဝင်နိုင်သော ၎င်းတို့၏ စွမ်းရည်များကို ကန့်သတ်နေခြင်းလည်းဖြစ်သည်။

တိုင်းရင်းသားအဖွဲ့များတွင် ၎င်းတို့၏ ကိုယ်ပိုင် ဓလေ့ထုံးတမ်းများရှိပြီး ယင်းတို့သည်လည်း အမျိုးသမီးများအား ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် တာဝန်ယူရန်အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် မိမိကိုယ်ကိုယုံကြည်မှုအပိုင်းတွင် အကျိုးသက်ရောက်မှုများရှိနိုင်သည်။ ဌာနေတိုင်းရင်းသားများသည် ကျေးရွာကောင်စီနှင့် ကျေးရွာသူကြီးများကဲ့သို့သော ဓလေ့ထုံးတမ်းအစဉ်အလာဆိုင်ရာ စီမံခန့်ခွဲပေးသည့်အဖွဲ့များအား တာဝန်ပေးအပ်ပြီး မြေယာများကို ၎င်းတို့၏ဓလေ့ထုံးတမ်းအစဉ်အလာအတိုင်း လုပ်ပိုင်ခွင့်များအတိုင်း စီမံခန့်ခွဲကြသည်။ ယင်းစနစ်အောက်တွင် ကျေးရွာအစည်းအဝေးများမှတဆင့် ဆုံးဖြတ်ချက်များပြုလုပ်ကြသည်။ အချို့တိုင်းရင်းသားအဖွဲ့များတွင် ကျေးရွာအစည်းအဝေးများ၌ ပါဝင်ဆွေးနွေးရန်အတွက် အမျိုးသမီးများနှင့် အမျိုးသားများ ရောနှောလာရောက်ကြသော်လည်း အချို့ရွာများတွင်မူ အမျိုးသားများသာ အစည်းအဝေးတက်ရောက်နိုင်သည်။

မြန်မာနိုင်ငံရှိ မတူညီသော တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းအစဉ်အလာဆိုင်ရာ လုပ်ပိုင်ခွင့်စနစ်များအား လေ့လာချက်များအရ ယင်းစနစ်များအတွင်း ရွေးကောက်တင်မြှောက်ခံရသော ရာထူးများ၏ ၆ ရာခိုင်နှုန်းကိုသာ အမျိုးသမီးများရရှိကြသည်။ ကျွန်မ၏ ဇာတိမြေဖြစ်သော ကရင်ပြည်နယ်၌ ပဋိပက္ခကာလများအတွင်း များစွာသောအမျိုးသမီးများသည် ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် တာဝန်ယူခဲ့ရသည်။ ထိုဖြစ်ရပ်သည် အမျိုးသမီးများ၏ ခေါင်းဆောင်မှုနှင့်ပတ်သက်၍ ကောင်းမွန်သော စိတ်နေသဘောထားများကို ဆောင်ယူလာပေးခဲ့သည်။ သို့ပါသော်လည်း မြန်မာနိုင်ငံ၏ ကျေးလက်ဒေသအနှံ့အပြားတွင် အမျိုးသမီးများအား ဌာနေတိုင်းရင်းသားခေါင်းဆောင်များ သို့မဟုတ် ရပ်ရွာလူကြီးများအဖြစ် တွေ့ရှိရန် အလွန်ခက်ခဲလျက်ရှိပါသေးသည်။

ယင်းကဲ့သို့သော ခွဲခြားဆက်ဆံမှုပုံစံအမျိုးမျိုး၏ သက်ရောက်မှုများအနေဖြင့် အမျိုးသမီးများသည် မိမိတို့ကိုယ်ကို ခေါင်းဆောင်များအဖြစ် ယုံကြည်မှုမရှိကြပါ။ ကျွန်ုပ်တို့နှင့် အတူတကွ လုပ်ငန်းများဆောင်ရွက်နေသော အမျိုးသမီးအများစုသည် ဒေသသစ်တောများ၊ ရိုးရာအလေ့အထများနှင့်ပတ်သက်၍ ၎င်းတို့တွင်ရှိသော အသိပညာဗဟုသုတများ၏ အရေးကြီးပါမှုအား မသိရှိကြသည်ကို ကျွန်မအနေဖြင့် သတိပြုမိပါသည်။ ၎င်းတို့အနေဖြင့် မိမိကိုယ်ကို မိမိတို့ရပ်ရွာလူထု၏ ခေါင်းဆောင်များ သို့မဟုတ် ကိုယ်စားပြုသူများအဖြစ်လည်း ယုံကြည်မှုမရှိကြပါ။

## ဌာနေတိုင်းရင်းသားအမျိုးသမီးများနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစီမံခန့်ခွဲမှုများ

ဂျာမဏီနိုင်ငံအခြေစိုက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သော Garmanwatch၏ ကမ္ဘာ့ ရာသီဥတုဆိုင်ရာထိခိုက်နိုင်မှုအညွှန်းရှိ ရာသီဥတုရည်ရှည်ပြောင်းလဲမှုဆိုင်ရာ အန္တရာယ်ရှိမှုဇယားတွင် မြန်မာနိုင်ငံသည် တတိယနေရာတွင်ရှိနေပါသည်။ ယင်းအတိုင်းအတာများသည် လွန်ခဲ့သော နှစ်ပေါင်း၂ဝကျော်ကာလအတွင်း (၁၉၉၈ –၂၀၁၇)ဖြစ်ပွားခဲ့သော ရာသီဥတုပြင်းထန်မှုများကြောင့် သေဆုံးမှုများနှင့် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုများအား အခြေခံ၍ တိုင်းတာယူဆထားခြင်းဖြစ်သည်။ ဤအရာသည် လက်ရှိတွင်လည်း ရေပြတ်လပ်မှုများ၊ ရာသီဥတုပိုမိုပူပြင်းလာခြင်း၊ မိုးခေါင်ခြင်းများနှင့် အိမ်များနှင့် လယ်မြေများကိုပါ ပျက်စီးစေလောက်အောင်ရေကြီးခြင်းများ အစရှိသည်တို့အား ရပ်ရွာလူထုမှ အစီရင်ခံတင်ပြနေသည့် ကရင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော အပြောင်းအလဲများကိုပဲ့တင်ထပ်နေပါသည်။ ရာသီဥတုပြောင်းလဲခြင်းသည် အစားအစာရရှိမှု၊ ကျန်းမာရေး၊ ရေ၊ လုံလောက်သောအိုးအိမ်နှင့် အသက်မွေးဝမ်းကြောင်း ထိန်းသိမ်းမှု အစားရှိသည်တို့အပေါ်တွင် သက်ရောင်မှုများရှိခြင်းဖြင့် ရပ်ရွာလူထု၏ လူမှုစီးပွားရေးဆိုင်ရာ ခွင့်အရေးများ အပေါ်တွင် များစွာထိခိုက်နိုင်သည်။ ဆက်လက်ပြီး သုတေသနစာတမ်းများမှလည်း ဤပြောင်းလဲမှုများကြောင့် အပြင်းထန်ဆုံးထိခိုက်နစ်နာရသူများသည် ဌာနေတိုင်းရင်းသား အသိုက်အဝန်းများသာဖြစ်သည်ဟူ၍ ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင်ရှိသော ဌာနေတိုင်းရင်းသားများသည် ရာသီဥတုပြောင်းလဲမှုများနှင့်ပတ်သက်၍ ပိုမိုခံစားကြရပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကမ္ဘာပေါ်တွင် စီးပွားရေးအရ အဆင်းရဲဆုံးသောသူများဖြစ်ကြပြီး ရာသီဥတုပြောင်းလဲမှုကြောင့် အလွယ်တကူထိခိုက်နိုင်သော သဘာဝအရင်းအမြစ်များအား မှီခိုအားထားနေရသောကြောင့်ဖြစ်သည်။ ၎င်းတို့နေထိုင်ရာဒေသများသည်လည်း ရာသီဥတုပြောင်းလဲမှုအတွက် ခံနိုင်ရည်နည်းပါးကြသည်။ ၎င်းတို့၏အခွင့်အရေးများသည်လည်း နိုင်ငံတော်မူဘောင်များအတွင်း အသိအမှတ်ပြုခြင်းမခံရခြင်းနှင့် ရာသီဥတုပြောင်းလဲမှုအား ခံနိုင်ရည်နည်းပါးခြင်းသည် ၎င်းတို့အား ရွှေ့ပြောင်းအနေထိုင်ရန် တွန်းအားပေးလာနိုင်ခြေရှိပြီး အန္တရာယ်များဖြင့် ထပ်မံကြုံတွေ့လာရနိုင်ပါသည်။ ရာသီဥတုပြောင်းလဲခြင်းသည် ဌာနေတိုင်းရင်းသူအမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများအား ပိုမိုဆိုးရွားစေပြီး ၎င်းတို့အား ယင်းသက်ရောက်မှုများအပေါ် ခံနိုင်ရည်အနည်းဆုံးအုပ်စုတစ်ခုလည်း ဖြစ်လာစေပါသည်။

ကျေးလက်ဒေသရှိ အမျိုးသမီးများအသည် အမျိုးသားများနှင့်ယှဉ်လျှင် ငွေကြေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူသားအရင်းအမြစ်များမှာ ပိုမိုနည်းပါးသောကြောင့် အမျိုးသမီးများအနေဖြင့် ရာသီဥတုပြောင်းလဲမှုအား ပြန်လည်တုန့်ပြန်ရန်အတွက် ရွေးချယ်မှုပိုမိုနည်းပါးသည်။ ဌာနေတိုင်းရင်းသား လူမှုအသိုက်အဝန်းများတွင် အမျိုးသမီးများသည် အမျိုးသားများထက် သဘာဝအရင်းအမြစ်များပေါ်တွင် မှီခိုနေကြရသည်။ သို့ဖြစ်ပါ၍ ရာသီဥတုကူးပြောင်းသွားခြင်း သို့မဟုတ် ရာသီဥတုဖြစ်စဉ်များပြောင်းလဲသွားခြင်းကြောင့် ဖြစ်ပေါ်လာသောထိုအရင်းအမြစ်များပြောင်းလဲမှုသည် အမျိုးသမီးများ၏ အသက်မွေးရှင်သန်ရေးအတွက် ပိုမိုထိခိုက်စေပါသည်။ အစားအစာများနှင့် အိမ်မွေးတိရိစ္ဆာန်များအား စီမံခန့်ခွဲရသူများအနေဖြင့် ပြင်းထန်သော ရာသီဥတု သို့မဟုတ် အခြား ရာသီဥတုဆိုင်ရာဖြစ်ရပ်များကြောင့် ၎င်းတို့ရရှိနေသော သဘာဝအရင်းအမြစ်များအပေါ် သက်ရောက်မှုများရှိလာသောအချိန်တွင် အမျိုးသမီးများသည် အရင်းမြစ်များအား ထိန်းသိမ်းရန် နည်းလမ်းအသစ်များကို ရှာဖွေရန် တွန်းအားပေးခံကြရသည်။ ယင်းတို့ကြောင့် ၎င်းတို့၏ တစ်ရက်တာအလုပ်လုပ်ချိန်များ တိုးမြင့်လာနိုင်ပြီး ၎င်းတို့အသက်မွေးဝမ်းကြောင်းအားထိန်းသိမ်းရန်အတွက် ပိုမိုပြင်းထန်စွာအလုပ်လုပ်ရန်လည်း လိုအပ်လာနိုင်ပါသည်။ အိမ်ထောင်တွင်ရှိသော အမျိုးသမီးများ၏ အခန်းကဏ္ဍတွင် ရေခပ်ထားခြင်း၊ အစားအစာနှင့် လောင်စာများစုဆောင်းခြင်းတို့ပါဝင်သည်။ ရလဒ်အနေဖြင့် မိုးခေါင်ခြင်းနှင့် သစ်တောများပျက်စီးခြင်း ကဲ့သို့သော ရာသီဥတုဆိုင်ရာ သက်ရောက်မှုများနှင့် ယင်းတို့အား ဖြစ်ပေါ်စေသောအချက်များကြောင့် အမျိုးသမီးများအနေဖြင့် ထိုအရင်းအမြစ်များအား စုဆောင်းရန်အတွက် ပိုမိုဝေးလံသောနေရာများသို့သွားရသောကြောင့် ၎င်းတို့၏ များစွာသောလက်ရှိအလုပ်များအပြင် အချိန်ပိုများ ထပ်ဆောင်းပေါင်းထည့်နေရပါသည်။ ထိုဖြစ်ရပ်ကြောင့် အမျိုးသမီးများသည် ထိခိုက်အနာတရ ပိုမိုဖြစ်ပွားနိုင်ပြီး ၎င်းတို့အနေဖြင့် အရင်းအမြစ်များကိုရရှိရန် ဝေးလံသောနေရများသို့သွားရောက်ရသောကြောင့် လိင်ပိုင်းဆိုင်ရာ နှောက်ယှက်ထိပါးခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာစော်ကားမှုအန္တရာယ်များလည်း တိုးမြင့်လာသည်။ ၎င်းတို့သည် မိန်းကလေးငယ်များ၏ ကျောင်းနေရေးအပေါ်တွင်လည်း သက်ရောက်မှုတစ်ခုအဖြစ် ရှိနိုင်ပါသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ကူးစက်ရောဂါပြန့်ပွားရေးမှုများ မြင့်တက်လာခြင်းသည်လည်း ချိတ်ဆက်နေပါသည်။ အမျိုးသမီးများ၏ နေ့စဉ်အခန်းကဏ္ဍတွင် ၎င်းတို့သည် မသန့်ရှင်းသောရေ၊ ငှက်ဖျားနှင့် ကာလဝမ်းရောဂါများအစရှိသော ကူးစက်ရောဂါများ ထိတွေ့နေရသောကြောင့် အထူးသဖြင့် အမျိုး

သမီးများ၏ ကျန်းမာရေးအပေါ် သက်ရောက်မှုများရှိနိုင်ပါသည်။ ထို့အပြင်သာမကသေးဘဲ ရာသီဥတုပြောင်းလဲမှုများကြောင့် ရွှေ့ပြောင်းရသောအခြေအနေများတွင်လည်း အမျိုးသမီးများအတွက် အန္တရာယ်များရှိနေပါသေးသည်။ ဥပမာအားဖြင့် ၂၀၁၅ခုနှစ် ချင်းပြည်နယ်တွင် ရပ်ရွာလူထုများသည် ရေကြီး၊ရေလွှမ်းမှုကြောင့် ပြောင်းရွှေ့နေရာချထား ခြင်းခံခဲ့ရပါသည်။ ထိုစဉ်ကာလအတွင်း စခန်းတွင်ရှိသော အမျိုးသမီးများသည် ၎င်းတို့၏တဲအပြင်ထွက်၍ အိမ်သာအသုံးပြုခြင်းသို့မဟုတ် ထင်းကောက်ခြင်းများကို မပြုလုပ်ရဲကြပါ။ အကြောင်းမှာ ၎င်းတို့ပတ်ဝန်းကျင်ရှိ အမျိုးသားများ၏ ထိပါးစော်ကားမှုများကြောင့်ပင်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသူ အမျိုးသမီးများသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများ၏ အလယ်ဗဟိုတွင် ရှိနေကြောင်းကို ယင်းဥပမာများမှ ဖော်ပြသွားခြင်းဖြစ်သည်။ ၎င်းတို့သည် ထိခိုက်လွယ်ကြပြီး ရာသီဥတုပြောင်းလဲခြင်းကြောင့် အများဆုံးထိခိုက်ခံရနိုင်သည့် အခြေအနေတွင်လည်းရှိနေပါသည်။ သို့ပါသော်လည်း ကျွန်မ၏ အတွေ့အကြုံများအရ ၎င်းတို့တွင် ပါဝင်ကူညီအဖြေရှာပေးနိုင်သည့် အဓိကကျသော အသိပညာဗဟုသုတများလည်း ရှိနေပါသည်။ မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အဖြေများအားရှာဖွေရာ၌ ရိုးရာဓလေ့ဗဟုသုတများ ကိုင်ဆောင်ထားကြပြီး သစ်တောများကို စောင့်ရှောက်ကြသူများဖြစ်သော ဌာနေတိုင်းရင်းသူ အမျိုးသမီးများကိုလည်း မဖြစ်မနေပါဝင်စေရမည်။ အကယ်၍ ၎င်းတို့သည်သာ အဖြေ၏ တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့မည်ဆိုပါက ယင်းအဖြေသည် ပိုမိုထိထိရောက်ရောက်ရှိမည်ဖြစ်သည်။

## သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏ ရိုးရာဓလေ့အခန်းကဏ္ဍများ

အမျိုးသမီးများအား လျှော့တွက်ခြင်းများရှိနေသော်လည်း ၎င်းတို့သည် ကျေးလက်ဒေသများတွင် အဓိကအခန်းကဏ္ဍများတွင်ပါဝင်ကြသည်။ ကမ္ဘာအဝှမ်းတွင် အမျိုးသမီးများသည် မျိုးစေ့များနှင့် စိုက်ပျိုးရေးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းသူများဖြစ်ကြပြီး အရေးကြီးသည့် အစာထုတ်လုပ်ပေးသူများလည်း ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် နေ့စဉ်သစ်တောများနှင့် ပတ်သက်ဆက်နွယ်လျက် ရှိသည်။ များစွာသော တိုင်းရင်းသားဒေသများတွင် ၎င်းတို့သည် ဇာတိဒေသမျိုးစေ့များ၏ ကာကွယ်စောင့်ရှောက်သူများလည်း ဖြစ်ကြသည်။ ၎င်းတို့သည် ဒေသခံသစ်တောဇရိယာများအား စီမံခန့်ခွဲစည်းရုံးသူများလည်းဖြစ်သည်။ ၎င်းတို့သည် ရိုးရာဓလေ့ဆေးပညာဆိုင်ရာအသိပညာဗဟုသုတများအား ကုစားသူများနှင့် ထိန်းသိမ်းထားသူများဖြစ်ကြပြီး ရိုးရာဓလေ့ဆိုင်ရာ အသိပညာဗဟုသုတများကိုလည်း ကာကွယ်စောင့်ရှောက်သူများဖြစ်ကြသည်။ ၎င်းတို့သည် ဆာလောင်မွတ်သိပ်မှုနှင့် အာဟာရချို့တဲ့ခြင်းများအား ပြန်လည်တုန့်ပြန်တိုက်ခိုက်ရာတွင်လည်း အရေးကြီးသူများဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မိသားစုများအတွင်း အဓိကအစာထုတ်လုပ်သူများဖြစ်ကြပြီး ဒေသအတွင်း အာဟာရပြည့်ဝသော အစားအစာများရရှိနိုင်ရန်အတွက် ၎င်းတို့၏ ရိုးရာအလေ့အထများဆိုင်ရာ အသိပညာဗဟုသုတများကိုအသုံးပြု၍ အမျိုးမျိုးသော အရင်းအမြစ်များမှ ရှာဖွေရယူလာသောကြောင့်ဖြစ်သည်။

အမျိုးသမီးများသည် ၎င်းတို့အသိုက်အဝန်းများအတွင်းတွင် အမျိုးသားများနှင့်ယှဉ်လျှင် မတူညီသောအခန်းကဏ္ဍများ ရှိသည်။ ထို့ကြောင့် သစ်တောထွက်ပစ္စည်းများနှင့် သစ်တောဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာများ၌ ၎င်းတို့တွင် မတူညီသော အသိပညာဗဟုသုတများရှိကြသည်။ ရိုးရာဓလေ့အရ ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် စိုက်ပျိုးရေးအတွက် ပျိုးခင်းများပြုလုပ်ခြင်း၊ မျိုးစေ့များအား ရွေးချယ်ခြင်းနှင့် အပင်မျိုးစိတ်များရွေးချယ်ခြင်း၊ သစ်ရရှိရန်အတွက် သစ်ပင်များကို ပြန်လည်စိုက်ပျိုးခြင်း၊ မျိုးဆက်များအားကူညီသည့် အနေဖြင့် ကပ်ပါးများကို မီးရှို့ထိန်းချုပ်ခြင်း၊ အပင်ပေါက်ရန်အတွက် ပျိုးပင်များနှင့် အသစ်သောပျိုးခင်းများကို ကာကွယ်ပေးခြင်း အစရှိသောလုပ်ဆောင်မှုများတွင် ပါဝင်လုပ်ဆောင်ကြသည်။ သို့ဖြစ်ပါသောကြောင့် ၎င်းတို့သည် သစ်တောပြုန်းတီးမှုအား ကာကွယ်သည့်ခန်းကဏ္ဍတွင် ပါဝင်နေကြသည်။ သစ်တောပြုန်းတီးမှုအား ကာကွယ်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းအားကာကွယ်ခြင်း အစရှိသည်တို့နှစ်ခုအကြားတွင် အရေးကြီးသော ချိတ်ဆက်မှုတစ်ခုရှိပါသည်။ သစ်တောများသည် ကာဗွန်များအားစုပ်ယူခြင်းတွင်သာ အဓိကအခန်းကဏ္ဍမှပါဝင်နေသည်မဟုတ်ဘဲ ရာသီဥတုပြောင်းလဲခြင်းမှဖြစ်ပေါ်လာသည့် သက်ရောက်မှုများကိုလည်း ကာကွယ်ပေးပါသည်။

ဌာနေတိုင်းရင်းသာ အမျိုးသမီးများ၏ ရိုးရာဓလေ့အခန်းကဏ္ဍများသည် ၎င်းတို့အား ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်ခြင်းနှင့် နီးကပ်စွာချိတ်ဆက်ပေးထားသည်။ သစ်တောများအတွင်း အမျိုးသမီးများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများအရ ၎င်းတို့သည် မျိုးစေ့များအား မည်ကဲ့သို့ပျိုးထောင်စုဆောင်းရမည်ဆိုသည်နှင့် ဒေသခံဇာတိအပင်များကိုလည်း မည်သို့ကရုစိုက်ရမည်ဟူသော အသိပညာဗဟုသုတများကို ကိုင်ဆောင်ထားကြသည်။ သုတေသနများအရ ဇီဝမျိုးစုံမျိုးကွဲများရှိသော သစ်တောများသည် အပင်တစ်မျိုးတည်းရှိသောသစ်တောများထက် အဆများစွာပို၍ ကာဗွန်များအား ထိန်းသိမ်းထားနိုင်ကြသည်။ သို့ဖြစ်ပါ၍ ဒေသခံဇာတိအပင်များကို အမျိုးသမီးများမှ ဂရုတစိုက်စိုက်ပျိုးခြင်းအားဖြင့်

ဇီဝမျိုးစုံမျိုးကွဲများအတွက် ကာကွယ်ထိန်းသိမ်းခြင်းခံရမှုရှိနေသည်မှာ သေချာစေပါသည်။ ယင်းသည် မြန်မာနိုင်ငံတွင်ရှိသော ရာသီဥတုပြောင်းလဲမှုအတွက် အဓိကသော့ချက်တစ်ခုဖြစ်သည်။ ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်နေမှုအရ ဤအကြောင်းအရာများနှင့်ပတ်သက်၍ ကျန်ရှိနေသော ဇီဝမျိုးစုံမျိုးကွဲများအတွင်းမှ ၈၀%ရာခိုင်နှုန်းသည် ဌာနေတိုင်းရင်းသားများ၏နယ်မြေများအတွင်းတွင် ဖြစ်ကြပါသည်ဟု အကြံပြုဆွေးနွေးတင်ပြထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နည်းဗျူဟာများတွင် ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် အရေးကြီးသော အဖွဲ့တစ်ခုဖြစ်သည်ဆိုသော အချက်အား ဤအကြောင်းတရားများမှ ထောက်ပြနေပါသည်။ ဒေသခံဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းစောင့်ရှောက်ခြင်း၌ အမျိုးသမီးများ၏ အခန်းကဏ္ဍအရ ၎င်းတို့ထံတွင် ကျွန်ုပ်တို့၏ အနာဂတ်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးရန်နှင့် မျိုးစိတ်အချို့အား မျိုးတုံးခြင်းမှကာကွယ်ရန်တွက် နားလည်ရန်လိုအပ်သော အလွန်အရေးပါသည့် အသိပညာဗဟုသုတများ ရရှိနိုင်သည်ဟု ဆိုလိုနေခြင်းဖြစ်ပါသည်။ အကယ်၍ ၎င်းတို့သည် အဖြေ၏ တစ်စိတ်တစ်ပိုင်းသာဖြစ်မည်ဆိုလျှင် ယင်းအဖြေသည် ပိုမိုထိရောက်မှုရှိလာမည်ဖြစ်သည်။


ဌာနေတိုင်းရင်းသားအမျိုးသမီးမှ ဆေးဘက်ဝင်အပင်များ လိုက်လံစုဆောင်းနေပုံ။ Credit: POINT

## အမျိုးသမီးများအား ပါဝင်လာစေရန် အခွင့်အလမ်းနည်းပါးနေသော ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် အရေးကြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုလည်းဖြစ်သည်။ ဓလေ့ထုံးတမ်းအစဉ်အလာဆိုင်ရာ အခွင့်အရေးများသည် အသိအမှတ်ပြုခြင်းမခံရသောကြောင့် ယင်းပုံစံသည် ရပ်ရွာလူထုအနေဖြင့် ၎င်းတို့မှီခိုနေရသော အရင်းအမြစ်တစ်ခုအား စုပေါင်းစီမံခန့်ခွဲနိုင်ခြင်းနှင့် ထိန်းချုပ်နိုင်ခြင်းရှိသော နည်းလမ်းအနည်းငယ်အတွင်းမှ နည်းလမ်းတစ်ခုဖြစ်သည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများသည် ရာသီဥတုပြောင်းလဲမှုအား ကာကွယ်ရန်အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် ဌာနေတိုင်းရင်းသားများနှင့် ကျေးလက်နေပြည်သူများအတွက် ၎င်းတို့နေထိုင်သော သစ်တောမြေဧရိယာစီမံခန့်ခွဲခြင်းအား ထိန်းချုပ်ခွင့်ရှိသောကြောင့်ဖြစ်သည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းညွှန်ကြားချက်အရ သစ်တောအသုံးပြုသူများ အဖွဲ့တစ်ဖွဲ့အား သစ်တောအရင်းအမြစ်များအပေါ်တွင် မှီခိုနေရသူများနှင့် ယင်းဧရိယာဒေသအတွင်း အနည်းဆုံး ၅နှစ်အထိ နေထိုင်ခဲ့ပြီးသူများပါဝင်ပြီး ဖွဲ့စည်းနိုင်သည်။ ထိုအဖွဲ့သည် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အဖွဲ့ဝင်နှစ်ဦးအား ရွေးချယ်ပြီး စီမံခန့်ခွဲမှုကော်မတီဖွဲ့သည်။ ယင်းညွှန်ကြားချက်တွင် ကျားမရေးရာများအား ထည့်သွင်းအသုံးပြုထားသော ဘာသာစကားအသုံးအနှုန်းများမပါဝင်ပါ။ အလားတူပင် သစ်တောအသုံးပြုသူများအဖွဲ့တွင် အမျိုးသမီးများ ပါဝင်မှုရရှိသည်မှာ သေချာစေရန်အတွက် ကိုယ်တာခွဲထားပေးခြင်းများလည်း မပါဝင်ပါ။ လူမှုအခြေပြုအဖွဲ့အစည်းများ (CSOs)တစ်ချို့သည် ဒေသခံရပ်ရွာလူထုအား ယင်းကိစ္စလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အကူအညီပေးကြသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် သစ်တောအသုံးပြုသူအဖွဲ့များတွင် အမျိုးသမီးများပါဝင်လာနိုင်ရန် ၎င်းတို့အနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ကျွန်မ၏ အတွေ့အကြုံအရ အမျိုးသမီးများပါဝင်လာမှုအား တိုက်တွန်းအားပေးသော သေချာပြင်ဆင်ထားသည့် CSO ချဉ်းကပ်မှုနည်းလမ်းတစ်ခုဖြစ်ပါက ရပ်ရွာလူထုအနေဖြင့် ယုံကြည်မှုရှိလာမည်ဖြစ်သည်။ အမှန်အကန်ပင် CSOများ၏ အကူအညီဖြင့်ဖွဲ့စည်းထားသော အဖွဲ့များသည် အစိုးရတစ်ခုတည်းမှ ဖွဲ့စည်းပေးထားသောအဖွဲ့များနှင့် ယှဉ်ပါက ၎င်းတို့အဖွဲ့တွင် ကျား/ မ ပါဝင်မှုမှာ ပို၍ညီမျှမှုရှိပါသည်။ အချို့သော CSO များသည် သစ်တောအသုံးပြုသူများအဖွဲ့မှ အမျိုးသမီးများအရေအတွက်အားမှတ်သားထားပြီး အမျိုးသမီးများအား သစ်တောစီမံခန့်ခွဲမှုကော်မတီတွင် ပါဝင်စေရန် တိုက်တွန်းခွန်အားပေးကြသည်။ (သို့မဟုတ် မပါမဖြစ် ပါဝင်ရမည်ဟူ၍)

သို့ပါသော်လည်း ဥပမာများအရ အမျိုးသမီးများ၏ပါဝင်နေသည့်တိုင်အောင် ၎င်းတို့၏ပါဝင်မှုသည် သစ်တောစီမံခန့်ခွဲခြင်းတွင် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်နေသည့်ပုံစံမျိုးမဟုတ်

ကြပါ။ များစွာသော CSOများသည် အမျိုးသားများဖြစ်သော (ရိုးရာဓလေ့များကြောင့်) ရပ်ရွာလူထု၏ ခေါင်းဆောင်ဖြစ်ကြသူများနှင့် ၎င်းတို့၏လုပ်ငန်းများကို တွဲဘက်လုပ်ကိုင်ကြသည်။ ထိုသို့ဖြင့် ယင်းအဖွဲ့များအတွင်း၌ အမျိုးသားများကို အဓိကဆုံးဖြတ်ချက်ချသည့် အခန်းကဏ္ဍများအားချပေးပြီး အမျိုးသမီးများအား အထောက်အကူပေးသော အခန်းကဏ္ဍများတွင်သာ နေရာပေးခြင်းများ ကြုံတွေ့လာရနိုင်ပါသည်။

ဥပမာအားဖြင့် အချို့သောစီမံကိန်းများတွင် ကျေးရွာအုပ်စုအဆင့်ကော်မတီ တည်ထောင်ရေး၌ အမျိုးသမီကိုယ်စားလှယ် တစ်ဝက်အထိပါရန် လိုအပ်ပါသည်။ ယင်းအားကြည့်ခြင်းအားဖြင့် ကောင်းမွန်သော ခြေလှမ်းတစ်ခုအဖြစ်မြင်ရသော်လည်း အမျိုးသမီးများသည် ယင်းကော်မတီများအတွင်း စာရေးနှင့် ငွေကြေးဆိုင်ရာများတွက်ချက်ခြင်း ကဲ့သို့သော အထောက်အကူပေးသည့် နေရာများတွင်သာ တာဝန်ပေးခြင်းခံကြရကြောင်း အစီရင်ခံစာများအရသိရသည်။ ဘဏ္ဍာရေးမှုနှင့် အတွင်းရေးမှုကဲ့သို့သော အခန်းကဏ္ဍများသည် ဌာနေတိုင်းရင်းသူအမျိုးသမီးများနှင့် ကိုက်ညီပါသည်။ ထို့ကြောင့် ယင်းကဲ့သို့ ကိုယ်တာချထားပေးခြင်းကြောင့် အမျိုးသမီးများအနေဖြင့် ပိုမိုပါဝင်ခွင့်ရကြပါသော်လည်း ယင်းတို့သည် အမျိုးသမီးများအတွက် အဓိပ္ပါယ်ပြည့်ဝသော ပါဝင်မှုများမဟုတ်ကြပါ။ ယင်းအချက်ကြောင့် အဖွဲ့၏ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာများအတွင် အမျိုးသမီးများ၏ အသိပညာဗဟုသုတနှင့် အတွေ့အကြုံများအရ ဝင်ရောက်လမ်းပြပေးရန်နှင့် မျှဝေပေးရန် အခွင့်အလမ်းပေးထားခြင်းမရှိပါ။ ယင်းဖြစ်ရပ်သည် အမျိုးသမီးများ၏လုပ်ဆောင်ချက်များအား ယခင်ကတည်းကပင် တန်ဖိုးထားမှုနည်းသော ရိုးရာဓလေ့အခန်းကဏ္ဍများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအား ထပ်လောင်းအတည်ပြု ပိုမိုခိုင်မာစေပါသည်။ ယင်းဖြစ်ရပ်သည် အမျိုးသားဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာများနှင့် အမျိုးသမီးများ မိမိတို့အမြင်များကို ပြောဆိုခြင်း သို့မဟုတ် အမျိုးများအား စိန်ခေါ်ခြင်းမပြုရဟူသော အတွင်းသဘောများအား ပိုမိုခိုင်မာအားကောင်းစေသည်။

ဤအရာနှင့်ပတ်သက်၍ အရှိုချင်း လူမှုအသိုက်အဝန်းတစ်ခုတွင် POINTမှပြုလုပ်ခဲ့သော သုတေသနတစ်ခုတွင် တွေ့မြင်နိုင်သည်။ ယင်းဖြစ်ရပ်တွင် ငဖဲမြို့နယ်မှ ဌာနေတိုင်းရင်းသူအမျိုးသမီးများမှ ပြောကြားခဲ့သည်မှာ “ကျွန်မတို့ အမျိုးသမီးများအနေဖြင့် ဒေသခံရပ်ရွာအစုအဖွဲ့ပိုင်သစ်တောများအတွင်း၌ သစ်ပင်မစိုက်ချင်ကြပါ။ အကြောင်းမှာ ကျွန်မတို့စိုက်ချင်တဲ့ အပင်တွေကို အမျိုးသားတွေက ပေးမစိုက်လို့ပဲဖြစ်တယ်။” ဤဖြစ်ရပ်တွင် အမျိုးသားများသည် ဝင်ငွေအတွက် ငွေရသည့် သီးနှံများ သို့မဟုတ် အိမ်ဆောက်ရန်အတွက် သစ်ရနိုင်သည့် အပင်များ အစရှိသည်ဖြင့် ၎င်းတို့၏ ရိုးရာကဏ္ဍများဖြင့် ကိုက်ညီသော အပင်များကို ဦးစားပေးစိုက်ပျိုးလိုကြသည်။ အမျိုးသမီးများသည် များသောအားဖြင့် အိမ်သုံးရန်နှင့် အသေးစားဝင်ငွေလည်ပတ်ရန် ထို့အပြင် အစားအစာနှင့် အာဟာရရှိစေသော သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများအပေါ်တွင် မှီခိုနေရသည်။ အမျိုးသမီးများ၏ စိုက်ပျိုးခြင်းအပေါ် စိတ်ဝင်စားမှုများသည် ၎င်းတို့၏ အိမ်ထောင်အတွင်းနှင့် လူမှုအသိုက်အဝန်းအတွင်း ဤအခန်းကဏ္ဍများဖြင့် ပိုမိုပတ်သက်နေပါသည်။ အထူးသဖြင့် ၎င်းတို့သည် တိုင်းရင်းဆေးဘက်ဝင်အပ်များ သို့မဟုတ် အစားအစာနှင့် အိမ်ထောင်အတွင်းအသုံးပြုရန်အတွက် အခြားသောအပင်များ စိုက်ပျိုးလိုကြခြင်းဖြစ်သည်။

ယင်းလူမှုအသိုက်အဝန်းအတွင်ရှိသော အမျိုးသမီးများသည် မိမိတို့အကြံဉာဏ်အတိုင်း စိုက်ပျိုးလိုကြသည်။ သို့သော်လည်း ရိုးရာဓလေ့များအရ ဦးဆောင်သူများမှာ အမျိုးသားများဖြစ်နေသောကြောင့် ၎င်းတို့အနေဖြင့် အစီအစဉ်အတိုင်းလိုက်၍ အမျိုးသားများရည်မှန်းထားသည့်အတိုင်း အကောင်အထည်ဖော် လုပ်ဆောင်ပေးခဲ့ရသည်ကိုလည်း ကျွန်ုပ်တို့သတိပြုမိခဲ့ပါသည်။ အကယ်၍ စိုက်ပျိုးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်တွင် အမျိုးသမီးများနှင့် အမျိုးသားများ နှစ်ဦးနှစ်ဘက်စလုံး၏ အကျိုးနှင့် ဦးစားပေးမှုများပါဝင်နေပါက ယင်းသည် ပိုမိုကောင်းမွန်သော ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းစောင့်ရှောက်ခြင်း ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကောင်းမွန်သော သစ်တောစီမံခန့်ခွဲမှုအတွက် ၎င်းတို့၏ အဓိပ္ပါယ်ပြည့်ဝသော အကောင်အထည်ဖော်ဆောင်မှုရှိသည်ကို သေချာစေရန် ဆောင်ရွက်ခြင်းမှာ အရေးကြီးပါသည်။ အကယ်၍ အမျိုးသမီးများ၏ အသံများမရှိပါက ဇီဝမျိုးစုံမျိုးကွဲများလည်း ဆုံးရှုံးမည်ဖြစ်သည်။

အကယ်၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအား အမျိုးသမီးများ၏ စွမ်းဆောင်မှုများအတွက် တစ်စုံတစ်ခုမျှမရှိဘဲတည်ထောင်ခဲ့ပါက ယင်းသည် သစ်တောများနှင့် သစ်တောထွက်ပစ္စည်းများကို ဒေသခံအမျိုးသား ခေါင်းဆောင်များ၏ လက်ထဲသို့ လုံးလုံးလျားလျားနှင့် ခိုင်ခိုင်မာမာထိန်းချုပ်ခွင့်ပေးလိုက်ခြင်းဖြစ်သည်။ ဦးနှောက်ထဲတွင် အမြစ်တွယ်စွဲကပ်နေသောစိတ်သဘောထားများအရ သင်တော်သော အသိပညာပေးမှုများ ဆောင်ရွက်ခြင်းမရှိဘဲ ၎င်းတို့အနေဖြင့် အမျိုးသမီးများအား ဖယ်ထုတ်ထားသည်ကို သတိပြုမိမည်မဟုတ်ပါ။ ထို့အပြင် ဤအမှုအရာအားပြောင်းလဲရန်အတွက် သင့်တော်သောအားထုတ်မှုများ ဆောင်ရွက်ရန်လည်းလိုအပ်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းအား ရင်ဆိုင်တိုက်ခိုက်ရာတွင်

အဖြေတစ်ခုကိုရှာဖွေရန်အတွက် အထက်တွင် မှတ်သားထားခဲ့သည့်အတိုင်း အမျိုးသမီးများ၏ အသိပညာဗဟုသုတများသည် အရေးကြီးသော အခန်းကဏ္ဍအား ကိုယ်စားပြုနေပါသည်။ အမျိုးသမီးများ ၎င်းတို့၏ အသိပညာဗဟုသုတများကို ပြန်လည်မျှဝေစေရန် ၎င်းတို့အတွက် ယုံကြည်မှုနှင့် နေရာတစ်ခုတည်ဆောက်ပေးရမည်ဖြစ်ပြီး အမျိုးသမီးများကိုလည်း ဦးဆောင်မှုအခန်းကဏ္ဍတွင် နေရာပေးရန်လိုအပ်ပါသည်။

## ဆုံးဖြတ်ချက်ချခြင်းများတွင် အမျိုးသမီးများ ပါဝင်ခြင်းဖြင့် ရင်ဆိုင်ရသော စိန်ခေါ်မှုများ

ဌာနေတိုင်းရင်းသူ အမျိုးသမီးများသည် သစ်တောများကို အဓိကအသုံးပြုနေကြသူများနှင့် စီမံခန့်ခွဲနေသူများဖြစ်ကြသော်လည်း ၎င်းတို့အနေဖြင့် သစ်တောထွက်အရင်းအမြစ်များအပေါ်တွင် ထိန်းချုပ်နိုင်မှုမရှိပါ။ ၎င်းတို့၏ အခွင့်အရေးများအား ပြည်နယ်ဥပဒေက အသိအမှတ်ပြုထားခြင်းမရှိပါ။ ဒေသခံပြည်သူအစုအဖွဲ့ဆိ်ုင်ရာ သစ်တောလုပ်ငန်းလမ်းညွှန်ချက်များနှင့် သစ်တောများအပေါ်ရှိ ၎င်းတို့၏လုပ်ပိုင်ခွင့်များအား ပြည်နယ် နှင့် ရပ်ရွာအဖွဲ့အစည်း အုပ်ချုပ်မှုပုံစံများမှ အသိအမှတ်ပြုခြင်းမရှိပါ။ ထို့အပြင်သာမကဘဲ သစ်လုပ်ငန်းဆိုင်ရာ အစီအစဉ်များချမှတ်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းဆိုင်ရာ အစည်းအဝေးများနှင့် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များတွင်း များသောအားဖြင့် အမျိုးသမီးများ တက်ရောက်လေ့မရှိဘဲ ၎င်းတို့၏အမြင်များအား မိမိတို့၏အမျိုးသားများမှတစ်ဆင့် ကိုယ်စားပြုတင်ပြကြလေ့ရှိသည်။

မြန်မာနိုင်ငံအနှံ့အပြား၌ သစ်တောများ၊ မြေယာများနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များတွင် အမျိုးသမီးများသည် အနည်းငယ်သာ ပါဝင်ခွင့်ရကြပါသည်။ ၎င်းသည် မြန်မာနိုင်ငံရှိ ပိုမိုကျယ်ပြန့်သော နိုင်ငံရေးထင်ဟပ်ပြသနေပါသည်။ အမျိုးသားလွှတ်တော်တွင် အမျိုးသမီးများ ၁၀.၅%ခန့်သာရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်အမတ်များအဖြစ် ၉.၇%သာရှိနေပါသည်။ အချို့ဝန်ကြီးဌာနများတွင် အမျိုးသား၊ အမျိုးသမီးဦးရေ ညီမျှလုနီးပါးရှိနေပါသော်လည်း စီမံခန့်ခွဲမှုဆိုင်ရာ ရာထူးများတွက် အမျိုးသမီးအနည်းငယ်မျှသာရှိသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC)၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(GAD)နှင့် မြေနှင့် အရင်းအမြစ်များ စီမံခန့်ခွဲမှုတွင်ပါဝင်နေကြသော အခြားဌာနများအပါအဝင် REDD+ အကောင်အထည်ဖော်ဆောင်ရာတွင် အများဆုံးပါဝင်နေသော ဝန်ကြီးဌာနများအတွက် ဤပုံစံမှာ မှန်ကန်နေပါသည်။ ထို့အပြင် ဒေသခံ အစိုးရစီမံခန့်ခွဲမှုရာထူးများ မြို့နယ်အုပ်ချုပ်ရေးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးများအပါအဝင် ရာထူးအားလုံးနီးပါးသည်လည်း အမျိုးသားများသာ ဖြစ်နေကြပါသည်။

ပွိုင့် အနေဖြင့် ကျေးရွာလူထုအဆင့် သင်တန်းပေးမှုများနှင့် အစီအစဉ်များ စတင်ဆောင်ရွက်ချိန်တွင် အစည်းအဝေးများသို့ လာရောက်ကြသူများမှာ မကြာခဏဆိုသလို အမျိုးသားများသာဖြစ်နေကြပါသည်။ တစ်ကြိမ်တွင်မူ အမျိုးသမီးများပါဝင်ရန် ကျွန်မအနေဖြင့် အကြောင်းကြားခဲ့ပြီး ကရင်ကျေးရွာလူထုခေါင်းဆောင်အား ရပ်ရွာအတွင်းမှအမျိုးသမီများပါဝင်သော သင်တန်းတစ်ခုပြုလုပ်လိုကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းအနေဖြင့်လည်း သဘောတူထောက်ခံမှုပေးခဲ့ပါသည်။ သို့ပါသော်လည်း သင်တန်းပေးနေစဉ်အချိန်အတွင်း ထိုသူသည် အမျိုးသမီးများအရှေ့တွင် ထိုင်နေလျက် ဆွေးနွေးရန်မေးခွန်းများအား ၎င်းတစ်ဦးတည်းကပင် အမျိုးသမီးများကိုယ်စား ဖြေကြားပေးသွားခဲ့ပါသည်။ အခြားဥပမာတစ်ခုတွင်မူ မုံရွာဘက်အခြမ်းရှိ အရှိုချင်းဒေသတွင် ကျေးရွာလူထုဖြင့်ပြုလုပ်သော လူထုအစည်းအဝေးပွဲတစ်ခုတွင် အမျိုးသမီးကိုယ်စားလှယ်များကိုလည်း ကျေးရွာခေါင်းဆောင်များနှင့်အတူ အစည်းအဝေးတက်ရောက်ရန် ကျွန်မတို့အနေဖြင့် တောင်းဆိုခဲ့သည်။ ကျွန်မတို့မှ ၎င်းတို့အား ဆုံးဖြတ်ချက်များချရန်ပြောလိုက်သောအချိန်တွင်မူ ရွာသူကြီး၏ အမျိုးသမီးမှ အမျိုးသားများသာလျှင် ဆုံးဖြတ်ချက်များအားလုံးကို ပြုလုပ်ကြောင်းဖော်ပြလာပါသည်။ ယင်းဖြစ်ရပ်များအပြီးတွင် ကျွန်မအနေဖြင့် ယင်းကဲ့သို့ စိတ်နေသဘောထားများကို ပြောင်းလဲရန်အတွက် သင်ယူခဲ့ရပါသည်။ အမျိုးသမီးများအတွက် သီးသန့်နေရာများဖန်တီးပေးရန် မဖြစ်မနေလိုအပ်ပါသည်။ ထိုသို့မဟုတ်ပါက ဌာနေတိုင်းရင်းသူ အမျိုးသမီးများအနေဖြင့် ၎င်းစကားပြောထွက်လာရန် သို့မဟုတ် ၎င်းတို့၏ အတွေ့အကြုံများကို ဝေမျှရန်အတွက် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရန် အလွန်ခက်ခဲလှပါသည်။

ကျွန်မတို့၏ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လာသည်နှင့်အမျှ အမျိုးသမီးများအား အတူတကွခေါ်ဆောင်လာပြီး စကားပြောခွင့်ပေးခြင်းသည် အစပြု၍စွမ်းဆောင်ရည်စမြှင့်တင်လာသည်ကို ကျွန်မတို့အနေဖြင့် တွေ့ရှိခဲ့ရပါသည်။ ရပ်ရွာလူထုအတွင်း စိတ်နေသဘောထားပြောင်းလဲမှုများမှာ နှေးပါသော်လည်း ကျွန်မတို့၏ အတွေ့အကြုံများအရ အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ အသိပညာဗဟုသုတများနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်ထုတ်ဖော်ပြောဆိုရန် အခွင့်အရေးတစ်ခုစီတိုင်းသည် ၎င်းတို့အား ခေါင်းဆောင်များဖြစ်လာစေရန်အတွက် စွမ်းရည်မြှင့်ပေးနေခြင်းဖြစ်သည်။

ဥပမာအားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဓနုဌာနေတိုင်းရင်းသားအဖွဲ့မှ အိမ်ထောင်မရှိသေးသော အမျိုးသမီးငယ်တစ်ဦးဖြင့် ကျွန်မတို့လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ အစပိုင်းတွင် သူမအနေဖြင့် ပွိုင့်မှ သင်ကြားပေးသော မြေယာ၊ သစ်လုပ်ငန်းနှင့် ခေါင်းဆောင်မှုဆိုင်ရာ သင်ခန်းစာများတွင် တက်ရောက်ခဲ့ပါသည်။ ယင်းသင်တန်းများသည် သူမအား ဒေသခံသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းတစ်ခု၏ ဝန်ထမ်းတစ်ယောက်အနေဖြင့် တာဝန်ထမ်းဆောင်ရန်အတွက် ကူညီပေးခဲ့ပါသည်။ သူမအနေဖြင့် သူမ၏ရွာတွင်ရှိသော အမျိုးသမီးရပ်ရွာလူထုအဖွဲ့ဝင်များအား အသိပညာဗဟုသုတများအား ဆက်လက်မျှဝေပေးခဲ့ပါသည်။

သူမသည် ဌာနေတိုင်းရင်းသူအမျိုးသမီးတစ်ဦးဖြစ်ပြီး ငယ်ရွယ်ပါသော်လည်း ယင်းတက်ကြွလှုပ်ရှားမှုများကြောင့် သူမအား ခေါင်းဆောင်တစ်ဦးအဖြစ်စတင် အသိအမှတ်ပြုလာပါသည်။ (မြန်မာနိုင်ငံအတွင်း ခေါင်းဆောင်မှုနေရာတစ်ခု ရယူရန်အတွက် များသောအားဖြင့် ကြုံတွေ့ရလေ့ရှိသော အခက်အခဲများ။) သမအနေဖြင့် ပိုမိုကျယ်ပြန့်သော ဓနုလူထုအဖွဲ့အစည်း၏ ယုံကြည်မှုကိုရရှိခဲ့ပြီး ၎င်းတို့အနေဖြင့် မြေယာနှင့်ပတ်သက်သော အခွင့်အရေးများနှင့် ကြိုတင်အသိပေးသဘောတူညီမှုရယူခြင်းဆိုင်ရာများ အစရှိသည့် ထိရှလွယ်သော ကိစ္စရပ်များကို သူမထံလာရောက်ဆွေးနွေးမှုခံယူကြသည်။

သူမအနေဖြင့် ဒေသခံ ရပ်ရွာအဖွဲ့အစည်းအား ၎င်းတို့၏မြေများနှင့် အသက်မွေးဝမ်းကြောင်းများအား ဒေသအတွင်းဆောင်ရွက်နေသော သတ္တုတူးဖော်မှုစီမံကိန်းတစ်ခုမှထံမှ ကာကွယ်ရန်အတွက် ကူညီထောက်ပံပေးနိုင်ခဲ့ပါသည်။ ထို့နောက်အမျိုးသမီးများကိုလည်းအိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာဖြစ်ရပ်များနှင့် ပတ်သက်၍လည်း အထောက်အကူပေးနိုင်လာသည်။ ယင်းဖြစ်ရပ်အားဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရပ်ရွာလူထုအား ကာကွယ်စောင့်ရှောက်ရန်အတွက် အမျိုးသမီးများသည် အရေးကြီးသောအခန်းကဏ္ဍများကို တာဝန်ယူနိုင်ကြောင်း ပြသနေခြင်းဖြစ်ပါသည်။

သို့ပါသော်လည်း ယင်းလုပ်ငန်းများတွင် အန္တရာယ်မရှိသည့် အချိန်မရှိပါ။ သူမအနေဖြင့်လည်း သူမ၏လုပ်ငန်းသဘောသဘာဝကြောင့် ခြိမ်းခြောက်ခံရမှုများလည်းရှိပါသည်။ ကျွန်မ၏အမြင်ရှုထောင့်အရ အမျိုးသမီးများသည် အပြုသဘောဆောင်သော စံပြပုဂ္ဂိုလ်များပိုမိုလိုအပ်ပါသည်။ ထို့နောက် အလုပ်သဘောအရဖြစ်ပေါ်လာသော ပြဿနာများနှင့် အခက်အခဲများအား ကူညီပြန်လည်တုန့်ပြန်ရန်အတွက် အချိတ်အဆက်များ ပိုမိုထောက်ပံပေးရန် လိုအပ်ပါသည်။ ဌာနေတိုင်းရင်းသူ အမျိုးသမီးခေါင်းဆောင်များအား မြှင့်တင်ပေးနေပြီး အထောက်အကူပေးနေသော အဖွဲ့အစည်းများအနေဖြင့် အမျိုးသမီးများမှ အရေးကြီးသော ယင်းအခန်းကဏ္ဍများကို ဦးဆောင်ရာတွင်လည်း ၎င်းတို့အား ကာကွယ်စောင့်ရှောက်ပေးသော စနစ်များလည်း ရှိသင့်ပါသည်။

ဌာနေတိုင်းရင်းသူအမျိုးသမီးများအား ထိရောက်ပြီး အဓိပ္ပါယ်ပြည့်ဝသောပါဝင်မှုဖြစ်စေရန်အတွက် သစ်တောများနှင့် မြေယာအရင်းအမြစ်များအပေါ်တွင် ဆုံးဖြတ်ချက်ချခြင်း၌ အမျိုးသမီးများ၏ ပါဝင်မှုများအား တိုက်တွန်းခွန်အားပေးခြင်းဖြင့် မြှင့်တင်ရေးများတွင်လည်း CSOစီမံကိန်း လုပ်ဆောင်မှုများမှလည်း အထောက်အကူပေးနိုင်ပါသည်။ တိုင်းရင်းသားရိုးရာအများစုတွင် ၎င်းတို့၏ ရိုးရာဓလေ့များသည် အမျိုးသမီးများအား မြေယာနှင့် သစ်တောအုပ်ချုပ်မှုများ အားဆောင်ရွက်ရန်တွင် တားမြစ်ထားသောကြောင့် ထိုအရာများအား အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အထူးလုပ်ဆောင်ချက်များလိုအပ်ပါသည်။

ဌာနေတိုင်းရင်းသာ လူထုအသိုက်အဝန်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင်ကြုံတွေ့ခဲ့ရသော ကျွန်မ၏ အတွေ့အကြုံအသေးစိတ်အားဖော်ပြရန်အတွက် ကျွန်မအနေဖြင့် ဤဥပဒေများအား ဝေမျှခြင်းဖြစ်သည်။ ယင်းတို့သည် CSO စီမံကိန်းများမှတစ်ဆင့် အမျိုးသမီးများအားပညာပေးခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်းများသည် အမျိုးသမီးများအား ဒေသတွင်း ခေါင်းဆောင်များဖြစ်လာစေပြီး တစ်ဆက်တည်းမှာပင် ၎င်းတို့၏ ပိုမိုကျယ်ပြန့်သော လူမှုအသိုက်အဝန်းအတွက် ၎င်းတို့၏ အရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်အား ကာကွယ်စောင့်ရှောက်ရန်အတွက် အထောက်အကူပေးနေပါသည်။

### ebk

ကော်မတီများအတွင်း၊ သစ်တောနှင့် မြေယာစီမံခန့်ခွဲမှုများဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများအတွင်း၌ ဌာနေတိုင်းရင်းသူ အမျိုးသမီးများအား နေရာပေးခြင်းအားဖြင့် အမျိုးသမီးများအား မိမိတို့ကိုယ်ကို ယုံကြည်မှုရှိလာစေရန် ခွန်အားပေးမြှင့်တင်ပေးပြီး ၎င်းတို့တာဝန်ယူရသော အခန်းကဏ္ဍနှင့် ဒေသမြေနေရာများပေါ်တွင်ရှိသော ၎င်းတို့၏ အသိပညာဗဟုသုတများအပေါ်တွင် တန်ဖိုးထားလာကြမည်ဖြစ်သည်။ အမျိုးသမီးခေါင်းဆောင်များ တိုးပွားလာခြင်းသည်လည်း အခြားအမျိုးသမီးများအတွက် စံနမူနာဖြစ်စေပါသည်။ ဤအရာသည်

စီမံကိန်းတော်တော်များများအတွင်း အမျိုးသမီးများ ရပ်ရွာအဖွဲ့အစည်းများအတွင်း တက်ကြွစွာပါဝင်နေကြပြီး ၎င်းတို့ဒေသ၌ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ကောင်းမွန်သော မြေယာစီမံခန့်ခွဲမှုများ ရှိရန်အတွက် မြှင့်တင်မှုများဆောင်ရွက်လျက်ရှိသည်ကိုလည်း ကျွန်မအနေဖြင့် မြင်တွေ့ခဲ့ရပါသည်။ ရေရှည်တွင် သစ်တောနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာများတွင် အမျိုးသမီးခေါင်းဆောင်များသည် ပိုမိုအားကောင်းလာနိုင်ပြီး ရပ်ရွာအဆင့်တွင်သာမဟုတ်ဘဲ နိုင်ငံတော်ဆင့်တွင်ပါ အသိအမှတ်ပြုခံရနိုင်ပါသည်။

**နော်အိအိမင်းသည် မြန်မာနိုင်ငံမှ ဌာနေတိုင်းရင်းသား ကရင်အမျိုးသမီးတစ်ဦးဖြစ်သည်။ နော်အိအိမင်းသည် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၃ရက်နေ့မှစတင်၍ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့တွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိနေပါသည်။ သူမသည် Asia Indigenous Peoples Pact (AIPP) ၏ အလုပ်အမှုဆောင် ကောင်စီအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ သူမအနေဖြင့် နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာဘာသာရပ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒကို လေ့လာခဲ့ပါသည်။ သူမသည် ဌာနေတိုင်းရင်းသားများနှင့် ဌာနေတိုင်းရင်းသူ အမျိုးသမီးများအားကိုယ်စားပြု၍ နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးဖိုရမ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားလျက်ရှိသည်။ သူမသည် (၂၀၁၇ခုနှစ်) မတ်လ ၁၆ ရက်နေ့တွင် အမေရိကန်နိုင်ငံက ပေးအပ်ခဲ့သော U.S. Embassy's Women of Change Award ကို ရရှိထားခဲ့သူလည်းဖြစ်သည်။**

## အခန်း(၂)၏ မှတ်စုများနှင့် ရည်ညွှန်းကိုးကားစာတမ်းများ


1. Promotion Of Indigenous and Nature Together (POINT) is an Indigenous NGO established in 2012. POINT is one of the few organisations in Myanmar applying a rights-based approach and clearly targeting Indigenous Peoples as beneficiaries, with specific focus on capacity building, REDD+ and women's rights. POINT is an initiator and founding member of the Indigenous Peoples/Ethnic Nationalities Network of Myanmar (IP-EN Network) and widely recognised as the leading NGO working on Indigenous Peoples' rights in the context of REDD+ in Myanmar.
2. Agatha Ma, Poe Ei Phyu, Catriona Knapman (2018) In the land of wise of old men, Oxfam Gender and Development, Volume 26, Issue 3.
3. KHRG (2018) Suffering in silence? Sexual violence against women in Southeast Myanmar; HRW (2018) Sexual Violence by the Burmese Military Against Ethnic Minorities
4. See: Chapter 3, Agatha Ma and Nilar Tun, In Myanmar's New Legal Landscape The Voices of Indigenous Women Are Needed For Climate Justice,
5. CARE, ActionAid, Trocaire and Oxfam (2013) Women Leadership In Myanmar.
6. Women in leadership Gender Equality Network (GEN), (2015), Raising the Curtain, Cultural Norms, Social Practices and Gender Equality in Myanmar.
7. This is the case both for single and married women. For a single woman, if they travel alone to city (which is long distance), traditions consider it is not safe and she can be seen by society negatively. For a married woman, especially if her husband has a traditional mind set, she will be treated like a problem in her family. This kind of practice is gradually changing.
8. This study included customary village chiefs, village committees and land, forest, and water committees.
9. Karen Human Rights Group (KHRG), (2016) 'Hidden Struggles Hidden Strengths, Women's testimonies from southeast Myanmar.'
10. Eckstein, Hutfils and Winges (2019), Global Climate Risk Index, Who Suffers Most From Extreme Weather Events? Germanwatch
11. Saw Blacktown, (2019), Burma's Indigenous Karen Communities Move to Protect Rivers, Forests, Karen News.
12. UN Women Watch (2009) Fact Sheet, Women, Gender Equality and Climate Change.
13. Dhir, Oelz and Harsdorff, (2017), Indigenous peoples and climate change, ILO.
14. Ibid.
15. FAO (2008) Climate change a further challenge for gender equity.
16. UN Women Watch, (supra)
17. Ibid.
18. UNFPA (2016), Psychosocial support for survivors of gender-based violence in flood zones
19. Cuso International (2019) Groups, Southeast Asian Indigenous Women Leaders to COP 25 delegates: Stronger Climate Adaptation Support Now!
20. Ibid.
21. Government of the Republic of the Union of Myanmar, Environment Assessment, (2019)

22. Based on fieldwork and meetings with CSOs working on Community Forestry (multiple years).

23. RECOFTC, (2016) Ensuring Women's Participation in Forest Decision-Making


24. Community Forestry Instructions 2019

25. Namati, (2016) Gendered Aspects Of Land Rights In Myanmar: Evidence From Paralegal Casework.

26. Naw Betty Han, Thompson Chau, (2018) Female representation in politics remains "strikingly low", Myanmar Times.

27. Minoletti, (2014) Women's Participation in the Subnational Governance of Myanmar, Yangon: MDRI, CESD and TAF

28. HerStory4, (2019), Struggles and Successes: Indigenous Women voices and perspectives, AIPP.



ပြောင်းပင်များရိတ်သိမ်းခြင်း။ Credit: Signe Leth

# tcef;(3 )

## မြန်မာနိုင်ငံ၏ အသစ်သော ဥပဒေရေးရာ သွင်ပြင်အနေအထားအတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တရားမျှတမှုအတွက် ဌာနေတိုင်းရင်းသား အမျိုးသမီးများ၏ အသံများလည်း လိုအပ်သည်။

**အာဂသမနှင့် နီလာထွန်း**

## နိဒါန်း

စစ်အာဏာရှင်စနစ်မှ ဒီမိုဂရေစီနိုင်ငံအဖြစ်သို့ ကူးပြောင်းမှုကိုမြင်တွေ့ခဲ့ရသော ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ၏နိုင်ငံရေး အပြောင်းအလဲကာလများကတည်းကပင် အစိုးရအနေဖြင့် အမျိုးသားရေးမူဝါဒ၊ ဥပဒေနှင့် အများဆိုင်ရာဝန်ဆောင်မှုများအတွက် အဓိကပြုပြင်မှုများ ပြုလုပ်ရန် တာဝန်ယူခဲ့ပါသည်။ ယင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရာသီဥတုပြောင်းလဲမှုများများအား ပြန်လည်တုန့်ပြန်ရန်အတွက် မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့တစ်ခုဖြစ်သော International Union for Cons–ervation of Nature (IUCN)နှင့် ၂၀၁၃ခုနှစ်ကတည်းကစတင်၍ လက်တွဲလုပ်ဆောင်လာခဲ့ပါသည်။ ယင်းတို့အားဆောင်ရွက်ရာတွင် ရေရှည်/ ရေတို ကာလ သစ်တောများ ပြန်လည်စိုက်ပျိုးခြင်းနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များမှတဆင့် အဓိကအကောင်အထည် ဖော်ဆောင်ရွက်ကြပါသည်။ ဤနေရာတွင်လည်း အမျိုးသမီးများ သို့မဟုတ် တိတိကျကျပြောရမည်ဆို ပါလျှင် ဌာနေတိုင်းရင်းသူ အမျိုးသမီးများသည် ယင်းလုပ်ငန်းစဉ်များတွင် ပါဝင်နေခြင်းမရှိပါ။

ကျွန်မတို့သည် ကျားမရေးရာနှင့် ပတ်သက်၍ ကျွမ်းကျင်သူများဖြစ်ကြပြီး မြန်မာဂျန်ဒါ အကယ်ဒမီ (Gender Academy Myanmar)အား တည်ထောင်သူများလည်းဖြစ်ကြသည်။ မြန်မာဂျန်ဒါ အကယ်ဒမီ (Gender Academy Myanmar)သည် ပညာရှင်များဖြင့်ဖွဲ့စည်းထားပြီး သင်တန်းများပေးခြင်းနှင့် နိုင်ငံအဆင့် ကျား/မရေးရာအခြေခံဆွေးနွေးမှုများအား ဖော်ဆောင်ပေးခြင်း ကျား/မရေးရာ တန်းတူညီရေးအတွက် မြှင့်တင်ပေးသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကျွန်မတို့၏ လုပ်ငန်းနှင့် ကိုယ်တိုင်တွေ့ကြုံမှုများအရ ဌာနေတိုင်းရင်းသူ အမျိုးသမီးများသည် ၎င်းတို့၏ နေ့စဉ်ဘဝဖြတ်သန်းမှုများ၊ ရိုးရာဓလေ့နှင့် သစ်တောများဖြင့် တစ်ဘဝလုံးပတ်သက်ဆက်နွယ်နေခဲ့ခြင်းမှ ရရှိခဲ့သော အသိပညာဗဟုသုတများ ပိုင်ဆိုင်ထားသည့် ရေးကြီးသော ဇတ်ကောင်များဖြစ်ကြသည်ကို မျက်မြင်ကြုံတွေ့ခဲ့ရပါသည်။

၎င်းတို့တွင် ရေမြေဒေသပတ်ဝန်းကျင်အား အခြေခံ၍ ထူးခြားသော အသိပညာဗဟုသုတများရှိကြပြီး ယင်းတို့တွင် သစ်တောများအားကာကွယ်ရန်အတွက် အလွန်တိကျသော အလေ့အထများလည်း ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းကို ဆန့်ကျင်ဆောင်ရွက်ကြရာ၌ ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏ နေ့စဉ်လှုပ်ရှားမှုများသည် ရှေ့တန်းမှ ပါဝင်လာနိုင်သည့် အလာအလားရှိနေပါကြောင်း ကျွန်မတို့ ယုံကြည်ပါသည်။

သို့ပါသော်လည်း ဥပဒေနှင့် မူဝါဒများ ဖော်ဆောင်ရန်အတွက် ၎င်းတို့သည် ဆွေးနွေးပွဲ များတွင်ပါဝင်ခွင့် မရှိကြပါ။ ထို့အပြင် ၎င်းတို့ နိုင်ငံတကာကျွမ်းကျင်မှုများနှင့် ပတ်သက်၍ ၎င်းတို့၏ သိရှိနားလည်မှုများကို ပိုမိုကျယ်ပြန့်လာစေရန်အတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သင်တန်းပို့ချမှုများသို့လည်း ပုံမှန်ဖိတ်ကြားခြင်းမခံကြရပါ။ ယခုအချိန်သည် မြန်မာနိုင်ငံ၌ ယင်းသို့ဖြစ်ပေါ်နေမှုများအား ပြန်လည်ကြည့်ရှုသုံးသပ်ရန်အချိန်ဖြစ်ပြီး ကျွန်မတို့၏ တစ်နိုင်ငံလုံးနှင့်ဆိုင်သော သစ်တောများအား ထိန်းသိမ်းရန်စဉ်းစားရာတွင် ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏အသံများကို နားထောင်ပေးရန်တွက် အချိန်ကျနေပြီဖြစ်သည်။

## စာတမ်းပြုစုခြင်း

ဤစာတမ်းသည် မြေယာနှင့် သစ်တောများဖြင့် ဆက်နွယ်၍ ကျေးလက်နေ ဌာနေတိုင်းရင်းသားအမျိုးသမီးများအပေါ် သက်ရောက်မှုများရှိသည့် နိုင်ငံတော်ဥပဒေနှင့် မူဝါဒများအပေါ် ပြန်လည်ထင်ဟပ်တင်ပြထားသည်။ ဤနေရာတွင် ကျွန်မတို့ဖော်ပြလိုက်သော အချက်အလက်များမှာ မတူညီသော အရင်းအမြစ်များမှ စုဆောင်းထားကြသည်ဖြစ်သည်။ ပထမဆုံးအနေဖြင့် မြန်မာနိုင်ငံအနှံ့ အဖွဲ့အစည်းအမျိုးမျိုးနှင့် လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ကျွန်မတို့၏ ကွင်းဆင်းအတွေ့အကြုံများဖြစ်သည်။ ဤစာရေးသူတစ်ဦးဖြစ်သော အာဂသမသည် ကယားပြည်နယ်မှဖြစ်ပြီး ယင်းဒေသတွင် နေထိုင်သော ဌာနေတိုင်းရင်းသားအဖွဲ့တစ်ခုမှ လည်းဖြစ်သည်။ သို့ဖြစ်ပါ၍ သူမအနေဖြင့် ထိုဒေသတွင်နေထိုင်ခဲ့သော သူမ၏ကိုယ်ပိုင်အတွေ့အကြုံများမှလည်း တင်ပြထားပါသည်။ ဤစာတမ်းသည် ကျွန်မတို့ပါဝင်ခဲ့ကြသော ယခင်လေ့လာမှုများမှ အချက်အလက်များအပါအဝင် လိုအပ်သောနေရာများ၌ ငြင်းခုံဆွေးနွေးမှုပြုနိုင်ရန်အတွက် သင့်တော်သောစာရွက်စာတမ်းများမှလည်း ကောက်ယူထုတ်နှုတ်ထားပါသည်။

ထူးခြားစွာဖြင့် အစိုးရမှ သစ်တောကြိုဝိုင်း ၁၆၇ခုသတ်မှတ်ရန်၊ ၈၉ခုသော အများပိုင်ကာကွယ်ရေးသစ်တောများ သတ်မှတ်ရန်နှင့် အမျိုးသားတောရိုင်းတိရိစ္ဆာန်ဘေးမဲ့တော ၅ခု အစရှိသည်တို့အား ပြုလုပ်နေသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြုလုပ်ခဲ့သည့် ကဏ္ဍမျိုးစုံပါဝင်သော လူမှုရေးဆိုင်ရာ အကဲဖြတ်မှုအား ကိုးကားထားသည်။ ယင်းနည်းဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သစ်တောအသုံးပြုသူအဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့သည်။

## ဝေါဟာရ အသုံးအနှုန်း

မြန်မာနိုင်ငံအတွင်းရှိ ၇၀%သောလူဦးရေသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ ကျေးလက်ဒေသရှိ လူဦးရေအများစုမှာ အစွန်အဖျားနှင့် ကုန်းမြင့်ပိုင်းဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသား ၁၃၅ မျိုးရှိပါသည်။ ၎င်းတို့အတွင်း ဗမာလူမျိုးများသည် လူဦးရေအများဆုံးဖြစ်၍ နိုင်ငံစုစုပေါင်းလူဦးရေ၏ ၆၈%အထိရှိသည်။ တိုင်းရင်းသားများဖြစ်သော ရှမ်း၊ ကချင်၊ ချင်း၊ ကယား၊ ကရင်၊ မွန်၊ လီဆူ၊ ဓနု၊ ပအိုဝ်၊ အခါ၊ လားဟူနှင့် အခြားတိုင်းရင်းသားများအား လူနည်းစုအဖြစ် သတ်မှတ်ပါသည်။ ယင်းလူနည်းစုအဖွဲ့တွင် တူညီသည့်အချက်တစ်ခုမှာ ကျန်ခဲ့သည့်ရာစုနှစ်အတွင်း လူများအများစုဖြစ်သော ဗမာအစိုးရ၏ ခွဲခြားဆက်ဆံခြင်းအား သမိုင်းတစ်လျှောက် ခံစားခဲ့ရခြင်းဖြစ်သည်။ မကြာသေးမီကာလများတွင်ဖြစ်ပျက်ခဲ့သော ပဋိပက္ခများနှင့် ပြည်တွင်းစစ်များတွင်လည်း ထိုနည်း၎င်းပင်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့တစ်ခုဖြစ်သော International Union for Conservation of Nature (IUCN) ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ယင်းလူနည်းစုများအား ဌာနေတိုင်းရင်းသားများဟု သတ်မှတ်ပါသည် အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ဓလေ့၊ အဝတ်အစား၊ ဘာသာရေးဆိုင်ရာ ယုံကြည်မှုနှင့် ယဉ်ကျေးမှု အလေ့အကျင့်များသည် အဓိကလူများစုမှ ကွဲထွက်နေသောကြောင့်ဖြစ်သည်။ နိုင်ငံရေးစကားဝိုင်းများတွင်မူ ယင်းလူနည်းစုအဖွဲ့များရည်ညွှန်းရာတွင် ကျွန်မတို့အနေဖြင့် "ဌာနေတိုင်းရင်းသားများ" ဆိုသည်ထက် "တိုင်းရင်းသားများ" ဆိုသောစကားလုံးကိုသာ အသုံးများကြသည်။ ဤစာတမ်းတွင်မူ ကျွန်မတို့အနေဖြင့် စကားရပ်အသုံးအနှုန်း နှစ်ခုအကြားပြောင်းလဲရန် ရွေးချယ်ခဲ့ပါသည်။ ထိုသို့ဖြင့် ယင်းတို့တွင်ရှိသည့် ရှုပ်ထွေးသော သဘောတရားများအား အသိအမှတ်ပြုခြင်းနှင့် ယင်းအသုံးအနှုန်းများ၏ နောက်တွင်ရှိသော သမိုင်းကြောင်းများဟူ၍ဖြစ်ပြီး ဒုတိယတစ်ခုမှာ ဤစာတမ်းတွင် အဓိကဆွေးနွေးတင်ပြသွားမည့် ဘာသာရပ်မဟုတ်ပါ။

## သဘာဝသယံဇာတအရင်းအမြစ်များအပေါ်ရှိ မြန်မာနိုင်ငံ၏ ဥပဒေသစ်များ

မကြာသေးမီကာလ နိုင်ငံရေးပြောင်းလဲမှုများ စတင်ကတည်းက မြန်မာအစိုးရအနေဖြင့် မြေယာ၊ သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များဖြင့် ပတ်သက်သော အုပ်ချုပ်ရေးဆိုင်ရာဥပဒေအသစ်များကို ဖော်ဆောင်ခဲ့ပါသည်။ ယင်းတို့အထဲတွင် အသစ်သော ရပ်ရွာအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက် ၂၀၁၉၊ အမျိုးသားမြေအသုံးချမှု မူဝါဒ(NLUP)၂၀၁၆၊ သစ်တောဥပဒေ ၂၀၁၆၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ ၂၀၁၂နှင့် လယ်ယာမြေဥပဒေ ၂၀၁၂တို့ ပါဝင်ကြသည်။ မြန်မာနိုင်ငံသည် ဇူလိုင်လ ၁၉၉၇ခုနှစ်တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းပပြောက်ရေး သဘောတူစာချုပ်(CEDAW)အား အတည်ပြုလက်မှတ်ရေးထိုးခဲ့သော်လည်း ရပ်ရွာအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် NLUPတွင်သာ CEDAW ဖြင့်ကိုက်ညီသော ကျားမရေးရာသာတူညီမျှရေး ပြဋ္ဌာန်းချက်များ ပါဝင်သည်။

အထူးသဖြင့် NLUPတွင်ပါဝင်သောစာသားများသည် CEDAW တွင်ဖော်ပြထားသော အမျိုးသားနှင့် အမျိုးသမီးများအား မြေယာအရင်းအမြစ်များ၊ လုပ်ပိုင်ခွင့်များနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်ချခြင်းများ (ပုဒ်မ ၈ (တ)) အတွက် တူညီသော အခွင့်အရေးပေးရမည်ဟူသည့် ပြဋ္ဌာန်းချက်များဖြင့် အတော်ကိုက်ညီသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသမီးများနှင့် အမျိုးသားများသည် မြေယာခွဲဝေခြင်းနှင့် စီမံခန့်ခွဲခြင်း၊ အမွေဆက်ခံခြင်းနှင့် မြေယာတောင်းခံခြင်းများတွင် ပါဝင်ရန် တန်းတူအခွင့်အရေးများကိုလည်း ယင်းတွင်ဖော်ပြထားသည်။

NLUPအား တက်ကြွစွာ အကောင်အထည်ဖော်လုပ်ဆောင်ခြင်းမရှိသေးပါ။ လက်တွေ့တွင်မူ အမျိုးသမီးအနည်းငယ်သာလျှင် ယင်းကဲ့သို့တန်းတူအခွင့်အရေးကို ရရှိကြသည်။ သစ်တောဌာနနှင့် မြေယာစီမံခန့်ခွဲမှုကော်မတီတွင် အနည်းငယ်သောအမျိုးသမီးကြီးများသာရှိပြီး လွှတ်တော်တွင်လည်း အမျိုးသမီးအရေးအတွက်နည်းပါးကာ ပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းအလွန်နည်းပါးသောကြောင့် ယင်းဥပဒေသစ်များအားဖော်ဆောင်ရာ၌ အမျိုးသမီးများ၏ အသံများနှင့် အမြင်များသည် အကြီးအကျယ်ပါဝင်ခဲ့ခြင်းမရှိပါ။

လက်ရှိကာလများအတွင်း နိုင်ငံရေးကူးပြောင်းမှုများသည် အမျိုးသမီးများအား နိုင်ငံရေးတွင် ပါဝင်ရန်နေရာများ ပိုမိုဖန်တီးပေးလာကြသော်လည်း (၂၀၁၅ ခုနှစ်၌ လွှတ်တော်တွင် အမျိုးသမီးကိုယ်စားလှယ်များပါဝင်မှုအား ၄.၆% မှ ၁၀.၂%ထိ မြင့်တက်လာသည်။) မြန်မာအစိုးရတွင် အမျိုးသားများသာ ဆက်လက်ကြီးစိုးနေပါသည်။ မြန်မာနိုင်ငံ၏ မူဝါဒချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များသည် အထက်မှအောက်သို့သွားသည့် လမ်းစဉ်ဖြစ်သည်။ ဥပဒေသစ်များနှင့် မူဝါဒများအတွက် အများပြည်သူထံတိုင်ပင်ဆွေးနွေးခြင်းများတွင် သတင်းအချက်အလက်ရရှိမှု အကန့်အသတ်များ၊

ဘာသာစကားအခက်အခဲ၊ မိမိတို့၏လုံခြုံရေးနှင့် အမျိုးသမီးများခရီးသွားခွင့်အား ကန့်သတ်ထားသော ထုံးတမ်းဓလေ့များကြောင့် ယင်းအစည်းအဝေးတွင် အမျိုးသမီးများပါဝင်လာနိုင်ရန်နည်းပါးသည်။ NGOများမှ ကြီးမှုးကျင်းပသည့် ကျေးလက်နေအမျိုးသမီးများပါဝင်သော အချို့ဆွေးနွေးတိုင်ပင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင်မူ ဌာနေတိုင်းရင်းသူ အမျိုးသမီးများလည်း အနည်းငယ်ပါဝင်လာနိုင်သည်။

| ဒေသခံကော်မတီများတွင် အမျိုးသားနှင့် အမျိုးသမီးများပါဝင်မှု (စစ်ကိုင်း – ဥပမာ / စစ်ကိုင်းတိုင်းဒေသကြီး) | | |
|---|---|---|
| ကော်မတီ | ပါဝင်မှု | |
| | အမျိုးသား | အမျိုးသမီး |
| မြေယာစီမံခန့်ခွဲမှု ကော်မတီ | ✓ | - |
| လျှပ်စစ်မီးကော်မတီ | ✓ | - |
| ပညာရေးကော်မတီ | ✓ | ✓ |
| ရွာသူကြီး | ✓ | - |
| ရာအိမ်မှုး | ✓ | - |
| ဆယ်အိမ်မှုး | ✓ | ✓ |
| ရွာလူကြီးအဖွဲ့ | ✓ | - |
| ဘာသာသာသနာရေး အဖွဲ့ | ✓ | ✓ |
| အရေးပေါ်ကူညီရေး အလုပ်ကော်မတီ | ✓ | ✓ |
| ကလေးသူငယ်စောင့်ရှောက်ရေး ကော်မတီ | ✓ | ✓ |
| သဘာဝဘေးအန္တရာယ် ကာကွယ်ရေးကော်မတီ | ✓ | ✓ |
| လူမှုရေးဆိုင်ရာ စောင့်ရှောက်မှု ကော်မတီ | ✓ | ✓ |

မြန်မာနိုင်ငံရှိ ကျေးရွာများ နှင့် ကျေးရွာအုပ်စုဒေသများတွင် တရားဝင်တည်ထောင်ထားသော ကော်မတီများတွင် ဤပုံစံများကိုတွေ့ရသည်။ ၎င်းတို့တွင် မြေယာစီမံကိန်းများ၊ လျှပ်စစ်၊ ပညာရေး၊ ဘာသာသာသနာရေး၊ ကျေးရွာအုပ်ချုပ်မှုဆိုင်ရာ အဖွဲ့များနှင့် ကလေးသူငယ် စောင့်ရှောက်ကာကွယ်ရေးအဖွဲ့များ ပါဝင်ကြသည်။ အနည်းငယ်သော အမျိုးသမီးများသည်သာလျှင် ဒေသတွင်းစီမံအုပ်ချုပ်မှုဆိုင်ရာ ခေါင်းဆောင်ရာထူးများဖြစ်သည့် ဆယ်အိမ်မှူးနှင့် ရာအိမ်မှူးရာထူးများကိုရရှိကြသည်။ မြေယာစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဒေသခံကော်မတီနှစ်ခုရှိပါသည်။ ၎င်းတို့မှာ မြေယာစီမံခန့်ခွဲရေးကော်မတီနှင့် မြေယာစီစစ်ရေးကော်မတီတို့ဖြစ်သည်။ ယင်းအဖွဲ့များ၏ အဓိကကျသောနေရာများအား အမျိုးသားများမှ သိမ်းယူထားပြီးဖြစ်သည်။ အမျိုးသမီးများသည် ကျေးရွာအဆင့် အစည်းအဝေးများဖြစ်သော လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အစည်းအဝေးများသို့ မကြာခဏလာရောက်ကျလေ့ရှိပြီး သဘာဝအရင်းအမြစ်များနှင့် ပတ်သက်သော အစည်းအဝေးများကိုမူ လာရောက်ခြင်းမရှိပါ။

ဆုံးဖြတ်ချက်ချခြင်းများတွင် (အထူးသဖြင့် သဘာဝအရင်းအမြစ်များနှင့် ဆိုင်သော) အမျိုးသားများနှင့်ယှဉ်ပါက အမျိုးသမီးများ ပါဝင်မှု အလွန်နည်းပါးသည့် ပုံစံများအားဖြင့် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် ပုံစံများအား ခြုံငုံထင်ဟပ်နေပါသည်။ အမျိုးသမီးများသည် ဦးဆောင်သူများမဟုတ်ကြဘဲ အရင်းမြစ်နှင့် အုပ်ချုပ်ရေးပိုင်းကိုလည်း မသိရှိကြပါဟူသော ရိုးရာဓလေ့သဘောထားများသည် ပြဿနာဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ ဖယ်ထုတ်ထားခြင်းကို ပိုမိုခံရလေ၊ ၎င်းတို့သည် အရင်းအမြစ်များရရှိပိုင်ခွင့်များနှင့် အုပ်ချုပ်မှုဆိုင်ရာ မူဘောင်များနှင့်ပတ်သက်သော အသိပညာများမှာ ပိုမိုနည်းပါးလေဖြစ်သည်။

ယင်းပြောင်းလဲမှုများသည် တိုင်းရင်းသားအမျိုးသမီးများနှင့် တရားဥပဒေစနစ်၏ အကြားရှိအခြားသောကွာခြားချက်များကို ထင်ဟပ်တင်ပြထားပါသည်။ များစွာသော အမျိုးသမီးတိုင်းရင်းသားများသည် တရားဥပဒေမူဘောင်အား ယုံကြည်ခြင်းမရှိကြပါ။ အဘယ့်ကြောင့်ဆိုသော ကြရှည်စွာတရားရင်ဆိုင်ရခြင်း၊ ရှေ့နေများ ငွေရမ်းရခြင်းကြောင့် ကုန်ကျစရိတ်ကြီးခြင်း၊ ဘာသာစကား၊ တရားရုံးအတွင်း ယဉ်ကျေးမှုများမတူညီခြင်း၊ ထို့အပြင် တရားသူကြီးများနှင့် အခြားတာဝန်ရှိသူများ၏ အကျင့်ပျက်ချစားခြင်းကြောင့်ဖြစ်သည်။ ဒေသဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများမှာ ကျေးလက်ဒေသရှိ အမျိုးသမီးများအတွက် လက်လှမ်းအမီဆုံးသော ပြဿနာဖြေရှင်းမှုဆိုင်ရာ ယန္တရားတစ်ခုဖြစ်သော်လည်း ဤစနစ်မှတစ်ဆင့် တရားမျှတမှုရှိစေရန်အတွက် အခက်အခဲများစွာရှိနေပါသည်။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့နှင့် ကျေးရွာလူကြီးအဖွဲ့များသည် အမျိုးသားများဖြင့်သာ များသောအားဖြင့်ဖွဲ့စည်းထား သောကြောင့် ၎င်းတို့အနေဖြင့် အမျိုးသမီးများ၏ စိုးရိမ်စိတ်ဝင်စားမှုများ

အား သဘောမပေါက်သည့်ပုံပေါ်ပြီး အမျိုးသမီးများ၏ အတွေ့အကြုံများအား ထည့်သွင်းစဉ်းစားဆုံးဖြတ်ခြင်းများလည်းမရှိလဲ ၎င်းတို့၏ အခွင့်အရေးများအား စောင့်ရှောက်ကာကွယ်ခြင်းလည်းမရှိပါ။

## ၂၀၁၂ လယ်ယာမြေဥပဒေ၏ သက်ရောက်မှုများ

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးအပေါ်တွင် မှီခိုနေရသောကြောင့် မြေယာများသည် ဌာနေတိုင်းရင်းသားဒေသများတွင်နေထိုင်ကြသော သူများအတွက် အရေးကြီးသော ပိုင်ဆိုင်မှု/ အရာတစ်ခုဖြစ်သည်။ ၂၀၁၂ခုနှစ်တွင် အစိုးရမှ လယ်ယာမြေဥပဒေကို စတင်မိတ်ဆက်ပေးခဲ့သည်။ ၎င်းသည် ကျေးလက်ဒေသတွင်ရှိသော လယ်သမားများအား မြေအသုံးပြုမှုလက်မှတ် (LUCs)များအား ပထမဆုံးအကြိမ် ထုတ်ပေးခဲ့ပါသည်။ တစ်ဦးတည်းပိုင် (စပ်တူမဟုတ်သော) အသုံးပြုသူခေါင်းစဉ်အတွက် ဥပဒေတွင်ပါရှိသော်လည်း ကျား/ မ ကွဲကွဲပြားပြား ဖော်ပြထားသော ဘာသာစကားအသုံးအနှုန်းများ မပါရှိပါ။ အိမ်ထောင်ဦးစီးစနစ်များမှတစ်ဆင့် မှတ်ပုံတင်ခြင်းဆိုင်ရာများကိုလည်း လယ်ယာမြေဥပဒေတွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် အိမ်ဆောင်ဦးစီးများကဏ္ဍသည် ရိုးရာယဉ်ကျေးမှုများအရ အမျိုးသားကိုသာ နေရာပေးကြသည်။ ထိုသို့ဖြင့် သီအိုရီအရ ဥပဒေသည် အိမ်ထောင်မှမည်သူကိုမဆို မိမိတို့၏အမည်များဖြင့် မြေယာမှတ်ပုံတင်ခွင့်ပြုထားသော်လည်း လက်တွေ့တွင်မူ မြေခေါင်းစဉ်များသည် လူများစုဖြစ်သော အမျိုးသားများသာ ရရှိကြသည်။ ဤအရာသည် အမျိုးသမီးများအားဥပဒေအကြောင်းအရာအရ ၎င်းတို့၏မိသားစုနှင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိသော မြေအား ပိုင်ဆိုင်ခွင့်ရှိရန်ဖယ်ချန်ထားပြီး ၎င်းတို့၏ မိသားစုအခြေအနေသို့မဟုတ် ပစ္စည်းဥစ္စာအခြေအနေများ ပြောင်းလဲသွားနိုင်သော် အန္တရာယ်ရှိသည့်အနေအထားသို့ ရောက်ရှိစေပါသည်။

အမျိုးသားများအား မိသားစု၏ အိမ်ထောင်ဦးစီးများအဖြစ်၊ အဓိကဆုံးဖြတ်ချက်ချသူများအဖြစ်၊ အဓိကဝင်ငွေရှာသူများအဖြစ်သတ်မှတ်ပြီး အမျိုးသမီးများအား စီးပွားရေးအရ မှီခိုသူများနှင့် အမျိုးသားများ၏ နောက်မှလိုက်သောသူများဟုသတ်မှတ်ထားသောယဉ်ကျေးမှုအား ယင်းဥပဒေမှ ပိုမိုအားကောင်းရန်ဆောင်ရွက်လိုပါသည်။ မြန်မာနိုင်ငံ၏ နေရာအများစုတွင် မြေနှင့် သဘာဝအရင်းအမြစ်များအား စီမံအုပ်ချုပ်ရေးသည် အမျိုးသားများ၏ တာဝန်ဖြစ်သည်ဟု ယူဆကြသည်။ ဤကဲ့သို့ ရိုးရာသတ်မှတ်ချက်များအား နိုင်ငံအနှံ့အပြားတွင် ကျယ်ပြန့်စွာလက်ခံထားကြပြီး မျိုးဆက်တစ်ဆက်ပြီးတစ်ဆက်လည်း ပိုမိုခိုင်မာလာစေသည်။ ထိုအကြောင်းကြောင့် အမျိုးသမီးများ ရပ်ရွာလူမှုအသိုက်အဝန်းတွင် နေရာယူလာရန် ပိုမိုနည်းပါးလာပါသည်။ အမျိုးသမီးများအတွက် ၎င်းတို့၏ မိမိကိုယ်ကိုယုံကြည်မှုရှိလာစေရန်နှင့် ဦးဆောင်သူများအဖြစ် ပါဝင်နိုင်သည့် အခွင့်အရေးများရရှိရန်အတွက်လည်းအခက်အခဲများ ဖန်တီးပေးနေပါသည်။

လူမျိုး၊ ဘာသာ၊ ငွေကြေးတတ်နိုင်မှုနှင့် ၎င်းတို့၏ မိသားစုနှင့် လူမှုအဖွဲ့အစည်းများမှ ပုံသွင်းလိုက်သည့် အခြေအနေများအပေါ်တွင်မူတည်၍ အမျိုးသမီးနှင့် အမျိုးသားများ အိမ်ထောင်ဦးစီးအဆင့် ဆုံးဖြတ်ချက်ချခြင်းတွင် ပါဝင်မှုမှာအမျိုးမျိုးဖြစ်နိုင်ပါသည်။ မြို့နေလူတန်းစား အမျိုးသမီးများ (ပညာတတ်၍ ငွေကြေးအမှီခိုကင်းသူများ) အများစုသည် မိသားစုအတွင်း၌ ဆုံးဖြတ်ချက်ချခြင်းများအား လွှမ်းမိုးနိုင်သောအာဏာရှိသည်။ အကြောင်းမှာ ၎င်းတို့တွင် ဝင်ငွေတစ်ခုရှိပြီး များသောအားဖြင့် ဆုံးခန်းတိုင်အောင် ပညာသင်ခဲ့ကြရသည်။ အခြားအမျိုးသမီးများမှာ ပညာအရည်အချင်းနည်းပါးပြီး အမျိုးသားများအပေါ်တွင် ဝင်ငွေအတွက် လုံးဝမှီခိုနေရသူများဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် မိမိတို့အိမ်ထောင်အတွင်း ဆုံးဖြတ်ချက်ချနိုင်သော အခွင့်အာဏာမှာ သတ်မှတ်ချက်ရှိသည့် ပုံပေါ်နေပါသည်။

မြန်မာနိုင်ငံတွင်ရှိသော အမျိုးသမီးများ (အထူးသဖြင့် ကျေးလက်ဒေသမှ အမျိုးသမီးများ)သည် အိမ်ထောင်အတွင်း ၎င်းတို့၏ ဖြစ်တည်မှုသည် အမျိုးသားများထက် ပိုမိုနိမ့်ပါးကြသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် မိသားစု၏ အရင်းအမြစ်များနှင့် ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးမှုနည်းပါးသည်။ အထူးသဖြင့် ခွဲခြားဆက်ဆံခံခဲ့ရသည့် သမိုင်းကြောင်းနှင့် တိုင်ရင်းသားဒေသတွင်ဖြစ်ပွားသော ပဋိပက္ခများကြောင့် တိုင်းရင်းသားအမျိုးသမီးများအပေါ်တွင် အုပ်ချုပ်ဖွဲ့စည်းမှုဆိုင်ရာ မညီမျှမှုများ သက်ရောက်နေပါသည်။ အထူးသဖြင့် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များအကြားရှိ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများသည် အမျိုးသမီးများတွင် အကြောက်တရားနှင့် တုန့်ပြန်မှုမရှိသောငြိမ်ခံနေမှုများအား ပိုမိုတိုးပွားစေပါသည်။ ၎င်းတို့သည် အမျိုးသမီးများအား မိသားစုအတွင်းနှင့် လူမှုအဖွဲ့အစည်းများအတွင်း နောက်လိုက်နေရာတွင်သာ ဆက်လက်ရှိနေစေပါသည်။

ပစ္စည်းဥစ္စာများအား အတူတကွပိုင်ဆိုင်မှုအဖြစ်ထားရှိခြင်းအတွက် လက်တွေ့တွင် အချို့မြို့နယ်တာဝန်ရှိသူများဆင့်မှ ပူးပေါင်းပိုင်ဆိုင်မှုခေါင်းစဉ်အား ခွင့်ပြုပေးနေသော်လည်း အကယ်၍ အမျိုးသားနှင့် ၎င်း၏အမျိုးသမီးတို့သည် ၎င်းတို့၏ အမည်နှစ်ခုစလုံးဖြင့် လျှောက်ထားပါက မြေယာဥပဒေတွင် တရားဝင်လမ်းကြောင်းတစ်ခုအား ဖော်ပြမထားပါ။ သို့ပါသော်လည်း ဤကဲ့သို့သောဖြစ်စဉ်များမှာ အလွန်နည်းပါးပါသည်။

အကယ်၍ ယင်းခေါင်းစဉ်သည် အငြင်းပွားစရာဖြစ်လာပါက ၎င်းကိုလည်း ဥပဒေအရ မည်ကဲ့သို့ဆောင်ရွက်နိုင်သည်ကိုလည်း မရှင်းမလင်းရှိနေပါသည်။ ထို့အပြင် အစိုးရအရာရှိများမှ အဆိုပြုထားသော စံလုပ်ငန်းစဉ်တစ်ရပ်၏ တစ်စိတ်တစ်ပိုင်းမဟုတ်သောကြောင့် လျှောက်ထားသူမှ ကြိုတင်သိရှိထားရန်လိုအပ်သည်။ (ပုံမှန်အားဖြင့် NGO သင်တန်းများမှ ရယူနိုင်သည်။) ယင်းအခွင့်အရေးများကို တောင်းဆိုရန်အတွက် မိမိကိုယ်ကိုလည်း ယုံကြည်မှုရှိရမည်။ ဤအရာများသည် ကျေးလက်နေအမျိုးသမီးများအတွက် မကြာခဏဖြစ်ပျက်နေသော အခြေအနေမဟုတ်ပါ။

လက်တွေ့တွင်မူ ၎င်းတို့၏ မြေရပိုင်ခွင့်များအား တောင်းဆိုရာနှင့် ကာကွယ်စောင့်ရှောက်ရာတွင် ကျေးလက်နေအမျိုးသမီးအများအပြားသည် စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကြရပါသည်။ အချို့သော စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအရ အစိုးရရုံးများ တစ်ခုမှတစ်ခုသို့ လိုက်လျှောက်သွားရန် လိုအပ်ပါသည်။ ၎င်းတို့အနေဖြင့် ဖောင်ပုံစံအများအပြားဖြည့်ရခြင်းနှင့် လက်မှတ်ထိုးရခြင်းများအတွက် မချင့်မရဲခံစားကြရသည်။ အထူးသဖြင့် ၎င်းတို့တွင် စာတတ်မြောက်မှုအရည်အချင်း နည်းပါးသောကြောင့်ဖြစ်သည်။

ဤကိစ္စနှင့်ဆက်စပ်၍ စီမံခန့်ခွဲအုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၌ တိုင်းရင်းသူအမျိုးသမီးများအပေါ်တွင် သက်ရောက်သော ကျား/ မ မတူညီကွဲပြားမှုအား မှတ်သားထားရန် အသုံးဝင်သည်။ လေ့လာချက်များတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးအများစုသည် ကျောင်းပညာရေးပြီးဆုံးကြပြီး၊ စာရေးတတ်၊ ဖတ်တတ်ကြသည်ဟုဖော်ပြကြသော်လည်း တိုင်းရင်းသူအမျိုးသမီးများအနေဖြင့် ဗမာစာ ကျွမ်းကျင်စွာတတ်ရန်လိုအပ်သော လုပ်ငန်းစဉ်များအားဆောင်ရွက်ရာတွင် ၎င်းတို့အနေဖြင့် ပြဿနာများဖြင့် ရင်ဆိုင်နေရပါသေးသည်။ အထူးသဖြင့် ဗမာစကားသည် ၎င်းတို့၏ မိခင်ဘာသာစကား မဟုတ်သောကြောင့်ဖြစ်သည်။ ကျေးလက်နေအမျိုးသမီးများနှင့် အမျိုးသားများအကြား ပညာအရည်အချင်းမှာ အနည်းနှင့် အများတူညီကြသော်လည်း အမျိုးသားများ၏ ရိုးရာဓလေ့ အခန်းကဏ္ဍသည် အစိုးရ သို့မဟုတ် ကုန်သည်များကဲ့သို့သော အခြားသူများနှင့် တွေ့ဆုံရန်ရွာအပြင်ဘက်များသို့ သွားကြရသည်။ ရိုးရာစံချိန်စံညွှန်းများသည် အမျိုးသမီးများအား ရွှေ့လျားမှုနည်းစေပြီး အမျိုးသားများကဲ့သို့ တူညီသောပြင်ပဗဟုသုတများမရရှိနိုင်ပါ။ အရေးကြီးသည်မှာ ၎င်းတို့သည် စာဖတ်၊ စာရေးလေ့ကျင့်ရန်အတွက် အခွင့်အရေးနည်းပါသည်။ အထူးသဖြင့် လယ်စိုက်ခြင်းမှ ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းအတွက်ဝင်ငွေ ရရှိနေလျှင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် လေ့ကျင့်မှုမပြုလုပ်ပါက ၎င်းတို့၏ ဗမာစာဖတ်ခြင်းနှင့် ဗမာစကားပြောခြင်းဆိုင်ရာအရည်အချင်းများသည် ကျောင်းပြီးသည်နှင့်တစ်ပြိုင်နက် လျော့နည်းလာမည်ဖြစ်သည်။

အမျိုးသမီးများအနေဖြင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များအား လုပ်ဆောင်ရန်လိုအပ် အတိုင်းအတာတစ်ခုအထိ စာတတ်မြောက်ရန်လိုအပ်သော သို့မဟုတ် ဗမာစကားအဓိကအသုံးပြုသော (အထူးသဖြင့် နည်းပညာပေးသင်တန်းများ) သင်တန်း (သို့) အစည်းအဝေးများတွင် ပါဝင်ရသည့်အချိန်တွင် ထိုအရာများသည် အမျိုးသမီးများအတွက်အခက်အခဲဖြစ်စေသည်။ အမျိုးသားများမှာမူ ကျယ်ပြန့်သောအသိပညာများရယူနိုင်သည့် ပိုမိုကျယ်ပြန့်သောအရင်းအမြစ်များရှိခြင်းနှင့် လူမှုရေးဆိုင်ရာချိတ်ဆက်နိုင်မှုပိုများခြင်း အစရှိသည်တို့သည် ၎င်းတို့အား ခေါင်းဆောင်နေရာကို ရယူရန်အတွက် မိမိကိုယ်ကိုယုံကြည်မှုများ ပိုမိုအားကောင်းလာစေပါသည်။ အမျိုးသမီးများအနေဖြင့် သတင်းအချက်အလက်အရင်းအမြစ်များကို အနည်းငယ်သာ သိရှိနိုင်ကြပါသည်။

ထို့အပြင်သာမကဘဲ အစိုးရဌာနများတွင်ရှိသော ဘက်လိုက်မှုများသည် အမျိုးသမီးများ၏ မြေယာအတွက် မှတ်ပုံတင်ခြင်းတွင် အခက်အခဲဖြစ်နိုင်ပါသည်။ အမျိုးသားများအား မေးလေ့မရှိသော နောက်ဆက်တွဲစာရွက်စာတမ်းများကို အမျိုးသမီးများအား ၎င်းတို့အနေဖြင့် တင်ပြရန်မေးမြန်းလေ့ရှိကြောင်းကိုလမ်း ကျွန်မတို့အနေဖြင့် လေ့လာတွေ့ရှိခဲ့ပါသည်။ အမျိုးသမီးတစ်ဦးဆိုလျှင် သူမအနေဖြင့် လယ်လုပ်ကိုင်လေ့ရှိသော မြေအစိတ်အပိုင်းလေးတစ်ခုအား သူမအနေဖြင့် သူမ၏ဖခင်အသက်အဆုံးခင် မြေပိုင်ဆိုင်ခွင့် လက်လွှဲမရလိုက်ကြောင်း နောက်ဆက်တွဲစာရွက်စာတမ်းများကို ပြသခဲ့ရပါသည်။

အခြားဖြစ်ရပ်တစ်ခုတွင်မူ အမျိုးသမီးတစ်ဦးသည် သူမ၏မြေအား ရောင်းချနိုင်ခွင့်ချပေးရန်အတွက် ထိုင်းနိုင်ငံတွင်ရှိသော သူမအမျိုးသား၏လက်မှတ်ကို ရယူခဲ့ရပါသည်။ အမျိုးသားများမှ မိသားစုပိုင်မြေများအား မှတ်ပုံတင်ခြင်း သို့မဟုတ် ရောင်းချခြင်းများဆောင်ရွက်ရန်အတွက် ၎င်းတို့တွင် အလားတူဖြစ်ရပ်များကြုံတွေ့ရကြောင်း ကျွန်မတို့အနေဖြင့် မတွေ့ရှိရပါ။ ထို့ကြောင့် ကျွန်မတို့အနေဖြင့် စီမံခန့်ခွဲအုပ်ချုပ်မှုလုပ်ငန်းစဉ်များတွင် အမျိုးသမီးများနှင့်ပတ်သက်၍ ဘက်လိုက်မှုများရှိနေပါသည်။

အမျိုးသမီးများအနေဖြင့် မြေအသုံးပြုမှုလက်မှတ်များအား အလွယ်တကူရနိုင်သော အခြေအနေတစ်ခုမှာ အမျိုးသမီးအိမ်ထောင်ဦးစီးများဖြစ်သည်။ ၎င်းတို့သည် အိမ်ထောင်တွင် ၎င်းတို့၏ အမျိုးသားများ သေဆုံးခြင်း သို့မဟုတ် ကွာရှင်းထားသော အမျိုးသမီးများသာ ဖြစ်ကြပါသည်။ ဆက်လက်

ပြီး မိသားစုအတွင်း အရွယ်ရောက်သူအမျိုးသားများမရှိသောကြောင့် မြေခေါင်းစဉ်များသည် အမျိုးသမီး နာမည်များဖြင့် ချထားပေးခြင်းခံရ၍ဖြစ်သည်။ သို့သော် လေ့လာချက်များအရ အမျိုးသမီးအိမ်ထောင်ဦးစီးများသည် ပျှမ်းမျှ ၂.၆ဧကခန့်ပိုင်ဆိုင်ကြပြီး အမျိုးသားအိမ်ထောင်ဦးစီးများမှာမူ ပျှမ်းမျှ ၄.၄ဧကခန့် ပိုင်ဆိုင်ကြသည်။ အပူပိုင်းဒေသများတွင်လည်း အမျိုးသားအိမ်ထောင်ဦးစီး ၆%နှင့်ယှဉ်လျှင် အမျိုးသမီးအိမ်ထောင်ဦးစီး ၂ဝ%သည် မြေပိုင်ဆိုင်မှုမရှိကြပါ။ ဤအကြောင်းအရာများသည် တစ်နိုင်ငံလုံးတွင်ဖြစ်ပျက်နေခြင်းမရှိသော်လည်း အမျိုးသမီးများ မြေပိုင်ဆိုင်မှုရခြင်းဆိုင်ရာ ကိစ္စရပ်များတွင်ပင် အမျိုးသားများမြေပိုင်ဆိုင်မှုရယူခြင်းများနှင့် ယှဉ်လျှင် မတူညီကွဲပြားမှုများရှိနေပါသည်။

ဆက်လက်ပြီး အမျိုးသမီးများအတွက် ၎င်းတို့၏ ခင်ပွန်းများ သေးဆုံးပြီး သို့မဟုတ် ကွာရှင်းပြီးနောက်ပိုင်း အမျိုးသမီးများ၏ မြေအခွင့်အရေးများနှင့် ပတ်သက်၍ တရားဝင်ဥပဒေမူဘောင်များမရှိပါ။ ထိုအရှုပ်အရှင်းကိစ္စရပ်များအား ဓလေ့ထုံးတမ်းနှင့် ဘာသာရေးဥပဒေများဖြင့်သာ ဖြေရှင်းကြရပါသည်။ ဤသည်မှာလည်း နိုင်ငံအနှံ့အပြားတွင်ကွဲလွဲမှုများ ရှိနိုင်ပါသည်။ ကိစ္စအတော်များများသည် ရွာသူကြီးများ သို့မဟုတ် ဘာသာရေးခေါင်းဆောင်များမှ ဒေသခံဘာသာရေးဆိုင်ရာ သို့မဟုတ် အလေ့အထဆိုင်ရာ နည်းလမ်းများဖြင့် ဖြေရှင်းပေးကြရသည်။ ရလဒ်အနေဖြင့် ကျေးလက်နေအမျိုးသမီးများသည် ၎င်းတို့၏ မြေလုပ်ပိုင်ခွင့်များရရှိရန်မှာ ၎င်းတို့၏ အိမ်ထောင်ရှိမှု၊ မရှိမှု ထို့အပြင် ၎င်းတို့နှင့် အမျိုးသားများ၊ ရွာအတွင်းရှိ အမျိုးသားလူကြီးများ၏ ပုဂ္ဂိုလ်ရေးရာ ဆက်ဆံမှုအပေါ်တွင် မူတည်နေပါသည်။ ဤသို့ဖြင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်အခွင့်အရေးများမှာ အားနည်းလာပါသည်။

မြေခေါင်းစဉ်နှင့်ပတ်သက်၍ ဥပဒေဆိုင်ရာများမှတစ်ဆင့် ပေးအပ်ရာတွင် အိမ်ထောင်ဦးစီးများ/ မြေခေါင်းစဉ်ကိုင်ဆောင်ထားသူများသည် များသောဖြင့် အများပြည်သူဆိုင်ရာ အစည်းအဝေးများနှင့် သင်တန်းတက်ရောက်သူများဖြစ်ကြသည်။ အမျိုးသားများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်တန်းသို့ အဓိကတက်ရောက်ကြရသူများဖြစ်သည် အဘယ်ကြောင့်ဆိုသော် တစ်အိမ်တွင် တစ်ယောက်သာ သင်တန်းတက်ရောက်ရန် ဖိတ်ကြားခံရသောကြောင့်ဖြစ်သည်။ ဤအကြောင်းအရာများအရ မြေပိုင်ဆိုင်မှု ခေါင်းစဉ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အသိပညာဗဟုသုတများနှင့် သတင်းအချက်အလက်များရရှိနိုင်ခြင်းမှာ မသေချာပါ သို့မဟုတ် တားဆီးထားပါသည်။ (ယင်းအကြောင်းအရာများအား အောက်တွင် ဆက်လက်ဖော်ပြထားပါသည်။)

ကျွန်မတို့အမြင်၌ အကယ်၍ အမျိုးသမီးများအသည် သဘာဝအရင်းအမြစ်များနှင့် ပတ်သက်၍ အခွင့်အရေးရှိသူများဖြစ်သတ်မှတ်ခြင်းမခံရပါက ၎င်းတို့မှီခိုနေရသော သဘာဝပတ်ဝန်းကျင်၊ အရင်းအမြစ်များနှင့် ပတ်သက်၍ အသိပညာဗဟုသုတများနှင့် ပိုမိုကျယ်ပြန့်သော ထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်ရန်အတွက် ၎င်းတို့၏ပါဝင်လာခြင်းအား တားဆီးနေခြင်းဖြစ်ပါသည်။ မြေပိုင်ဆိုင်မှုလက်မှတ်အား အမျိုးသမီးများထံချမပေးခြင်းသည် သဘာဝအရင်းအမြစ်များနှင့် ပတ်သက်၍ အစေကနေရာတွင်မဟုတ်ဘဲ ၎င်းတို့ကို ဘေးအကူများအဖြစ်သာ ထားရှိခြင်းဖြစ်သည်။ ယင်းသည်လည်း မြေစီမံခန့်ခွဲမှုအတွက် ၎င်းတို့နေ့စဉ်အသက်ရှင်နေရသော အခန်းကဏ္ဍများကိုလည်း မှန်ကန်စွာထင်ဟပ်မနေပါ။

## ၂၀၁၉ ရပ်ရွာလူထုအခြေပြု သစ်တောလုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်

IUCN၏ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့်အလျောက် မြန်မာနိုင်ငံသည် နိုင်ငံ၏ သစ်တောများအား ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်အစားထိုးခြင်းများအတွက် ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့တွင် မြေအသုံးပြုသူများအတွက် သစ်တောများပြန်လည်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းများပြုလုပ်ခြင်း အစရှိသည်တို့နှင့် အထူးသဖြင့် ကုန်းမြင့်ဒေသများတွင် ရပ်ရွာအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ ဖန်တီးပေးခြင်းတို့ဖြစ်သည်။

မြန်မာနိုင်ငံ၏ ၂၀၁၉ရပ်ရွာအစုအဖွဲ့ သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်အရ ရပ်ရွာအစုအဖွဲ့ သစ်တောလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းရာတွင် ကျားမတန်းတူညီမျှမှုရှိစေရန် ဖော်ပြထားသည်။ သို့ပါသော်လည်း လက်တွေ့တွင်မူ ရပ်ရွာအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအတွင်းရှိ အဓိကနေရာများတွင် အမျိုးသားများသည်ဖြစ်သည်။ အဖွဲ့များဖွဲ့စည်းရာတွင် ကျားမရေးရာညီမျှမှုရှိရန် ကြိုးစားကြသည့် NGOများနှင့် INGOများမှကြီးကြပ်ဖွဲ့စည်းသော ရပ်ရွာအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့များရှိ အမျိုးသမီးများ၏ ပါဝင်မှုနှင့် ကိုယ်စားပြုမှုမှာ ကြီးမားပါသည်။ အစိုးရမှဖွဲ့ပေးသော အဖွဲ့များတွင်မူ အမျိုးသမီးများပါဝင်မှု အတော်နည်းပါသည်။ ထို့အပြင်သာမကဘဲ အစိုးရဌာနများမှ ကြီးမှူးကျင်းပသော သစ်တောဆိုင်ရာသင်တန်းများနှင့် အဆင့်မြင့်အစည်းအဝေးများတွင်းလည်း ကျေးရွာနေအမျိုးသမီးအနည်းငယ်သာ ဖိတ်ကြားခံရပါသည်။ သို့ပါသော်လည်း ကျေးလက်နေပြည်သူများအနေဖြင့် NGOများမှပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများအား တက်ရောက်နိုင်ကြပါသည်။

| အိမ်ထောင်တွင်း ကျား/ မဖြစ်တည်မှုအရ လုပ်ကိုင်ရသောအလုပ်များ။ ကွင်းဆင်းလေ့လာခြင်းမှ ရရှိခဲ့သောဥပမာ။ | | |
|---|---|---|
| **ကျား/ မဖြစ်တည်မှုအရ လုပ်ကိုင်ရသောအလုပ်များ** | **အမျိုးသမီး** | **အမျိုးသား** |
| **ဝင်ငွေရရှိသော လုပ်ငန်းများ** | | |
| – ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်ခြင်း | ✓✓ | ✓ |
| – လယ်ယာ (စပါး၊ ပဲ) | ✓ | ✓ |
| – မွေးမြူရေး (ဝက်၊ နွား၊ ကြက်) | ✓ | ✓ |
| – ဘုရားပွဲတွင် ရိုးရာမုန့်များလိုက်လံရောင်းချခြင်း | ✓ | ✓ |
| – ပရိဘောဂများ ပြုလုပ်ခြင်း | – | ✓ |
| **ဝင်ငွေမရရှိသော အလုပ်များ** | | |
| – ချက်ပြုတ်ခြင်း | ✓ | – |
| – အိမ်သန့်ရှင်းရေး | ✓ | – |
| – အဝတ်လျှော်ကခြင်း | ✓ | – |
| – ကလေးငယ်များအား ကရုစိုက်ခြင်း | ✓✓ | ✓ |
| – တိရိစ္ဆာန်အစာကျွေးခြင်း | ✓ | ✓ |
| **ရပ်ရွာလူပ်ရှားမှုများ** | | |
| – ရပ်ရွာအစည်းအဝေးများတက်ခြင်း | ✓✓ | ✓ |
| – မြစိမ်းရောင် အစည်းအဝေးတက်ခြင်း | ✓✓ | ✓ |
| – အစိုးရဌာနများနှင့် ချိတ်ဆက်ခြင်း နှင့် ဆက်သွယ်ခြင်း | – | ✓ |
| – ဥက္ကဌ၊ နာယက၊ ဘဏ္ဍာထိန်း၊ အဓိကတာဝန်ရှိသူ (Focal)များအနေဖြင့် စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ပါဝင်ခြင်း | – | ✓ |

ကျွန်မတို့လုပ်ငန်းဆောင်ရွက်သော အချို့ဒေသများတွင် အမျိုးသမီးအဖွဲ့များသည် ၎င်းတို့အနေဖြင့် မည်သည့်မြေသုံးပြုမှု မူဝါဒများ သို့မဟုတ် သစ်သောဖြင့်ဆိုင်သော သတင်းအချက်အလက်များကို မသိရှိရပါဟု ပြောကြပါသည်။ အကြောင်းမှာ သစ်တောဌာနမှ ၎င်းတို့၏ကျေးရွာများသို့ လာရောက်ချိန်တွင် အမျိုးသားများဖြင့်ဆက်သွယ်ပြီး အစည်းအဝေးများနှင့် သင်တန်းများအား အမျိုးသားများကိုသာ ဖိတ်ကြားသောကြောင့်ဖြစ်သည်။ အမျိုးသားများသည် ယင်းအစည်းအဝေးပွဲများမှရသော သတင်း အချက်အလက်များအား များသောအားဖြင့် မေ့လျော့သွားသောကြောင့် ၎င်းတို့၏ အမျိုးသမီးများထံ ပြန်လည်ဝေငှရန် မတတ်စွမ်းနိုင်တော့ပါ။ ဤကဲ့သို့သောလှုပ်ရှားမှုများတွင် အမျိုးသားများကိုသာ ထည့်သွင်းထားခြင်းအားဖြင့် ထိုနေရာတွင် အမျိုးသမီးများ၏ အိမ်တွင်း သို့မဟုတ် ရွာအတွင်းလုပ်ဆောင်နေသော အရာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များပါဝင်ခြင်းမရှိပါဆိုသည့် အနေအထားမျိုးဖြစ်နေပါသည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် အမျိုးသားများ၏ ၎င်းတို့အိမ်အတွင်းတာဝန်ယူကြသော ရိုးရာအခန်းကဏ္ဍများမှ ထိုကဲ့သို့သော ပါဝင်မှုပုံစံများအား လွှမ်းမိုးထားခြင်းဖြစ်သည်။ ဤအရာသည် တိုင်းရင်းသားလူနည်းစုအမျိုးသမီးများ၏ ရိုးရာအခန်းကဏ္ဍလည်းဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့အနေဖြင့် အိမ်မှုကိစ္စများဆောင်ရွက်ခြင်း၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအားစောင့်ရှောက်ခြင်း အစရှိသည့် များစွာသော လုပ်ဝန်များ အိမ်ထောင်တာဝန်များကို ဆိုလိုခြင်းဖြစ်သည်။ အိမ်တွင်းအဆင့်တွင် အမျိုးသမီးများသည် အမျိုးသားများထက် အချိန်များစွာပိုကြာ၍ အိမ်အလုပ်များကိုလုပ်ကိုင်ရပါ

သည်။ ၎င်းတို့သည် ချက်ပြုတ်ရေး၊ သန့်ရှင်းရေး၊ လျှော်ဖွတ်ရေး၊ ကလေးနှင့် လူကြီးများအား စောင့်ရှောက်ရေး ထို့အပြင် မိသားစာအရေးများကို စီမံခန့်ခွဲခြင်းများသည်လည်း ၎င်းတို့၏ တာဝန်များဖြစ်သည်။ ၎င်းတို့၏ ရပ်ရွာလူမှုအသိုက်အဝန်းတွင်း အခန်းကဏ္ဍများသည်လည်း ယင်းအလုပ်များနှင့် ဆက်စပ်လုပ်ကိုင်ရခြင်းမျိုးသားဖြစ်တတ်သည်။ ဥပမာအားဖြင့် စုပေါင်းသန့်ရှင်းခြင်းများနှင့် ဘာသာရေးပွဲတော်များအတွက် ချက်ပြုတ်ခြင်းများအစရှိသည်တို့ဖြစ်သည်။ နိုင်ငံ၏ နေရာအနှံ့အပြားတါင် အမျိုးသမီးများ၏ အလုပ်များသည် အခြားသူများအား ကရုစိုက်ပေးရန်အတွက်သာမကဘဲ ၎င်းတို့အနေဖြင့် ဝင်ငွေရသော အလုပ်များကိုပါ လုပ်ကိုင်နေကြရပါသည်။ ကျေးလက်နေအမျိုးသမီးများသည် အိမ်တွင်းဥယျာဉ်တည်ခြင်း၊ မျိုးကြဲခြင်း၊ စပါးပင်များအား ပြန်လည်စိုက်ပျိုးခြင်း၊ ငွေပေါ်ရန်ဆောင်ရွက်ခြင်း (winning)၊ မိမိတို့ကိုယ်တိုင်စားသုံးရန်/ ရောင်းဝယ်ရန်အတွက် တိရိစ္ဆာန်မွေးမြူခြင်း၊ သစ်တောလုပ်ငန်းနှင့် ရေလုပ်ငန်းဆိုင်ရာများ အစရှိသည့် စိုက်ပျိုးရေးဖြင့်သက်ဆိုင်သောနေရာတိုင်းတွင် ပါဝင်ကြသည်။ယင်းကဲ့သို့၎င်းတို့၏အိမ်ထောင်မိသားစုဝင်များအတွက် အဓိကပြုလုပ်ပေးသော ယင်းကဲ့သို့အရေးကြီးလှသည့်အရာများအား ပိုမိုကျယ်ပြန့်သောလူမှုအဖွဲ့အစည်းအတွင်း အသိအမှတ်ပြုခြင်း ခံရလေ့မရှိပါ။

မကြာသေးမီကာလများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍများအား (အိမ်အလုပ်များမှ လွဲ၍) ပြောင်းလဲလာသည်။ စိုက်ပျိုးရေးထွက်ကုန်များနည်းခြင်း၊ ဈေးကွက်မတည်ငြိမ်ခြင်းနှင့် အမျိုးသားများ ပြင်ပတွင်သွားရောက်လုပ်ကိုင်ခြင်းများသည် အမျိုးသမီးများအား ကျပန်းနေ့စားအလုပ်သမားများဖြစ်လာစေပါသည်။ တစ်ဘက်တွင်လည်း ၎င်းတို့သည် မိသားစုအတွက် အိမ်မှုကိစ္စများရှိနေပါသေးသည်။ သို့ဖြစ်ပါ၍ အမျိုးသမီးများသည် နံနက်တွင် အိမ်အလုပ်များလုပ်ခြင်းနှင့် စိုက်ပျိုးရေးအလုပ်များ သို့မဟုတ် ဝင်ငွေရရှိသောအလုပ်များကို နောက်ပိုင်းအချိန်များတွင် လုပ်နေရပါသောကြောင့် ၎င်းတို့သည် များသောအားဖြင့် နားချိန်မရှိကြပါ။ အလုပ်ပြီးအချိန်တွင်လည်း ၎င်းတို့သည် တိရိစ္ဆာန်အစာကျွေးခြင်းကဲ့သို့သောအလုပ်များကို ဆက်လက်လုပ်ကိုင်ရပါသည်။ ငွေမဝင်သည့်အလုပ်များနှင့် ငွေရသည့်အလုပ်များသည် ၎င်းတို့၏ ဝန်ထုတ်ဝန်ပိုးများအား နှစ်ဆဖြစ်စေရုံသာမက သစ်တောအသုံးပြုသူများအဖွဲ့နှင့် သစ်တောရေးရာကဲ့သို့သော လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်နိုင်ရန်အတွက် ၎င်းတို့၏ အချိန်များကို ကန့်သတ်လျှော့ချလိုက်သည်။

အမျိုးသမီးများသည် အမျိုးသားများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် မိမိတို့၏ခန္ဓာဗေဒအရ ခက်ခဲသော်လည်း ဝင်ရောက်လုပ်ကိုင်လိုစိတ်ရှိကြပြီး အမျိုးသားများကမူ ရိုးရာအရ အမျိုးသမီးများ လုပ်ရမည်ဟူသောအလုပ်များအား ဝင်ရောက်လုပ်ကိုင်ရန် မချင့်မရဲဖြစ်ကြပါသည်။ ဥပမာအားဖြင့် သုတေသနရှာဖွေတွေ့ရှိချက်များတွင် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံးတို့သည် လယ်လုပ်ခြင်း၊ အစည်းအဝေးတက်ခြင်းနှင့် လုပ်ငန်းအတွက် ရွှေ့ပြောင်းရခြင်းများကဲ့သို့ ဝင်ငွေရ လုပ်ငန်းများနှင့် ရပ်ရွာအလုပ်များအားပါဝင်လုပ်ကိုင်လိုစိတ်ရှိကြသည်ဟုဖော်ပြထားပြီး ဝင်ငွေရအလုပ်မဟုတ်သော ချက်ပြုခြင်းနှင့် အဝတ်လျှော်ခြင်းကိစ္စများကိုမူ အမျိုးသမီးများကသာ လုပ်ကိုင်ကြသည်။

၎င်းအချက်များအရ ရပ်ရွာလူထုအခြေပြုသစ်တောလုပ်ငန်းစဉ်များသည် အမျိုးသားများ၏ ရိုးရာအခန်းကဏ္ဍ၊ နေ့စဉ်လုပ်ဆောင်ချက်များနှင့် အသိပညာဗဟုသုတများဖြင့် လိုက်လျောညီထွေမှုရှိစေရန် ဆောင်ရွက်ထားသည်ဟု ကျွန်မတို့အနေဖြင့် သုံးသပ်မိပါသည်။ ၎င်းတို့သည် အမျိုးသမီးများ၏ အလုပ်ဝန်များအား ထည့်သွင်းသုံးသပ်ခြင်း သို့မဟုတ် လိုက်လျောညီထွေမှုရှိစေရန် ပြုလုပ်ခြင်းလည်း မရှိကြပါ။ ထို့အပြင် အစိုးရ၏ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့အစည်းသည် ယင်းလှုပ်ရှားမှုများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်လာစေရန် အားထုတ်ဆောင်ရွက်ခြင်းလည်းမရှိပါ။

## အစိုးရသင်တန်းများ၏ သက်ရောက်မှုများ

ရပ်ရွာပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများတည်ထောင်ခြင်းအပြင် မြန်မာနိုင်ငံအစိုးရသည် လယ်ယာသုံး စက်ကိရိယာများနှင့် စိုက်ပျိုးရေးဆိုင်ရာတိုးချဲ့ပညာပေးဝန်ဆောင်မှုများကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ ၎င်းတို့သည်လည်း အမျိုးသားများအပေါ်တွင်သာ အခြေခံသည် အကြောင်းမှာအစိုးရအနေဖြင့် အစည်းအဝေးများတက်ရန်အတွက် အိမ်ထောင်ဦးစီးကိုသာ ဖိတ်ကြားသောကြောင့်ဖြစ်သည်။

ထို့ကြောင့် မြေယာပိုင်ဆိုင်ခွင့်မှပေးသော တရားဝင်အခွင့်အရေးများထက် အိမ်ထောင်ဦးစီးများ(သို့) မြေယာခေါင်းစဉ်ကိုင်ဆောင်ထားသူများသည် များသောအားဖြင့် အများပြည်သူအစည်း အဝေးပွဲများတွင် ပါဝင်ကြသူများဖြစ်ကြသည်။ သို့ပါသောကြောင့် အမျိုးသားများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သင်တန်းများသို့ ဖိတ်ကြားခြင်းခံရသော အဓိကဇာတ်ဆောင်များဖြစ်ကြသည်။ (ပုံမှန်အားဖြင့် အိမ်ထောင်စုတစ်ခုတွင် တစ်ဦးသာဖိတ်ကြားခံရသည်။ အစိုးရထံမှတစ်ဆင့်လာကြသော ပညာပေးဝန်ထမ်းများသည် များသောအားဖြင့် အမျိုးသားများဖြစ်ကြသည်။ ကျွန်မတို့သတိထားမိသလောက် ၎င်းတို့၏ သင်တန်းဆိုင်ရာပတ်ဝန်းကျင်ပုံစံများသည် အမျိုးသားပုံစံ ပြောဆိုဆက်သွယ်ခြင်းများနှင့် စိုက်ပျိုးရေးအတွင်းရှိ အမျိုးသားများ၏ ရိုးရာအခန်း

ကဏ္ဍများအတိုင်း ပုံသွင်းခံထားရပါသည်။ ထိုသင်တန်းပေးမှု ပုံစံများတွင် များသောအားဖြင့် အမျိုးသမီးများမတက်ရောက်ကြပါ။ အလေ့အထများ၏ သက်ရောက်မှုအရ အမျိုးသမီးများသည် ထည့်သွင်းခြင်းမခံရဘဲ သတင်းအချက်အလက်နှင့် စိုက်ပျိုးရေးနည်းပညာကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို မရရှိနိုင်ကြပါ။ အမျိုးသမီးများသည် သင်တန်းပို့ချမည့် ခေါင်းစဉ်၏ တိုက်ရိုက်သက်ရောက်မှုများကြောင့်လည်း ဖြစ်နိုင်ပါသည်။

ဥပမာအားဖြင့် ကယားပြည်နယ်ရှိ ပရူဆိုမြောက်ပိုင်း တောင်ကုန်းဒေသများတွင်နေထိုင်သော ရိုးရာလူမှုအသိုက်အဝန်းမှ အမျိုးသမီးများသည် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအား မှီခိုအားထားရပါသည်။ (ယင်းအလေ့အထသည် ယခုအခါ နည်းပါးသွားပြီဖြစ်သည်။) ၎င်းတို့သည့် ပုံမှန်အားဖြင့်သစ်ပင်များကို ခုတ်ပြီး ၃နှစ်တစ်ခါ နေရာများရွှေ့ပြောင်းနေကြသူများဖြစ်သည်။ (မြေကြီးအား ပြန်လည်ဖြည့်တင်းရန်အတွက်) ယင်းဒေသတွင် အမျိုးသားများသည် ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်တောများပြန်လည်ဖြည့်တင်းရေး အခေါင်းစဉ်ဖြင့် သင်တန်းတက်ရောက်ရန် ဖိတ်ကြားခံခဲ့ရသည်။

သို့ပါသော်လည်း မိမိတို့၏ အလုပ်များအား သစ်တောများအတွင်း နေ့စဉ်လုပ်ဆောင်နေသော အမျိုးသမီးများမှာမူ ၎င်းတို့အနေဖြင့် သင်ယူရရှိပြီး လုပ်ငန်းစဉ်များကို သစ်တောများအတွင်း၌ မိမိတို့အလုပ်များဆောင်ရွက်နေစဉ် ပြန်လည်အသုံးချနိုင်သော သင်တန်းဖြစ်သည့် ယင်းသစ်တောများ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး သင်တန်းဟူသော သတင်းအချက်အလက်ကိုမူ မရရှိခဲ့ကြပါ။ အခြားဖြစ်ရပ်တစ်ခုတွင်မူ အစိုးရမှတစ်ဆင့်ရောက်ရှိလာကြသော ဝန်ထမ်းများသည် ပိုးသတ်ဆေး အသုံးပြုသည့်သင်တန်းအား အမျိုးသမီးများအား တက်ရောက်ရန်မဖိတ်ကြားခဲ့ပါ။ ၎င်းတို့အနေဖြင့် လယ်ကွင်းထဲတွင် ပိုးသတ်ဆေးဖျန်းခြင်းအား အမျိုးသားများသာပြုလုပ်ကြသည်ဟု ယူဆမိသောကြောင့် ဖြစ်သည်။ လက်တွေ့အခြေအနေတွင်မူ ၎င်းတို့မှဆေးဖျန်းနေသည့် အချိန်တွင်လည်း အမျိုးသမီးများသည် လယ်ကွင်းထဲတွင်ရှိနေကြပါသည်။ရလဒ်အနေဖြင့်အမျိုးသမီးများသည်လည်း ပိုးသတ်ဆေးများနှင့်ထိတွေ့ရသည်ဖြစ်၍ အထူးသဖြင့် ၎င်းတို့၏ ကျန်းမာရေးနှင့်ဆိုင်သော သက်ရောက်မှုများအား နားလည်ခြင်းအားဖြင့် အကျိုးရှိနိုင်သည်ပါသည်။ အမျိုးသမီးများအား သင်တန်းများတွင် ပါဝင်နေမည်ဆိုပါလျှင်လည်း ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ ပါဝင်နေမှုသက်သက်သည် ထိရောက်လွှမ်းမိုးနိုင်မည်မဟုတ်ပါ။ ဘာသာစကားအခက်အခဲ၊ ကျေးလက် မြို့ပြကွဲပြားမှု၊ အသိပညာနှင့် သတင်းအချက်အလက်ကွာခြားမှု၊ ဆက်လက်၍ ရိုးရာယုံကြည်မှု အစရှိသောအတားအဆီးများကြောင့် ကျွန်မတို့၏ အတွေ့အကြုံအရ ကျေးလက်နှင့် ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် အဖွဲ့လိုက်လုပ်ဆောင်မှုများတွင် ၎င်းတို့၏ အမြင်ကိုများများဖော်ပြလေ့မရှိပါ။ ကျေးရွာအစည်းအဝေးနှင့် သစ်တောဆိုင်ရာအစည်းအဝေးများတွင်ပါဝင်ကြသော အမျိုးသမီးများသည်လည်း များသောအားဖြင့် ပါဝင်ဆွေးနွေးမှုနည်းပါးပြီး သွားရောက်နားထောင်ခြင်းသပ်သပ်သာဖြစ်သည်။

၎င်းတို့၏တက်ရောက်ခြင်းသည် ၎င်းတို့အတွက် ပြည့်ဝသောပါဝင်ဖြစ်ရန် သို့မဟုတ် ၎င်းတို့၏ အကြံဉာဏ်များအား နားထောင်ပေးပြီး လက်လံဆောင်ရွက်ပေးရန်အတွက်လည်း အာမခံချက်မရှိပါ။ အမျိုးသမီးများသည် ဤပုံစံအစည်းအဝေးများတွင် ၎င်းတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအား သိရှိလျှင်ပင် စကားပြောအလွန်နည်းပါးသည်ကို ကျွန်မတို့ သတိထားမိခဲ့ပါသည်။ အကြောင်းမှာ မိမိတို့အနေဖြင့် အမှားများပြောမိခြင်းနှင့် အများမှ မိမိတို့အား ပျက်ရယ်ပြုမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

ဥပမာအားဖြင့် အမျိုးသမီးတစ်ဦးမှ ကျွန်မတို့အား “အစည်းအဝေးတွေမှာဆိုရင် ကော်မတီခေါင်းဆောင်တွေကပဲ ဆွေးနွေးနေကြတာ။ ဘယ်မိန်းကလေးကမှ အကြံလည်းမပေးဘူး၊ မေးခွန်းလည်းမမေးဘူး။ ခေါင်းဆောင်တွေအကုန်လုံးက ကျွန်မတို့ထက်ဗဟုသုတပိုရှိတယ်၊ ပိုသိတယ်လေ။ ကျွန်မတို့ကကျတော့ မေးခွန်းမေးလိုက်ရင် အမှားဖြစ်သွားမှာကြောက်တာ။” ဟူ၍ ပြန်လည်ပြောပြသွားပါသည်။

ကျွန်မတို့၏အမြင်၌ အကယ်၍ အမျိုးသမီးများသည် သင်တန်းများတွင် ထည့်သွင်းခြင်းမခံရပါက ၎င်းတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်ရည်ရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ခံယူသင်ကြားခွင့်ရှိမည်မဟုတ်ပါ။ အမျိုးသမီးများသည် ရာသီဥတုတရားမျှတမှုနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သော စကားဝိုင်းများဖြင့် ထိတွေ့ခြင်းမှ သင်ယူနိုင်သည်။ ယင်းဖြစ်စဉ်များအတွက်လည်း ၎င်းတို့မှပြန်လည်မျှဝေရန် များစွာရှိပါသည်။ ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် ၎င်းတို့၏ နေ့စဉ်ဘဝများ၌ သစ်တောများနှင့် အနီးစပ်ဆုံးဖြစ်သည့်အလျှောက် ၎င်းတို့သည် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး သင်တန်းများနှင့် သုတေသန သို့မဟုတ် ယင်ယူလေ့လာရန်အတွက် ၎င်းတို့အား ဓိကထားဆောင်ရွက်ပေးသင့်ပါသည်။

## အမျိုးသမီးများ၏ နေ့စဉ်ဘဝကဏ္ဍများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး

အမျိုးသမီးများနှင့် သဘာဝအရင်းအမြစ်တို့ဆက်နွယ်မှုတို့ကို အစိုးရဥပဒေဘောင်ကသာမက မြေပိုင်ဆိုင်မှုဆိုင်ရာ

သဘောတူညီမှုများတို့က ထိန်းချုပ်ထားပါသည်။ သားသမီးများအမွေဆက်ခံမှုအလေ့အထ သို့မဟုတ် လင်မယားကွဲခြင်း (သို့) သေဆုံးချိန် အမွေခွဲဝေမှု စသည့် ထုံးတမ်းစနစ်များဖြစ်သည်။ ထိုစနစ်များသည် လူမှုအဆင့်အတန်းနှင့် အမျိုးသား၊ အမျိုးသမီးတို့၏ လုပ်ဆောင်မှုများကို မီးမောင်းထိုးပြနေပါသည်။ ယင်းစနစ်များသည် လူမှုရေးထုံးနည်းများ၊ ပြောင်းလဲမှုများအရ အခါသင့်အလို ပြောင်းလဲတတ်ကြပါသည်။ ထို့မှသာမက ၎င်းတို့သည် တိုင်းရင်းသားလူမျိုးစုအကြားတွင် အသွင်မတူကာ နယ်မြေကျေးရွာတစ်ခု ကိုသာ အဓိကထား ဖော်ပြနိုင်ပါသည်။ မြန်မာနိုင်ငံတွင် လူမျိုးစုတို့၏ ရိုးရာဓလေ့များကို စနစ်တကျလေ့လာထားသော အရာများမရှိသော်လည်း ဒေသအသီးသီးမှ တိုင်းရင်းသားများ၏ နေထိုင်ပုံဓလေ့ကို တွေ့မြင်နိုင်ပါသည်။ ဥပမာအားဖြင့် စစ်တမ်းများက ဖော်ပြသည်မှာ နေရာအတော်များများတွင် ခြံမြေနှင့် ကောင်းမွန်သော အရင်းအမြစ်များကို သားယောကျ်ားလေးများက အမွေရယူခွင့်ရှိပြီး အမျိုးသမီးကမူ ထိုယောကျ်ားလေးနှင့် လက်ထပ်သောအခါ အရင်းအမြစ်များကို ရယူပိုင်ဆိုင်ခွင့်ရှိသည်ဟုဆိုကာ ထိုရိုးရာဓလေ့ကို နှစ်သက်ကြပါသည်။ ထိုစနစ်တွင် အမျိုးသမီးများသည် မိသားစုအိမ်ကိုအမွေဆက်ခံကြပြီး သက်ကြီးသူမိဘများကိုလည်း ပြုစုစောင့်ရှောက်ရပါသည်။

ရိုးရာဓလေ့များ၏အစိတ်အပိုင်းတစ်ခုအဖြစ် အမျိုးသမီးနှင့် အမျိုးသားများသည် သူတို့၏ အသက်မွေးဝမ်းကျောင်းအတွက် လုပ်ဆောင်ရာတွင် ၎င်းတို့အခန်းကဏ္ဍအသီးသီးရှိကြသည်။ ထိုလုပ်ဆောင်မှုများကို သူတို့၏ ကိုယ်ပိုင်စားသုံးရန်အတွက် သော်လည်းကောင်း အပြင်သို့ အနည်းငယ်ရောင်းချရန်အတွက် သော်လည်းကောင်း ပြုလုပ်ရန်ရည်ရွယ်ကြသည်။ ထိုလုပ်ဆောင်မှုများတွင် အမဲလိုက်ခြင်း၊ တိရစ္ဆာန်မွေးမြူခြင်း၊ ရိုးရာရက်ကန်း လုပ်ငန်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ငန်း၊ တောင်ကုန်းစိုက်ခင်း၊ သစ်မဟုတ်သော တောထွက်ပစ္စည်းများ စုဆောင်းခြင်း၊ လောင်စာအတွက် ထင်းများရှာဖွေခြင်းနှင့် နေအိမ်တည်ဆောက်ခြင်းတို့ ပါဝင်ပါသည်။ ကျားမဖြစ်တည်မှုအပေါ်မူတည်၍ လုပ်ငန်းများလည်း ကွဲပြားပါသည်။ ဥပမာ အမျိုးသားများသည် နွားလှည်းများအသုံးပြု၍ ထင်း၊ အိမ်တိုင်များအတွက် ဝါးတိုင်များကို ရှာဖွေသယ်ယူကြသည်။ အမျိုးသမီးများကမူ ဝါးမျှစ်၊ မှို၊ ယူဂျီးနီးယားအပင်၊ သစ်သီးဝလံနှင့် ဆေးဘက်ဆိုင်ရာအပင်များကို ၎င်းတို့ စားသုံးရန်အတွက် သော်လည်းကောင်း တခါတရံ ရောင်းချရန်အတွက်သော်လည်းကောင်း ဆွတ်ခူး စိုက်ပျိုးကြပါသည်။ အမျိုးသမီးများသည် ဦးခေါင်းပေါ်တွင် ထင်းများကို ရွက်ကာ သယ်ယူကြသည်။ တိုင်းရင်းသားလူမျိုးအသီးသီးရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် တာဝန်ခံမှုများကို ကြည့်ခြင်းဖြင့် အမျိုးသမီးများသည် ဒေသသဘာဝထွက်ကုန်များနှင့် ဘာသာဝအရင်းအမြစ်စီမံခန့်ခွဲမှုများကို နေ့စဉ်လုပ်ဆောင်နေကြရကြောင်း တွေ့ရှိရပါသည်။



ရှမ်းပြည်နယ်ကျေးရွာရှိ နေအိမ်။ Credit: Signe Leth

ထိုစနစ်များအတွင်း အမျိုးသမီးများသည် မြန်မာနိုင်ငံတွင် အိမ်တွင်းမှုလုပ်ငန်းများကို အဓိကဦးဆောင်ရသူများဖြစ်ကာ ဒေသရှိ ပတ်ဝန်းကျင်အရင်းအမြစ်များကိုလည်း ဦးဆောင်စီမံကြရသည်။ နေ့စဉ်ဘဝတွင် ချက်ပြုတ်ခြင်းနှင့် သစ်တောထွက်ပစ္စည်းများရှာဖွေစုဆောင်းခြင်းသည် အမျိုးသမီးများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အရေးကြီးသည့် အသိပညာဗဟုသုတများကို ရရှိစေသည်ဟု သုံးသပ်နိုင်ပါသည်။ ဥပမာအားဖြင့် အိမ်ခြံဝင်းအတွင်း မည်သည့်အပင်များစိုက်ပျိုးရမည်၊ နှစ်တစ်နှစ်၏ အချိန်ကာလအပေါ်မူတည်လျက် မည်သည့်အချိန်တွင် မည်သည့်အပင်ကို ဆွတ်ခူးရမည် စသည့်အသိပညာကို ပိုင်ဆိုင်ထားကြသည်။ အသက်မွေးဝမ်းကျောင်းအတွက် တောတောင်များကို မှီခိုအားထားရသည့်အားလျော်စွာ နှစ်စဉ်အသုံးပြုနိုင်ရန်အတွက် သစ်ပင်တောတောင်အား မည်ကဲ့သို့ ပြုစုစောင့်ရှောက်ရမည်ကိုလည်း သိရှိနားလည်ထားကြသည်။ ရိုးရာဓလေ့များစွာတို့သည် ပတ်ဝန်းကျင်အတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေသော်လည်း အချို့သောဓလေ့များသည် ဆိုးကျိုးကို ဖြစ်ထွန်းစေသည်။ ဥပမာအားဖြင့် သစ်ပင်များသည် နွေရာသီတွင်အရိပ်ပေးစွမ်းနိုင်သော်လည်း အမျိုးသမီးများတို့သည် ထင်းဖြစ်စေရန်အတွက် သစ်ပင်များကို ခုတ်လှဲခြင်းများ ပြုလုပ်ကြပါသည်။ အစိုးရ၏ သစ်တောထိန်းသိမ်းရေးသင်တန်းများနှင့် သတင်းအချက်အလက် အသိပညာရရှိမှုနည်းပါးမှုကြောင့် အမျိုးသမီးတို့၏ လုပ်ရပ်တချို့သည်လည်း သစ်တောများကို အန္တရာယ် ဖြစ်စေနိုင်ပါသည်။

တိုင်းရင်းသားအသိုင်းအဝိုင်းများကြားရှိ အခြားသောလွှမ်းမိုးမှုတစ်ခုမှာ အယူသီးခြင်းဖြစ်သည်။ အချို့သောကိစ္စများတွင် အယူသီးခြင်းသည် အမျိုးသမီးနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်ဆက်စပ်မှုကြားတွင် လွှမ်းမိုးမှုကို ဖြစ်စေနိုင်ပါသည်။ ဥပမာအားဖြင့် ကယားပြည်နယ်တွင် ဗေဒင်အတတ်ပညာကို အမျိုးသားများကသာ တတ်မြောက်ကြလုပ်ကိုင်ကြသည်။ ထိုဗေဒင်ဆရာတို့သည် အမျိုးသမီးတစ်ဦး၏ အိမ်ထောင်ဖက်ကို ဆုံးဖြတ်ပေးခြင်း စသည့် အမျိုးသမီးတစ်ဦး၏ဘဝ အပေါ် အကျိုးသက်ရောက်မှုများ ရှိစေနိုင်ပါသည်။ ဓမ္မတာလာချိန်တွင် တောထဲသွားခြင်းသည် ကံဆိုးမှု၊ တောစောင့်နတ်ကို အမျက်သင့်စေပြီး ကျေးရွာကို ဖျက်ဆီးပစ်နိုင်သည် အစရှိသည့် အမျိုးသမီးတို့၏ ဖြစ်တည်မှုအပေါ် ထိန်းချုပ်ကန့်သတ်ထားသော ရိုးရာများလည်း ရှိသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ရာသီလာအမျိုးသမီးများသည် အပင်ကို မကိုင်ရကြောင့်နှင့် ကိုင်မိပါက ထိုအပင်သေတတ်ကြောင်း စသည့် အယူသီးခြင်းမျိုးလည်း ရှိပါသည်။

ကယားလူမျိုးစုတစ်ခုတွင် "ကေထိုဘို" ဟူသည့် နှစ်စဉ်ကျရောက်သည့် ပွဲရှိသည်။ ထိုပွဲတော်ကာလတွင် အမျိုးသားများသည် တောအုပ်ထဲရှိ အကြီးဆုံးသစ်ပင်ကို ပွဲတော်ကျင်းပရာနေရာသို့ သယ်ဆောင်လာကြရသည်။ ထိုအချိန်တွင် (တစ်လခန့်မျှ) အမျိုးသမီးများသည် တောအုပ်ထဲသို့ ဝင်ရောက်ကူညီပေးခြင်းများကို မပြုရပဲ ရိုးရာဝိုင်နှင့် အသားကိုသာ ချက်ပြုတ်ပြင်ဆင်ရန် တာဝန်ရှိပေသည်။ ထိုကဲ့သို့ ရိုးရာဓလေ့ပွဲများတွက် အမျိုးသမီးများပါဝင်ပတ်သက်ခွင့် မရှိဘဲ အမျိုးသမီးများ၏ အကြံညာဏ်နှင့် အသံကိုလည်း ဖော်ထုတ်ခွင့်မရကြချေ။ ထို့အပြင် ထိုသို့သော ပွဲတော်တွင် အဆင့်မြင့်သော ရာထူးနေရာများကို အမျိုးသားများကသာ နေရာယူထားကြသည်။

မြို့ပြစနစ်ဖြစ်ထွန်းလာမှုနှင့် ရွှေ့ပြောင်းနေထိုင်မှုများကြောင့် ကယားပြည်နယ်သည် တဖြည်းဖြည်းပြောင်းလဲလာပြီး ထိုသို့သော အယူဝါဒများသည်လည်း တဖြည်းဖြည်းလျော့နည်းလာသည်။ ရိုးရာဝိုင်ပြုလုပ်ရန် ကုန်ကြမ်းပစ္စည်းများ နည်းပါးလာပြီး စိုက်ပင်များအတွက် မြေနေရာများလည်း အကန့်အသတ်ရှိလာပါသည်။ ကယားပြည်နယ်တွင် ရိုးရာဗဟုသုတ ထိန်းသိမ်းမှုများ ပြန်လည်ဆန်းသစ်လာသည်နှင့်အမျှ လူငယ် အမျိုးသားများသည် ရိုးရာဓလေ့ကို သင်ယူကြသော်လည်း အမျိုးသမီးများကမူ သင်ယူခြင်းမရှိကြပေ။ ဤအရာကို ထောက်ရှုခြင်းဖြင့် ထိုအသိုင်းအဝိုင်းများအတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ဆက်လက်မှေးမှိန်နေဖွယ်ရှိကြောင်းကို သုံးသပ်သိရှိနိုင်ပါသည်။

အထက်ပါ အဖြစ်အပျက်များကို ကြည့်ခြင်းဖြင့် လူမျိုးစုရိုးရာဓလေ့များသည် အမျိုးသမီးများ၏ ဗဟုသုတကို တန်ဖိုး မထားခြင်းအပြင် ထိုမှတစ်ဆင့် ကျေးလက်ဒေသနေအမျိုးသမီးများအား နိုင်ငံတော်အဆင့်ဆွေးနွေးပွဲများနှင့် ဒေသအဆင့် ဆုံးဖြတ်ချက်ချမှုများတွင် အပယ်ခံထားရသည်။ ဥပမာအားဖြင့် ကယား၊ ရခိုင်၊ ချင်း၊ လီဆူနှင့် ရှမ်းအစရှိသော အသိုင်းအဝိုင်းတွင် မြေယာစီမံခန့်ခွဲခြင်းနှင့် သစ်တောကာကွယ်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသားများသာ လွှမ်းမိုးသော ရပ်မိရပ်ဖများက ဦးဆောင်ပြုလုပ်သည့် ရိုးရာဓလေ့များနှင့်သာ စီမံအုပ်ချုပ်ကြသည်။ အမျိုးသားများသည် သစ်တောအား စောင့်ရှောက်သူများသဖွယ် သတ်မှတ်ခံရကြပြီး အမျိုးသမီးများကိုမူ သစ်တော စီမံခန့်ခွဲရေးရာတွင် မပါဝင်စေကြချေ။ နေ့စဉ် သစ်တောနှင့် လက်ပွန်းတတီးအလုပ်များ လုပ်ကိုင်ရသူများ ဖြစ်လင့်ကစား အမျိုးသမီးများသည် သစ်တောအုပ်ချုပ်မှုနှင့်ပတ်သက်လျှင် ဗဟုသုတပေးစွမ်းနိုင်သူများဟု မသတ်မှတ်ကြပေ။

ယခုအခါတွင် ဒေသခံအမျိုးသမီးများ၏ သစ်တောရေးရာနှင့် ဆိုင်သည့် ကနဦးဗဟုသုတများကို အသိုင်းအဝိုင်းကြားတွင် ကျယ်ပြန့်စွာ တင်ပြခွင့်မရကြပေ။ ဤအချက်သည် မြန်မာနိုင်ငံ၏ အမျိုးသားရေးအဖြစ် သတ်မှတ်ဆောင်ရွက်ရန်လိုသည်။ ထွက်ပေါ်လာသော ဥပဒေအသစ်တွင် ကျားမခွဲခြားဆက်ဆံခြင်းဆိုင်ရာကဏ္ဍကို တွင်တွင်ကျယ်ကျယ် မတွေ့ရသကဲ့သို့ ယင်းဥပဒေများကို လက်တွေ့မြေပြင်အခြေအနေတွင် အရေးယူဆောင်ရွက်ရန်အခြေအနေ မရှိသေးချေ။ အကျိုးရလဒ်အားဖြင့် မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုနှင့် ကာကွယ်မှုအတွက် အဖိုးတန်သော အရည်အချင်းများနှင့် အဓိကကျသော အသိပညာများ ပျောက်ဆုံးသွားရသည်။ အမျိုးသမီးများသည် ရာသီဥတုမျှတရေးအတွက် ထိရောက်သော အကြံပြုမှုများကို ပြုနိုင်သကဲ့သို့ ထိုလုပ်ငန်းစဉ်များ ဖြစ်မြောက်ရေးအတွက်လည်း များစွာ စွမ်းဆောင်နိုင်ကြပါသည်။ ဤအချင်းအရာသည် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာ မြန်မာ့နိုင်ငံရေးစကားဝိုင်းတွင် ပျောက်ဆုံးလျက် မပါဝင်သောအချက်ပင်ဖြစ်သည်။

ဒေသခံဌာနေတိုင်းရင်းသူအမျိုးသမီးများသည် နေ့စဉ်ဘဝတွင် သစ်တောများနှင့် အနီးကပ်ဆုံး ထိတွေ့ရသူများဖြစ်သည့်အားလျော်စွာ သူတို့သည် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးသင်တန်းများ၊ သုတေသန သို့မဟုတ် သင်ယူခြင်းလုပ်ငန်းများတွင် အဓိကပါဝင်ရမည့်သူများဖြစ်ပါသည်။ သူတို့၏အသံ၊ အတွေ့အကြုံနှင့် အလေးထားမှုတို့ကို နိုင်ငံတော်နှင့် ဒေသအဆင့်စကားဝိုင်းတွင် ပါဝင်စေနိုင်ပါက ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဟု ယုံကြည်မိပါသည်။

## eďkH

ကျွန်မတို့၏ အမြင်တွင် ယခုအချိန်သည် ဌာနေတိုင်းရင်းသားအမျိုးသမီးများ၏ အသံကို နားထောင်ရမည့်အချိန်ဖြစ်သည်။ NGOများနှင့် အစိုးရအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဘေးများအား ဆွေးနွေးပါက ဌာနေတိုင်းရင်းသူအမျိုးသမီးများကိုလည်း ၎င်းတို့၏စာကားဝိုင်း၊ မူဝါဒများရေးဆွဲခြင်း၊ စီမံကိန်းများဖော်ဆောင်ခြင်းနှင့် နည်းဗျူဟာများ၊ ဆက်လက်ပြီး သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေးများ တွင်နေရာပေးရမည်ဖြစ်သည်။ ကျွန်မတို့အနေဖြင့် ၎င်းတို့၏အသံများကို နားထောင်ရန်လိုအပ်ပါသည်။ ၎င်းတို့၏ နေ့စဉ်လက်တွေ့လုပ်ဆောင်ချက်တွေများနှင့် အတွေ့အကြုံများကို ကျွန်မတို့၏ သစ်တောများအား ထိန်းသိမ်းရန်အတွက် အသုံးပြုနိုင်ပါသည်။ ကျွန်မတို့အနေဖြင့် သူတို့ဘာကြောင့်ဒီလိုတွေလုပ်နေရသလဲဆိုရကို သိရှိရန်လိုအပ်ပြီး ထိုအတွေ့အကြုံများနှင့် ကြာရှည်ပြီဖြစ်သော အသိပညာဗဟုသုတများမှလည်း သင်ယူသင့်ပါသည်။

ကျွန်မတို့အနေဖြင့် ၎င်းတို့၏အသံများ၊ အတွေ့အကြုံများနှင့် ဦးစားပေးမှုများအား ရှေ့သို့ယူဆောင်လာနိုင်ပါက ကျွန်မတို့အနေဖြင့် ရာသီဥတုပြောင်းလဲမှုအား တုန့်ပြန်ရန်အတွက် ဘက်ပေါင်းစုံပါဝင်သော နည်းဗျူဟာတစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ကျွန်မတို့အနေဖြင့် ရာသီဥတု ပြောင်းလဲခြင်းကို ရပ်တန့်ဖို့လိုပြီး ဤမတူကွဲပြားပြီး ဘေးဖယ်ခံထားရသော အဖွဲ့များကိုလည်း ထည့်သွင်းခြင်းအားဖြင့် ရာသီဥတုတရားမျှတမှုရှိရန် ဆောင်ရွက်ရပါမည်။ ဤအရာသည် မြန်မာနိုင်ငံအတွင်းဆောင်ရွက်နေသော လုပ်ငန်းစဉ်များအရသာ နိုင်ငံတကာ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးများအတွက်လည်း အရေးကြီးသောအချက်တစ်ချက်ဖြစ်ပါသည်။

---

*အာဂသမနှင့် နီလာထွန်းတို့သည် ကျားမရေးရာနှင့် ပတ်သက်၍ ကျွမ်းကျင်သူများဖြစ်ကြပြီး မြန်မာဂျန်ဒါ အကယ်ဒမီ (Gender Academy Myanmar) အား တည်ထောင်သူများလည်းဖြစ်ကြသည်။ မြန်မာဂျန်ဒါ အကယ်ဒမီ (Gender Academy Myanmar) သည် ပညာရှင်များဖြင့် ဖွဲ့စည်းထားပြီး သင်တန်းများပေးခြင်းနှင့် နိုင်ငံအဆင့် ကျားမရေးရာ အခြေခံဆွေးနွေးမှုများအား ဖော်ဆောင်ပေးခြင်း ကျားမရေးရာတန်းတူညီရေးအတွက် မြှင့်တင်ပေးသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ အချက်အလက်အခြေပြု အငြင်းပွားမှုများ နှင့် စနစ်တကျသေချာစွာ ပြုလုပ်ထားသော သုတေသနများအား အခြေခံ၍ အမျိုးသမီးများအား အကျိုးရှိစေသော အများပြည်သူဆိုင်ရာ မူဝါဒများအတွက် လှုံ့ဆော်စည်းရုံးရန်ဖြစ်သည်။*

# အခန်း(၃)၏ မှတ်စုများနှင့် ရည်ညွှန်းကိုးကားစာတမ်းများ


1. This research interviewed 222 respondents including 86 females and 136 males in Sagaing region. It was organised by IUCN as part of their 10 years forest conservation and rehabilitation strategic plan. The 160 reserved forests cover 5.033.440 acres and 89 public protected forests cover 1.386.968 acres.

2. IWGIA, (2019), Indigenous World.

3. Community Forestry Instruction 2019, Chapter 5 s7(v)

4. The NLUP was developed through public consultation, led by civil society which integrated some consultations with women farmers. See: Forbes (2017): Civil Society Participation in Land Policy Making: The Innovative Experience of Myanmar's Pre-Consultation on the National Land Use Policy. Conceptualization Note. In: *MRLG Capitalization Note Series* (2).

5. There have been very few measures to implement the NLUP in Myanmar, so the gender protections it offers have not been directly translated into practice. For that reason, we will not explore this policy further in this paper.

6. Inter-Parliamentary Union (IPU) (2019) Women in national parliaments, IPU, updated 1 February 2019. Available at: http://www.ipu.org/wmn-e/classif.htm.

7. Hook et al, (2015) Conceptualizing Public Sector Reform in Myanmar, MDRI and The Asia Foundation

8. See: Chapter 2, Ei Ei Min, Developing Indigenous women's leadership in the fight against climate change.

9. Civil society organisations facilitated consultation processes to seek out views of rural and Indigenous women as well as Indigenous groups more widely during the NLUP process. See: Forbes, (2017). Civil Society Participation in Land Policy Making: the innovative experience of Myanmar's pre-consultation on the National Land Use Policy. MRLG Capitalization Note Series #2. Vientiane & Yangon: Mekong Region Land Governance, Land Core Group and Loka Ahlinn.

10. These groups are created in coordination with the government's General Administrative Department which instructs the ward/ village tract administrator to form certain committees.

11. From the authors' experience in Sagaing (2016).

12. Minoletti, (2014) Women's Participation in the Subnational Governance of Myanmar, Myanmar Development Resource Institute's Centre for Economic and Social Development (MDRI CESD) and The Asia Foundation, Yangon and Namati (2016) Gendered Aspects of Land Rights in Myanmar: Evidence from Paralegal Casework, Yangon.

13. UNWomen (2016), Voice from the Intersection: Women's access to justice in the plural legal system in Myanmar

14. This observation is based on general field experience of the authors in different regions of Myanmar.

15. The Myanmar Government classifies land according to a Central Cadastral Map, of which Farmland is only one classification. Farmers must have land which the government has classified as Farmland in order to apply for a Land Use Certificate.

16. Namati, (2016) (supra)

17. Faxon and Knapman, (2020) *From the ground up: Land governance through the eyes of women farmers in Myanmar*, Yangon, Land Core Group (LCG)

18. CARE, ActionAid, Trocaire and Oxfam (2013) Women Leadership In Myanmar.

19. Pansy Tun Thein (2015) Gender Equality and Cultural Norms in Myanmar. International Conference Paper.

20. Agatha Ma and Kusakabe, (2015), Gender analysis of fear and mobility in the context of ethnic conflict in Kayah State, Myanmar, Singapore Journal of Tropical Geography

21. Based on observations from field experience of the authors. Also see: Knapman. (2018). Developing a community of practice to address women's land rights: Civil society discussion on gender equal land governance in Burma, USAID Tenure and Global Climate Change Program, Washington DC.

22. Based on authors' observations working in a variety of Indigenous and non-Indigenous contexts in Myanmar.

23. Faxon and Knapman, (2020) (supra)

24. Examples from authors' experiences in Mon State and Sagaing State.

25. Oxfam, (2014) Delivering Prosperity in Myanmar's Dryzone: Lessions from Mandalay and Magwe on realizing the economic potential of small scale farmers.

26. Chandra, (2017) Investing in Women Myanmar Country Context Paper

27. Knapman, (2018) (supra).

28. From authors' experience in Pinwe village, Sagaing (2016).

29. These trainings tend to be top down in nature and not integrate knowledge of women or traditional practices.

30. Community Forestry Instruction, Chapter 5 s7(v)

31. See: Chapter 2, Ei Ei Min (supra)

32. Based on authors' observations from field work in different regions of Myanmar.

33. Based on authors' experience in East Katha, Sagaing (2016)

34. ADB et al., (2016) A situation analysis of Gender Equality and Women's Rights in Myanmar.

35. FAO, (2016) The State of Food and Agriculture: Climate change, agriculture and food security. The statement can be also studied detail in the policy brief of UNDP, titled of Gender and Climate Change: gender, climate change and food security.

36. The authors' experience for Mya Sein Yaung Project (2019)

37. As noted in the Farmland Law section, in Myanmar the head of household is traditionally a man.

38. See sample photos from the official page of the Forest Department as an illustration of these male-dominated spaces: https://www.forestdepartment.gov.mm/CFDTC/cfdtc

39. Nilar Tun, (2006) Master's Thesis, Gender perception on pesticide and health, Taung inn village, Magway division, Asian Institute of Technology, School of Environment, Resources and Development.

40. Based on authors' field experience for Mya Sein Yaung Project (2019)

41. Louis et al., (2018) Land Tenure Regimes and Women's Land Rights in Two Regions of Myanmar, Conference Paper.

42. Faxon and Knapman, (2020) (supra)

43. A research study exploring Chin practices, states that if a wife initiates divorce, her parents have to return the bride price they received at her marriage. In addition, she will lose all the property and custody of their children. However, if a man does the same he retains the custody of his children. See: NINU (2017) Women as the others, Chin Customary laws & Practices from a Feminist Perspective.

44. POINT, (2015) Shifting cultivation in Myanmar: case studies from Southern Chin State and Bago Division.

45. A trology is motorised vehicle like a tuk-tuk.

# ရည်ညွှန်းကိုးကားစာတမ်းများ


Agatha Ma and Kusakabe K (2015), Gender analysis of fear and mobility in the context of ethnic conflict in Kayah State, Myanmar, Singapore Journal of Tropical Geography

Asian Development Bank. Gender Equality and Women's Rights in Myanmar: A Situational Analysis, 2018

CARE, ActionAid, Trocaire and Oxfam (2013) Women Leadership In Myanmar.

Chandra . S. (2017). Investing Women in Myanmar: Myanmar country context paper. https://investinginwomen.asia/wp-content/uploads/2018/01/Investing-in-Women-Myanmar-Country-Context-Paper-1-1.pdf (Retrieved on 13 August 2019)

Food and Agriculture Organisation (FAO), 2016. The State of Food and Agriculture: Climate change, agriculture and food security.

FAO. http://www.fao.org/myanmar/news/detail-events/en/c/385218/ (Retrieved on 13 August 2019)

Faxon and Knapman, (2020) From the ground up: Land governance through the eyes of women farmers in Myanmar, Yangon, Land Core Group (LCG)

Forest Department, Ministry of Natural Resources and Environmental Conservation, Office of the Union Minister. 2019. Community Forestry Instructions. https://www.forestdepartment.gov.mm/sites/default/files/Documents/CFI%202019%20Eng%20and%20mya.pdf (Retrieved on 15 August 2019)

Hook, D., Than, T. & Ninh, K. (2015). Conceptualizing Public Sector Reform in Myanmar. MDRI and The Asia Foundation. Retrieved from: https://asiafoundation.org/wp-content/uploads/2015/08/Conceptualizing-Public-Sector-Reform-in-Myanmar.pdf

Inter-Parliamentary Union (IPU) (2019) Women in national parliaments, IPU, updated 1 February 2019. Available at: http://www.ipu.org/wmn-e/classif.htm.

International Work Group for Indigenous Affair (IWGIA), 2019. Indigenous World 2019.

Knapman. (2018) Developing a community of practice to address women's land rights: Civil society discussion on gender equal land governance in Burma, USAID Tenure and Global Climate Change Program, Washington DC.

Louis et al. 2018. An Assessment of Land Tenure Regimes and Women's Land Rights in Two Regions of Myanmar. Conference paper for "2018 World Bank conference on Land and Poverty". Washington DC. March 19-23, 2018. https://cdn.landesa.org/wp-content/uploads/Landesa-World-Bank-Gender-Assessment-Myanmar-2018-EN.pdf (Retrieved on 15 August 2019)

Minoletti, (2014) Women's Participation in the Subnational Governance of Myanmar, Myanmar Development Resource Institute's Centre for Economic and Social Development (MDRI CESD) and The Asia Foundation, Yangon

Namati (2016) Gendered Aspects of Land Rights in Myanmar: Evidence from Paralegal Casework, Yangon.

NINU (2017). Women as the others: Chin Customary laws & Practices from a Feminist Perspective, September 2017

Oxfam. 2014. Delivering Prosperity in Myanmar's Dryzone: Lessions from Mandalay and Magwe on realizing the economic potential of small scale farmers.

Pansy Tun Thein, 2015. Gender Equality and Cultural Norms in Myanmar. International Conference

POINT (2015) "Shifting cultivation in Myanmar": Case studies from Southern Chin State and Bago Division.

United Nations Development Programme (UNDP). (2016). Gender and Climate Change: gender, climate change and food security. Policy Brief. 2016.

UNWomen (2016), Voice from the Intersection: Women's access to justice in the plural legal system in Myanmar

USAID & WINROCK International. Value Chains for Rural Development Social and Gender Assessment Report, 2015




ဟားခါး၊ ချင်းပြည်နယ်၊ မြန်မာ။ Credit: IWGIA

# tcef;(4)

## REDD+တွင်ပါဝင်သော ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ - ကန်ကွန်း ကာကွယ်စောင့်ရှောက်မှု အစီအမံများ ဗဟိုပြု၍

**Stefan Thorsellနှင့် Lærke Marie Lund Petersen**



## နိဒါန်း

မြန်မာနိုင်ငံနှင့်ကမ္ဘာတစ်ဝှမ်းတွင်သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့နှင့် ပတ်သက်၍ နိုင်ငံ့အစိုးရများမှ ပြုလုပ်ခဲ့သော နိုင်ငံတကာကတိကဝတ်များကြောင့်ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများမှာ ခြိမ်းခြောက်မှုများ ပိုမိုတိုးမြင့်ခံစားလာနေရပါသည်။ ဤအခန်းတွင် REDD+ ဟု လူသိများသော “သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း” ဆိုသည့် ကုလသမဂ္ဂ၏ လုပ်ငန်းစဉ်တစ်ရပ်ကို အကျဉ်းအားဖြင့် မိတ်ဆက်ဖော်ပြလျက် ၎င်းလုပ်ငန်းစဉ်မှ ဌာနေတိုင်းရင်းသားလူမျိုးများ (အထူးသဖြင့် ဌာနေတိုင်းရင်းသူအမျိုးသမီးများ)အပေါ် သက်ရောက်နေသော စိန်ခေါ်မှုများကို အသေးစိတ်ဆန်းစစ်လေ့လာသွားမည် ဖြစ်ပါသည်။ ဤဆန်းစစ်လေ့လာမှုတွင် အဆိုပါလူမျိုးစုများအတွက် ယင်းလုပ်ငန်းစဉ်မှ ဖော်ဆောင်ပေးလာနိုင်သော အခွင့်အရေးအချို့ကိုလည်း ဖော်ထုတ်သွားမည်ဖြစ်ပါသည်။ အကယ်၍သာ ထိရောက်သော ကာကွယ်စောင့်ရှောက်မှုများကို ပြဋ္ဌာန်းဖော်ဆောင်ခြင်းမပြုပါက REDD+ သည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ချိုးဖောက်လာနိုင်သည်သာမက ၎င်းတို့၏ဘဝနှင့် အသက်မွေးမှုများအပေါ် သက်ရောက်မှုရှိနိုင်သော ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်များတွင် ၎င်းတို့ကို ချန်လှပ်ဖယ်ကြဉ်ထားခြင်းကဲ့သို့သော အန္တရာယ်များရှိလာနိုင်ကြောင်းဖြင့် ဤအခန်းကို အဆုံးသတ်ထားပါသည်။

## အပူပိုင်းသစ်တောများနှင့် ရာသီဥတုပြောင်းလဲမှု

ကမ္ဘာ့အပူပိုင်းသစ်တောများကို ကာကွယ်ခြင်းနှင့်ပတ်သက်၍ခိုင်လုံသောသိပ္ပံနည်းကျ အထောက်အထား များ ရှိပါသည်။ ၎င်းတို့သည် ကာဗွန်ကိုစုပ်ယူနိုင်သောနေရာ (sink) များအဖြစ် လုပ်ဆောင်နိုင်ပြီး လေထုထဲသို့ထုတ်လွှတ်ခြင်းခံရမည့် ကာဗွန်များကို သိမ်းဆည်းပေးထားနိုင်ပါသည်။ အပူပိုင်းသစ်တောများသည် လေထုထဲတွင်ရောက်ရှိနေပြီးသားဖြစ်သည့် ဖန်လုံအိမ်ဓာတ်ငွေ့များကိုလည်း ကာဗွန်ဖယ်ရှားခြင်းနည်းလမ်း (carbon sequestration) အားဖြင့်လည်း ဖယ်ရှားပေးပါသည်။ ဤအချက်များကြောင့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းများသည် လူသားများကြောင့်ဖြစ်ရသည့် ရာသီဥတုပြောင်းလဲမှု၏ အဓိကလက်သည်တရားခံများအဖြစ် နားလည်လက်ခံထားကြပါသည်။ ခန့်မှန်းခြေ ကမ္ဘာ့ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုစုစုပေါင်း၏ ၁၅–၂၀% သည် တကယ်ပင် သစ်တောများ (အထူးသဖြင့် အပူပိုင်းသစ်တောများ) ပျက်စီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့ကြောင့် ဖြစ်ပေါ်ရသည်။ ကာဗွန်ကိုစုပ်ယူနိုင်သောနေရာ(sink)များအဖြစ် အရေးကြီးသောလုပ်ဆောင်မှုအပြင် သစ်တောများသည် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအတွက်လည်း မရှိမဖြစ်အရေးပါပါသည်။ ၎င်းတို့သည် လူနှင့်တိရိစ္ဆာန်များအား သန့်ရှင်းသောရေနှင့် လေ၊ အစားအစာနှင့် သစ်တောထွက်ပစ္စည်းများ၊ သစ်ပင်များနှင့် သားရဲတိရိစ္ဆာန်များအတွက် နေထိုင်စရာနေရာစသည်တို့အပါအဝင် အရေးကြီးသော ဂေဟစနစ်ဆိုင်ရာဝန်ဆောင်မှု (ecosystem services)များကို ဖြည့်ဆည်းပေးပါသည်။ ထို့အပြင် သစ်တောများသည်ဌာနေတိုင်းရင်းသားလူမျိုးများနှင့်အခြားသစ်တောအပေါ်မှီခိုနေကြသောလူထုများ၏ အသက်မွေးမှုအတွက် အရေးကြီးသောအခြေခံတစ်ခုဖြစ်သည်။

ကမ္ဘာ့အပူပိုင်းသစ်တောများ၏ ၁၅%နီးပါးကို အရှေ့တောင်အာရှဒေသတွင် တွေ့ရှိရပြီး၊ ၎င်းတို့သည် ကမ္ဘာကြီး၏ အရေးပါသောဇီဝမျိုးစုံမျိုးကွဲအထူးဒေသ (biodiversity hotspots) များတွင်ပါဝင်နေသည်။ သို့သော် ဤဒေသသည် ကမ္ဘာပေါ်တွင် သစ်တောပြုန်းတီးမှုနှုန်းအမြင့်ဆုံးဒေသများတွင် ပါဝင်နေပြီး၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှုနှင့် ပတ်သက်၍ အထူးသဖြင့် ဆိုးရွားစွာထိခိုက်ခံစားနေရသော ဒေသတစ်ခု ဖြစ်သည်။ သုတေသနပြုလုပ်ချက်များအရ မြန်မာနိုင်ငံတွင်လည်း ဤလားရာအတိုင်း ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။ ၁၉၂၅ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှုဧရိယာသည် နိုင်ငံ့ကုန်းမြေဧရိယာ၏ ၆၆%ခန့် ရှိခဲ့ရာမှ ၂၀၁၆ခုနှစ်တွင် ၄၃%ခန့် အထိလျော့ကျသွားခဲ့သည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း ၉၀ ကာလအတွင်း နိုင်ငံ၏ သစ်တော ၂၃% နီးပါးခန့်ကို ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

## REDD+ လုပ်ငန်းစဉ်

REDD+လုပ်ငန်းစဉ်ကို ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးဆိုင်ရာ သဘောတူညီချက် (UNFCCC)တွင် ၂၀၀၇ ခုနှစ်ကတည်းကပင် ဆွေးနွေးနေခဲ့ကြခြင်းဖြစ်သည်။ လက်ရှိအစိုးရများနှင့် နိုင်ငံတကာအစိုးရကြားအဖွဲ့အစည်းများက REDD+ကို ရာသီဥတုပြောင်းလဲမှုကို တန်ပြန်တုန့်ပြန်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာနိုင်ငံရေးလုပ်ငန်းစဉ်၏ အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သဘောတူလက်ခံထားကြသည်။ ဤလုပ်ငန်းစဉ်၏ လည်ပတ်ပုံမှာ ရေရှည်တည်တံ့ခိုင်မြဲသော စီမံခန့်ခွဲမှုမှတစ်ဆင့် သစ်တောများကို ကာကွယ်ပေးသော လုပ်ဆောင်မှုများနှင့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော်နိုင်ရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအား ရန်ပုံငွေများပေးအပ်ခြင်းဖြစ်သည်။ REDD+၏ အစပိုင်းညှိနှိုင်း ဆွေးနွေးမှုကာလများတွင် ချမ်းသာသောစက်မှုဖွံ့ဖြိုးပြီးနိုင်ငံများမှ ၎င်းတို့၏ ဓာတ်ငွေ့ထုတ်

လွှတ်မှုများကို အစားပြန်ချေရန်အတွက် ဆင်းရဲသောနိုင်ငံများ (Global South)ရှိ အပူပိုင်းသစ်တော ထိန်းသိမ်းရေးအတွက် ပေးချေမှုများပြုလုပ်သင့်ကြောင်း ပြင်းထန်သောတိုက်တွန်းမှုများရှိခဲ့သည်။ သို့သော် ဤနည်းလမ်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများနှင့် သိပ္ပံပညာရှင်အသိုင်းအဝိုင်းထံမှ ကျယ်ပြန့်သောခုခံချေပမှုများကို ခံခဲ့ရသည်။ ၎င်းတို့က အဆိုပါနည်းလမ်းသည် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအား ၎င်းတို့၏ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏနှုန်းထားကို ကုစား၍မရနိုင်တော့သော ရာသီဥတုပြောင်းလဲမှု (irr-eversible climate change) ဖြစ်စဉ်ကို ကာကွယ်နိုင်သည့်ပမာဏအထိ လျှော့ချစေခြင်းငှာ မက်လုံးပေးဆွဲဆောင်နိုင်ချေမရှိကြောင်း ထောက်ပြခဲ့ကြသည်။ အစားပြန်ချေခြင်း (offsetting)မှာ ဆွေးနွေးပွဲစကားဝိုင်းအတွင်း ဆက်လက်ပါရှိနေသော်လည်း (ထို့အပြင် ကြီးစွာအငြင်းပွားဖွယ်ဖြစ်နေသော်လည်း) REDD+၏အ ဓိကအာရုံစိုက်ရာမှာ အောက်ဖော်ပြပါအတိုင်း နိုင်ငံတကာရန်ပုံငွေလုပ်ငန်းစဉ်များဖြင့် ရလဒ်အပေါ် အခြေပြုသောပေးချေမှုများဖြစ်လာခဲ့သည်။

REDD+ကို အစဉ်အတိုင်းဖြစ်စရာမလိုသော အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်လေ့ရှိသည်။ အဆင်သင့်ဖြစ်ခြင်း (Readiness)အဆင့်တွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် မြေယာလုပ်ပိုင်ခွင့်နှင့် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ အကြောင်းအရာများ၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေသောအကြောင်းရင်းများ၊ ကျား/ မရေးရာ ထည့်သွင်းစဉ်းစားမှုများနှင့် ကာကွယ်စောင့်ရှောက်မှုများကို အရေးယူဖြေရှင်းပေးသော အမျိုးသား REDD+ မဟာဗျူဟာနှင့် အစိုးရမူဝါဒများကို ရေးဆွဲခြင်းဖြစ်သည်။ နိုင်ငံ၏ဓာတ်ငွေ့ထုတ်လွှတ်မှုရည်ညွှန်းပမာဏကို အခြေခံညွှန်းကိန်း (baseline)အဖြစ် သတ်မှတ်ရမည်။ အကောင်အထည်ဖော်ပြခြင်း (Implementation) အဆင့်တွင် နိုင်ငံအနေဖြင့် သတ်မှတ်ရွေးချယ်ထားသော သစ်တောဧရိယာများတွင် ခိုင်မာသောကနဦးစီမံကိန်းများဖော်ဆောင်ခြင်း အပါအဝင် အထက်ဖော်ပြပါမဟာဗျူဟာများနှင့် မူဝါဒများကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ဤလုပ်ဆောင်ချက်များမှ တားဆီးလိုက်နိုင်သော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏနှင့် ဖယ်ရှားလိုက်နိုင်သောကာဗွန်ပမာဏတို့ကို တွက်ချက်ရမည်။ နောက်ဆုံးရလဒ်အတွက်ပေးချေမှု (pay-ment-for-results) အဆင့်တွင် REDD+ လုပ်ဆောင်မှုများကို အကောင်အထည်ဖော်ခြင်းမှ လျှော့ချလိုက်နိုင်သော ဓာတ်ငွေ့ထုတ်လွှတ်မှုများအတွက် ပြန်လည်ပေးချေမှုများကို နိုင်ငံတော်မှ လက်ခံရရှိခြင်း ဖြစ်သည်။

၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ပါရီသဘောတူညီချက်ကို သဘောတူလက်ခံခဲ့ကြသည်။ ၎င်းမှာ UNFCCCအောက်တွင် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်တုန့်ပြန်ရန်နိုင်ငံရေးအရ နှောင်ဖွဲ့မှုရှိသော သဘောတူညီချက်တစ်ခုဖြစ်သည်။ ပါရီသဘောတူညီမှုအရ နိုင်ငံတိုင်းသည် ၎င်းတို့၏ဓာတ်ငွေ့ထုတ်လွှတ်မှုများကို မည်ကဲ့သို့လျှော့ချမည်၊ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများနှင့် မည်ကဲ့သို့လိုက်လျောညီထွေဖြစ်အောင်လုပ်ဆောင်မည်အစရှိသည်တို့ကို အသေးစိတ်ဖော်ပြထားသော နိုင်ငံမှပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်ထားသောလုပ်ငန်းများ (Nationally Determined Contributions – NDC) ကို ကတိပြုခဲ့ကြသည်။ နိုင်ငံပေါင်း ၅၆နိုင်ငံမှ ၎င်းတို့၏ NDCများတွင် REDD+ကို ၎င်းတို့၏ ရာသီဥတုပြောင်းလဲမှုအပေါ် တုန့်ပြန်ဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် အကောင်အထည်ဖော်ရန် ရည်ရွယ်ထားကြောင်း ဖော်ပြခဲ့ကြသည်။ ၂၀၁၅ခုနှစ်တွင် တင်ပြခဲ့ပြီး ၂၀၂၀တွင် ပြန်လည်ပြင်ဆင်မည့် မြန်မာနိုင်ငံ၏ NDCတွင် REDD+မှတစ်ဆင့် သစ်တောထိန်းသိမ်းခြင်းကို ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို လျှော့ချမည့် အဓိကနည်းလမ်းတစ်ခုအဖြစ်ထည့်သွင်းဖော်ပြထားခဲ့သည်။ မြန်မာနိုင်ငံသည် ယခုလက်ရှိတွင် ရလဒ်အခြေပြုပေးချေမှု (result-based payment) များနှင့်ပတ်သက်သော UNFCCC ၏လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဦးတည်လုပ်ဆောင်လျက်ရှိပါသည်။ ၂၀၁၉ခုနှစ်တွင် မြန်မာနိုင်ငံ၏ REDD+ မဟာဗျူဟာ နောက်ဆုံးမူကြမ်းကို ထုတ်ပြန်ခဲ့ပြီး၊ အမျိုးသားကာကွယ်စောင့်ရှောက်မှုများနှင့် ပတ်သက်သော သတင်းအချက်အလက်စနစ်များကို ရေးဆွဲပြင်ဆင်လျက်ရှိပါသည်။

၂၀၁၉ခုနှစ် ဖေဖော်ဝါရီလတွင် REDD+၏ သမိုင်းဝင်အလှည့်အပြောင်းအဖြစ် ဘရာဇီးနိုင်ငံသို့ ၂၀၁၄နှင့် ၂၀၁၅ခုနှစ် REDD+ရလဒ်များအတွက် ပထမဦးဆုံးရလဒ်အခြေပြုပေးချေမှုအား The Green Climate Fund မှ ခွင့်ပြုပေးခဲ့သည်။ သို့သော် လပိုင်းအတွင်း သမ္မတ Jair Bolsonaro၏ အစိုးရသစ်လက်ထက်တွင် သစ်တောပြုန်းတီးမှုမြင့်တက်လာသောအလားအလာများအပေါ် ကြီးထွားလာသောစိုးရိမ်မှုများကြောင့် ဘရာဇီးနိုင်ငံအတွက် အခြားသော REDD+ ရန်ပုံငွေများကို အလှူရှင်များမှရပ်ဆိုင်းထားခဲ့ပါသည်။ အဆိုပါအခြေအနေအရ ဤလုပ်ငန်းစဉ်သည် ကမ္ဘာတစ်ဝှမ်းသစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့ကို ရပ်ဆိုင်းရန်အတွက် ကမ္ဘာတစ်လွှားလက်ခံနိုင်သည့်ဖြေရှင်းမှု တစ်ခုမဟုတ်သေးကြောင်း ကို တွေ့ရှိရပြီး၊ အငြင်းပွားဖွယ် ဆွေးနွေးငြင်းခုံစရာ အကြောင်းအရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေ သည်။



မြန်မာနိုင်ငံရှိ မိုးသစ်တော့။ Credit: Stefan Thorsell

## ဌာနေတိုင်းရင်းသားလူမျိုးများနှင့် REDD+

ခိုင်မာမှုမရှိသော မြေယာလုပ်ပိုင်ခွင့်များနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာနှင့် နယ်မြေဒေသများအပေါ် အခွင့်အရေးများအား အသိအမှတ်ပြုမှုမရှိခြင်းသည် REDD+ စိန်ခေါ်မှုများ၏ အဓိကဇဟိုချက် ဖြစ်နေသည်။ အပြင်ပန်းအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို လေးစားရာတွင် REDD+၏ အတွေ့အကြုံများက စိန်ခေါ်မှုများရှိနေကြောင်း ပြသနေသည်။ REDD+မှာ စီမံအုပ်ချုပ်မှုစနစ်အားနည်းခြင်းနှင့် မြေယာလုပ်ပိုင်ခွင့်ပဋိပက္ခများ၊ ဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာ ခွဲခြားဆက်ဆံခြင်းနှင့် ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် ဖိစီးနှိပ်ကွပ်မှု ရာဇဝင်များရှိခဲ့သော နိုင်ငံများစွာရှိ အပူပိုင်း သစ်တောများကို ကာကွယ်ရန်အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ REDD+ကို ကနဦးစမ်းသပ်ဖော်ဆောင်ခဲ့သော သစ်တောအများစုမှာ ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာနှင့် နယ်မြေဒေသများဖြစ်သည်။ ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာ၊ နယ်မြေဒေသနှင့် အရင်းအမြစ်များနှင့်သက်ဆိုင်သော အခွင့်အရေးများကို အသိအမှတ်မပြု၊ အကာအကွယ်မပေးထားသောအခါ REDD+သည် အဆိုပါလူမျိုးစုများအတွက် ဆိုးရွားသောအကျိုးဆက်များ ဖြစ်ပေါ်လာစေနိုင်သည်။ REDD+တွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်စိန်ခေါ်မှုသည် နိုင်ငံရေးအရ စိတ်ဆန္ဒရှိ၊ မရှိဆိုသည့်ကိစ္စတစ်ခုတည်းသာမဟုတ်ပါ။ REDD+သည် ကြီးစွာ နည်းပညာအပေါ် အခြေပြုထားသည့်အတွက်ဌာနေတိုင်းရင်းသားလူမျိုးများ၏ တက်ကြွသောပါဝင်မှုကို ဖော်ဆောင်ရန်မှာ အထက်တွင်ဖော်ပြထားခဲ့သော အဆင့်သုံးဆင့်စလုံးတွင် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်နေပါသည်။

ဌာနေတိုင်းရင်းသားရေးရာ အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့ (IWGIA)မှ ၂၀၁၈ခုနှစ်တွင် ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုအရ မြန်မာနိုင်ငံတွင် လက်ရှိသစ်တောစီမံအုပ်ချုပ်မှုစနစ်များအရ မည်သည့်အကျိုးဆက်စပ်ပတ်သက်သူမှ (ဌာနေတိုင်းရင်းသား သို့မဟုတ် အခြားသော သစ်တောအပေါ်မှီခိုနေရသော ဒေသခံအစုအဖွဲ့များ သို့မဟုတ် အစိုးရ အပါအဝင်) သစ်တောဒေသများကိုထိန်းသိမ်းရန်အတွက် သစ်တောပြုန်းတီးခြင်း၏အကြောင်းရင်းများကို ဖြေရှင်းနိုင်ခြင်းမရှိသေးပါ။ မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် ၎င်းတို့၏ မြေယာနှင့် သစ်တောအခွင့်အရေးများအား အသိအမှတ်အပြုခံရရန်နှင့် တရားမဝင်သစ်ထုတ်လုပ်မှုများကိုကာကွယ်ပေးနိုင်သော ဒေသတွင်းထိန်းသိမ်းရေးစည်းမျဉ်းဥပဒေများကို အသက်သွင်းရန်အတွက် အာဏာပိုင်များ၏ ကူညီထောက်ပံ့မှုကိုလိုအပ်ကြောင်း နားလည်သဘောပေါက် လာကြသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း ဤဒေသခံအစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အောင်မြင်သော သစ်တောထိန်းသိမ်းရေးအတွက် အလွန်အရေးပါကြောင်းကို နားလည်သဘောပေါက်လာခဲ့ ပြီး၊ ဒေသတွင်းရှိတခြားနိုင်ငံများ၏ ဥပမာကို အတုယူလိုက်လျှောက်လျက် ၎င်း၏ သစ်တောစီမံအုပ်ချုပ်မှုစနစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဒေသခံအစုအဖွဲ့ပိုင်သစ်တော၏ သဘောတရားကို ထည့်သွင်းလာခဲ့သည်။ သို့သော် ယေဘုယျရည်မှန်းချက်အနေဖြင့် နိုင်ငံ့သစ်တောဧရိယာစုစုပေါင်း၏ ၃.၅%ခန့်သာရှိသော မြန်မာနိုင်ငံ၏ ဒေသခံအစုအဖွဲ့ပိုင်သစ်တောအစီအစဉ်သည် နည်းလမ်းအသစ်တစ်ခုကို စမ်းသပ်ကြည့်ခြင်း ထက်ပို၍ ထိရောက်သောအကျိုးသက်ရောက်မှုများရှိလိမ့်မည်ဟု ယူဆ၍မရပါ။ လေ့လာမှုများအရ ပါဝင်သောဒေသခံအစုအဖွဲ့များ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် ဒေသခံအစုအဖွဲ့ပိုင်သစ်တောဧရိယာများ၏ သစ်တောအရည်အသွေးတို့တွင် တိုးတက်မှုအချို့ကို တွေ့ရှိရသော်လည်း၊ ဒေသခံအစုအဖွဲ့ပိုင် သစ်တောများသည် လုပ်ပိုင်ခွင့်ဆိုင်ရာခိုင်မာမှု အားနည်းကြောင်းကို တွေ့ရှိခဲ့ရသည်။ ထို့ပြင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာ၊ သစ်တောနှင့် အရင်းအမြစ်များနှင့်ပတ်သက်သော ဓလေ့ထုံးတမ်းဆိုင်ရာအခွင့်အရေးများအတွက် အင်မတန်မှလိုအပ်နေသော အသိအမှတ်ပြုမှုနှင့် အကာအကွယ်များအား ၎င်းလူမျိုးစုများထံပေးအပ်နိုင်ရန်အတွက်ပိုမိုခိုင်မာသောဥပဒေအရ အကာအကွယ်ပေးမှုများလည်း လိုအပ်နေကြောင်း တွေ့ရှိခဲ့ရသည်။ ခိုင်မာသောဥပဒေအရ အကာအကွယ်များ အမှန်ပင် အရေးကြီးရသည့်အကြောင်းရင်းမှာ ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ဖြစ်ပါက ၎င်းတို့သည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ရေရှည်ကျန်းမာကြံ့ခိုင်မှုနှင့် ကိုယ်တိုင်ပြဌာန်းသောဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုပေးနိုင်သောကြောင့် ဖြစ်ပါသည်။ သဘာဝသယံဇာတအရင်းအမြစ်များအပေါ် ရေရှည်တည်တံ့ခိုင်မြဲသော စီမံခန့်ခွဲမှုပြုလုပ်နိုင်ရန်အတွက် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် အခြားသောဒေသခံအစုအဖွဲ့များအား အထောက်အကူပေးမည့် ဥပဒေနှင့် မူဝါဒဆိုင်ရာအပြောင်းအလဲများကို လုပ်ဆောင်ခြင်းသည် မြန်မာနိုင်ငံအစိုးရမှ ၎င်း၏ NDCအရပြုလုပ်ခဲ့သော သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့ကို ဖြေရှင်းမည့် နိုင်ငံတကာကတိကဝတ်များအား ဖော်ဆောင်ရာတွင် အထောက်အကူပြုပါလိမ့် မည်။ IWGIA ၏လေ့လာမှုအရ မြန်မာနိုင်ငံတွင် အောင်မြင်သော REDD+ အကောင်အထည်ဖော်မှုသည် ဤကဲ့သို့အင်မတန်မှလိုအပ်နေသော သစ်တောထိန်းသိမ်းခြင်းနှင့်ပတ်သက်သည့် ပါရာဒိုင်းအလှည့်အပြောင်းအပေါ်တွင် မူတည်နေကြောင်း တွေ့ရှိရပါသည်။

## ဌာနေတိုင်းရင်းသူအမျိုးသမီးများနှင့် REDD+

ကမ္ဘာတစ်ဝှမ်းလုံးရှိ ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် ဌာနေတိုင်းရင်းသားအမျိုးသားများကဲ့သို့ပင် လူမျိုးရေးခွဲခြားဆက်ဆံခြင်း၊ ယဉ်ကျေးမှုအရ ဖယ်ကြဉ်ထားခံရခြင်း၊ ဖိအားပေး၍ ပုံသွင်းခံရခြင်း၊ ၎င်းတို့၏လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းတို့မှအစပြုလာသော မြေသိမ်းခံရမှုနှင့် ကျူးကျော်ခံရမှုတို့ကြောင့် မြေယာနှင့် အရင်းအမြစ်များဆုံးရှုံးခြင်းတို့ကို တွေ့ကြုံခံစားနေရသည်။ ဤအခြေအနေများမှာ အဆိုပါဒေသခံလူထုအစုအဖွဲ့များအတွင်း ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ပိုဆိုးလာနေရသည်။ သို့သော် ယင်းအရွေ့နှင့် ချိုးဖောက်မှုများအား ဌာနေတိုင်းရင်းသူအမျိုးသမီးများက အမျိုးသားများထက် ပိုမိုထိခိုက်ခံစားကြရသည်။ ဥပမာအားဖြင့်ဆိုလျှင် ယဉ်ကျေးမှုအရသတ်မှတ်ထားသော ကျား/မ ရေးရာအခန်းကဏ္ဍများအရ အမျိုးသမီးများမှာ ထင်းခွေခြင်း၊ ရေခပ်ခြင်း၊ ယာခင်းများကို ထိန်းသိမ်းခြင်း၊ မိသားစုကို ကျွေးမွေးခြင်းစသောလုပ်ငန်းဆောင်တာများကို တာဝန်ယူရသည်ဖြစ်ရာ မြေယာနှင့် အရင်းအမြစ်များကို ဆုံးရှုံးရခြင်းသည် အမျိုးသမီးများအပေါ် ပိုမိုဆိုးရွားစွာ ထိခိုက်သက်ရောက်နေပါသည်။ သစ်တောများအပေါ် မှီခိုနေသော ဌာနေတိုင်းရင်းသားလူမျိုးများစွာအနက် အမျိုးသမီးများသည် သစ်တောထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ အမျိုးသမီးများသည် သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းများ၊ ပရဆေး စသည်တို့နှင့်သက်ဆိုင်သော အသိပညာဗဟုသုတများကို သိမ်းဆည်းသိုမှီးပေးသူများ ဖြစ်သည့်အပြင်၊ မျိုးစေ့ကို ထိန်းသိမ်းပေးသူများလည်းဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့သည် အိမ်တွင်းသုံး သစ်ပင်အမျိုးအစားများအား ထိန်းသိမ်းရာတွင်အရေးပါလှပါသည်။ ဤကဲ့သို့သော အိမ်ထောင်မိသားစုနှင့် ဒေသခံအစုအဖွဲ့များ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် တန်ဖိုးဖြတ်မရသည့် အမျိုးသမီးများ၏ အခန်းကဏ္ဍများနှင့် ပါဝင်မှုများကို ဒေသခံအစုအဖွဲ့ခေါင်းဆောင်မှုနှင့် အစိုးရအရာရှိများမှ လုံလောက်စွာအသိအမှတ်ပြုမှုမျိုး မရှိသေးပါ။ ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များမှ ချန်လှပ် ခံရခြင်းများ ရှိနေသည့်အပြင်၊ ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏မိသားစုများကို ပံ့ပိုးပေးနိုင်သည့် ဝင်ငွေရလမ်းကြောင်းများကို ထိန်းချုပ်စီမံနိုင်မှုမရှိခြင်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများအတွက် အခွင့်အလမ်းများ ပိုမိုနည်းပါးခြင်း၊ အချို့သော အခြေအနေများတွင် အိမ်တွင်းအကြမ်းဖက်မှုများအား ကြုံတွေ့နေရခြင်း စသည်တို့ကို ရင်ဆိုင်နေရသည်။ ပင်မခေတ်ရေစီးကြောင်းလူနေမှုစနစ်အတွင်း သွပ်သွင်းခံရခြင်း၊ ပင်မခေတ်ရေစီးကြောင်းလူနေမှုစနစ်၏ တန်ဖိုးများကို လိုက်နာကျင့်သုံးခြင်းသည် ဌာနေတိုင်းရင်းသားလူမှုအဖွဲ့အစည်းများအတွင်း အမျိုးသမီးများ၏ရပ်တည်မှုကို ပိုမိုအားနည်းလာစေနိုင်ပြီး၊ အိမ်တွင်းအကြမ်းဖက်မှု၊ ပြင်ပအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ထိခိုက်ခံစားရနိုင်ချေ ပိုမိုမြင့်တက်လာစေနိုင်ပါသည်။

ဌာနေတိုင်းရင်းသူအမျိုးသမီးများနှင့်အတူ တွဲဖက်လုပ်ကိုင်လျက် REDD+တွင် ၎င်းတို့၏တက်ကြွသောပါဝင်မှုကို ဖော်ဆောင်ရန်၊ ၎င်းတို့၏ စိုးရိမ်ကြောင့်ကြမှုများ၊ လိုအပ်ချက်များနှင့် အခွင့်အရေးများကို ကောင်းမွန်စွာ ဖြေရှင်းနိုင်ရန်အတွက် အခြားသောပါဝင်ပတ်သက်သူများအနေဖြင့် ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏ ထူးကဲသောအခြေအနေ၊ အနေအထားများကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။ ထို့အပြင် အဆိုပါလူပုဂ္ဂိုလ်များမှ ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အနေအထားကို ထည့်သွင်းစဉ်းစားပေးသည့် စစ်မှန်သော၊ ပြောင်းလွယ်ပြင်လွယ်ဖြစ်သော သဘောထားအမြင်များကို ကျင့်သုံးရန်လည်း လိုအပ်သည်။ ဆိုလိုသည်မှာ အခြားဒေသခံလူမှုအစုအဖွဲ့များမှ အမျိုးသမီးများနှင့်အတူတကွ အလုပ်လုပ်ဆောင်ရာတွင် သင့်လျော်လျောက်ပတ်မှုရှိခဲ့သည့် အယူအဆများ၊ သေချာမှုများကို ရှောင်ရှားရန်ဖြစ်သည်။ ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် ဌာနေတိုင်းရင်းသားမဟုတ်သောအမျိုးသမီးများနည်းတူ အခြေခံအမှုကိစ္စရပ်များ၊ လိုအပ်မှုများ အများအပြားရှိပါသည်။ သို့သော် ဌာနေတိုင်းရင်းသားလူမှု စနစ်များအတွင်းရှိ ၎င်းတို့၏ အနေအထားမှာမူ ပင်မခေတ်ရေစီးကြောင်းလူနေမှုစနစ်မှ လူများနှင့် ကွဲပြားခြားနားမှုရှိပါသည်။ ၎င်းတို့၏အမှုကိစ္စရပ်များမှာ ဌာနေတိုင်းရင်းသားအခွင့်အရေးနှင့်ပတ်သက်သော စည်းရုံးလှုံ့ဆော်ရေးများ သို့မဟုတ် အမျိုးသမီးအခွင့်အရေးနှင့် ကျား/ မရေးရာစည်းရုံးလှုံ့ဆော်ရေးများမှလည်း အပြည့်အဝ ဖြေရှင်းပေးနိုင်မည် မဟုတ်ပါ။ REDD+တွင်လည်း ထိုနည်းတူပင်ဖြစ်ပါသည်။ ဌာနေတိုင်းရင်းသူ အမျိုးသမီးများသည် ကမ္ဘာ့အဆင့် UNFCCCအောက်၌ စည်းရုံးလှုံ့ဆော်ရေးများ၊ လော်ဘီလုပ်ခြင်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်ခဲ့ကြသော်လည်း၊ နိုင်ငံအဆင့်တွင် အစိုးရအဖွဲ့အစည်းများနှင့် ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် REDD+၏ ကျားမရေးရာကိစ္စရပ်များကို အနည်းငယ်သာ ဖြေရှင်းပေးနိုင်ခဲ့ကြသည်။ ယေဘုယျအားဖြင့် ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် REDD+နှင့် ပတ်သက်၍ သိရှိနားလည်မှုနည်းပါးပြီး REDD+နှင့် ဆက်စပ်လျက်ရှိသော လှုပ်ရှားမှုများ (စည်းရုံး လှုံ့ဆောင်ရေးလုပ်ငန်းများအပါအဝင်) တွင် ဌာနေတိုင်းရင်းသားအမျိုးသားများနှင့် နှိုင်းယှဉ်ကြည့်ပါက ပါဝင်ပတ်သက်မှုလျော့နည်းနေကြသည်။ REDD+ စီမံ

ကိန်းလှုပ်ရှားမှုများတွင်ပါဝင်မှုမှာ ဒေသအဆင့်တွင် ပိုမိုကောင်းမွန်လေ့ရှိသော်လည်း နိုင်ငံအဆင့်တွင်မူ ဌာနေတိုင်းရင်းသူအမျိုးသမီးများအတွက် လုံလောက်သောကိုယ်စားပြုခံရမှု မရရှိသေးပါ။

REDD+ကို အကောင်အထည်ဖော်ရန်ညှိနှိုင်းဆွေးနွေးမှုများကို UNFCCCအတွင်း နိုင်ငံတကာအဆင့်၌ လုပ်ဆောင်လျက်ရှိနေသော်လည်း အကောင်အထည်ဖော်ဆောင်မှုများမှာ နိုင်ငံတစ်နိုင်ငံ၏ ရည်ညွှန်းအခြေအနေ (national reference scenario)များအပေါ် အခြေခံလျက် နိုင်ငံ၏အမျိုးသားအဆင့် အစီအစဉ်များ၊ မူဝါဒများနှင့် ဥပဒေများ၏ လမ်းညွှန်မှုများကိုလိုက်နာလျက် နိုင်ငံအဆင့်တွင် ဖြစ်ပေါ်လျက်ရှိသည်။ သို့သော် အမှန်တကယ်သစ်တောထိန်းသိမ်းစောင့်ရှောက်မှုများမှာ ဒေသအဆင့် လက်တွေ့မြေပြင်တွင် ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ဌာနေတိုင်းရင်းသားလူမျိုးများနှင့်တကွ ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ ပါဝင်မှုမှာ နိုင်ငံတကာအဆင့်ဆွေးနွေးမှုများမှသည် နေ့စဉ်သစ်တောအဆင့်လှုပ်ရှားမှုများတိုင်အောင် အဆင့်တိုင်းတွင် လိုအပ်လျက်ရှိသည်။ ဌာနေတိုင်းရင်းသူအမျိုးသမီးများအနေဖြင့် ဤဆွေးနွေးမှုများတွင် အဓိပ္ပါယ်ရှိစွာပါဝင်နိုင်ရန်အတွက် ၎င်းတို့၏နေ့စဉ်တာဝန်ဝတ္တရားများကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်ထားရန် လိုအပ်ပါသည်။ ထုံးတမ်းအစဉ်အလာ အလုပ်တာဝန်ခွဲဝေမှုများအရ အမျိုးသမီးများသည် ကလေးသူငယ်များ၊ တိရိစ္ဆာန်များနှင့် တောင်ယာတို့ကို ထိန်းသိမ်းစောင့်ရှောက်ရသည့်အိမ်ထောင်မိသားစုနှင့်ဒေသခံအစုအဖွဲ့အဆင့်တွင် ပိုမိုတာဝန်ရှိကြသည်။ အမျိုးသမီးများအတွက် ခရီးပြုလျက် ရက်နှင့် ချီ ညအိပ်သွားဖို့လိုသည့် တိုင်းဒေသ သို့မဟုတ် နိုင်ငံ၏မြို့တော်များတွင်ပြုလုပ်သော အစည်းအဝေးများထက် ၎င်းတို့၏ကျေးရွာ သို့မဟုတ် အနီးပတ်ဝန်းကျင်ကျေးရွာများတွင်ပြုလုပ်သော အစည်းအဝေးများသို့ တက်ရောက်ရန် ပိုမိုအဆင်ပြေလွယ်ကူပါလိမ့်မည်။ အချို့သော ဌာနေတိုင်းရင်းသားလူမှုအဖွဲ့အစည်းများတွင် အမျိုးသားများသည် ၎င်းတို့၏ ဇနီးမယား၊ နှမ၊ သမီးတို့ကို ၎င်းတို့၏လင်ယောက်ျား သို့မဟုတ် ဆွေမျိုးသားချင်းအမျိုးသားမပါဘဲ ခရီးသွားရန် ခွင့်မပြုလိုကြပေ။ ယင်းမှာ မြန်မာ့ကျေးလက်ဒေသများ (အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများ မကြာမီကဖြစ်ပွားခဲ့သောဒေသများ)တွင် ကြီးစိုးနေသော ဓလေ့ထုံးစံတစ်ခုဖြစ်သည်။

မြို့ပြတွင်နေထိုင်ပြီး ပညာရှင်များအဖြစ်အသက်မွေးကြသော ခေတ်ပညာတတ်ဌာနေတိုင်းရင်းသူအမျိုးသမီးများအတွက်မူ အခြေအနေများမှာ ကွဲပြားခြားနားမှု ရှိပါသည်။ ၎င်းတို့မှာ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် REDD+လုပ်ငန်းစဉ်များတွင် ပိုပြီးထိထိရောက်ရောက် ပါဝင်နိုင်ကြသည်။ ဌာနေတိုင်းရင်းသူအမျိုးသမီးများ ခေတ်ပညာကို များများသင်ယူတတ်မြောက်လာသည်နှင့်အမျှ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် REDD+ နှင့်ပတ်သက်သော လုပ်ငန်းစဉ်များ၊ အဖွဲ့အစည်းများတွင် ၎င်းတို့၏ တက်တက်ကြွကြွပါဝင်မှုကို ပိုမိုသေချာအောင် ပြုလုပ်လာနိုင်မည် ဖြစ်သည်။ သို့သော် ဤကဲ့သို့ဖြစ်ပေါ်လာရန်အတွက် ရည်ရွယ်ချက်ရှိရှိအားထုတ်ကြိုးပမ်းမှုနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအတွင်း အားစိုက်ထုတ် လော်ဘီလုပ်ဆော်သြမှုများ လိုအပ်မည်ဖြစ်သည်။ ဌာနေတိုင်းရင်းသားလူမျိုးများကိုယ်တိုင် ဌာနေတိုင်းရင်းသူအမျိုးသမီးများပါဝင်နိုင်ရန်အတွက် တိုက်တွန်းရန်လိုအပ်ပြီး ၎င်းတို့၏ကိုယ်ပိုင်အဖွဲ့အစည်းများကို ခေါင်းဆောင်ရန်၊ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် လုပ်ငန်းစဉ်များတွင် ၎င်းတို့ကို ကိုယ်စားပြုရန်တို့အတွက် အမျိုးသမီးများကို တိုးမြှင့်ခန့်အပ်ရမည်ဖြစ်သည်။ ထို့အပြင် မြေပြင်မှ ဌာနေတိုင်းရင်းသူအမျိုးသမီးများ ကိုယ်တိုင် သိရှိနားလည်ပြီး ပါဝင်လာစေလိုပါက အဆိုပါဒေသခံလူမှုအစုအဖွဲ့အဆင့်တွင်ရှိနေသော လူများအထိရောက်ရှိအောင် အပိုဆောင်းအားစိုက်ထုတ်ကြိုးပမ်းမှုများလုပ်ဆောင်ရန် လိုအပ်လာမည်ဖြစ်သည်။ ဤနေရာတွင် မြို့ပြရှိအစည်းအဝေးခန်းမများအထိ ဒေသခံဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အမြင်နှင့် အသံကို ပြန်လည်ယူဆောင်လာနိုင်ရန်အတွက် ကျေးရွာများအထိ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ သတင်းအချက်အလက်များ မျှဝေခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းတို့ကို ပြုလုပ်ရနိုင်ပါသည်။

REDD+မှတစ်ဆင့် ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အခွင့်အရေးကို အကာအကွယ်ပေးရာတွင် ယဉ်ကျေးမှုဆိုင်ရာကွဲပြားမှုများကို ထည့်သွင်းစဉ်းစားခြင်းသည် မြေယာ၊ သစ်တောနှင့် အခြားသော သဘာဝသယံဇာတအရင်းအမြစ်များအပေါ် တန်းတူညီမျှမှုရှိသော အခွင့်အရေးများပေးအပ်ရန်ကဲ့သို့သော အဓိကတောင်းဆိုချက်များနှင့် လိုက်လျောညီထွေမှုရှိပါသည်။ ဌာနေတိုင်းရင်းသားလူမှုအဖွဲ့အစည်းများတွင် မြေယာနှင့် အရင်းအမြစ်များအပေါ်လုပ်ပိုင်ခွင့်ကို သတ်မှတ်ပြဌာန်းပေးသောစည်းမျဉ်းဥပဒေများသည် နက်နဲရှုပ်ထွေးပြီး အဆင့်ဆင့်ဖြစ်ပေါ်တည်ရှိနေတတ်ပါသည်။ ၎င်းစည်းမျဉ်းဥပဒေများတွင် တစ်ဦးပိုင်နှင့် အစုအဖွဲ့ပိုင် ပိုင်ဆိုင်ခွင့်၊ အသုံးပြုပိုင်ခွင့် အခွင့်အရေးများ ရောနှောလျက်ရှိနေနိုင်သည်။ ထို့အပြင် ဌာနေတိုင်းရင်းသားလူမှုအဖွဲ့အစည်းများအတွင်း အမွေဆက်ခံပိုင်ခွင့်စည်းမျဉ်းများမှာလည်း အမျိုးမျိုးရှိနေနိုင်ပြီး၊ အဆိုပါစည်းမျဉ်းများမှာ ဂေဟစနစ်နှင့် စီးပွားရေးအခြေအနေများအပေါ် တစ်စိတ်တစ်ပိုင်းပတ်သက်လျက် ရှိနေနိုင်သကဲ့သို့ ဆွေမျိုးတော်စပ်မှု၊ မျိုးရိုးအမည်နာမ၊ အိမ်ထောင်ပြုပြီး



ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ နိုင်ငံအလိုက်တွေ့ဆုံလေ့လာခြင်း။ Credit: AIPP

အခြေချနေထိုင်ရာနေရာ စသည်တို့နှင့် ဆက်စပ်နေလေ့ရှိသည်။ ထို့ကြောင့် မြေယာအခွင့်အရေးနှင့်ပတ်သက်သော အမှုကိစ္စရပ်များမှာ ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ လိုအပ်ချက်နှင့် အမြင်များအပြင် ထုံးတမ်းစဉ်လာဥပဒေပါအချက်များကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ဖြေရှင်း၍မရနိုင်ပါ။ မျက်မှောက်ကာလတွင် ပင်မခေတ်ရေစီးကြောင်းလူနေမှုစနစ်အတွင်း ပေါင်းစည်းခြင်းနှင့် ဈေးကွက်စီးပွားရေးစနစ်များက ဌာနေတိုင်းရင်းသားလူမှုအဖွဲ့အစည်းများ အတွင်း လျင်မြန်သောပြောင်းလဲမှုမျိုးကို ဖြစ်ပေါ်နေစေသည်။ ဈေးကွက်စီးပွားရေးကိုလိုလားသော ကုန်ထုတ်လုပ်မှုပုံစံသို့ပြောင်းလဲလာမှုသည် မြေယာအခွင့်အရေးများအား တစ်ဦးချင်းပိုင်ဖြစ်အောင်တွန်းပို့နေသည်။ အမျိုးသမီးများထက်ပို၍ အမျိုးသားများမှာ အလုပ်အကိုင်ရှာဖွေရန် ၎င်းတို့၏ ကျေးရွာများမှ ထွက်ခွာနေရသောကြောင့် မြေယာကို ကြည့်ရှုထိန်းသိမ်းသည့်ကိစ္စရပ်များတွင် အမျိုးသမီးအများစု ဖြစ်လာသည့်အတွက် 'စိုက်ပျိုးရေးတွင် အမျိုးသမီးများကြီးစိုးလာမှု' (feminisa-tion of agriculture)ကို ဖြစ်ပေါ်လာစေသည်။ အလားတူကိစ္စရပ်များမှာ သစ်တောစီမံခန့်ခွဲမှုတွင်လည်း ဖြစ်ပွားနေပါသည်။ ဤကဲ့သို့သောအခြေအနေတွင် မြေယာနှင့် သစ်တောများနှင့်ပတ်သက်၍ အမျိုးသမီးများအား တန်းတူအခွင့်အရေးများပေးအပ်ရန် အလွန်တရာအရေးကြီးလာပါသည်။

ဌာနေတိုင်းရင်းသားလူမျိုးများအကြား မြေယာနှင့် သစ်တောပိုင်ဆိုင်မှု အခွင့်အရေးများနှင့်ပတ်သက်သည့် အချို့သော ထုံးတမ်းစဉ်လာဥပဒေများနှင့် ဓလေ့ထုံးစံများကို တိတိကျကျဖော်ထုတ်နိုင်ရန်နှင့် တစ်ချိန်တည်းမှာပင် အမျိုးသမီးများ၏ တန်းတူအခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ရန်အတွက် ပထမဦးဆုံးမဖြစ်မနေ လုပ်ဆောင်ရမည့်အရာမှာ မြေယာ၊ နယ်မြေဒေသနှင့် အရင်းအမြစ်များအပေါ် ဌာနေတိုင်းရင်းသားများ၏ စုပေါင်းပိုင်ဆိုင်မှု အခွင့်အရေးများကို အသိအမှတ်ပြုရန်ဖြစ်သည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းသည် ဌာနေတိုင်းရင်းသားလူမှုအစုအဖွဲ့များအား ၎င်းတို့၏တစ်ဦးချင်း သို့မဟုတ် စုပေါင်းပိုင်ဆိုင်မှုများကို ထိန်းညှိရန်နှင့် ၎င်းတို့၏နယ်မြေဒေသများအတွင်းရှိ မြေယာများနှင့်ပတ်သက်သော အသုံးပြုသူအခွင့်အရေးများ ခိုင်ခိုင်မာမာရရှိပိုင်ဆိုင်နိုင်စေရန် အခွင့်ပေးပါလိမ့်မည်။ ထုံးတမ်းစဉ်လာဥပဒေများသည် မြေယာနှင့် သစ်တောများအပေါ် အမျိုးသမီးများ၏တန်းတူအခွင့်အရေးများကို အသိအမှတ်ပြုလေ့မရှိသည့်အတွက် အဆိုပါအပိုင်းများအား သင့်လျော်သလိုပြင်ဆင်ပေးရန် လိုအပ်ပါသည်။ မြေယာအမျိုးအစားအချို့အပေါ် တစ်ဦးချင်း အခွင့်အရေးများမှလွဲ၍ ဌာနေတိုင်းရင်းသားလူထုအစုအဖွဲ့များသည် ၎င်းတို့၏ သစ်တော၊ စားကျက်မြေ၊ ရွှေ့ပြောင်းတောင်ယာမြေစသည့် နယ်မြေဒေသအစိတ်အပိုင်းများကို စုပေါင်းပိုင်ဆိုင်မှုအဖြစ် ဆက်လက်အသုံးပြု၊ စီမံခန့်ခွဲနေကြပါသည်။ ထို့ကြောင့် အမျိုးသမီးများအနေဖြင့် အများပိုင်ပစ္စည်းဥစ္စာများကို အသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်သည့်အဖွဲ့အစည်းများ၊ လုပ်ငန်းစဉ်များ (ဥပမာ ကျေးရွာကောင်စီ)၏ အစိတ်အပိုင်းတစ်ခုအဖြစ်ရှိနေရန် အရေးကြီးလှသည်။ အများအားဖြင့် အဆိုပါနေရာများမှာ အမျိုးသားများအတွက်သာ သီးသန့်ဖြစ်နေသော နေရာများဖြစ်သည်။ အာရှတစ်ခွင်လုံးတွင် ဌာနေ တိုင်းရင်းသူအမျိုးသမီးများသည် ထုံးတမ်းစဉ်လာမြေယာအခွင့်အရေးများနှင့် အခြားသော

ထုံးတမ်းစဉ်လာ ဥပဒေများ၏အစိတ်အပိုင်းများကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် တိုးမြှင့်တောင်းဆိုလျက်ရှိသည်။ ဒေသခံအစုအဖွဲ့များကိုယ်တိုင် ပဋိပက္ခနှင့် ကွဲပြားသောအမြင်များကိုဖြေရှင်းနိုင်ရန်အတွက် ဤတောင်းဆိုမှုများကို ဝန်းရံပေးရန်၊ အပြုသဘောဆောင်သောဆွေးနွေးမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များကို ဖန်တီးပေးရန် အရေးကြီးလှပါသည်။

## ကန့်ကွက်ကွန်း ကာကွယ်စောင့်ရှောက်မှု အစီအမံများ

စိန်ခေါ်မှုများရှိနေသော်လည်း ဌာနေတိုင်းရင်းသူအမျိုးသမီးများအပါအဝင် ဌာနေတိုင်းရင်းသားလူမျိုးစု အချို့အနေဖြင့် ခံစားရသည်မှာ REDD+၏ လုပ်ဆောင်ချက်များသည် ၎င်းတို့၏ မြေယာနှင့် အရင်းအမြစ်ဆိုင်ရာ အခွင့်အရေးများကို ခိုင်မာစေမည့်အပြင် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းမှုများကို ကာကွယ်ပေးပြီး ၎င်းတို့၏ ဒေသခံအစုအဖွဲ့များကို ငွေကြေး သို့မဟုတ် အခြားသောအကျိုးကျေးဇူးများ ယူဆောင်လာပေးနိုင်သည်ဟူ၍ ဖြစ်သည်။ ဥပမာအားဖြင့်ဆိုလျှင် REDD+သည် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်သောလုပ်ငန်းများတွင် ဌာနေတိုင်းရင်းသားများ၏အသိပညာဗဟုသုတများအား အသိအမှတ်ပြုခြင်းကို ပိုမိုအားကောင်းလာစေနိုင်သည်။ အချို့သောနိုင်ငံများတွင် REDD+သည် ထိလွယ်ရှလွယ်သောနိုင်ငံရေး အခြေအနေများ၌ပင် ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများအား တောင်းဆိုနိုင်သောနေရာများကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ဤအချက်သည် ယခင်ကမရှိခဲ့ဖူးသည့် တိုးတက်သော မြေယာနှင့်သစ်တောပြုပြင်ပြောင်းလဲမှုများအတွက် စည်းရုံးလှုံ့ဆော်မှုများကို ပွင့်ပွင့်လင်းလင်းလုပ်ဆောင်နိုင်သော နေရာ(space) များကို ပေါ်ထွန်းလာစေခဲ့သည်။ ယင်းအခြေအနေမှာ မြန်မာနိုင်ငံတွင်လည်း အတူတူပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် 'ဌာနေတိုင်းရင်းသားလူမျိုးများ' ဆိုသည့် စကားလုံးကို အသိအမှတ်မပြုသော အစိုးရများရှိရာနိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားလူမျိုးများသည် မကြာသေးမီနှစ်ကာလအနည်းငယ်ကမှ မဆုတ်မနစ်စည်းရုံးလှုံ့ဆော်ခြင်းနှင့် လော်ဘီလုပ်ခြင်းတို့မှတစ်ဆင့် REDD+ ၏ အဓိကမူဝါဒများကို ဩဇာသက်ရောက်လာနိုင်ခဲ့ပြီး အမျိုးမျိုးသော REDD+ဘုတ်အဖွဲ့များ၊ လုပ်ငန်းအင်အားစုများနှင့် နည်းပညာလုပ်ငန်းအဖွဲ့များတွင် ၎င်းတို့၏အသံကို ကိုယ်စားပြုလာနိုင်ခဲ့သည်။

အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်တွင် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း များမှ REDD+ ကိုပြင်ဆင်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် သစ်တောကိုမှီခိုအားထားကြသောဒေသခံလူထုအစုအဖွဲ့များ၏ အခွင့်အရေးများကို အသိအမှတ်ပြုရန် မဖြစ်မနေလိုအပ်ကြောင်း တောင်းဆိုခဲ့ကြသည်။ ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများကို ထည့်သွင်းစဉ်းစားခြင်းမပြုပါက REDD+ ကြောင့်ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးနောက်ဆက်တွဲများကို ထောက်ပြခဲ့ကြသည်။ ယင်းတို့တွင် မြေသိမ်းခံရမှုများတိုးပွားလာခြင်း၊ နေရပ်ရွှေ့ပြောင်းခံရခြင်း၊ ပဋိပက္ခများ၊ အကျင့်ပျက် ခြစားမှုများ၊ ဆင်းရဲမွဲတေမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်းကျဆင်းခြင်းစသည်တို့ ပါဝင်သည်။ ၎င်းတို့က REDD+ ၏ မူဝါဒများသည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(UNDRIP) ပါအချက်များနှင့် ကိုက်ညီမှုရှိရန်နှင့် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း(FPIC)၏ မူများကိုလည်း လေးစားမှုရှိရန် တောင်းဆိုခဲ့သည်။

၂၀၁၀ ခုနှစ်တွင် REDD+ လှုပ်ရှားမှုများကို ဖော်ဆောင်ရာတွင် လိုက်နာလုပ်ဆောင်ရမည့် ကာကွယ် စောင့်ရှောက်မှုအစီအစဉ်များပါဝင်သော ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများကို စတင်ကျင့်သုံးခဲ့ကြသည်။ ဤဖြစ်ရပ်မှာ UNFCCC တွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ အထင်ကရ သမိုင်းဝင် အောင်မြင်မှုတစ်ခုဖြစ်ခဲ့သည်။ ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများတွင် အခြားအချက်များအပြင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အပြည့်အဝ ထိထိရောက်ရောက်ပါဝင်မှုနှင့် UNDRIPပါအချက်များအရ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အသိပညာနှင့် အခွင့်အရေးများကို လေးစားရန်တို့ ပါဝင်သည်။ အမျိုးသမီးများ၏ အခွင့်အရေးနှင့်ပတ်သက်သော သီးသန့်ကာကွယ်စောင့်ရှောက်မှုများ မပါဝင်သော်လည်း သဘောတူညီမှုစာတမ်း၏ အစိတ်အပိုင်းတချို့တွင် ကျား/ မရေးရာကို ထည့်သွင်းထားပါသည်။ ကန့်ကွန်းကာကွယ်စောင့်ရှောက်မှုအစီအမံများသည် ဥပဒေအရ အာဏာသက်ရောက်မှုမရှိဘဲ REDD+ တွင်ပါဝင်သောနိုင်ငံများအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များကိုသာဖော်ပြထားသော်လည်း ဌာနေတိုင်းရင်းသားလူမျိုးများအတွက် REDD+ကို ပြင်ဆင်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် မိမိတို့၏အခွင့်အရေးများကို လေးစား ကာကွယ်မှုရရှိနိုင်ရန်အတွက် စည်းရုံးလှုံ့ဆော်နိုင်သော အခွင့်အရေးတစ်ခုကို ပေးအပ်ထားပါသည်။

ကန့်ကွန်းကာကွယ်စောင့်ရှောက်မှုများအပေါ်အခြေခံလျက် နိုင်ငံတစ်ခုချင်းစီသည် ၎င်းတို့နိုင်ငံအတွက် တိကျရှင်းလင်းစွာသတ်မှတ်ထားသော ကာကွယ်စောင့်ရှောက်မှုများနှင့် အကျိုးအမြတ်ခွဲဝေမှုဆိုင်ရာ အစီအမံများကို ပြင်ဆင်ဖော်ထုတ်ရမည်ဖြစ်သည်။ လက်ရှိတွင် လွတ်လပ်သော၊ ကြိုတင်

အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း(FPIC) ကဲ့သို့သော အဓိကကိစ္စရပ်များအတွက် ရှင်းလင်းတိကျပြီး စံနှုန်းမီတသမတ်တည်းရှိသော ကာကွယ်စောင့်ရှောက်မှုဆိုင်ရာလမ်းညွှန်ချက်များ မရှိသေးပါ။ အဆိုပါလမ်းညွှန် ချက်များရှိသောနေရာများတွင်လည်း အစိုးရများမှ ၎င်းတို့ကို ပြည့်ပြည့်ဝဝတသမတ်တည်း အကောင်အထည်ဖော်နေခြင်းမျိုး၊ နှစ်ဦးနှစ်ဖက်/ ဘက်ပေါင်းစုံမှ အလှူရှင်များမှ အမိန့်အာဏာတည်စေခြင်းမျိုးလည်းမရှိသေးပါ။

၂၀၁၈ခုနှစ်တွင် အစိမ်းရောင် ရာသီဥတုဆိုင်ရာရန်ပုံငွေအဖွဲ့(GCF)မှ ဌာနေတိုင်းရင်းသားလူမျိုးများအတွက်မူဝါဒကိုလက်ခံကျင့်သုံးခဲ့ခြင်းအားဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများအတွက် နောက်ထပ်အထင်ကရသမိုင်းဝင်အောင်မြင်မှုတစ်ခုကို ထပ်မံရရှိခဲ့သည်။ အဆိုပါမူဝါဒသည် – REDD+ ကိုအထောက်အကူပြုနေသည့် GCFမှ ငွေကြေးပံ့ပိုးပေးသောလှုပ်ရှားမှုများ (အဆင်သင့် ဖြစ်ခြင်းအဆင့်၊ ရလဒ်အခြေပြုပေးချေမှုများ၊ မည်သည့်အခွင့်အလမ်းနှင့် ဘဏ္ဍာရေးပံ့ပိုးမှုပုံစံမဆို၊ REDD+လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ GCF မှ ပြင်ဆင်ထားသော အကဲဖြတ်စစ်ဆေးမှု ကိရိယာများ (as–sessment tools)၊ လမ်းညွှန်မှုများ၊ ရည်ညွှန်းချက်များအပါအဝင်) အားလုံးအပေါ် လွှမ်းခြုံသက်ရောက်မှုရှိသည်။ အဆိုပါမူဝါဒသည် ဌာနေတိုင်းရင်းသားလူမျိုးများအတွက် REDD+ အား အကောင်အထည်ဖော်ခြင်းအပါအဝင် အစိမ်းရောင် ရာသီဥတုဆိုင်ရာရန်ပုံငွေအဖွဲ့(GCF)မှ ငွေကြေးပံ့ပိုးပေးသောနိုင်ငံတကာအဆင့်နှင့် အမျိုးသားအဆင့် ရာသီဥတုဆိုင်ရာလှုပ်ရှားမှုများတွင် ၎င်းတို့၏အခွင့်အရေးများကို တောင်းဆိုနိုင်သည့် အဓိကယန္တရားတစ်ခုဖြစ်သည်။ အရေးကြီးသည့်အချက်မှာ အဆိုပါမူဝါဒအရ REDD+လှုပ်ရှားမှုများမှ ရလဒ်အခြေပြုပေးချေမှုများကို ရယူမည်ဆိုလျှင် ပေးချေမှုကိုလက်ခံမည့်နိုင်ငံသည် ဌာနေတိုင်းရင်းသားလူမျိုးများအတွက် ကာကွယ်စောင့်ရှောက်မှုများအပါအဝင် အခြားသောမဖြစ်မနေလုပ်ဆောင်ရမည့်အချက်များကို လုပ်ဆောင်ထားရန် လိုအပ်ပါသည်။

ပိုမိုကောင်းမွန်လာသော အားတက်စရာ မူဝါဒပိုင်းတိုးတက်ပြောင်းလဲမှုများရှိနေသော်လည်း အစိမ်းရောင် ရာသီဥတုဆိုင်ရာရန်ပုံငွေအဖွဲ့(GCF)မှမကြာသေးမီကပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုတွင် REDD+၏ အစိတ်အပိုင်းများတွင် တိုးတက်မှုအနည်းဆုံးအပိုင်းမှာ ကာကွယ်စောင့်ရှောက်မှုပိုင်းဆိုင်ရာသတင်းအချက်အလက်စနစ်နှင့် ၎င်းနှင့် ဆက်စပ်လျက်ရှိသော ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများကို မည်ကဲ့သို့လေးစားလုပ်ဆောင်ပေးပါမည် ဆိုသည့် ‘သတင်းအချက်အလက်အနှစ်ချုပ်’ (summaries of information)ကို ပြင်ဆင်နေသည့်အပိုင်းဖြစ်သည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် နိုင်ငံများအား ၎င်းတို့၏ ကာကွယ်စောင့်ရှောက်မှုပိုင်းဆိုင်ရာသတင်းအချက်အလက်စနစ်ကို တည်ထောင်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးရန် အပူတပြင်းလိုအပ်နေကြောင်း တွေ့ရှိရပါသည်။ သို့မှသာ REDD+ကို အကောင်အထည်ဖော်ရာတွင် ဌာနေတိုင်းရင်းသူအမျိုးသမီးများအပါအဝင် ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများကို လျစ်လျူရှု၊ ချိုးဖောက်ခြင်းမပြုမိအောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရသည် ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများကို အခြေခံလျက် အမျိုးသား ကာကွယ်စောင့်ရှောက်မှုစနစ်ကို ဖော်ထုတ်တည်ထောင်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ UN–REDDအစီအစဉ်ဖြင့် ပူးပေါင်းပြီး အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အခြားသောအကျိုးဆက်စပ်ပတ်သက်သူများနှင့် ဆွေးနွေးတိုင်ပင်လျက်ရှိသော လုပ်ငန်းစဉ်မှာ လုပ်ဆောင်နေဆဲအဆင့်တွင်သာ ရှိနေပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကာကွယ်စောင့်ရှောက်မှုများကို မည်ကဲ့သို့ပုံဖော်လာမည်၊ ဌာနေတိုင်းရင်းသား လူမျိုးများ (အထူးသဖြင့် ဌာနေတိုင်းရင်းသူအမျိုးသမီးများ)အတွက် မည်သည့်နောက်ဆက်တွဲအကျိုးဆက် များရှိလာမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

## e¢kI

စတင်မွေးထုတ်လိုက်သည်မှ ဆယ်စုနှစ်တစ်ခုတိုင်အောင်ကြာညောင်းလာခဲ့ပြီဖြစ်သော်လည်း REDD+သည် ပြစ်ချက်အနာအဆာများရှိနေဆဲဖြစ်ပြီး အငြင်းပွားဖွယ်ဖြစ်နေဆဲပင်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ၎င်း၏ရည်မှန်းချက်ဖြစ်သော ရာသီဥတုပြောင်းလဲမှုအတွက် အဖြေတစ်စိတ်တစ်ပိုင်းအဖြစ် ဖြစ်ပေါ်လာရန် ဝေးကွာလျက်ရှိနေပါသေးသည်။ REDD+ကို အားလုံးမှ လက်ခံလာနိုင်ရန်အတွက် ဈေးကွက်အခြေပြု ချဉ်းကပ်ပုံနည်းလမ်းများကဲ့သို့ အဓိကငြင်းခုံနေရသော အပိုင်းများကိုဖြေရှင်းရန်လိုအပ်နေပါသည်။ REDD+ လည်ပတ်နိုင်ရန်မဖြစ်မနေလုပ်ဆောင်ရမည့်ကိစ္စမှာ ဌာနေတိုင်းရင်းသူအမျိုးသမီးများအပါအဝင် ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများကို လေးစားရန်ဖြစ်သည်။ ဤအချက်မှာ ကုလသမဂ္ဂ၏ အစိုးရများအကြားအဖွဲ့အစည်းတစ်ခုဖြစ်သည့် International Panel on Climate Change(IPCC)မှ မကြာသေးမီက ထုတ်ပြန်ခဲ့သော

အစီရင်ခံစာအသစ်မှ တွေ့ရှိချက်များနှင့် ကိုက်ညီနေသည်။ ၎င်း အစီရင်ခံ စာတွင် ကမ္ဘာပေါ်ရှိမြေယာများနှင့် သစ်တောများကို ထိန်းသိမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတွင် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံလူမှုအစုအဖွဲ့များ၏ အရေးကြီးလှသောအခန်းကဏ္ဍကို အလေးပေးဖော်ပြထားခဲ့သည်။

ကန့်ကွက်ကန်း ကာကွယ်စောင့်ရှောက်မှု အစီအမံများကို အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့သည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ချိုးဖောက်မခံရရန် ကာကွယ်ပေးရာတွင် အလွန်တရာမှ အရေးပါပါသည်။ REDD+နှင့် ပတ်သက်သော ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များတွင် ဌာနေတိုင်းရင်းသားလူမျိုးများ (အထူးသဖြင့် ဌာနေတိုင်းရင်းသူအမျိုးသမီးများ) ၏ သင့်လျော်မှုရှိသော အချိုးကျပါဝင်မှုကို သေချာအောင် ပြုလုပ်ပေးထားရမည်။ ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် ရေရှည်တည်တံ့ခိုင်မြဲသော သစ်တောစီမံခန့်ခွဲမှုတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသည့်အားလျော်စွာ REDD+နှင့်ပတ်သက်၍ ရေရှည်တည်တံ့သောရလဒ်များရရှိအောင် လုပ်ဆောင်ရာတွင်လည်း အဓိကအရေးပါနေသောသူများ ဖြစ်သည်။

မြန်မာနိုင်ငံရှိဖြစ်စဉ်များမှတွေ့ရှိချက်အရ သစ်တောထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲမှုတို့နှင့် ပတ်သက်၍ အမျိုးသားအဆင့် ပါရာဒိုင်းအပြောင်းအလဲကို လိုအပ်နေပါသည်။ အရေးအကြီးဆုံးနှင့် မဖြစ်မနေလုပ်ဆောင်ရမည့်အရာမှာ လုပ်ပိုင်ခွင့်ကို အထူးသဖြင့် ခိုင်ခိုင်မာမာသတ်မှတ်ပေးမည့် ဥပဒေပိုင်းဆိုင်ရာ၊ မူဝါဒပိုင်းဆိုင်ရာမူဘောင်များ ဖြစ်သည်။ ရှေ့ဆက်သွားရန်အတွက် အရေးကြီးသည့်ခြေလှမ်းတစ်ခုမှာ မြန်မာနိုင်ငံကဲ့သို့သောနိုင်ငံများ၏ အမျိုးသားအဆင့် REDD+ ကာကွယ်စောင့်ရှောက်မှုများသည် ကန့်ကွက်ကန်း ကာကွယ်စောင့်ရှောက်မှုအစီအမံများနှင့် လိုက်လျောညီထွေရှိရန်နှင့် နိုင်ငံများမှ REDD+ကို အပြည့်အဝအကောင်အထည်ဖော်ခြင်းမပြုမီ (အဆိုပါကာကွယ်စောင့်ရှောက်မှုများ) အဆင်သင့်ရှိနေရန်ပင် ဖြစ်ပါသည်။

***Stefan Thorsell**မှာ ဌာနေတိုင်းရင်းသားရေးရာ အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့ (IWGIA)၏ ရာသီဥတု ဆိုင်ရာအကြံပေးနှင့် စီမံချက်ညှိနှိုင်းရေးမှူးတစ်ဦး ဖြစ်ပြီး၊ **Lærke Marie Lund Petersen**မှာ IWGIA၏ မူဝါဒပိုင်းဆိုင်ရာအကြံပေးတစ်ဦး ဖြစ်ပါသည်။ IWGIA သည် ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကို မြှင့်တင်ပေးရန်၊ ကာကွယ်ပေးရန် ရည်ရွယ်ထားသော နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။*

## အခန်း(၄)၏ မှတ်စုများနှင့် ရည်ညွှန်းကိုးကားစာတမ်းများ

1. The full name of the mechanism is "Reducing emissions from deforestation and forest degradation and the role of conservation, sustainable management of forests and enhancement of forest carbon stocks in developing countries", hence the 'plus'.

2. It is beyond the scope of the chapter to assess if REDD+ is an effective and ethically correct approach to tackle the global problem of deforestation and forest degradation.

3. Studies have come up with a range of estimates. The IPCC (2019) estimates that agriculture, forestry and other land use (AFOLU) represents 23 % of global greenhouse gas emissions of which a major contributor to this is deforestation.

4. Sodhi et al., (2010). The state and conservation of Southeast Asian biodiversity. Biodivers. Conserv. 19, 317–328

5. Estoque et al., (2019). The future of Southeast Asia's forests Nature Communications. Volume 10, Article number: 1829

6. Erni, (2018). Indigenous peoples, land rights and forest conservation in Myanmar. Available from: https://www.iwgia.org/en/resources/publications/305-books/3311-indigenous-peoples-land-rights-and-forest-conservation-in-myanmar (accessed on 6 September 2019)

7. Following publications provide good insight into REDD+ as well as how indigenous peoples engage with, and are affected by, the REDD+ mechanism: Martone, (2019). An Indigenous Peoples' Guide to REDD+ Results-Based Payments: Opportunities and Challenges. Available from: http://www.tebtebba.org/index.php/content/465-an-indigenous-peoples-guide-to-redd-results-based-payments-opportunities-and-challenges (accessed on 6 September 2019)

8. REDD + promotes five specific activities. These are: i) reducing emissions from deforestation, *ii)* reducing emissions from forest degradation, *iii)* conservation of forest carbon stocks, *iv)* sustainable management of forests, and *v)* enhancement of forest carbon stocks.

9. Only countries eligible of receiving official development assistance (ODA), commonly known as 'developing countries' are eligible for receiving payments.

10. The Paris Agreement recognises the central role of forests in achieving the goal of '[h]olding the increase in the global average temperature from pre-industrial levels to well below 2°C...' (Art. 2.a) through mitigation options that aim to reduce emissions from deforestation and forest degradation (Art. 5.2) (UNFCCC 2015). In 2018, the International Panel on Climate Change (IPCC) highlighted the importance of limiting global temperature increase to 1.5°C and showed that reducing deforestation and forest degradation is crucial to achieve this (IPCC 2018). The United States have since delivered an official notice of their intention to withdraw from the Paris Agreement.

11. Hein et al., (2018). Deforestation and the Paris climate agreement: An assessment of REDD+ in the national climate action plans. Forest Policy and Economics, 90 7-11. Available from: https://www.sciencedirect.com/science/article/pii/S1389934117305373?via%3Dihub (accessed on 6 September 2019)

12. Government of Myanmar (2015). Myanmar's Intended Nationally Determined Contribution. The Republic of the Union of Myanmar. Available from: https://www4.unfccc.int/sites/ndcstaging/PublishedDocuments/Myanmar%20First/Myanmar%27s%20INDC.pdf (accessed on 6 September 2019)

13. GCF (2019). GCF's first REDD+ results-based payment boosts financial incentive to protect forests. Available from: https://www.greenclimate.fund/news/gcf-s-first-redd-results-based-payment-boosts-financial-incentive-to-protect-forests (accessed on 6 September 2019)

14. Guardian (2019). Norway halts Amazon fund donation in dispute with Brazil. Available from https://www.theguardian.com/world/2019/aug/16/norway-halts-amazon-fund-donation-dispute-brazil-deforestation-jair-bolsonaro (accessed on 6 September 2019)

15. Barletti and Larson, (2017). Rights abuse allegations in the context of REDD+ readiness and implementation: A preliminary review and proposal for moving forward. CIFOR Info Brief, No. 190. Available from: http://www.cifor.org/publications/pdf_files/infobrief/6630-infobrief.pdf (accessed on 6 September 2019)

16. Ibid.

17. Erni, (2018) (supra)

18. This section is builds on AIPP and IWGIA (2014). Indigenous Women in REDD+. Making their voice heard. Available from: https://www.iwgia.org/images/publications/0697_Indigenous_omen_and_REDD_EB.pdf (accessed on 6 September 2019)

19. de Schutter, (2013). The agrarian transition and the 'feminization' of agriculture. Available from: https://www.tni.org/files/download/37_deschutter_2013.pdf (accessed 13 November 2019)

20. UNFCCC, (2019). Safeguards. REDD+ Web Platform. Available from: https://redd.unfccc.int/fact-sheets/safeguards.html (accessed on 6 September 2019)

21. Ibid.

22. UNFCCC (2010). Report of the Conference of the Parties on its sixteenth session, held in Cancun from 29 November to 10 December 2010. Available from: https://unfccc.int/resource/docs/2010/cop16/eng/07a01.pdf#page=12 (accessed on 12 June 2020).

23. Baldo-Soriano, et al. (2012) (supra)

24. GCF (2018). Indigenous Peoples Policy. Available from: https://www.greenclimate.fund/document/indigenous-peoples-policy (accessed 9 June 2020)

25. At the same time as adopting the IP Policy, GCF board members were supposed to adopt a revised gender policy. Unfortunately, board members could not agree, and the policy was not adopted in 2018. See: IWGIA (2019). UN Framework Convention on Climate Change. The Indigenous World 2019. Available from: https://www.iwgia.org/en/resources/indigenous-world (accessed on 6 September 2019)

26. GCF (2019). GCF's first REDD+ results-based payment boosts financial incentive to protect forests. Available from: https://www.greenclimate.fund/news/gcf-s-first-redd-results-based-payment-boosts-financial-incentive-to-protect-forests (accessed on 6 September 2019)

27. IPCC (2019). Climate Change and Land. Summary for Policymakers. Available from: https://www.ipcc.ch/site/assets/uploads/2019/08/Edited-SPM_Approved_Microsite_FINAL.pdf (accessed on 6 September 2019)

# ရည်ညွှန်းကိုးကားစာတမ်းများ


AIPP and IWGIA (2014). Indigenous Women in REDD+. Making their voice heard. Available from: https://www.iwgia.org/images/publications/0697_Indigenous_omen_and_REDD_EB.pdf (accessed on 6 September 2019)

Barletti, J. P S. and Larson, A. M. (2017). Rights abuse allegations in the context of REDD+ readiness and implementation: A preliminary review and proposal for moving forward. CIFOR Info Brief, No. 190. Available from: http://www.cifor.org/publications/pdf_files/infobrief/6630-infobrief.pdf (accessed on 6 September 2019)

Baldo-Soriano, E., Carling, J., de Chavez, R., Erni, C., Martone, F., and Tugendhat, H. (2012). What is REDD+? A guide for indigenous communities. Available from: https://www.iwgia.org/images/publications/0650_hat_is_REDD_3_lr.pdf (accessed on 6 September 2019)

Erni, C. (2018). Indigenous peoples, land rights and forest conservation in Myanmar. Available from: https://www.iwgia.org/en/resources/publications/305-books/3311-indigenous-peoples-land-rights-and-forest-conservation-in-myanmar (accessed on 6 September 2019)

Estoque, R. C., Ooba, M., Avitabile, V., Hijioka, Y., DasGupta, R., Togawa, T. and Murayama, Y. (2019). The future of Southeast Asia's forests Nature Communications. Volume 10, Article number: 1829

Forests News (2018). REDD+ benefits: Men want cash, women want development. Available from: https://forestsnews.cifor.org/54754/redd-benefits-men-want-cash-women-want-development?fnl=en (accessed on 6 September 2019)

GCF (2019). GCF's first REDD+ results-based payment boosts financial incentive to protect forests. Available from: https://www.greenclimate.fund/news/gcf-s-first-redd-results-based-payment-boosts-financial-incentive-to-protect-forests (accessed on 6 September 2019)

Government of Myanmar (2015). Myanmar's Intended Nationally Determined Contribution. The Republic of the Union of Myanmar. Available from: https://www4.unfccc.int/sites/ndcstaging/PublishedDocuments/Myanmar%20First/Myanmar%27s%20INDC.pdf (accessed on 6 September 2019)
Guardian (2019). Norway halts Amazon fund donation in dispute with Brazil. Available from https://www.theguardian.com/world/2019/aug/16/norway-halts-amazon-fund-donation-dispute-brazil-deforestation-jair-bolsonaro (accessed on 6 September 2019)

Hein, J., Guarin, A., Frommé, E. and Pauw, P. (2018). Deforestation and the Paris climate agreement: An assessment of REDD+ in the national climate action plans. Forest Policy and Economics, 90 7-11. Available from: https://www.sciencedirect.com/science/article/pii/S1389934117305373?via%3Dihub (accessed on 6 September 2019)

IPCC (2018). Global Warming of 1.5°C. Summary for Policymakers. Available from: https://www.ipcc.ch/site/assets/uploads/sites/2/2019/05/SR15_SPM_version_report_LR.pdf (accessed on 6 September 2019)

IPCC (2019). Climate Change and Land. Summary for Policymakers. Available from: https://www.ipcc.ch/site/assets/uploads/2019/08/Edited-SPM_Approved_Microsite_FINAL.pdf (accessed on 6 September 2019)

IWGIA (2019). UN Framework Convention on Climate Change. The Indigenous World 2019. Available from: https://www.iwgia.org/en/resources/indigenous-world (accessed on 6 September 2019)

Larson, A. M., Dokken, T., Duchelle, A. E., Atmadja, S., Resosudarmo, I. A. P., Cronkleton, P., Cromberg, M., Sunderlin, W., Awono, A. and Selaya, G. (2015). The role of women in early REDD+ implementation: lessons for future engagement. International Forestry Review 17 (1) 2015. Available from: https://www.cifor.org/library/5495/ (accessed on 6 September 2019)

Martone, F. (2019). An Indigenous Peoples' Guide to REDD+ Results-Based Payments: Opportunities and Challenges. Available from: http://www.tebtebba.org/index.php/content/465-an-indigenous-peoples-guide-to-redd-results-based-payments-opportunities-and-challenges (accessed on 6 September 2019)

de Schutter, O. (2013). The agrarian transition and the 'feminization' of agriculture. Available from: https://www.tni.org/files/download/37_deschutter_2013.pdf (accessed 13 November 2019)

Sodhi, N. S., Posa, M. R. C, Lee, T. M., Bickford, D., Koh, L. P. and Brook, B. W. (2010). The state and conservation of Southeast Asian biodiversity. Biodivers. Conserv. 19, 317–328

UNFCCC (2015). Paris Agreement. Available from: https://unfccc.int/sites/default/files/english_paris_agreement.pdf (accessed on 6 September 2019)

UNFCCC (2019). Safeguards. REDD+ Web Platform. Available from: https://redd.unfccc.int/fact-sheets/safeguards.html (accessed on 6 September 2019)



မြန်မာနိုင်ငံ၊ ကချင်ပြည်၊ ဖုန်ကန်ရာဇီဧရိယာရှိ ဌာနေတိုင်းရင်းသားများ။ Credit: POINT

# tcef;(5)

## ဇီဝမျိုးစုံမျိုးကွဲများအပေါ် မူတည်သော ကျောင်းပညာရေး၏ အကျိုးသက်ရောက်မှု ၊ ဈေးခေတ်အလေ့အကျင့်မှသည် အရင်းရှင်စနစ်နှင့် ဆက်နွယ်သော အကြပ်အတည်းတစ်ခု

**မရှုနုံးရာ**

## နိဒါန်း

မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိ မြန်မာဗဟိုအစိုးရနှင့် လူနည်းစုတိုင်းရင်းအဖွဲ့များကြားတွင် အငြင်းပွားမှုများ ရှိနေပါသည်။ လွန်ခဲ့သော နှစ်ပေါင်း၇၀တွင်း ၎င်းအငြင်းပွားမှုများသည် ဗမာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ပြည်တွင်းစစ်ကိုဖြစ်ပေါ်စေသည့် အခြေခံအချက်များပင်ဖြစ်သည်။ ၂၀၁၀ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ စတင်ကူးပြောင်းခဲ့ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုဆီသို့ သိသိသာသာကူးပြောင်းလာခဲ့ပါသည်။

ပဋိပက္ခနှင့် စစ်အာဏာရှင်စနစ်အတွင်း မြန်မာအစိုးရသည် ကျောင်းပညာရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တယားအပါအဝင် နေ့စဉ်လူမှုဘဝအကျိုးကို သက်ရောက်စေသော မူဝါဒများကို အကောင်အထည်ဖော်ခဲ့ပါသည်။ ကျောင်းပညာရေးစနစ်တွင် မြန်မာစာကိုသာသုံးစွဲပြီး တိုင်းရင်းသားမျိုးနွယ်စုများမူမိမိတို့၏ တိုင်းရင်းသားဘာသာစကား၊ ရိုးရာနှင့် သမိုင်းအစဉ်အလာကို ကျောင်းတွင်သင်ကြားခွင့်မရရှိကြပေ။ ယင်းတို့သည် တိုင်းရင်းသားများအပေါ် ခွဲခြားဆက်ဆံခဲ့သည့် မူဝါဒများဖြစ်ခဲ့ပါသည်။ တစ်တိုင်းပြည်လုံးရှိ ကျောင်းသား/သူများတို့သည် မြန်မာစာသင်ရိုးညွှန်းတန်းဖြင့် ဗမာလူမျိုး ဆရာ/မများ၏ သင်ကြားပေးခြင်းကို ခံခဲ့ရပါသည်။ တိုင်းရင်းသားယဉ်ကျေးမှု၊ ဘာသာစကားနှင့် ရိုးရာအစဉ်အလာတို့ကိုမူကျောင်းပြင်ပဝန်းကျင်၌သာ သင်ယူခဲ့ရပါသည်။ ထိုသို့အားဖြင့် တိုင်းရင်းသားတို့၏ တန်ဖိုး၊ ထိန်းသိမ်းမှုများ၊ လက်ဆင့်ကမ်းရယူခဲ့ရသော ယဉ်ကျေးမှုနှင့် ဘိုးဘွားတို့၏ ပညာအမွေတို့ကို ဆက်လက်ထိန်းသိမ်းရာတွင် အကန့်အသတ်များရှိလာခဲ့သည်။ မကြာမီအချိန်က မိုဘိုင်းနည်းပညာနှင့် ရွှေ့ပြောင်းနေထိုင်မှုများမှတစ်ဆင့် ကမ္ဘာ့ယဉ်ကျေးမှုနှင့် ချိတ်ဆက်လာသော တိုင်းပြည်၏ ပွင့်လင်းလာမှု၊ နိုင်ငံရေးပြောင်းလဲမှုများကြောင့်လည်း အခြေအနေ ပိုမို ခက်ခဲလာခဲ့ပါသည်။

နိုင်ငံတော်၏ ပညာရေးစနစ်သည် တိုင်းရင်းသားရိုးရာများအကြောင်းကို ထည့်သွင်းသင်ကြားခွင့်မပြုစဉ်အတွင်း ဌာနေတိုင်းရင်းသားတို့၏ အစဉ်အလာတို့သည် မိသားစုများနှင့် အသိုင်းအဝိုင်းများကြားတွင် လက်ဆင့်ကမ်းဝေမျှခဲ့ပါသည်။ ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းများစွာတို့ကို မိခင်မှ သမီး အစရှိသည့် အမျိုးသမီးအဆက်ဆက်တို့က လက်ဆင့်ကမ်းရယူခဲ့သည်။ ၎င်းဓလေ့များတို့တွင် တောထွက်ပစ္စည်းများနှင့် အစေ့အဆံများကို အစားအစာနှင့် ဆေးအတွက် ပြုလုပ်ခြင်း၊ သစ်တောနှင့်သစ်စေ့ သစ်ဥသစ်ဖုများ စီမံခန့်ခွဲခြင်း စသည့် အရေးကြီးသည့် သဘာဝပတ်ဝန်းကျင်အလေ့အကျင့်အမွေအနှစ်များ ပါဝင်ပါသည်။

ဤစာတမ်းတွင် ယင်းပညာရေးစနစ်၏ အတိတ်သမိုင်းများကြောင့် အမျိုးသမီးများအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်သည်ကို အထူးလေ့လာသုံးသပ်ကာ အစိုးရနှင့် ရပ်ရွာအခြေပြု ပညာရေးစနစ်နှစ်ခုကြား ရှုပ်ထွေးသော ဆက်စပ်မှုကို ဆွေးနွေးထားပါသည်။ အချို့သော တိုင်းရင်းသားရိုးရာဓလေ့အသေးစိတ်နှင့် မိခင်များမှတစ်ဆင့် ယဉ်ကျေးမှုများကို လက်ဆင့်ကမ်းလာပုံနှင့်တကွ ဇီဝကွဲပြားမှုတို့၏ အရေးပါပုံကိုလည်း ဝေမျှတင်ပြသွားပါမည်။ ဤအကြပ်အတည်းအတွင်း အမျိုးသမီးတို့၏ ဗဟိုအခန်းကဏ္ဍကို အဓိကထား တင်ပြသွားပါမည်။

| ဇယား (၁) စာတမ်းပြုစုရာတွင် အဓိကထားမည့် နယ်ပယ်ဒေသ | | | |
|---|---|---|---|
| **ကျေးရွာ** | **တိုင်းဒေသကြီး** | **လူမျိုးစု** | **နယ်မြေအခြေအနေ** |
| ရွှေတောင် ငွေတောင် | ပဲခူး | စကောကရင် | တောဒေသ |
| ကျောက်တော် | ရှာငံမြို့နယ်၊ ရှမ်းပြည်တောင်ပိုင်း | ဓနု | တောဒေသ |
| ကျောက်ကချုပ် | ဟိုပုံမြို့နယ်၊ ရှမ်းပြည်တောင်ပိုင်း | ပအို့ | တောင်ကြီးနှင့် သိပ်မဝေး |
| ဘုံဘော | မကွေး | အရှိုချင်း | တောဒေသ |

## အမျိုးသမီးများ၏ ရိုးရာအခန်းကဏ္ဍဆိုင်ရာ ဥပမာတစ်ခု

ပဲခူးတိုင်းဒေသ၊ ရွှေတောင်ငွေတောင်ရှိ စကောကရင်လူမျိုးများနေထိုင်ရာရွာတွင် အမျိုးသမီးများသည် ဒေသထွက်သီးနှံများနှင့် ဝါဂွမ်းစိုက်ပျိုးရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြသည်။ ဤဒေသတွင် အမျိုးသမီးတို့သည် ဒေသထွက်မျိုးစေ့များကို ပြုစုထိန်းသိမ်းခြင်းအတွက် တာဝန်ယူရသည်။ ယင်းမျိုးစေ့အမျိုးမျိုးတို့သည် မိသားစုမျိုးဆက် တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာကြသည်။ စကောကရင်အမျိုးသမီးများတို့သည် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ဌာနေစည်းမျဉ်းများကိုလည်း ကိုင်စွဲထားကြသည်။ ၎င်းစည်းမျဉ်းများတို့သည် အမျိုးသမီးအဆက်ဆက်အမွေဆက်ခံခြင်းဖြစ်ကာ အမျိုးသားတစ်ဦးအိမ်ထောင်ကြပါက ထိုအမျိုးသားအနေဖြင့် မိခင်၏ကျင့်ထုံးများကို ၎င်း၏ ဇနီးသည်ကျင့်ထုံးသို့ ပြောင်းလဲကျင့်သုံးရသည်။ ဤအချက်ကို ထောက်ရှုခြင်းဖြင့် လူအသိုင်းအဝိုင်းအခြေပြု အပြုအမူများ၊ တောတောင်စီမံခန့်ခွဲမှုများနှင့် ထွန်ယက်စိုက်ပျိုးမှုကျင့်ထုံးများတွင် ပါဝင်နေသော အမျိုးသမီးတို့၏လွှမ်းမိုးမှုကို ဖော်ပြလျက်ရှိပါသည်။ ရွှေတောင်ငွေတောင်ဒေသခံများတို့သည် ဌာနေတိုင်းရင်းဆေးများကိုသာ မှီဝဲလျက်ရှိကြသည်။ အစိုးရမှ တည်ထောင်ပေးခဲ့သော ဆေးခန်းရှိသော်လည်း လူအများစုကမူ ရိုးရာဓလေ့ဖြင့် မီးဖွားလိုသောကြောင့် သားဖွားရာတွင် ရိုးရာသားဖွားဆရာမများကိုသာ အားထားကြသည်။ အချို့အမျိုးသမီးငယ်များသည် ရိုးရာသားဖွားဆရာမများကို ကူညီလုပ်ဆောင်ပေးလျက် ရိုးရာသားဖွားဓလေ့ကို သင်ယူလေ့လာကြသည်။ ချက်ကြိုးဖြတ်ခြင်း၊ ကလေးမွေးခြင်း သို့မဟုတ် ကလေးမီးဖွားနိုင်စွမ်းရှိမရှိကို လက်ချောင်းအသုံးပြုကာ သွေးအပူချိန်တိုင်း စမ်းသပ်ခြင်းများကို သင်ယူကြသည်။ အချို့အမျိုးသမီးများသည် ဤပညာရပ်ကို အထူးတတ်မြောက်ကျွမ်းကျင်ကြသည်။ ဥပမာအားဖြင့် ကိုယ်ဝန်ကို လက်နှင့်စမ်းသပ်ရုံဖြင့် မည်သည့်အချိန်မီးဖွားရမည်ကို တပ်အပ်ပြောနိုင်သော သားဖွားဆရာမပင် ရွာတွင်ရှိခဲ့သည်။ ထို့အပြင် ကိုယ်ဝန်သည်၏ တင်ပါးကိုကြည့်ရုံမျှဖြင့် ယောကျာ်းလေး သို့မဟုတ် မိန်းကလေးမွေးမည်ကို ခန့်မှန်းနိုင်ခဲ့သည်။ သားဖွားဆရာမများသည် ကလေးအား ခွဲမွေးသင့်၊ မသင့် ကိုလည်း စစ်ဆေးသုံးသပ်တတ်ကြသည်။

ထိုကဲ့သို့သော ကျင့်ထုံးများကို ဆက်လက်လက်ဆင့်ကမ်းဖြစ်ပေါ်လာခြင်းကို ကြည့်ခြင်းအားဖြင့် ရွာသူ/သားများစွာတို့သည် အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် ငွေကြေးမတတ်နိုင်ပါက ရွာတွင်သာ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနိုင်သည်ဟု မှတ်ယူနိုင်ပါသည်။ ကုသမှုများရယူရန် အမျိုးသမီးများသည် တောထဲတွင် ဆေးပင်များကို အားထားကြရသည်။ ၎င်း တိုင်းရင်းဆေးများသည် ဒေသထွက်ဆေးပင်အမျိုးအစားအမျိုးမျိုးအပေါ် မှီခိုကြရသည်။ ထိုသူတို့ မဝယ်နိုင်သောအရာများကို တောအုပ်ကြီးထဲမှ ရယူနိုင်ပါသည်။

## ဓလေ့ဟောင်းမှသည် ငွေကြေးစီးပွားရေးဆီသို့

စကောကရင်လူမျိုးများကဲ့သို့ပင် စာတမ်းပြုစုရာတွင် အဓိကထားသည့် အခြားအသိုင်းအဝိုင်းများသည်လည်း တိုင်းရင်းသားတို့၏ ဌာနေရွှေ့ပြောင်းတောင်ယာလုပ်ငန်းနှင့်အညီ အစားအစာနှင့် ဆေးဘက်ဆိုင်ရာ အသုံးပြုရန်အပင်များစွာကို စိုက်ပျိုးကြသည်။ ဥပမာအားဖြင့် ကျောက်ထော်ရွာရှိ ခနအသိုင်းအဝိုင်းတွင် မြေပဲ၊ ဂျင်း၊ နနွင်း၊ လက်ဖက်၊ ထောပတ်သီး၊ ကော်ဖီ၊ သရက်သီး၊ ပဲနှင့် ဂေါ်ဖီထုပ်တို့ကို စိုက်ပျိုးကြသည်။ တောင်ကြီးရှိ ပအိုဝ်းဒေသများအတွက် Cigar Leaf စိုက်ပျိုးရေးသည် အဓိက အသက်မွေးဝမ်းကျောင်းဖြစ်သော်လည်း ပြောင်း၊ ထောပတ်သီး၊ ကော်ဖီ၊ ခရမ်းချဉ်သီး၊ စတော်ဘယ်ရီ၊ ပန်း၊ ကြက်သွန်ဖြူပင်ပေါက်၊ လက်ဖက်၊ ဆန်နှင့် ကြက်သွန်ဖြူ အစရှိသည့် ရွှေ့ပြောင်းတောင်ယာများတို့ကိုလည်း ပြုလုပ်ကြသည်။

ရွှေ့ပြောင်းတောင်ယာလုပ်ငန်းသည် ရိုးရာထုတ်ကုန်စနစ်တခုဖြစ်လာသော်လည်း လွန်ခဲ့သောနှစ်အတွင်း ထိုဓလေ့များသည် အတွင်းအပြင်အကြောင်းများကြောင့် ပြောင်းလဲလာသည်။ ထိုသို့သောပြောင်းလဲမှုများကို ဖြစ်ပေါ်စေခဲ့သည်မှာ အစိုးရမူဝါဒ (ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို တစ်သီးစားစိုက်ပျိုးရေးနှင့် အစားထိုးခြင်း)၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာစိန်ခေါ်မှုများ (ကုန်းမြေ၏ အကျယ်အဝန်းကို လျှော့ကျစေပြီး ရာသီဥတုပြောင်းလဲစေခြင်း)နှင့် ငွေကြေးစီးပွားရေးစိန်ခေါ်ချက်များပင် ဖြစ်သည်။ စီးပွားရေးရင်းနှီးမြှုပ်နှံသူများကလည်း ဒေသခံတို့၏ပိုင်မြေကိုဝယ်ယူကာ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ရန် မြေနေရာများ လျော့ကျစေခဲ့သည်။ ထိုအချက်များသည် ရိုးရာထွန်ယက်စိုက်ပျိုးရေး ရေရှည်တည်တံ့မှုကို စိန်ခေါ်လာပြီး ရရှိထားသောစိုက်ကွက်ကို အလွန်အကျွံသုံးစွဲမှုဖြစ်ပေါ်စေသည်။ ထိုသို့ဖြစ်ရခြင်းမှာ မြို့ပြနှင့်နီးသောစိုက်ကွက်များဖြစ်နေခြင်းကြောင့်လည်း ဖြစ်သည်။ မြို့ပြနှင့်ဝေးသောဒေသတွင်မူ ထိုစိန်ခေါ်ချက်များကို စိုးရိမ်စရာမလိုဘဲ တိုင်းရင်းဓလေ့ထုံးတမ်းကို ဆက်လက်ကျင့်သုံးနိုင်ကြသည်။ မြို့ပြနှင့်နီးသော ဒေသတွင်းဒေသခံများကမူ ၎င်းတို့၏ စိုက်ကွက်နှင့် အသက်မွေးဝမ်းကျောင်းမှုကို ပြောင်းလဲကျင့်သုံးလာလိုကြသည်။

ဥပမာအားဖြင့် မကွေးတိုင်းအနောက်ဖက်ပိုင်းရှိ အရှိုချင်းဒေသခံများသည် ရွှေ့ပြောင်းတောင်ယာကို လုပ်ကိုင်ကြသည်။

သူတို့သည် ဆန်၊ ပြောင်း၊ ငှက်ပျော၊ ပိန်းဥ၊ သံပုရာ၊ ကော်ဖီ နှင့် ဂရိတ်ဖရုသီးတို့ကို စားသုံးရန်နှင့် ရောင်းချရန် စိုက်ပျိုးကြသည်။ သို့သော် မကြာမီအချိန်က ၎င်းတို့၏ လုပ်ငန်းများ ပြောင်းလဲလာသည်ဟု ဆိုကြသည်။ ငှက်ပျောသီးသည် တစ်နှစ်ပတ်လုံးရရှိနိုင်သည့် စိုက်ပျိုးပင်ဖြစ်သည့်အားလျော်စွာ ဒေသခံတို့သည် ဝင်ငွေပုံမှန်ရရှိရန် ငှက်ပျောပင်တစ်မျိုးထဲကိုသာ အဓိကထားစတင်စိုက်ပျိုးလာကြသည်။ ဤသို့အားဖြင့် ၎င်းတို့ယခင်စိုက်ပျိုးခဲ့ကြသော အာဟာရနှင့် ဇီဝမျိုးစုံမျိုးကွဲများကို အကျိုးသက်ရောက်မှုဖြစ်စေသည့် အသီးအနှံများကို လျှော့စိုက်လာကြသည့်။

ရှမ်းပြည်နယ်၊ ကျောက်တော်ရွာရှိ ဓနုဒေသတွင် ဒေသခံတို့သည် လက်ဖက်ကို အိမ်သုံးအတွက်နှင့် ရောင်းချရန်အတွက် စိုက်ပျိုးကြပါသည်။ ရိုးရာအနေဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်ကိုလုပ်လျက် မြေပဲ၊ ဂျင်း၊ နနွင်း၊ လက်ဖက်၊ ထောပတ်သီး၊ ကော်ဖီ၊ သရက်သီး၊ ပဲနှင့် ဂေါ်ဖီထုပ်အစရှိသည့် သီးနှံတို့ကို စိုက်ပျိုးကြသည်။ သို့သော် လွန်ခဲ့သည့် နှစ်များအတွင်း လက်ဖက်ကိုသာ စိုက်ပျိုးဆွတ်ခူးကြသည်။ ဆိုလိုသည်မှာ ၎င်းတို့၏စိုက်ပျိုးရေးသည် ဇီဝမျိုးစုံမျိုးကွဲများကိုအခြေခံသည့် စိုက်ပျိုးမှုမှ တစ်သီးစားစနစ်သို့ ပြောင်းလဲလာသည်။ ဓနုဒေသသည် အခြားတိုင်းရင်းသားဒေသများနှင့်ယှဉ်လျှင် ဒေသခံယဉ်ကျေးမှုအကျိုးအတွက် ပိုမိုအပြုသဘောဆောင်သော နမူနာဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် လက်ဖက်သည် ဓနုတိုင်းရင်းသားများအတွက်သာမက မြန်မာတစ်ပြည်လုံးတွင် မှီတင်းနေထိုင်ကြသူများအတွက် အရေးပါသော ထုတ်ကုန်ပင်ဖြစ်သည်။ ဒေသခံတို့၏ထုံးနည်းအရ လက်ဖက်ရည်ဖြင့် ဧည့်သည်များအားဧည့်ခံကာ အမျိုးသမီးများက ဆွတ်ခူးကြရသည်။ ဤအချက်သည်လည်း လက်ဖက်စိုက်ပျိုးသုံးစွဲခြင်းသည် အခြားသောတစ်သီးစားသီးနှံများထက် ယဉ်ကျေးမှုဓလေ့အရ သာ၍လည်းအဖိုးတန်ပေသည်။ ဤသို့ဖြင့် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းအား လက်ဖက်ဖြင့် အစားထိုးလုပ်ကိုင်ခြင်းသည် အခြားရိုးရာမဟုတ်သော တစ်နှစ်စားသီးနှံများ စိုက်ပျိုးခြင်းထက်နှိုင်းယှဉ်လျှင် ပိုမိုကောင်းမွန်သောရိုးရာဓလေ့တန်ဖိုးများ ထိန်းသိမ်းထားနိုင်သကဲ့သို့ပင် ဖြစ်ပေသည်။

ဌာနတိုင်းရင်းသားတို့၏ နည်းစနစ်အရ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းသည် ဒေသခံများအတွက် ဇီဝမျိုးစုံမျိုးကွဲများကို ဖော်ဆောင်ပေးနိုင်ပြီး ရာသီဥတုပြောင်းလဲခြင်းကိုလည်း မျှတစေနိုင်သည်။ မတူကွဲပြားသော သီးနှံများစိုက်ခြင်းအားဖြင့်လည်း ဒေသခံများအတွက် ဇီဝမျိုးစုံမျိုးကွဲများကို ဖော်ဆောင်ပေးနိုင်ပါသည်။ ၎င်းသီးနှံများသည် ကြက်၊ ဘဲနှင့် တိရစ္ဆာန်မွေးမြူရေးအတွက် ရေသိုလှောင်ခြင်းစသည့် ဂေဟစနစ်အတွက်လည်း များစွာအရေးကြီးသော ကဏ္ဍတွင် ပါဝင်ပါသည်။ ရွှေ့ပြောင်းတောင်ယာများလုပ်ကိုင်ခြင်းဖြင့် ဒေသခံများသည် အမျိုးအစားများစွာသော ဒေသထွက် စားသုံးကုန်များကိုရရှိနိုင်ကာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် မိမိတို့



ဒေသခံများ ၎င်းတို့၏ လယ်မြေတွင် မျိုးစေ့များ စိုက်ကြနေကြစဉ်။ Credit: POINT

၏အသိုင်းအဝိုင်းကို ဖူလုံစေပါသည်။ ထိုကဲ့သို့ စားသုံးကုန်ကဏ္ဍအတွက် အဖက်ဖက်မှ ဖြည့်ဆည်းထားခြင်းဖြင့် အမျိုးအစားကောင်းနှင့် ပြည့်စုံလုံလောက်သော အစားအသောက်နှင့် ရေတို့ကို ရရှိစေနိုင်ပါသည်။ ဒေသခံများသည် ဝင်ငွေရသီးနှံနှင့် ဝင်ငွေရရှိမှုကို အားထားလာသောအခါ အစားအသောက်ကုန်များကို ဝယ်ယူရန်လိုအပ်လာပါသည်။ ဤကဲ့သို့သောအဖြစ်မျိုးကို တောင်ကြီးအရှေ့ဘက်ရှိ ကျောက်ကခြားရွာတွင် တွေ့နိုင်ပါသည်။ ထိုရွာရှိ ဒေသခံများသည် ရိုးရာအစားအစာနှင့် ထွန်ယက်စိုက်ပျိုးမှုကို ပြုမည့်အစား မြို့နှင့်နီးသဖြင့် မြို့ပေါ်တွင်သာ အစားအသောက်များကို ဝယ်ယူကြပါသည်။

ဤအချက်များသည်ပိုမိုဆိုးရွားသောရာသီဥတုကိုပိုမိုဖြစ်ပေါ်စေသည့် အန္တရာယ်ရှိကြောင်း မှတ်ယူရမည့် အရေးကြီးသည့်အချက်ဖြစ်ပါသည်။ ဒေသခံများသည် ရွှေ့ပြောင်းတောင်ယာစနစ်မှ ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းလာသည်နှင့်အမျှ ထိုဒေသများတွင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဒေသခံများတို့၏ ခံနိုင်ရည်ကျဆင်းမှုတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ သို့သော် ရိုးရာဓလေစိုက်ပျိုးခြင်းအလေ့အထသည် လမ်းများပိတ်၊ ဆိုင်များပိတ်သည့် အချိန်၌ပင် ရွှေ့ပြောင်းတောင်ယာအလုပ်ဖြင့် စားသောက်ရန်မပူရပဲ အသက်ဆက်ရှင်စေနိုင်ပါသည်။ ဤအချက်ကိုကြည့်ခြင်းဖြင့်လည်း ရွှေ့ပြောင်းတောင်ယာလုပ်ငန်းသည် ဒေသခံတို့၏ အစားအသောက်လုံခြုံရေး၊ အာဟာရနှင့် ခံနိုင်ရည်ပိုမိုကောင်းမွန်အရေးအတွက် အရေးပါပြန်ပေသည်။

## ပညာရေးနှင့်ငွေကြေးစီးပွားရေး ဆက်နွယ်မှု

ရိုးရာစိုက်ပျိုးရေးမှ တစ်သီးစားစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းသွားခြင်းသည် ကျောင်းသား/သူများ၏ ပညာသင်ယူပိုင်းကိုလည်း ဆက်စပ်ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့်။ မိဘများသည် သားသမီးတို့အား အလယ်တန်း/ အထက်တန်းပညာသင်ယူနိုင်စေရန်အတွက် ကျောင်းပို့ရန် ငွေကြေးလိုအပ်သည်နှင့်အမျှ တစ်သီးစားစိုက်ပျိုးရေးစနစ်ကို ကျင့်သုံးကာ ပုံမှန်ဝင်ငွေရရှိရန်လုပ်ဆောင်မှုကို ဖြစ်ပေါ်လာစေသည်။ ထိုသို့လုပ်ဆောင်ရင်း ယဉ်ကျေးမှုနှင့် ဇီဝမျိုးစုံမျိုးများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေသည်။ ကျောင်းသားကျောင်းသူများသည် မြို့တွင်ကျောင်းတက်ပညာသင်ကြသည်နှင့်အမျှ သူတို့၏ ရိုးရာယဉ်ကျေးမှု၊ အသက်ရှင်မှုတို့နှင့် တဖြည်းဖြည်းဝေးကွာလာသည်။ ငွေကြေးစီးပွားရေးနှင့် အသားကျလာပြီး သူတို့၏ ရိုးရာအတိုင်းအသက်ရှင်နေထိုင်မှုပြင်ပဘက်သို့ ပိုမိုရင်းနှီးလာကြသည်။ အကျိုးဆက်အားဖြင့် ဓလေ့အတိုင်း စိုက်ပျိုးရေးလုပ်ငန်းများထက် အခြားဝင်ငွေရလုပ်ငန်းကို ပိုမိုလုပ်ကိုင်လာကြပြီး ရိုးရာဓလေ့များကို ဆက်လက်မသင်ယူကြတော့ချေ။ ယင်းအခြေအနေမျိုးတွင် ခေတ်မီကျောင်းပညာရေးသည်လည်း ရာသီဥတုအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။

ရိုးရာယဉ်ကျေးမှုတွင် မိခင်နှင့် သမီးမိန်းကလေး၏ ဆက်နွယ်မှုသည် ရိုးရာဓလေ့များကိုလက်ဆင့်ကမ်းရာ၌ အလွန်အရေးပါသည်။ အမျိုးသမီးငယ်တို့သည် အိမ်တွင် မိခင်နှင့်နေထိုင်ကာ အိမ်အလုပ်များ၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းများ၊ အပင်မျိုးစေ့ပွားခြင်းနှင့် ရက်ကန်းလုပ်ငန်းများကို သင်ယူလုပ်ကိုင်ကြသည်။ မည်ကဲ့သို့သောမြေတွင် မည်သည့် မျိုးစေ့ကို စိုက်ပျိုးရန်သင့်တော်သည် စသည့်ပညာနှင့် တောထွက်ပစ္စည်းများဆိုင်ရာဗဟုသုတများကို ရှာဖွေသိမြင်ကြသည်။ ထို့အပြင် မည်သည့်အပင်တို့ကို ပိုမွှားမရှိစေရေးအတွက် အတူတူစိုက်ရမည်ဟူသော ပညာနှင့် ဥပမာအားဖြင့် မျှစ်၊ မှို၊ ဆေးပင်နှင့် အသီးအနှံစသည့် သစ်တောထွက်ပစ္စည်းများကို မည်သည့်အချိန်တွင် ဆွတ်ခူးရယူရမည် စသည့်ပညာများကို သင်ယူကြရသည်။ ဤပညာများကိုရယူထားခြင်းဖြင့် မြေဆီလွှာမပျက်စီးစေခြင်း၊ မြေသားအောင်မှုကို ထိန်းသိမ်းခြင်းနှင့် သဘာဝအရင်းအမြစ်ကို စနစ်တကျရယူသုံးစွဲခြင်း စသည်တို့ကို သိရှိသဘောပေါ်စေပါသည်။ ထိုအလေ့အထများသည်လည်း ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောထိန်းသိမ်းခြင်းအတွက် အရေးပါသည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။

စကောကရင်ယဉ်ကျေးမှုတွင် အမျိုးသမီးငယ်များသည် ရိုးရာအထည်များအား ရက်ကန်းယက်ခြင်းကို မိခင်များထံမှ သင်ယူကာ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းမှ စုဆောင်းဆွတ်ခူးထားသည့် ဝါဂွမ်းချည်များနှင့် အရောင်များကို အသုံးပြုကာ အဝတ်အထည်များ၊ အိတ်များနှင့် စောင်များကို ရက်လုပ်ကြသည်။ ဤအလေ့အထသည် ဘဝအာမခံချက်သိပ်မပေးနိုင်ပဲလူများတို့သည် အဝတ်အထည်နှင့် စောင်များ ဝယ်ယူရန် မတတ်နိုင်ကြသဖြင့် ထိုလုပ်ငန်းမှ ဝင်ငွေများရရန် အကန့်အသတ်ရှိလာကြသည်။ ထိုအချိန်များတွင် အမျိုးသမီးတို့သည် အိမ်တွင်းအသုံးပြုမည့် စောင်ထည်နှင့် အဝတ်အထည်များကိုပြုလုပ်ရန်အခန်းကဏ္ဍကို တာဝန်ယူရသည်။ ယခုအခါ ဒေသခံတို့သည် ဝင်ငွေရှိလာခြင်း၊ ဗဟုသုတရှာဖွေသိမြင်ရန်အတွက် လိုအပ်မှုနှင့် စိတ်ဝင်စားမှုရှိလာသည်နှင့်အမျှ အမျိုးသမီးတို့သည်လည်း သူတို့၏ အခန်းကဏ္ဍကို ယခင်နည်းအတိုင်း ဆက်လက်အကောင်ထည်ဖော်ရန် မဖြစ်နိုင်ခြင်းတို့ကြောင့် ရိုးရာနည်းလမ်းအတိုင်း ဝင်ငွေရှာဖွေခြင်းကို ဘေးဖယ်လာကြသည်။

ထိုသို့သော ရိုးရာဓလေ့များ တဖြည်းဖြည်းကျဆင်းနည်းပါးလာသော်လည်း ထိုဓလေ့များသည် ကရင်ယဉ်ကျေးမှု၏ အခိ

ကယဉ်ကျေးမှုအခန်းကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေပါသည်။ ကရင်လူမျိုးများအတွက်မူ ကရင်အထည်များသည် အဓိပ္ပါယ်နှင့် ပြည့်နှက်နေပြီး ရိုးရာရက်ကန်းမရှိပါက ကရင့်ရိုးရာဓလေ့ ကွယ်ပျောက်သွားမည်ဟု ယုံကြည်နေကြသည်။ သို့သော် အသက်ကြီးပိုင်းများသာ မည်ကဲ့သို့ယက်ကန်းယက်ရမည်ကိုသိသောကြောင့် ပညာအမွေလက်ဆင့်ကမ်းရန် စိန်ခေါ်ချက်ရှိလာနေပြီ ဖြစ်သည်။

အချို့သောအဖွဲ့များသည် ဤဇဟုသုတအမွေအနှစ်ကို နည်းလမ်းသစ်များရှာ၍ လက်ဆင့်ကမ်းရန် ကြိုးပမ်းလျက်ရှိနေကြသည်။ ဥပမာအားဖြင့် မကွေးတိုင်း ရိုးမဒေသရှိ အရှိုချင်းရွာတွင် ရက်ကန်းလုပ်ငန်းသည် အမျိုးသမီးတို့အတွက် အဓိကဝင်ငွေရရှိစေသည့် လုပ်ငန်းဖြစ်သည်။ တဖန် ထိုအမျိုးသမီးတို့သည် ပညာအမွေအနှစ်ကို ၎င်းတို့၏ မိခင်များထံမှ ရယူလက်ဆင့်ကမ်းလာကြသည်။ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းမှ ရရှိလာသောချည်များကို တောထွက်အပင်များနှင့် ပြုလုပ်ထားသော အရောင်များနှင့် စပ်လျက် ရိုးရာဓလေ့ကို ဆက်လက် ထိန်းသိမ်းရက်လုပ်ကြပါသည်။ သို့သော် လူငယ်အများစုကြားတွင် ရိုးရာအထည်ဝတ်ဆင်ခြင်း နည်းပါးကြသည်။ ထိုသို့ ကျေးရွာပြင်ပတွင် ရိုးရာအထည်ဝတ်ဆင်ခြင်းကြောင့် ခွဲခြားဆက်ဆံရခြင်း၊ အနှိမ်ခံရခြင်းများကို ဖြစ်ပေါ်စေသည်။ သို့သော် ရိုးရာအထည်ဝတ်ဆင်ခြင်းယဉ်ကျေးမှုကို ရိုးရာအကကခြင်းနှင့် ရိုးရာတေးသီချင်းပြိုင်ပွဲတွင် နေရာပေးဝတ်ဆင်လာစေကြသည်။ ထို့အပြင် အမျိုးသမီးများသည် ရိုးရာအထည်များကို အမြင်ပိုမို ဆန်းသစ်စေသော ခေတ်မှီဒီဇိုင်းများဖြင့် အထည်များကို တီထွင်ရက်လုပ်လာကြသည်။ ဤနည်းလမ်းအားဖြင့် ဒေသခံအမျိုးသမီးများသည် တီထွင်ဆန်းသစ်သောနည်းလမ်းများကို အသုံးပြု၍ ရိုးရာအထည်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ အကျိုးကျေးဇူးများမပပျောက်စေရန် ဆက်လက် ထိမ်းသိမ်း လာနေကြပါသည်။

ထိုဥပမာများကို ကြည့်ခြင်းအားဖြင့် ကျေးရွာများနှင့် နေအိမ်များတွင် ရိုးရာဓလေ့ဇဟုသုတအမွေများသည် မိခင်မှ သမီးထံသို့ လက်ဆင့်ကမ်းသယ်ဆောင်လာကြသည်။ ထိုဓလေ့များသည် အမျိုးသမီးမျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းလာကြသည်နှင့်အားလျော်စွာ အမျိုးသမီးများသည် ထိုအမွေအနှစ်ကို ဆက်လက်ထိမ်းသိန်းရန် စိန်ခေါ်ချက်များ ရင်ဆိုင်လာနေရသည်။ ထိုစိန်ခေါ်များတွင် အမျိုးသမီးများအနေဖြင့် ရိုးရာဓလေ့အတိုင်းအသက်ရှင်ရပ်တည်ရန် ခက်ခဲလာခြင်း၊ အချို့တို့အတွက် ၎င်းတို့စိတ်မဝင်စားသော လုပ်ငန်းဖြစ်နေသော်လည်း ရိုးရာလုပ်ငန်းကို မဖြစ်မနေဖက်တွယ်လုပ်ကိုင်နေရခြင်း စသည်တို့ဖြစ်သည်။ အမျိုးသမီးများသည် ရိုးရာဓလေ့ကို မမြတ်နိုးချိန်နှင့် အပြင်အခြား ဓလေ့ပြင်ပရှိ အရာများကို စိတ်ဝင်စားကြလျှင် ပတ်ဝန်းကျင်၏ဝေဖန်မှုကို ခံကြရသည်။ အိမ်တွင်း ရိုးရာဓလေ့ဆိုင်ရာများကို ကျင့်သုံးခြင်း၊ အိမ်မှုကိစ္စအဝဝလုပ်ရခြင်း၊ ကလေးထိန်းခြင်းနှင့် နိုင်ငံရေး၊ လူမှုရေးအခန်းကဏ္ဍများတွင် ပါဝင်ခွင့်မရခြင်း စသည့် အဖြစ်အပျက်များ ဆက်လက်ပေါ်ပေါက်နေလျှင် အမျိုးသမီးများ၏ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်မှုကို အကန့်အသတ်များ ဖြစ်ပေါ်စေနိုင်သည်။

အမှန်ဆိုရလျှင် အမျိုးသမီးများသည် ရိုးရာဓလေ့များကို ထိန်းသိမ်းတန်ဖိုးထားကြရာတွင် အရေးပါသည်နှင့်အမျှ တိုင်းရင်းသားယဉ်ကျေးမှုများသည် ဒေသခံတိုင်းရင်းသားအမျိုးသမီးများကို ခွဲခြားဆက်ဆံလာသကဲ့သို့ ဖြစ်နေပါသည်။ ဥပမာအားဖြင့် အမျိုးသမီးများအား အရေးကြီးသောဆုံးဖြတ်ချက်ချသည့် အချိန်နှင့် ခေါင်းဆောင်နေရာများတွင် ပါဝင်ခြင်းကို တားမြစ်ခံထားရသည်။ အမျိုးသမီးများအနေဖြင့် လယ်ယာမြေနှင့် ပိုင်ဆိုင်မှုများအား အမွေဆက်ခံရသည့် အပေါ်တွင်လည်း အမျိုးသားများကမနှစ်သက်ကြချေ။

## ကျောင်းတက်ရောက်နိုင်မှု

ဌာနေတိုင်းရင်းသားများ၏ အမျိုးသမီးများအား မည်ကဲ့သို့ အကျိုးပြုပုံနှင့် ဌာနေတိုင်းရင်းသားမိသားစုများ မည်ကဲ့သို့ ပညာရေးကို ရရှိနေသည်ကို ဌာနေတိုင်းရင်းသားမျိုးနွယ်စုများနှင့် အစိုးရကျောင်းပညာရေးစနစ်ကြား ဆက်နွယ်မှုအပေါ် အထူးသက်ရောက်မှုရှိစေပါသည်။ အသက်ကြီးပိုင်းအမျိုးသမီးများသည် ကျောင်းကို တက်ခွင့်မရခဲ့ကြပေ သို့မဟုတ် အသက်ငယ်စဉ်တွင် ကျောင်းတက်ခွင့် မရရှိခဲ့ကြချေ။ ဤသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများသည် ၎င်းတို့ ခင်ပွန်း၏မိသားစုဝင်နှင့်သက်ဆိုင်သည်ဟု မှတ်ယူခြင်းကြောင်းဖြစ်သည်။ အမျိုးသမီးငယ်များအား အထက်တန်းပညာသင်ယူရေးအတွက် ငွေကြေးအကုန်အကျခံရခြင်းသည် ဖြုန်းတီးခြင်းသက်သက်တစ်ခုဖြစ်သည်ဟူသော ခံယူချက်မျိုးလည်းရှိသည်။ ထိုသို့အားဖြင့် အမျိုးသမီးအတော်များများသည် စာရေးခြင်း၊ ဖတ်ခြင်းကို မစွမ်းဆောင်နိုင်ကြချေ။ ထိုနည်းတူ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု၊ နိုင်ငံရေးနှင့် ဥပဒေစသည့် အကြောင်းအရာများကို အမျိုးသမီးတို့နှင့် ဆွေးနွေးရာတွင် အခက်အခဲဖြစ်စေပါသည်။

သို့သော် ယနေ့အချိန်တွင် ဌာနေတိုင်းရင်းသားမိဘများသည် ၎င်းတို့၏သားသမီးများကို ကျောင်းပညာရေး ဆက်လက်တက်ရောက်ရန် အားပေးတိုက်တွန်းကြသည်။ ဤသို့ပြုရခြင်းမှာ ပညာရေး၏ အကျိုးကျေးဇူးများကို စိတ်ဝင်စားလာခြင်းနှင့် ပညာရေးတတ်မြောက်ခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းပြင်ပဖြစ်သည့် အခြားသောလစာများသည့် အလုပ်အ

ကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေခြင်းကြောင့် ဖြစ်ပါသည်။ ယနေ့တွင် မူလတန်းတွင် အမျိုးသမီးငယ်များသည် ယောကျ်ား လေးများထက် ပိုမိုများပြားသော်လည်း အထက်တန်းရောက် လာသည်နှင့်အမျှ အမျိုးသမီးငယ်များ၏ ဦးရေမှာ အနည်း ငယ်လျော့နည်းလာပါသည်။

ဌာနေတိုင်းရင်းသားဒေသများတွင် အလယ်တန်းကျောင်းများ မရှိသည့်အားလျော်စွာ မြို့သို့ နေ့စဉ်သွားရောက်ပြီး ကျောင်း တက်ရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် အမျိုး သမီးငယ်များသည် ပညာဆက်လက်သင်ကြားရန် ကျေးရွာ နှင့် အနီးဆုံးမြို့များသို့သွားရောက်ကာ ဘော်ဒါဆောင် သို့မ ဟုတ် ဆွေမျိုးအိမ်တွင်နေထိုင်ခြင်းဖြင့် ကျောင်းတက်ကြရ သည်။ ထိုသို့နေထိုင်ခြင်းသည် သူတို့အတွက် ပညာရေးရယူ မှုကို အထောက်အကူဖြစ်စေသော်လည်း တောတောင်ထိန်း သိမ်းခြင်း၊ ဒေသဝန်းကျင်ကာကွယ်ခြင်းအပါအဝင် သူတို့၏ မိခင်ထံမှ ရိုးရာဗဟုသုတပညာများ လေ့လာသင်ယူရန် အခွင့် အလမ်းနည်းပါးလာပြန်သည်။

အကယ်စစ်စစ် ဇီဝမျိုးစုံမျိုးကွဲများနှင့် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းခြင်းတို့သည် ပညာရေးနှင့် ပညာတတ်အမျိုးသမီး များတို့အတွက် အပြိုင်အဆိုင်ဖြစ်နေသည်။ မြန်မာနိုင်ငံရှိဌာ နေရင်းသားများဖြင့် အစိုးရပညာရေးစနစ်သည် တရင်းတို့၏ ရိုးရာ၊ တောတောင်၊ သစ်ပင်သဘာဝနှင့် ရာသီဥတုကာ ကွယ်ထိန်းသိမ်းခြင်းများတို့အတွက် အန္တရာယ်တစ်ခုသဖွယ် မှတ်ယူနိုင်ပါသည်။

> "ရွာမှာ မျိုးစိတ်(၅)မျိုးလောက် မျိုးတုန်းကုန်တယ်။ အခုဆိုရင် အဲဒီမျိုးစိတ်(၅)မျိုးကို ဆက်ပြီးပွားများလာ အောင် ထိန်းသိမ်းဖို့လိုလာပြီ။ ဒီလိုမျိုးတုန်းတာတွေ အပြင် မြို့ကနေ စပျစ်ရည်တွေမှာပြီး ဝယ်ယူနေလို့ ရွာ မှာ ရိုးရာစပျစ်ရည်လုပ်တဲ့သူတွေ မရှိတော့ဘူး။ ရိုးရာ ဓလေ့အပေါ် စိတ်ဝင်စားမှုနည်းလာခြင်းဟာ ဇီဝမျိုးစုံ မျိုးကွဲပြားမှုနဲ့ ရိုးရာထုံးတမ်းတွေကို ထိန်းသိမ်းစောင့် ရှောက်မှုကို ပျက်စီးယိုယွင်းလာစေတယ်။ မျိုးဆက် သစ်လူငယ်တွေဟာ ကျောင်းတွေတက်နေရတာနဲ့အမျှ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းလုပ်ရင် မျိုးစေ့တွေ ထိန်းသိမ်းတာနဲ့ပတ်သက်တဲ့ ရိုးရာဓလေ့အမွေအနှစ် တွေကို မရကြတော့ဘူး။ ရွှေ့ပြောင်းတောင်ယာလုပ် ကိုင်ရင်း မိန်းကလေးတွေဟာ သူတို့ရဲ့အမေတွေကို ကူပေးရာကနေ မျိုးစေ့ထိန်းသိမ်းတဲ့ အလုပ်တွေကို သင်ယူကြတယ်။ (ကျောင်းတက်ရင်တော့ ဒီအခွင့်အ ရေးကို လက်လွတ်ရတော့တာပေ့ါ) လက်ထပ်ပြီးရင် ရွှေ့ပြောင်းတောင်ယာလုပ်ဖို့ မျိုးစေ့တွေကို ထိန်းသိမ်း ဖို့အတွက် အမျိုးသမီးတွေက တာဝန်ယူကြရတယ်။ ရွာမှာတော့ ရိုးရာဓလေ့ကို ထိန်းသိမ်းတတ်တဲ့ လူငယ် တွေတချို့ကျန်သေးတယ်။ သူတို့တွေကိုတော့ ကျောင်း မတက်ခိုင်းထားဘူး။ ကျတော်တို့မှာ ကလေး (၅) ယောက်ရှိတာ (၂)ယောက်က ကျောင်းတက်ပညာ တတ်ရင် လုံလောက်ပြီလေ။ ကျန်တဲ့ကလေးတွေက တော့ ရွာမှာနေရင်း ရိုးရာအတိုင်း လုပ်ကိုင်စား သောက်ပေ့ါ။"

ဤဖော်ပြချက်သည် အချို့သော တိုင်းရင်းသားအသိုင်းအဝိုင်း များကြားရှိ ပညာရေးစနစ်အပေါ် ဖြစ်ပေါ်နေသော ပဋိပက္ခ ခံစားချက်ပင်ဖြစ်သည်။ ဒေသခံမိဘများသည် သားသမီးတ ချို့အား ရိုးရာဓလေ့အမွေကိုသာရယူစေလိုပြီး တချို့ကိုမူ ကျောင်းပညာရေးကို သင်ယူစေလိုကြသည်။ ထိုသို့ဖြစ်ရခြင်း မှာ အချို့သောကလေးများသည် မိမိဒေသသို့စွန့်ခွာကာ မြို့ တွင်သွားရောက်နေထိုင်ကြခြင်းကြောင်းဖြစ်ပါသည်။ မိဘ များအနေဖြင့်လည်း ၎င်းတို့၏ ကလေးများအတွက် ရိုးရာ ဓလေ့နှင့် ကျောင်းပညာရေး၊ ထိုနှစ်ရပ်ကြား ရွေးချယ်ဆုံး ဖြတ်မှုကို ပြုကြသည်ကို တွေ့မြင်ရသည်။ မိဘများသည် ကလေးများအတွက် ရိုးရာဓလေ့နှင့် အရေးအဖတ်စသည့် ကျောင်းပညာရေးနှစ်ရပ်စလုံးကို သင်ကြားဖို့ရန် လမ်းမမြင် ကြသည်ကိုလည်း သုံးသပ်ရပါသည်။

အမျိုးသမီးများသည် အထက်တန်းပညာရေးကို သင်ယူလာ ကြသည်နှင့်အမျှ စိုက်ပျိုးရေးလုပ်ကိုင်မှုပြင်ပရှိ လုပ်ငန်းများ ကို လုပ်ကိုင်ခွင့်ရရှိလာမှုနှင့် ပြင်ပလောကအကြောင်းကို ပိုမို သိရှိလာကြရသည်။ သို့သော် အမျိုးသမီးငယ်များအတွက်မူ ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဗဟုသုတများကို လက်လွှတ် ဆုံးရှုံးကြရသည်။ ဤနေရာတွင်သိရသည်မှာ အမျိုးသမီး ငယ်များအနေဖြင့် ထိုမတူညီသောပညာရပ်နှစ်မျိုးကို သင်ယူ နိုင်စွမ်းရှိကြကြောင်းပင် ဖြစ်သည်။ ဒေသခံအမျိုးသမီးများ အနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်ပြီး မည်ကဲ့သို့ သင်ယူနေပုံကိုလည်း ထိုအရာများက လွှမ်းမိုးထားပါသည်။

## အခြားပညာရေးအရင်းအမြစ်

မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုပြောင်းလဲလာသည်နှင့်အမျှ ပြင်ပ အရင်းအမြစ်များထံမှ သတင်းအချက်အလက်ရယူနိုင်မှုသည် လည်း များပြားလာပါသည်။ ဌာနေတိုင်းရင်းသားဒေသများ တွင် လမ်းပန်းဆက်သွယ်ရေး၊ ခေတ်မှီဆေးပညာရပ်များနှင့် ဆက်သွယ်ရေးကဏ္ဍများ တိုးတက်လာသော်လည်း ဌာနေ တိုင်းရင်းသားယဉ်ကျေးမှုများစွာတို့သည် ထိုတိုးတက်လာ သောအရာများတို့၏ အကျိုးသက်ရောက်မှုကို စိုးရိမ်နေကြ

ရသည်။ ဤသို့ဖြစ်လာရခြင်းမှာ နည်းပညာတိုးတက်မှုနှင့် မြို့ပြများသို့ အလွယ်တကူသွားလာနိုင်သောကြောင့်လည်း ဖြစ်ပါသည်။ ထိုသို့ အပြောင်းအလဲများရှိလာသော်လည်း နည်းပညာရရှိမှု၏ အကျိုးကျေးဇူးများနှင့် တိုင်းရင်းသား ဓလေ့များအပေါ် ထိုနည်းပညာ၏ အကျိုးသက်ရောက်မှုနှစ်ရပ်ကြားတွင် ထိုအပြောင်းအလဲများက အကြပ်အတည်းတစ်ခု ဖြစ်ပေါ်စေပါသည်။

လက်ရှိအချိန်တွင် အင်တာနက်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် အစိုးရထံမှ သတင်းအချက်အလက်များကို ရယူနိုင်ပါသည်။ ဒေသခံအမျိုးသမီးများသည် အမျိုးသားများလောက် ထိုသတင်းအချက်အလက်များကို မရရှိကြသေးချေ။ ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် အိမ်မှုကိစ္စနှင့် ကလေးထိန်းခြင်းကို တာဝန်ယူထားရသည့်အားလျော်စွာ သူတို့အတွက် ဗဟုသုတနှင့် သတင်းအချက်အလက်များ ပိုမိုရရှိစေသည့် သင်တန်းများတက်ရောက်ရန်အခွင့်အလမ်းများသည် ကန့်သတ်ချက်ရှိလာသည်။ ထိုနည်းတူစွာ မြန်မာပြည်တစ်ဝှန်းရှိနယ်ဒေသများတွင် အမျိုးသမီးများတစ်ဦးတည်းခရီးသွားလာခြင်းကို ယဉ်ကျေးမှုအရလက်မခံနိုင်ကြသေးပေ။ အမျိုးသားများသည်လည်း အမျိုးသမီးများထက် ပိုမို၍ မိုဘိုင်းဖုန်းနည်းပညာကို သုံးစွဲခွင့်ရရှိကြပါသည်။ ဤသို့ဖြင့် အမျိုးသမီးများသည် အင်တာနက်မှတစ်ဆင့် သတင်းအချက်အလက်ရယူမှုနှင့် သင်တန်းများတက်ရောက်ရန်အခွင့်အရေးကို ဆုံးရှုံးကြရပါသည်။

ဤကဲ့သို့သော အဖြစ်အပျက်များသည် အင်တာဗျူးစစ်တမ်းကောက်ယူရာဒေသများ၌ ရှင်းလင်းစွာ တွေ့ကြုံခဲ့ရပါသည်။ ဒေသတွင်း တောတောင်များ ပြောင်းလဲလာသည်ကို တွေ့ရှိရသော်လည်း သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့်ပတ်သက်ပြီး မသိရှိကြောင်း အခြားသော သုတေသနစာတမ်းများတွင် အမျိုးသမီးများကဖော်ပြထားကြသည်။ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုသည် ဒေသတွင်းပြောင်းလဲမှုဟုသာယူဆပြီး ကမ္ဘာကြီးပြောင်းလဲမှုနှင့်ဆက်နွယ်ကြောင်းကို မသိရှိကြပေ။ ရာသီဥတုပြောင်းလဲမှုကို ကြားဖူးသော်လည်း မိမိတို့ နေထိုင်ရာဒေသနှင့် ဝေးသော အခြားတစ်နေရာတွင်ဖြစ်သော အရာဖြစ်ပြီး ၎င်းတို့နှင့် မသက်ဆိုင်ဟု တချို့ဒေသခံများက ပြောဆိုကြသည်။ ထိုသို့သော ပြောဆိုမှုများကို မြန်မာနိုင်ငံရှိ အခြားသော တိုင်းရင်းသားဒေသရှိ သုတေသနစာတမ်းများကလည်း ဖော်ပြကြသည်။ ဥပမာအားဖြင့် ကရင်ပြည်နယ်ကျေးလက်ဒေသတွင် ဒေသခံများက ရာသီဥတုပြောင်းလဲခြင်းဟု မသမုတ်ကြကြောင်း စစ်တမ်းတစ်ခုက ဖော်ပြထားပါသည်။ သို့သော် သစ်ပင်၊ ဝါးပင်ခုတ်ခြင်းသည် ရာသီဥတုနှင့် စပ်ဆိုင်သော ပြောင်းလဲမှုကို ဖြစ်ပေါ်စေကြောင်း အသိအမှတ်ပြုကြသည်။ သို့သော် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ တိုက်ရိုက်အကြောင်းအရင်းများနှင့် ကမ္ဘာပေါ်တွင် ဖြစ်ပျက်နေသောဖြစ်စဉ်များ၏ ဆက်နွယ်မှုတို့ကို မသိကြချေ။

ရိုးရာဓလေ့နှင့်ပတ်သက်ပြီး သတင်းအချက်အလက်များစွာကို မြန်မာနိုင်ငံရှိ ဒေသခံအမျိုးသမီးများက ထုတ်ဖော်လျက်ရှိသကဲ့သို့ နိုင်ငံတကာအဆင့်စကားဝိုင်းတွင်လည်း မိမိတို့၏ ရိုးရာနှင့်ပတ်သက်ပြီး တင်ပြခြင်း၊ အခြားသူများ၏ ဓလေ့များကို လေ့လာသင်ယူခြင်းများကိုလည်း ဆောင်ရွက်လာကြသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းများမှလည်း မြန်မာ့ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ကို လေ့လာသင်ယူခွင့် ရရှိကြမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်အရေး ပြောဆိုကြသော အစိုးရနှင့် အရပ်လက်လူမှုအဖွဲ့အစည်းများ(CSOs) သည် သက်ဆိုင်ရာရည်မှန်းထားသောအဖွဲ့များကို ပညာပေးရာ၌ အရေးပါသော အခန်းကဏ္ဍမှ ဦးဆောင်သင့်သည်။ CSOs များအနေဖြင့် ဌာနေဓလေ့နှင့် ဒေသန္တရနယ် ဗဟုသုတနှစ်ရပ်ကို ချိတ်ဆက်လုပ်ပေးပေးနိုင်ပါသည်။ အမျိုးသမီးများ ကျောင်းပညာရေးမရရှိနိုင်သောနေရာတွင် သဘာဝပတ်ဝန်းကျင်ကာကွယ်ခြင်းဆိုင်ရာ ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းနှင့် ပိုမိုကျယ်ပြန့်သော နိုင်ငံတကာအတွေးအခေါ်များကို ဝေမျှဖလှယ်နိုင်မည့် သင်တန်းများကို ပြုလုပ်ပေးနိုင်ပါသည်။

ကျောင်းပညာရေးနှင့် ဌာနတိုင်းရင်းသားတို့၏ ဓလေ့နှစ်ခုကြား ရှုပ်ထွေးလှသော တင်းမာမှုအခက်အခဲများကို ဤစာတမ်းတွင် တင်ပြထားခြင်းဖြစ်ပါသည်။ ထိုအဖြစ်အပျက်များသည် အတိတ်က ဖြစ်ပျက်ခဲ့သည့် သမိုင်းအပေါ်တွင်မူတည်နေသကဲ့သို့ ယနေ့ချိန်ထိတိုင်း အကျိုးဆက်များကို ဆက်လက်တွေ့နေရပါသည်။ ဆက်လက်ပြီး ကျောင်းနိုင်ရေး၊ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးနှင့် နေ့စဉ်အသုံးအဆောင်များ ရရှိရေးအစရှိသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ယူဆပြီး တည်ဆောက်ကြီးထွားလာသော အရင်းရှင်စနစ်သည်လည်း ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ကို ခြိမ်းခြောက်လာသည်။ ဇီဝမျိုးစုံမျိုးကွဲများကို သက်သေထူသော တိုင်းရင်းသားတို့၏ ဗဟုသုတနှင့် ထုံးတမ်းဓလေ့များကိုလည်း ခြိမ်းခြောက်လာပါသည်။ ထိုထုံးတမ်းဓလေ့တို့

သည် ရာသီဥတုပြောင်းလဲမှုကို ကောင်းကျိုးသက်ရောက်စေသည်။ ဒေသခံများတို့သည်လည်း ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရှည်ရှိလာကြသည်။

ဤစာတမ်းတွင်ဖော်ပြပါရှိသော တင်းမာမှုများ၏ရလဒ်အနေဖြင့် များစွာသော ဌာနေတိုင်းရင်းသူများသည် သူတို့၏ အသိုင်းအဝိုင်းကို ဆိုးကျိုးပေးနေသော ရာသီဥတုပြောင်းလဲမှုကြီးအကြောင်းကို နားမလည်ကြသေးချေ။ အမှန်စင်စစ် ဌာနေတိုင်းရင်းသားယဉ်ကျေးမှုသည် သမိုင်းဝင်အမွေဆက်ခံလာခဲ့သော တောတောင်ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့ရေးအတွက် လိုအပ်သော အလေ့အထ၊ ပညာဗဟုသုတများစွာနှင့် ပြည့်နှက်နေပါသည်။ ထိုထက်မက ကျောင်းပညာရေးစနစ်ကိုလိုက်စားကြသော အမျိုးသမီးများအနေဖြင့် ဌာနေဓလေ့ထုံးတမ်းဗဟုသုတများကို လေ့လာရန် အကန့်အသတ်များ ရှိလာပါသည်။ ဤအချက်သည်ပင် ခေတ်သစ်သိပ္ပံဗဟုသုတ၊ တိုင်းရင်းဗဟုသုတနှင့် ယဉ်ကျေးမှုများပါဝင်သည့် ဥသုံဖြေရှင်းချက်ကို ဖော်ထုတ်ရန်အတွက် အတားအဆီးဖြစ်လာပါသည်။

***နူးရာ သည် POINT တွင် program officer နှင့် gender focal person အဖြစ် တာဝန်ထမ်းဆောင်နေသော ကချင်အမျိုးသမီးငယ်တစ်ဦးဖြစ်ပါသည်။ ဆရာမသည် ဌာနေတိုင်းရင်းသား အသိုင်းအဝိုင်းများအနေဖြင့် ဒေသတွင်းသာမက နိုင်ငံတော်အဆင့် ဆုံးဖြတ်ချက် ချက်ခြင်းများပိုမိုလုပ်ဆောင်နိုင်ရန် သင်တန်းများနှင့် လက်တွေ့လုပ်ဆောင်မှုများကို ဦးဆောင်ပေးနေသူ ဖြစ်ပါသည်။ သူမ၏ ပံ့ပိုးကူညီပေးမှုကြောင့် ဒေသခံအမျိုးသမီးခေါင်းဆောင်များသည် နိုင်ငံတော်အဆင့် အမျိုးမျိုးသော ကဏ္ဍအသီးသီးတွင် ၎င်းတို့၏ အတွေ့အကြုံများကို ဝေမျှခွင့်ရရှိကြပါသည်။***

## အခန်း(၅)၏ မှတ်စုများနှင့် ရည်ညွှန်းကိုးကားစာတမ်းများ

1. In 2015 a peace agreement was signed between the Myanmar Government and 16 armed groups. In 2016 the parties met for the 21st century Panglong peace conference. There has been no disarmament at present and after 25 years of peace, the conflict in the Kachin area of Northern Myanmar restarted in 2011.
2. Clarke, Seng Aung Sein Myint, Zabra Yu Siwa (2019) Re-examining Ethnic Identity in Myanmar, Centre for Peace and Conflict Studies and Burma Link (2014) Burmanisation and Discrimination
3. The research included Focal Group Discussions (FGDs), informal interviews and mapping exercises. FGDs and stakeholder mapping was carried out in field sites during August 2018. Some findings also come from 3 workshops held on: 15-16 March 2018 (first workshop), 11 May 2018 (second workshop), 23-24 November 2018 (final workshop).
4. Our study showed that many communities have sought to seek ways to preserve traditional ways at life through ceremonies and other events.
5. Based on POINT fieldwork in Indigenous communities during 2018 (supra).
6. Ibid.
7. In POINT's field experience, we have observed when women propose an idea during the meeting or discussion, the ideas are not accepted. Most men believe that they are able to act on behalf of women without their input. In POINT's work, we often have to do home visits in order to consult women, or carry out specific women assessment activities, as women do not join meetings or FGDs.
8. NINU (2017). Women as the others: Chin Customary laws & Practices from a Feminist Perspective. This is also discussed further in other papers included in this book.
9. World Bank Education Statistics (Myanmar) http://datatopics.worldbank.org/education/country/myanmar and Myanmar National Education Profile (2018) EPDC: https://www.epdc.org/tags/national-education-profiles
10. Based on the author's experience. Also see: Zon Pann Pwint, (2010) Kayan no longer ringed by tradition, Myanmar Times, https://www.mmtimes.com/lifestyle/4708-kayan-no-longer-ringed-by-tradition.html and Cameron (2017), Rethinking ethnicity in the classroom. Frontier Myanmar, https://frontiermyanmar.net/en/rethinking-ethnicity-in-the-classroom
11. Around 33 million people in Myanmar now own a mobile phone. See: https://digitalinasia.com/2017/01/09/myanmar-33-million-mobile-users-smartphone-usage-80. Yet, women are 28% less likely to have access to digital technology, see: Scott, Balasubramanian and Ehrke (2017) Ending the Gender Digital Divide in Myanmar, A Problem-Driven Political Economy Assessment, Center for Applied Learning and Impact, IREX.
12. From conversations with women as part of POINT field work in Shwe Taung Ngwe Taung village (2018).
13. Saw Blacktown, (2019), Burma's Indigenous Karen Communities Move to Protect Rivers, Forests, Karen News.

အမျိုးသမီးများသည် ၎င်းတို့အသိုက်အဝန်းများအတွင်းတွင် အမျိုးသားများနှင့်ယှဉ်လျှင် မတူညီသောအခန်းကဏ္ဍများရှိသည်။ ထို့ကြောင့် သစ်တောထွက်ပစ္စည်းများနှင့် သစ်တောဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာများ၌ ၎င်းတို့တွင် မတူညီသော အသိပညာဗဟုသုတများရှိကြသည်။ ရိုးရာဓလေ့အရ ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် စိုက်ပျိုးရေးအတွက် ပျိုးခင်းများပြုလုပ်ခြင်း၊ မျိုးစေ့များအားရွေးချယ်ခြင်းနှင့် အပင်မျိုးစိတ်များရွေးချယ်ခြင်း၊ သစ်ရရှိရန်အတွက် သစ်ပင်များကို ပြန်လည်စိုက်ပျိုးခြင်း၊ မျိုးဆက်များအား ကူညီသည့်အနေဖြင့် ကပ်ပါးများကို မီးရှို့ထိန်းချုပ်ခြင်း၊ အပင်ပေါက်ရန်အတွက် ပျိုးပင်များနှင့် အသစ်သောပျိုးခင်းများကို ကာကွယ်ပေးခြင်း အစရှိသော လုပ်ဆောင်မှုများတွင် ပါဝင်လုပ်ဆောင်ကြသည်။ သို့ဖြစ်ပါသောကြောင့် ၎င်းတို့သည် သစ်တောပြုန်းတီးမှုအား ကာကွယ်သည့်ခန်းကဏ္ဍတွင် ပါဝင်နေကြသည်။ သစ်တောပြုန်းတီးမှုအား ကာကွယ်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းအား ကာကွယ်ခြင်း အစရှိသည်တို့နှစ်ခုအကြားတွင် အရေးကြီးသော ချိတ်ဆက်မှုတစ်ခုရှိပါသည်။ သစ်တောများသည် ကာဗွန်များအားစုပ်ယူခြင်းတွင်သာ အဓိကအခန်းကဏ္ဍမှပါဝင်နေသည်မဟုတ်ဘဲ ရာသီဥတုပြောင်းလဲခြင်းမှဖြစ်ပေါ်လာသော ရာသီဥတုအလွန်ပြင်းထန်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကိုလည်း ကာကွယ်ပေးပါသည်။

ဇီဝမျိုးစုံမျိုးကွဲများအားထိန်းသိမ်းစောင့်ရှောက်ခြင်း၌ အမျိုးသမီးများ၏ အခန်းကဏ္ဍအရ ၎င်းတို့ထံတွင် ကျွန်ုပ်တို့၏ အနာဂတ်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးရန်နှင့် မျိုးစိတ်အချို့အား မျိုးတုံးခြင်းမှကာကွယ်ရန်တွက် နားလည်ရန်လိုအပ်သော အလွန်အရေးပါသည့် အသိပညာဗဟုသုတများ ရရှိနိုင်သည်ဟု ဆိုလိုနေခြင်းဖြစ်ပါသည်။ အကယ်၍ ၎င်းတို့သည် အဖြေ၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်မည်ဆိုလျှင် ယင်းအဖြေသည် ပိုမိုထိရောက်မှုရှိလာမည်ဖြစ်သည်။ – နော်အိအိမင်း

ဌာနေတိုင်းရင်းသားများအနေဖြင့် အစားအစာ၊ ရေနှင့် ဆေးဝါးများအတွက် သစ်တောအား မှီခိုအားထားနေရပါသောကြောင့် ယင်းသစ်တောများအား ထိန်းသိမ်းစောင့်ရှောက်ကြသည်။ သစ်တောများသည်လည်း ၎င်းတို့အား သဘာဝဘေးအန္တရာယ်များ၊ ဖျားနာခြင်းနှင့် အခက်အခဲများမှ ကာကွယ်ပေးထားသည်။ ဌာနေတိုင်းရင်းသားများသည် သစ်တောများအားကာကွယ်ခြင်းဖြင့် သစ်တောများမှလည်း အပြန်အလှန် ၎င်းတို့အား ပြန်လည်ကာကွယ်ပေးသည်။

ချက်ကြိုးပတ်သစ်တော umbilical cord forest ဆိုသည်မှာ ပွဲကျင်းပခြင်းတစ်မျိုးဖြစ်သည်။ မွေးကင်းစကလေးငယ်၏ အချင်းကို ဝါးကျည်တောက်ထဲတွင်ထည့်၍ သစ်ပင်တွင်တွဲချည်ထားခြင်းအားဖြင့် ယင်းသစ်ပင်၏ ဝိညာဉ်နှင့် ပူးတွဲထားပေးခြင်ဖြစ်သည်။ ယင်းအကြောင်းအရာမှာလည်း ကရင်လူမျိုးများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုတစ်ခုဖြစ်သည်။ ယင်းအလေ့အထသည် ကလေးငယ်၏ စိတ်ဝိညာဉ်အား ကာကွယ်ပေးပြီး ဤအလေ့အထသည် ကလေးငယ်၏ဘဝနှင့် ယင်းသစ်ပင်ကို အပြန်အလှန်ချိတ်ဆက်မှုပေးသည်။ ယုံကြည်မှုများအရ ထိုအပင်များအား ခုတ်ထစ်ခံရခြင်းနှင့် ထိခိုက်မှုများရှိလာပါက အပင်နှင့်ချိတ်ဆက်ထားသောသူထံတွင်လည်း တစ်ခုခုဖြစ်လာနိုင်သည်ဟု ဆိုကြပါသည်။ ဤအလေ့အထများကြောင့် လူများသည် ယင်းသစ်ပင်များအား ခုတ်လှဲခြင်း မပြုကြပါ။ – အယ်ထီးဝါး

ကျွန်မတို့၏ လုပ်ငန်းနှင့် ကိုယ်တိုင်တွေ့ကြုံမှုများအရ ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် ၎င်းတို့၏ နေ့စဉ်ဘဝဖြတ်သန်းမှုများ၊ ရိုးရာဓလေ့နှင့် သစ်တောများဖြင့် တစ်ဘဝလုံး ပတ်သက်ဆက်နွယ်နေခဲ့ခြင်းမှ ရရှိခဲ့သော အသိပညာဗဟုသုတများပိုင်ဆိုင်ထားသည့် အရေးကြီးသောဇတ်ကောင်များဖြစ်ကြသည်ကို မျက်မြင်ကြုံတွေ့ခဲ့ရပါသည်။ ၎င်းတို့တွင် ရေမြေဒေသပတ်ဝန်းကျင်အားအခြေခံ၍ ထူးခြားသောအသိပညာဗဟုသုတများရှိကြပြီး ယင်းတို့တွင် သစ်တောများအား ကာကွယ်ရန်အတွက် အလွန်တိကျသော အလေ့အထများလည်း ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းကို ဆန့်ကျင်ဆောင်ရွက်ကြရာ၌ ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏ နေ့စဉ်လှုပ်ရှားမှုများသည် ရှေ့တန်းမှ ပါဝင်လာနိုင်သည့် အလာအလားရှိနေပါကြောင်း ကျွန်မတို့ ယုံကြည်ပါသည်။ – အာဂါသမ နှင့် နီလာထွန်း

IWGIA

NICFI
Norway's International Climate and Forest Initiative